www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆုမြတ်မွန်မွန်

ချစ်သူစစ်တဲ့ စာမေးပွဲ

၂၀၁၄ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိသာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅·၈၃

ဆုမြတ်မွန်မွန်

ချစ်သူစစ်တဲ့ စာမေးပွဲ ၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၈-စာ၊ ၅×၇

(၁)ချစ်သူစစ်တဲ့ စာမေးပွဲ



# ဆုမြတ်မွန်မွန်

## ချစ်သူစစ်တဲ့ စာမေးပွဲ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ၉ ၊ ၉

BURMESE CLASSIC

"ဟင် ... အတိုးက တစ်လနဲ့ တစ်ပတ်စာ ပေးရမှာလေ မဦးရဲ့၊ တစ်လစာပဲ ရှိသေးတာပါလား၊ တစ်ပတ်စာထည့်ဦး"

ပိုးတီရဲ့စကားကို ကြားလျှင် မဦးရဲ့ မျက်နှာက တွန့်ခနဲဖြစ်သွားသည်။ ပိုးတီကတော့ တွန့်တာတွေ ဘာတွေ စိတ်မဝင်စား။ မဦးရဲ့မျက်နှာကိုသာ မှင်သေသေ စိုက်ကြည့်ရင်းကဲ ... ဘာလုပ်မှာလဲပြော ... ဟူသော ပုံစံနှင့် စိုက်ကြည့်နေမိသည်။

"ဟယ် ... ပိုးတီရယ် ... တစ်ပတ်စာလေးတော့ မယူပါနဲ့လားအေ၊ ငါ့သားလေး သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံတင်ရတယ်ဆိုတာ နင်လည်း အသိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ... ရှင့်သား ဆေးရုံတက်ရတာ ကျုပ်နဲ့ဘာဆိုင်တုံး မဦးရဲ့"

"ဟယ် ... မြန်မာလူမျိုးပီပီ ကရုဏာတရား ထားစမ်းပါဟယ်၊ ငါ့မှာလည်း တကယ်အဆင်မပြေလို့ နှင့်ဆီက ယူတာပါ၊ ခုလည်း ပြေလည်တယ် မဟုတ်ပါဘူး၊ ကြာရင်အတိုးတက်မှာစိုးလို့"

"အေးလေ ... ဆယ်ရက်လောက်ဆို နှိမ်ရမှာ သိပ်မကောင်းလို့ တစ်ပတ်လောက်စွန်းတာနဲ့ တစ်လစာလာပေးပြီး တစ်ပတ်ကိုတော့ လူမှုရေးအကြောင်းပြပြီး နှိမ်လိုက်တာပေါ့ဟုတ်လား၊ ဟင်း ... ဟင်း ... အဲဒီအကွက်တွေ ရိုးနေပြီ ...

ကျွန်မက စီးပွားရေးလုပ်စားနေတာလေ မဦးရဲ့၊ ကရုဏာရှင် လုပ်နေတာမှ မဟုတ်ဘဲ၊ အတိုးယူတဲ့သူဆိုတာ အဆင်ပြေနေလို့ ယူနေကြတာမှ မဟုတ်တာ၊ အဆင်မပြေလို့ အခက်အခဲတွေ့နေလို့ ယူကြတဲ့သူချည်းပဲ ...

အဲဒါကို လိုက်လျှော့ပေးနေရင် ကျွန်မ သေရောပေါ့ဘဲအုပ်က တစ်ရာနှစ်ရာ မဖေဒါက တစ်ပင်တည်းလေရှင့်"





"ဘယ်က ဘဲအုပ်က ပါလာတာတုံးအေ့၊ ငါတို့ကို ဘဲနဲ့နှိုင်းနေတာလား"

"ဘာတွေပြောနေတာလဲ၊ စကားပုံနဲ့ နှိုင်းပြောတာ၊ ဘဲတွေက စားတာတော့ ဖေဒါပွင့်ပဲ၊ အေး ... ဒါပေမဲ့ အကောင်က တစ်ရာ နှစ်ရာ ရှိတာမှ ဖေဒါက တစ်ပင်တည်း ...

ရှင်တို့က ခုလိုက်တာ နှိမ်လိုက်တာကော့ တစ်ပတ်စာတည်းပဲ ကျွန်တဲ့လူတွေကလည်း တစ်ရက်လေးပါ၊ နှစ်ရက်လေးပါ ဝိုင်းနှိမ်နေကြရင် ကျွန်မ သေရောပေါ့ရှင့် ... ဟင်း ..."

"အမယ်လေး ... တော်ပါပြီ၊ ဒီလောက်ဆို ရပါပြီ၊ ဟင်း ... ဒီကတောင် သူ့ ပြန်သနားနေရဦးမယ့်ပုံ၊ ရော့... ရော့ ... ဒီမှာ တစ်ပတ်စာ ပြည့်တော့ မပြည့်ဘူးအေ၊ အပြန်ဈေးဝယ်ရမှာမို့ တစ်ထောင်တော့ ချန်ထားခဲ့မယ် ရော့..."

တွေ့လား ... ဒီလောက်ပြောတာတောင် တော်ကာမကျချေ။ ပိုးတီက နှုတ်ခမ်းကိုမဲ့ကာ မဦး လက်ထဲက ပိုက်ဆံကို လှမ်းယူလိုက်သည်။ မဦးက ကော့လန် ကော့လန်နှင့် ထွက်သွားချိန်ဝယ် ဒေါ်လေးဖြူက အနားသို့ရောက်လာသည်။ လက်ထဲက စက္ကူဘောက်ချာနှင့် ပိုက်ဆံတချို့ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သွင်းတဲ့ ကြက်ဥဖိုးလေ၊ ဦးကျင်ဟုတ်ဆိုင်ကတော့ လက်ငင်းအမြဲရှင်းပေးတတ်တယ်၊ အခုန မဦး အကြွေးလာ ဆပ်သွားတာလား"

"ဟုတ်ပါ့ ဒေါ်လေးဖြူရယ်၊ ဒါတောင် တစ်ပတ်စာအတိုး ကို သူ့သားနေမကောင်းလို့ နှိမ်လိုက်ပါ လုပ်နေသေး တယ် ...

လူတွေများနယ်"

"ဟုတ်ပါ့ ပိုးတီရယ်၊ တစ်ခါ တစ်ခါတော့လည်း ငွေတိုး ပေးစားရတာ စိတ်ညစ်ဖို့ကောင်းပါတယ်၊ ပိုးတီက လုပ်ချင် တယ်ဆိုလို့သာ"

"အမယ်လေး ... ဒေါ်လေးဖြူရယ်၊ ပျော်စရာကောင်းတဲ့ အလုပ်မှ ရွေးလုပ်ရမယ်ဆိုရင်လည်း ထမင်းငတ်ဖို့ပဲရှိ တော့တယ်၊ ဒီခေတ်ကြီးထဲမှာ မြန်မာငွေက ရှားပါးလာတာ ဒီလို အပိုရှာနိုင်မှပဲ၊ လူလို သူလို နေနိုင်မှာပဲ၊ ကြက်ဥ ဘဲဥ ရောင်းစားနေရုံနဲ့တော့ သူဌေးဖြစ်လာမှာမဟုတ်ဘူး ဟွန်း ..."

ကြက်ဥဖိုး ပိုက်ဆံတွေကို ဟန်ပါပါရေတွက်ရင်း ဟကယ့် စီးပွားရေးသမား ဝါရင့်မိန်းမကြီးနှယ် ပြောနေသော





ပိုးတီကို ကြည့်ကာ ဒေါ်လေးဖြူက မသိမသာ သက်ပြင်းရှိုက်မိ သည်။ တကယ်တော့ ပိုးတီနှင့် ဒေါ်လေးဖြူဟာ တူဝရီးတော် သည်။ အဒေါ်နှင့် တူမ အရင်းအချာတော်သည်။ ပိုးတီရဲ့အမေ ဟာ ဒေါ်လေးဖြူရဲ့ အစ်မအရင်းဖြစ်သည်။ ပိုးတီ လေးငါးတန်း အရွယ်မှာပဲ အဖေဖြစ်သူ ဆုံးပါးသွားခဲ့သည်။ ကံဆိုးချင်တော့ နောက်တစ်နှစ်လောက်နေတဲ့အခါမှ ဒေါ်လေးဖြူရဲ့ယောကျ်ားဟာ လည်း ဖားကန့်မှာ အလုပ်လုပ်ရင်း ရန်ဖြစ်ကာ ဓားထိုးခံရပြီး ဆုံးပါးသွားသည်။

ကံတူအကျိုးပေး မုဆိုးမ ညီအစ်မနှစ်ယောက်ဟာ အတူပဲနေဖို့ ဆုံးဖြတ်လိုက်ကြသည်။ အတူနေဖို့ ဆုံးဖြတ်လိုက် တယ် ဆိုတာကလည်း ဒေါ်လေးဖြူကသာ အစ်မဖြစ်သူထံ မှီခိုဖို့ အသနားခံရတာပါ။

ကိုယ့်မှာ လူမမယ်ကလေးတစ်ယောက်နဲ့။ ဘာမှ လုပ်စားကိုင်စားစရာ မရှိချေ။ ဒီအစ်မသာမရှိခဲ့လျှင် လမ်းဘေးမှာ တောင် တောင်းစားချင် တောင်းစားရနိုင်သည်။

အစ်မကလည်း သမီးတစ်ယောက်နဲ့ မုဆိုးမဖြစ်ကျန် ခဲ့တယ်ဆိုပေမယ့် သူ့မှာက ယောကျ်ားရှာဖွေထားခဲ့သော အထုပ် အထည်လေး ကျန်ရစ်သေးသည်။ အမြော်အမြင်ရှိသော အစ်မ

www.burmeseclassic.com



အိမ်ရှင်မသက်သက် မလုပ်ဘဲ အိုးမကွာ အိမ်မကွာ အိမ်မှာပဲ ကြက် ဘဲ မွေးမြူထားလေရာ အဲဒီအလုပ်လေးနှင့် အခြေအနေ မပျက်ခဲ့ပါ။ ကိုယ့်ထက်တော့ အပုံကြီးဘာသည်ဟု ပြောရမည်။ ပိုးတီရဲ့အမေက ဒေါ်လေးဖြူတို့ကို အစစအရာရာ တာဝန်ယူခဲ့ပါ သည်။ ပြောရလျှင် ဒေါ်လေးဖြူဘဝမှာ အခြေအနေမပျက်ခဲ့ချေ။ ညီအစ်မနှစ်ယောက် စိတ်ချမ်းသာရတော့မလား မှတ်ရွာဖြင့် ဟင်းချမယ် ကြာကာရှိသေး အစ်မဖြစ်သူက ပိုးတီး ဆယ်တန်း အောင်သောနှစ်မှာပဲ သားအိမ်ခေါင်းကင်ဆာဖြင့် လူ့ဘဝကြီးမှာ ဘယ်လောက်မှ ထပ်မနေရတော့ဘဲ ဆုံးပါးသွားပြန်သည်။

အဲဒီထဲက ပိုးတီဟာ ဆယ်တန်းကို အမှတ်ကောင်း ကောင်းဖြင့် အောင်ခဲ့သော်လည်း တက္ကသိုလ်ကို ပျော်ပျော်ကြီး သွားတက်ဖို့ စိတ်ကူးမရှိတော့ချေ။ အဝေးသင်ပဲတက်ကာ အိမ်ရဲ့ စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။ အမေ့ခြေရာကို တစ်ထပ် တည်း နင်းရုံမက အမေထက်တောင် လက်ဖြောင့်ထက်သော သမီးဖြစ်ခဲ့လေသည်။

ငွေတိုးချေးစားတာသည် ပိုးတီ လက်ထက်ရောက်မှ တိုးချဲ့လိုက်သော စီးပွားရေးဖြစ်သည်။ ဒေါ်လေးဖြူကတော့ နဂိုကတည်းက အားငယ်တတ်သူ၊ လူကြောက်တတ်သူ၊ ရှေ့မထွက်





ချင်သူဆိုတော့ အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် ပိုးတီကသာ သူ၏ သူ့ရဲကောင်းလို ဖြစ်နေတော့လေသည်။ ပိုးတီမှာ သူတို့သားအမိ ကို ပြန်စောင့်ရှောက်ထားရသလိုတောင် ဖြစ်နေသည်။

ဒီကြားထဲ ဒေါ်လေးဖြူ မွေးထားသော အာကာမှာ ယောကျ်ားလေးပီပီ ဖင်ပေါ့ပေါ့ သွက်သွက်လက်လက် မရှိဘဲ ယောကျ်ားတန်မဲ့ အလုကြိုက် အပျင်းကြီး ကောင်းကောင်းနေ ကောင်းကောင်းစား လုပ်ချင်နေသောအခါ ဒေါ်လေးဖြူမှာ ပိုးတီ နှင့် အာကာ့ကြား နေရထိုင်ရ ကျဉ်းကျပ်လှလေသည်။ အခုလည်း ရန်ကုန်မှာ အဝေးသင် First Year သွားဖြေနေသော သားလုပ်သူက ဟန်းဒ်ဖုန်း ပူဆာနေသဖြင့် ဒေါ်လေးဖြူမှာ ခေါင်းကိုက်နေသည်။ သားလုပ်သူက ဖုန်းဆက်ပြီး နေ့တိုင်းဂျီကျကာ ပိုးတီကို ပြောပေး ဖို့ ပူဆာနေသော်လည်း အသက်လေးဆယ်အရွယ်ရှိ ဒေါ်လေးဖြူ မှာ (၂၂)နှစ်အရွယ် ပိုးတီကို မပြောရဲ မဆိုရဲချေ။

အဲဒီအချိန်မှာပဲ ဖုန်းမြည်သံက ထွက်လာသည်။ ပိုးတီက ခပ်သွက်သွက်ပဲ ဖုန်းကို ကောက်ကိုင်လိုက်တာမို့ ဒေါ်လေးဖြူက စားပွဲခုံသုတ်သလိုလို ဘာလိုလိုဖြင့် နားစွင့်နေမိ သည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ဖုန်းထူးလိုက်လျှင် တစ်ဖက်မှ ဟဲခနဲ ရယ်သံကို အရင်ကြားရသည်။ အဲဒီ ပေါတောတောရယ်သံကို ကြားလိုက်တာနှင့် ဘယ်သူဆိုတာကို သိထားသော ပိုးတီရဲ့မျက်ခုံးက အလိုလိုကျုံ့သွားသည်။

"ဟိုင်း ... မမပိုး ... နေကောင်းလား"

"ဟဲ့ ... နင်နဲ့ငါ ညကတင် ဖုန်းပြောနေတာ အဲဒီတုန်းကလည်း မေးပြီးသားပဲလေ၊ နေကောင်းလားဆိုတာကို ဘယ်နှခါ ထပ်မေးနေတာလဲ"

"သြော် ... မမပိုးကလည်း၊ လူဆိုတာ ဒီနေ့နဲ့ မနက်ဖြန်တောင် တူတာမှ မဟုတ်တာ၊ မနေ့က ကောင်းပေမယ့် ဒီနေ့ ကောင်းချင်မှ ကောင်းမှာပေါ့...

အနိစ္စသဘောတွေ ရှိတယ်လေ"

"တော်စမ်းပါ၊ ငါ့ကို တရားလာဟောမနေနဲ့၊ အဲလောက်တရား ပေါက်နေရင်လည်း နင် ဘုန်းကြီးဝတ်လိုက်ပါလား"

"ဟဲ ဟဲ ... ဒါကတော့ နည်းနည်းများသွားပြီး အဲဒီလောက်ပါရမီမရင့်သန်သေးဘူး"

"ကဲ ကဲ ... တော်ပြီ၊ နင် ဖုန်းဆက်တဲ့လိုရင်းကိုစ္စ ပြော၊ တစ်မိနစ်ဆို တစ်မိနစ် ပိုက်ဆံပိုကုန်တယ်၊ -ပိုက်ဆံ





အလကားရတာမဟုတ်ဘူး၊ နင့်ပိုက်ဆံကလည်း ငါ့ပိုက်ဆံပဲ"

"ဟို ... မမပိုးရာ၊ ကျွန်တော့်ကို ဖုန်းလေး တစ်လုံးလောက်များ ဝယ်မပေးချင်ဘူးလား၊ အဲ ... ဝယ်မပေးချင်ဘူးလို့ ပြောမှာပဲ ...

ဝယ်ပေးပါ့လား ဟင်"

"ဘာရယ် ? ... ဖုန်း ဟုတ်လား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ အဟီး ... ဝယ်ပေးတော့ မလို့လား"

"တော်စမ်း ဘာကိစ္စဝယ်ပေးရမှာလဲ၊ နင်နဲ့ ဖုန်းနဲ့ ဘာဆိုင်လဲ"

ပိုးတီရဲ့ ငေါက်ငမ်းသံကြောင့် အနားမှာရှိသော ဒေါ်လေးဖြူက တစ်ချက်မော့ကြည့်သည်။ သို့သော် ပိုးတီရဲ့ အကြည့်တို့ကို ဆုံမိသောအခါ ဒေါ်လေးဖြူက ချက်ချင်းပဲ မျက်လွှာချသွားသည်။ အဲဒါပါပဲ။

ဒီအိမ်မှာ ထက်ထက်မြက်မြက်လည်းရှိ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲရှိသော ပိုးတီကို ဘယ်သူကမှ မလွန်ဆန်ရဲ မကျော်ရဲကြပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမပိုးကလည်း၊ ကျွန်တော်နဲ့ ဖုန်းနဲ့ပဲ ဘာဆိုင်သလဲဖြစ်ရသေးတယ်၊ ဖုန်းပဲဗျာ လူသားအားလုံးနဲ့ဆိုင်တာပေါ့"

"အမယ်လေး ... ကြီးကြီးကျယ်ကျယ်တွေ လာမပြောမနေနဲ့၊ နင်က ဖုန်းကိုင်ရအောင် ဘာအလုပ်ကြီးအကိုင်ကြီးတွေများ လုပ်နေလို့လဲ ...

ပြောစမ်းပါဦး၊ ငါတောင် ကိုင်လား ဟင်း ..."

"အာ ... ဒါတော့ မမပိုးက ကပ်စေးနဲလို့ မကိုင်တာပဲဟာ"

"အေးလေ ... အဲဒီတော့ နင် သဘောပေါက်ပေါ့၊ ငါ့ကိုယ်ငါတောင် ဝယ်မကိုင်တာ၊ ငါက ဘာကိစ္စ နင့်အတွက် ဝယ်ပေးရဦးမှာလဲ၊ တော်ပြီပေါ့ အိမ်မှာ ကြိုးဖုန်းတစ်လုံး ရှိနေပြီပဲ"

"ဟာ ... မမပိုးကလည်းဗျာ၊ ဒီခေတ်ထဲမှာ ဆိုက်ကားသမားတောင် ဟန်းဒ်ဖုန်းကိုင်နေတဲ့ကိစ္စကို၊ ပြီးတော့ မမပိုးက ကြက်တွေ ဘဲတွေနဲ့ပဲ နေနေတာ၊ ဘယ်မှာ ဖုန်းလိုလို့လဲ...

ကျွန်တော်က ကျောင်းသားလေဗျာ၊ လူတွေထဲသွားလာနေရတာ လိုတာပေါ့၊ အရင်ကလို ရွှေနဲ့စက်ဝယ်နေရတဲ့ ဈေးနှုန်းမျိုးနဲ့ဆိုရင်တော့ တစ်မျိုးပေါ့၊ အခုဟာက တန်ဖိုးနည်းဖုန်းတွေပါဗျာ ဝယ်ပေးသင့်ပါတယ်"





တစ်ဖက်ကနေ အချီအချပြောနေသော အာကာ့ရဲ့ စကားတို့ကို နားထောင်နေရသော ပိုးတီသည် အနားမှာရှိလို့ကတော့ ဒီကောင့်ခေါင်းက ဆံပင်မွှေးတွေ အဆုပ်လိုက် ဆောင့်ဆွဲခံနေရပြီဟု တွေးနေမိသည်။ အလုပ်ဖြင့် လက်ကြောတင်းအောင် မလုပ်ချင်ဘဲ ဘာပစ္စည်းမဆို ကောင်းပေ့ ညွှန့်ပေ ဆိုတာမျိုးမှ သုံးချင်သော အာကာ့စိတ်ဓာတ်ကို ပိုးတီက နည်းနည်းလေးမှ မကြိုက်ပါ။ ကိုယ့်မှာ ဝ,မရှိဘဲ ဝိလုပ်ချင်သည် ထင်မိသည်။

"အမယ်လေး ... နင် တော်တော်အပြောကောင်းပါလားဟဲ့၊ ဟင် ... နင့်ကို ဒီလောက် အကုန်ကျခံပြီး ကျောင်းထားပေးထားတာတောင် ငါ့ကို ဖုန်းဝယ်ခိုင်းဖို့ စိတ်ကူးရသေးတယ်ပေါ့ ဟုတ်လား ...

ဒီမှာ ငါ့မှာတော့ ကြက်တွေ ဘဲတွေကြား မိန်းမတန်မဲ့ ပြေးလွှားနေရတာ၊ လုပ်စားရတာ လွယ်တယ်များမှတ်နေလားဟဲ့ ဟမ် ... ခါတွေကို သိတတ်ပြီး စာကြိုးစားမယ်၊ စာမေးပွဲတွေ အောင်အောင်ဖြေမယ်၊ အလုပ်လုပ်ပြီး အမေကို လုပ်ကျွေးမယ်တော့ စိတ်မကူးဘဲနဲ့ နင့်လိုဘာအတွက်ပဲ စဉ်းစားနေရလားဟဲ့ ... ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... တော်ပြီဗျာ ... တော်ပြီ၊ မှားပါတယ် ဖုန်းလေး တစ်လုံးပူဆာမိပါတယ်၊ ညှော်စီရီးစ်က Nan stop ထွက် လာတော့တာပဲ"

"အေး ... နင့်ကို ဖုန်းဝယ်ပေးရင်လည်း အဲဒီဖုန်းရဲ့နောက် ဆက်တွဲအကြောင်းအရာတွေက Nan stop ထွက်မှာ၊ ငါက မသိဘူးများ မှတ်နေလား ...

ကြိုတွက်ပြီးသား သိလား၊ ဖုန်းဖိုးတစ်သိန်းတည်းနဲ့ တစ်သက်လုံးပြီးသွားတာမဟုတ်ဘူး၊ Hand Set ဝယ်ရဦး မယ်၊ Hand Set ကရော နှစ်သောင်းသုံးသောင်းတန်နဲ့ ပြီး လား၊ Touch လေးမှ ကိုင်ချင်ပါတယ်၊ အင်တာနက်လေး သုံးချင်ပါတယ်ဖြစ်ဦးမယ် ...

ဖုန်းကတ်ဝယ်ဖြည့်ရမယ်၊ အမယ်လေး... အမယ် လေး နောက်ဆက်တွဲတွေက ကုန်ပေါက်တွေချည်းပဲ၊ အဲဒါ ဘယ်သူ့ကုန်ပေါက်တွေလဲ၊ ငါ့ကုန်ပေါက်တွေပဲ၊ ဟင်း... တော် ... တော် ... တော် ... တော် ... ဖုန်းဝယ်ဖို့ကိစ္စ ငါ့ကို ထပ်မပြောနဲ့တော့"

"မပြောတော့ပါဘူး မပြောပါဘူး၊ ပြောတဲ့ပါးစပ် ကိုယ့်ဟာ ကိုယ် အဆိပ်သောက်သေပစ်လိုက်မယ်"





"အေး ... အဲဒီလို အမြင်မှန်ရသွားရင် ပြီးတာပဲ"

ပိုးတီက ခပ်ရွဲ့ရွဲ့ဆိုရင်း ဖုန်းကို ဂွပ်ခနဲ ချပစ်လိုက် သည်။ အနားမှာရှိသော ဒေါ်လေးဖြူတောင် တွန့်ခနဲ ဖြစ်သွား တာကို ကြုံရသည်။ တွန့်လည်း မတတ်နိုင်ပါ။ သူ့သားက ဒီ အိမ်မှာ ဘာမှအားကိုးရတဲ့သူ မဟုတ်။ လေး,ငါး,ခြောက်တန်း အရွယ်လောက်တည်းက သူများကလေးတွေ မိသားစုကို ကူညီ လုပ်ကိုင်ပေးနေချိန်မှာ အာကာက အပျင်းထူဖို့ ဘယ်လိုသက်သာ အောင် နေဖို့ဆိုတာ သိနေပြီတည်း။ ခြံထဲမှာလည်း ပင်ပင်ပန်း ပန်း မလုပ်ချင်။ ကြက်စာကျွေးသည့်အလုပ် ကြက်ဥကောက်သည့် အလုပ်နှင့် ကြက်ခြံသန့်ရှင်းရေးလုပ်ရသော အလုပ်တို့ကို သူက အောက်ကျနောက်ကျနိုင်တယ် ထင်တာဖြစ်သည်။

ဒါကြောင့် ပိုးတီကလည်း အာကာ့ကိုဆိုလျှင် မျက်နှာ သာ မပေးတတ်ချေ။ အဲဒီလို မျက်နှာသာမပေးတာတောင်မှ သင်းက ယခုလို ထ,ထကြွလာသေးသည် မဟုတ်ပါလား။

"အင်း ... အာကာ တစ်ယောက်လည်း မသိတတ်တော့ ခက်တယ်"

ဒေါ်လေးဖြူက ခပ်ညည်းညည်းပြောသည်။ ပိုးတီက တော့ မသိချင်ဟန်ဆောင်ရင်း ပိုက်ဆံသိမ်းကာ အနားမှ ထွက်သော

www.burmeseclassic.com



ခဲ့လေသည်။ လောကမှာ ငွေဆိုတာ ပေါချင်တဲ့သူတွေအတွက်သာ ပေါများနေတာ ကိုယ်တွေအတွက်တော့ ဘယ်လိုရှာရတယ်ဆိုတာ ကိုယ့်ဟာကိုယ် အသိဆုံးပင်။

ဒါကြောင့် အပိုကုန်မည့် ကိစ္စအတွက်တော့ သူများ မဆိုထားဘိ ကိုယ့်ကိုယ်ကိုယ်အတွက်တောင် နမြောတတ်သူမှာ ပိုးတီပဲ ဖြစ်လေသည်။

❤ ○ ❤





## ၂

"ဘဲသွေး ... အဲ ... ဘဲသားသုပ် တစ်ပွဲ ပါဆယ်"

ဘဲသွေးဟု ပြောပြီးမှ ဘဲသားဟု ပြောင်းလဲပြောလိုက်သော သူ့ကို ဈေးရောင်းနေသော "အုတီ"ဟူသည့် တရုတ်ကြီးက ချက်လုံးလုန်ကြည့်သည်။ ပြီးတော့ ဘဲသားတစ်ခြမ်းကို သွက်သွက်လက်လက် ခုတ်ထစ်ရင်း ...

"မင်းသား ... ဒီနေ့ နေ့တွက်ကိုက်လာတယ်ပေါ့"

"အင်း ... ဒီလိုပဲပေါ့ ပေါက်ဖော်ကြီးရာ"

သူက အလိုက်အထိုက် ပြန်ပြောရင်း အိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ နေ့တွက်စီသောအခါမျိုး၊ မြိုးမြိုးမြက်မြက် ရလာသောနေ့မျိုးဆိုလျှင် ဘဲသားသုပ်၊ ဝက်ခေါင်းသုပ်စသည်တို့နှင့် နှစ်ပါးသွားနိုင်သည်။ ဒီတက်



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်လျှင် ခေါက်ဆွဲကြော်၊ ကြာဆံကြော်လေးပါ အဆစ်ထည့်လို့ ရသေးသည်။ ဗိုက်ပြတ်သော အချိန်ဆိုလျှင်တော့ ဘဲသွေးသုပ်နှင့် နှစ်ပါးသွားရကာ တော်တော်အခြေအနေဆိုးရင်တော့ ဆန်ပြုတ်နှင့် စံမြန်းရလေသည်။

"ကဲ ... ပိုထည့်ပေးလိုက်တယ်နော့"

"ရှိ ရှိပါ ခင်ဗျာ၊ ချဉ်စပ်ဟင်းရည်လေးလည်း လုပ်ပါဦး"

"ရမယ် ... ချဉ်စပ် လုပ်ပေးလိုက်ဟော့"

အားလုံးပြီးစီးသွားလျှင် သူက ဘဲသားသုပ် ပါဆယ်ထုပ်လေးကိုကိုင်ကာ အဆောင်ဘက်သို့ ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။ ဘဲသားသုပ်၏ရနံ့နှင့်အတူ ချဉ်စပ်ဟင်းရည်ထဲမှ စားပြားရိုက်ထည့်ပေးထားသော ဂျင်း၊ ကြက်သွန်ဖြူအနံ့က သူ့အစာအိမ်ကို ပိုမိုနှိုးဆွပေးနေသကဲ့သို့ရှိသည်။

"ဟော ... ငါ့အစ်ကို ပြန်လာပြီ"

အဆောင်ဝင်းအတွင်းသို့ ဝင်လိုက်ချင်းပဲ သူ့ကို တက်တက်ကြွကြွ ဆီးကြိုနေသော အာကာ့ကို တွေ့လိုက်ရသည်။ အင်း ... ဘာမှ မဆိုင်ပေမယ့်လည်း အခုလို အပြင်ကပြန်လာတဲ့အခါ တစ်စုံတစ်ယောက်က တက်တက်ကြွကြွ ကြိုဆိုခြင်းခံရတာကလည်း တစ်မျိုးတော့ ကျေနပ်စရာကောင်းတာပါပဲ။





"ရော့ ... ငါ့အစ်ကို မောလာတယ်၊ ရေလေး ဘာလေး သောက်လိုက်ဦး"

အာကာက ရေခဲရေတစ်ခွက်ကို သူ့အားကပ်ပေးသည်။ အနားမှာက K T M သောက်ရေသန့်တစ်ဘူးက ရေခဲမှုန်များသီးစွာ တည်ရှိနေသည်။

"တယ်ဟုတ်ပါလားကွ ရေခဲဘူးတွေ ဘာတွေနဲ့၊ ဘာပဲပြောပြော ဒီလိုမောလာတဲ့အချိန်မျိုးမှာ ရေခဲရေတစ်ခွက်ကတော့ တော်တော်တန်ဖိုးရှိတာပဲ"

"ဒါပေါ့ ... သိနေတယ်လေ သောက်"

သူက ဟက်ခနဲ တစ်ချက်ရယ်ရင်း ရေကို တစ်ခွက်လုံးကုန်အောင် တစ်ရှိန်ထိုး မော့ချပစ်လိုက်သည်။ ကြည်လင်အေးမြသော ရေများသည် သူ့လည်ချောင်းတစ်လျှောက်ကနေ၍ ရင်တွင်းကို အေးချမ်းစွာ ဖြတ်စီးဆင်းသွားလေသည်။

"အားပါး ... အရသာရှိလိုက်တာကွာ၊ ဒါနဲ့ ရေခဲရေက ဘယ်ကရတာလဲ"

"အီဖေကိုယ်လေဗျာ ထုံးစံအတိုင်း မိုးလေးဆီကပေါ့"

မိုးလေးဆိုတာ အဆောင်ပိုင်ရှင်ရဲ့ တူမဖြစ်ပြီး အာကာ့ကိုလည်း စိတ်ဝင်စားနေပုံရပါသည်။ ဒါကြောင့် မိုးလေးကို

www.burmeseclassic.com



ပိုင်လျှင် ရေခဲရေသောက်ရတာမျိုး၊ ကြက်သား ဝက်သားဟင်းလေး တစ်ခါတစ်ရံ စားရတာမျိုး၊ ငါးပိရည် တို့စရာလေးကတော့ အမြဲမပြတ်တောင်းလို့ရတာမျိုး စသည့် အခွင့်ထူးများကို ပိုင်ဆိုင်ရလေသည်။

"အေး ... မင်း မိုးလေးဆီက ဒီနေ့ ငါးပိရည်တို့ ငါးပိချက်တို့တော့ သွားမတောင်းနဲ့ကွာ၊ ငါ ဝယ်လာတာနဲ့ သိပ်မလိုက်ဖက်လှဘူး"

"ဟဲ ဟဲ ... ဘာရသာက ဒီနေ့ စိုပြည်လာပုံရတယ်၊ ကျွန်တော် ထမင်းခူးလိုက်ရတော့မလား"

"အေး ... ခူးရင်လည်း ခူးကွာ၊ စားပြီးမှပဲ ရေချိုးတော့မယ်"

"ရက် ဆာ"

အာကာက ရွှတ်နောက်နောက် အော်ကာ အခန်းထောင့်က ထမင်းပေါင်းအိုးလေးကို ဖွင့်ပြီး စတီးလ်ပန်းကန်ပြားနှစ်ချပ်ဖြင့် ထမင်းခူးသည်။ သူ့ရဲ့ ဘဲသားသုပ်ကို ဇလုံထဲမှာ ကြွပ်ကြွပ်အိတ်စွပ်လျက်သားဖြင့် ထည့်သည်။ (ပန်းကန်ပြန်မဆေးရအောင်ပေါ့) နောက် မုန့်ညင်းချဉ်ထုပ်လေးကို ချသည်။ ပြီးတော့ အာကာသည် အမြဲဟစ်ကြွေးနေကြဖြစ်သော စကား





အတိုင်း လောကမှာ အပေါဆုံးအရာဟာ ကြက်ဥဆိုသည့်အတိုင်း ကြက်ဥပြုတ်လေးနှစ်လုံးကို ချလေသည်။

အရှိန်မသေသေးသော ဟင်းချိုပူပူအနံ့က ဝေ့ဝဲတက်လာသည်မို့ ဗိုက်ထဲက ဂွီခနဲနေအောင် မြည်လေသည်။ သူက သွက်သွက်ပဲ ဘဲသားတစ်ဖတ်ကို မြည်းလိုက်သည်။ အားပါး အရသာရှိလိုက်တာ။

"ထည့်စားကွာ၊ ငါလည်းဆွဲပြီ ဗိုက်ဆာနေတာနဲ့"

"ဟုတ်ကဲ့ ... အားပါး ... မစားရတာ ကြာလို့လား မသိဘူး၊ ဘဲသားသုပ်က ရှယ်ပဲဗျာ"

"အေးပါ ရှယ်ရင်လည်း အားမနာပဲ များများစား၊ မင်းရဲ့ ကြက်ဥပြုတ်နှစ်လုံးကို သိမ်းထားလိုက်၊ မနက်ကျမှ မုန့်ဟင်းခါးနဲ့ တွဲစားတာပေါ့"

"ကောင်းတယ် အစ်ကို"

အာကာက ကျေကျေနပ်နပ်ပဲ သဘောတူကာ ထမင်းဆက်စားသည်။ ဒီအဆောင်မှာ လာနေသောသူတွေဟာ အားလုံးကျောင်းသားချည်းပဲ မဟုတ်ကြပါ။ ကျောင်းသား၊ သင်တန်းလာတက်သောသူ၊ အလုပ်လုပ်နေသူ၊ ဝန်ထမ်း စသဖြင့် လူတန်းစားပေါင်းစုံကြသည်။ အဲဒီထဲကမှ အာကာနှင့် သူကတော့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလာကျသဖြင့် ရင်းနှီးသွားကြကာ နှစ်ယောက်စလုံးက လည်း Type တူသဖြင့် ပေါင်းလို့ရလေသည်။

သူက အာကာ့ထက်တော့ ငါးနှစ်လောက်ကြီးသည်။ အာကာ့လို ကျောင်းသားမဟုတ်ဘဲ ပြောရလျှင်တော့ နာမည်မကြီး မော်ဒယ်လ်၊ Dancer တစ်ယောက်သာ ဖြစ်ပါသည်။ သူ့အိမ်က ရန်ကုန်မှာရှိပေမယ့် အမေ့ရဲ့နောက်အိမ်ထောင်နှင့် အဆင်မပြေသဖြင့် အဆောင်မှာ လာနေခြင်းဖြစ်သည်။ အမေကလည်း သူ့တာဝန်ကိုမယူ။

သူကလည်း ဘယ်သူ့တာဝန်မှ မယူဘဲ ကိုယ့်ဘဝ ကိုယ်ကျောင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေခြင်းဖြစ်သည်။

"အစ်ကိုတို့ အေဂျင်စီမှာ ကျွန်တော့်ကို ပြောပေးဖို့ မရဘူးလားဗျာ၊ ကျွန်တော် အပိုဝင်ငွေလေး လိုချင်လို့ပါ"

အေဂျင်စီက ပြောပေးလို့ရတာမျိုးလား။ သူက စားရင်း အသာပြုံးမိသည်။

"မင်းက Cat walk လျှောက်တာ ဝါသနာပါလို့လား"

"ဝါသနာပါတယ် မပါဘူးဆိုတာထက် ပိုက်ဆံရချင်တာ အဓိကပါ ငါ့အစ်ကိုရာ"





"ဟေ ... ဟက် ... ဟက် ... အဖြေက ရှင်းသွားတာပဲ၊ သူများတွေလို သားက အနုပညာကို ချစ်မြတ်နိုးလို့ လုပ်နေတာတွေ ဘာတွေ မပါတော့ဘူးလား"

"ပါ ပါဘူးဗျာ"

အာကာရဲ့ ရှင်းရှင်းစကားကြောင့် သူက ထမင်းသီး မတတ် ရယ်မိသည်။ အနည်းငယ် တင်းတိမ်စ ပြုလာသော ဗိုက်က ရှမ်းမုန့်ညင်းချဉ်လေး မြည်းစမ်းထည့်ကာ အဆာပြေ စားလိုက်သည်။

"ဒါဖြင့်ရင် မင်းက ပိုက်ဆံကြောင့် လုပ်ချင်တာပေါ့ ဟုတ်လား၊ ခက်တာက ဒီအလုပ်ဆိုတာ တခြားအလုပ်တွေ လို လာ ... ဒါ ကျွန်တော့်သူငယ်ချင်းပါ တစ်နေရာလောက် ရမလားဗျာ ဆိုပြီး ထည့်ပေးလို့ ရတာမဟုတ်ဘူးကွ ...

သူတို့ဆီမှာ သင်တန်းတက်ပြီးမှ သူတို့အေဂျင်စီမှာ ပြန်ခန့်တာလေကွာ၊ မင်း လုပ်ချင်ရင်တော့ သူတို့ဆီမှာ တစ်လလောက် သင်တန်းတက်မှ ဖြစ်မှာပေါ့"

သူ့စကားကြောင့် အာကာက ရှုံ့မဲ့ပြသည်။ အာကာ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦး မင်းက ဘာလို့ ပိုက်ဆံလိုနေရတာလဲ"

"ဖုန်းတစ်လုံးလောက် ဝယ်ချင်လို့ပါ အစ်ကိုရာ"

"မင်းအမေကို ဝယ်ခိုင်းပေါ့ကွ"

အာကာ့အခြေအနေဟာ ပြည့်ပြည့်စုံစုံထဲက ဟုတ်ဟန်မတူသော်လည်း သိပ်ချို့ချို့တဲ့တဲ့ထဲကလည်း မဟုတ်ပါ။ သို့သော် ကျောင်းသားတို့သဘာဝ ရေကတော့ အမြဲပြတ်လပ်နေချည်းသာဖြစ်လေသည်။ ဒီကောင်လေးကလည်း လူကသာ ဘာမှမဟုတ်တာယ် ပစ္စည်းကျတော့ ကောင်းကောင်းပဲ ကိုင်ချင်သေးသည်။ (အဲဒါကျတော့ သူလည်း အတူတူပါပဲ)

"အစ်ကိုရာ အမေ့ကို ဝယ်ခိုင်းလို့ရမှဖြင့် နှစ်သိန်းတန်ဖုန်းတွေ စပေါ်ကတည်းက ကိုင်နေပြီပေါ့၊ အမေကလည်း အိမ်မှာ ဘာမှ အရာရောက်တာမဟုတ်ဘူး၊ အားလုံးဟာ အစ်မခြေ အစ်မလက်၊ ကျွန်တော်တို့အိမ်မှာ အိမ်ထောင်ဦးစီးက အစ်မပဲလေ၊ သူ့ဆန္ဒ သူ့ဆုံးဖြတ်ချက် မပါဘဲ ဘာမှလုပ်လို့မရဘူး"

"ဪ ... ဒါဆိုလည်း သူ့ဆီ ပူဆာပေါ့ကွာ"

"အမယ်လေး ... ငါ့အစ်ကိုရာ၊ သူ့ဆီ ပူဆာရင် မရဘူးဆိုတာ ၉၉.၉% သေချာပြီးသားပါ၊ ဒါပေမဲ့ စိတ်လေးဘာ





လေး ပြောင်းပြီး ရလိုရငြား သူ အပေါင်ခံထားတဲ့ ဖုန်းလေးများရှိလိုရှိငြားဆိုပြီး မေးကြည့်မိတာ ဟူး ... အလကားအပြောခံရတာပဲ အဖတ်တင်တယ် ...

ငါ့အစ်ကို စဉ်းစားကြည့်စမ်းဗျာ၊ ဒီခေတ်ထဲမှာ ဟန်းဒ်ဖုန်းဆိုတာ ဆိုက်ကားသမား ဟင်းရွက်ကန်းစွန်းသည်တောင် ကိုင်နိုင်နေတာ"

"ဟား ဟား ... မင်းပြောတဲ့အထဲမှာကို အဖြေကပါနေပြီးသားလေ"

"အာ ... ဘာအဖြေလဲ အစ်ကိုရ"

"ဆိုက်ကားသမားပဲဖြစ်ဖြစ် ဟင်းရွက်ကန်စွန်းရွက်သည်ပဲဖြစ်ဖြစ် အလုပ်ရှိတယ်လေကွာ၊ တို့နိုင်ငံလည်း သူများနိုင်ငံလို G D P မြင့်လာတော့ ဝင်ငွေရှိသူတိုင်း အလုပ်လုပ်သူတိုင်း ဖုန်းကိုင်နိုင်လာတာပေါ့ ...

မင်းလည်း ဆိုက်ကားနင်းရင် ဖုန်းကိုင်ချင်ကိုင်ရမှာပေါ့"

သူ့စကားကြောင့် အာကာက ဟင်းခနဲ ရှုံ့မဲ့သည်။ သူက ရှုံ့ရှုံ့မဲ့မဲ့မျက်နှာကို ရယ်ချင်သလို တစ်ချက်စိုက်ကြည့်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... အစ်ကိုရာ၊ အဲဒီမေးခွန်းက မေးဖို့လိုသေးလို့လားဗျာ၊ အနည်းဆုံးတော့ ကျွန်တော်ဟာ ခေတ်လူပျိုတစ်ယောက်ဖြစ်နေတာနဲ့တင် ဖုန်းကိုင်ဖို့ လုံလောက်နေပြီပဲမဟုတ်ဘူးလား"

"အေးပါ ဟုတ်ပါတယ်၊ လောလောဆယ်တော့ မင်းအစ်မ မဝယ်ပေးလည်း ငါ့ဖုန်း သုံးလို့ရနေတာပဲကွာ၊ ဘာဖြစ်လဲ"

"ဩော် ... အပြင်သွားတော့ သူများတွေ ကိုင်တော့လည်း ကိုင်ချင်တာပါ၊ အေးပေါ့ဗျာ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်တော့လည်း ကိုယ်ဖြစ်ချင်တာ ဖြစ်မရဘူးပေါ့"

"မင်းအစ်မကလည်း တတ်နိုင်ရဲ့သားနဲ့ ဘာလို့ မဝယ်ပေးတာလဲ"

"သူက သူ့ဟာသူတောင် ဟန်းဒ်ဖုန်း ဝယ်မကိုင်မှတော့ သူများဆိုတာတော့ ပြောမနေနဲ့တော့ပေါ့၊ မပိုးတီက ကပ်စေးအရမ်းနဲတာ၊ တစ်ပြားကနှစ်ပြားခွာတယ်၊ ဘာမဆို စကေးနဲ့။ အိမ်မှာ အပျင်းပြေ ကော်ဖီတစ်ခွက်တောင် သောက်တာ မကြိုက်ဘူး"

"ဟာ ... ဒီလောက်တောင်ဆိုးလား"





"အဲဒီထက်တောင် ဆိုးသေးတယ်၊ မြင်ရင် ရူးသွားမယ်၊ လှလွန်းလို့တော့မဟုတ်ဘူး ကပ်စေးနဲလို့"

"ဟာ ... အဟား ဟား ... အဲဒီလိုကြီးလား၊ အပျိုကြီးကြီးကြီးပေါ့ ဟုတ်လား"

"ဟုတ်ပါ့ ... ရုပ်ဆိုးဆိုးနဲ့အပျိုကြီး"

သူက တကယ်ပဲ မျက်လုံးထဲမှာ အသားမည်းမည်း သွားခေါခေါနဲ့ သနပ်ခါးဘဲကြားလိမ်းထားသော အပျိုကြီးတစ်ယောက်ကို ပြေးမြင်ယောင်လာမိသည်။ ပြီးတော့ ယောင်ပြီး ပခုံးတွန့်လိုက်မိလေသည်။ ကဲ ... ဘာပဲပြောပြော ထမင်းစားပြီး တစ်မျိုးလိုတာမို့ စီးကရက်လေးတော့ တစ်ဖွာလောက် ရှိုက်လိုက်ဦးမှ။

❤ ○ ❤



www.burmeseclassic.com

## ၃

"ဟဲ့ ...ဟဲ့ ...ဒီနွားနှစ်ကောင်က ဘာလုပ်တာလဲ ဟင်?"

ဒေါ်လေးဖြူက နွားလှလှနှစ်ကောင်ကို ဆွဲပြီး ခြံဝင်းထဲဝင်လာသော တာတူးနှင့်ညီညီကို အလန့်တကြား မေးမိသည်။ နွားဆွဲပြီးဝင်လာရသော တာတူးနှင့် ညီညီတို့မှာ ဒေါ်လေးဖြူမေးတာကို ချက်ချင်း မဖြေနိုင်ကြသေးချေ။ အတန်ငယ်မောလာဟန်တူကြသဖြင့် ဒေါ်လေးဖြူကပင် အိမ်ထဲမှာ ရေခဲရေတစ်ပုလင်းကို ထုတ်ယူကာ သောက်စေလိုက်သည်။

ဟိုနှစ်ယောက်က ရေပြည်က အလည်ပြန်လာသော လူတွေပမာ ရေအေးတွေကို အငမ်းမရ တဂွတ်ဂွတ်နှင့် မော့သောက်ကြသည်။ သင်းတို့ အမောပြေမှာကို စောင့်နေရသော ဒေါ်လေးဖြူမှာ သိပ်စိတ်မရှည်ချင်တော့ပေ။





"ကဲ ... ပြောကြစမ်းပါဦးဟယ်၊ ဒီနွားကြီးတွေက ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲဗျာ၊ ထုံးစံအတိုင်းပေါ့"

"ဟဲ့ ... ဘာထုံးစံအတိုင်းလဲ"

ပြောသာ ပြောလိုက်ရသည်။ ဒေါ်လေးဖြူကတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ။ ပိုးတီတစ်ယောက် ဘာများလုပ်လာပြန်ပြီလဲ မသိပါ။ ထုံးစံအတိုင်းပဲဟူသော စကားသည် ပိုးတီကိုပဲ ရည်ညွှန်းတာ ဖြစ်လိမ့်မည်။ ပြောလို့မှ မဆုံးသေး၊ ဆိုင်ကယ်သံ တဖုန်းဖုန်းကို ကြားလိုက်ရလျှင် ပိုးတီ ရောက်လာပြီမှန်းသိသဖြင့် တာတူးတို့ နှစ်ယောက်လုံးမှာ ကိုယ်ရှိန်တွေ သတ်ပစ်လိုက်ကြလေသည်။

ပိုးတီကတော့ လော့ဂျာ ဖင်ထောင်ဆိုင်ကယ်ကို ဆံပင်တလွင့်လွင့်နှင့် တဖုန်းဖုန်း စီးနင်းဝင်ရောက်လာသည်။ ကြေးနီရောင် ဆံပင်ခပ်ဖွာဖွာ ရှပ်အင်္ကျီဖားရားဖားရားဖြင့် ပိုးတီရဲ့ပုံစံဟာ ဘယ်နှားကမှ မိန်းမ မဆန်ချေ။ ပိုးတီက ရောက်လာတာနှင့် ဆိုင်ကယ်ကို ဒေါက်ထောက်ကာ ရေသန့်ဘူးကို ဘူးလိုက်ကိုင်မော့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတီ ဒီနွားတွေက ဘာလုပ်တာလဲဟင်"

"အကြွေးသိမ်းလာတာလေ"

ရေဘူးကို ထပ်မော့ရင်း ခပ်အေးအေးပဲ ဖြေသော ပိုးတီရဲ့ ပုံစံကိုကြည့်ကာ ဒေါ်လေးဖြူ ရင်ဘတ်ဖိချင်သွားသည်။ ကြည့်စမ်းပါဦး ... အရင်ခေတ်က ချစ်တီးတွေ လယ်သိမ်း၊ နွား သိမ်း လုပ်တဲ့ပုံစံမျိုး၊ ဒီအပျိုရွယ်လေးက လုပ်လာသတဲ့။ အသက် လေးဆယ်အရွယ် ဒေါ်လေးဖြူပင်လျှင် အဲဒီလိုလုပ်ရဲမည် လုပ် နိုင်မည် မထင်ပါ။

"အကြွေးသိမ်းလာတယ် ဟုတ်လား ပိုးတီ"

"ဒေါ်လေးဖြူကလည်း ကြားရဲ့သားနဲ့ ထပ်ထပ်မေးနေပြန် ပြီ၊ ဘာလဲ နှစ်ထပ်ရှိမှ မှတ်မိမှာလား ပြော"

"မဟုတ်ပါဘူး ပိုးတီရယ်၊ ဒါပေမဲ့ ဒေါ်လေးဖြူ ဘယ်လို မှ ယုံကြည်လို့ မရလို့ပါ"

"အံမာလေး ... ကဗျာတွေ လာရွတ်နေပြန်ပြီ၊ အကြွေးမှ မပေးနိုင်တော့တာ၊ အတိုးလည်း မဆပ်နိုင်တော့ ဒါပဲ လုပ်ဖို့ရှိတော့တာပဲ ...

ကဲ ကဲ ... ဒါကို အထူးအဆန်းလုပ်ပြီး ပါးစပ် ကြီးအဟောင်းသားနဲ့ ကြည့်မနေပါနဲ့၊ လုပ်စရာရှိတာတွေ





ပြောမလို့၊ အင်း ... တကယ်တော့ အဲဒါဟာ ဒေါ်လေးဖြူ တို့ အကျိုးအတွက်လည်း ပါပါတယ်လေ"

အို ... အကျိုးမပါလည်း နေပါစေ။ ငွေတိုးချေးစား တာတောင် လွန်လှပြီ။ ခုလို နွားတွေ ဘာတွေ သိမ်းလာတဲ့အထိ ကတော့ ပိုးတီဟာ တကယ့်ကို ချစ်တီးမလုံးလုံး ဖြစ်နေပြီ မဟုတ်ဘူးလား။ စိတ်ကုန်လိုက်တာ။ ဟိုဘက်က အသိမ်းခံရတဲ့ လူတွေဟာ ဘယ်လောက်တောင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြမလဲ။ ဒီကလေးမကရော ဘယ်လိုမျက်နှာနဲ့များ နွားတွေကို သိမ်းလာသလဲ။ ဒေါ်လေးဖြူက မသက်မသာဖြင့် သက်ပြင်းရှိုက် သည်။

"ဒီလို ဒေါ်လေးဖြူ ဒီနွားနှစ်ကောင်လုံးက နို့စားနွားတွေ၊ နို့အရမ်းထွက်တယ်၊ အဲဒီတော့ ..."

ပိုးတီက ပြောမယ်စကားကို ဆက်မပြောသေးဘဲ မျက်လုံးတွေကို မှေးစင်းလိုက်သေးသည်။ ဒေါ်လေးဖြူကတော့ တတ်လည်းတတ်နိုင်သည့် ပိုးတီကို ငေးကြည့်နေမိလေသည်။

"ပိုးတီ တစ်ခုစဉ်းစားမိတယ်၊အခု ပိုးတီတို့နေတဲ့နေရာဟာ (...)ဆည်ကို သွားတဲ့လမ်း၊ (...)မြို့ကိုသွားတဲ့လမ်းပေါ်မှာ ရှိနေတယ် မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဆည်ကိုသွားတဲ့ ဝန်ထမ်းကားတွေ၊ ခရီးသွားကားတွေက အများကြီးမဟုတ်ပေမယ့် သူ့ဟာနဲ့သူတော့ သွားလာနေကြတာပဲလေ၊ ပိုးတီ ခြံလေးက သစ်ရိပ်ဝါးရိပ်နဲ့ သာသာယာယာလည်းရှိတယ်၊ ဒီတော့ ခြံထွက် နွားနို့စစ်စစ် ရပြီဆိုပြီး နွားနို့နဲ့အတူ ပူတင်း၊ ပေါင်မုန့်ကြက်ဥကြော်၊ ကော်ဖီ၊ တခြား ပေါ့ပေါ့ပါးပါးလေးတွေ လက်ဖက်သုပ်၊ ချင်းသုပ်၊ ထမင်းသုပ် စသဖြင့်ပေါ့၊ ကြက်ကြော် အဲဒီလိုလေးတွေ ရောင်းရင် ကောင်းမလားလို့...

အဲဒါတွေအတွက် အစားအသောက်စီမံပေးဖို့ကတော့ ဒေါ်လေးဖြူ တာဝန်ပေါ့၊ အဲဒီအတွက်လည်း ဒေါ်လေးဖြူကို လခသဘောမျိုးပေးပါ့မယ်၊ စားပြီးသောက်ပြီး စရိတ်ငြိမ်းပေါ့၊ ဘယ်လိုလဲ ... ဒေါ်လေးဖြူလည်း ကိုယ်သုံးချင်တာသုံးလို့ရတာပေါ့ မဟုတ်ဘူးလား"

ဟုတ်ပါသည် ... ဟုတ်ပါသည်။ နို့စားနွားနှစ်ကောင်ရလာပြီး ရလာတဲ့ နို့တွေကို အလဟဿမဖြစ်ရအောင် အသုံးချပုံလေးကလည်း စော်ရှာပါပေ့။ အိမ်မှာရှိတဲ့ ကြက်ဥ၊ ဘဲဥတွေကို ဘယ်လို အသုံးချရမလဲ သိတာကလည်း ထူးချွန်လှပါပေ့။ ထမင်းသုပ်၊ ဆေးဘဲဥသုပ်၊ လက်ဖက်သုပ် စတာတွေကို လက်ရာ





ကောင်းကောင်းသုပ်တတ်သော ဒေါ်လေးဖြူကို အသုံးချတတ်တာကတော့ အာကာ ပြောနေသလို ဆရာအဆင့်ဖြစ်သွားပြီ။

အင်း ... ဒီကောင်မလေးက အသက်သုံးဆယ်လောက်များရောက်လို့ကတော့ ကျိကျိတက်ချမ်းသာသည့် သူဌေးမတစ်ဦးတောင် ဖြစ်နေမလားပဲ။

"အင်း ... ပိုးတီ နိုင်မယ်ဆင်ရင် လုပ်လေ"

"မနိုင်စရာတော့ အကြောင်းမရှိပါဘူး၊ စားသောက်ဆိုင်ဖွင့်မှာလည်းမဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင် ကော်ဖီဆိုင်ဖွင့်မှာလည်း မဟုတ်ဘူး၊ လက်ဖက်ရည် ကော်ဖီကလည်း သောက်ချင်ရင် ရဲယ်ဒီမိတ်ပဲ ဖျော်ပေးမှာပဲ ...

အဓိက,ကတော့ နွားနို့စစ်စစ်နဲ့ ကြက်ဥပေါင်မုန့်ကြော်တို့ ပေါင်မုန့်နို့ဆမ်းတို့ အဲဒါမျိုးတွေပဲ ရောင်းမှာ၊ ဒေါ်လေးဖြူရဲ့စပါယ်ရှယ်မီနူးလည်း ပါမှာပေါ့"

"အင်း ... လုပ်ပါကွယ် လုပ်ပါ ... လုပ်ပါ၊ စိတ်ချမ်းသာသလိုသာလုပ်ပါ၊ ဒါပေမဲ့ ပိုးတီကို ဒေါ်လေးဖြူ တစ်ခုတော့ သတိပေးချင်တယ်"

ပိုးတီက ပြောလေဟူသော ပုံစံဖြင့် မေးတစ်ချက်ဆတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတီ စီးပွားရှာချင်တာ အားလုံး ကောင်းကောင်းမွန်မွန် နေလို့ရအောင်လုပ်တာတော့ ဒေါ်လေးဖြူ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ စားတော့အားလုံးဝိုင်းစားပြီး သံသရာမှာ ခံရမှာတော့ ပိုးတီ တစ်ယောက်တည်းနော်"

"ဘ ... ဘာရယ် ... ဘာကို တစ်ယောက်တည်းခံရမှာလဲ"

"တကယ်တော့ ငွေတိုးချေးတယ်ဆိုတာ တို့ဗုဒ္ဓဘာသာ အနေနဲ့ကြည့်ရင် သူများအပူကို စားတာတာပဲလေ၊ သိပ်တော့ မစားကောင်းဘူးပေါ့ သမီးရယ် ...

ဖြစ်နိုင်ရင် နည်းနည်းလျှော့စေချင်တယ်၊ ကြက်ခြံ၊ ဘဲခြံကရတဲ့ဝင်ငွေနဲ့လည်း ဒေါ်လေးဖြူတို့တတွေ ခါးလှအောင်ဝတ် ဝမ်းဝအောင် စားနိုင်နေတာပဲ"

"ဒေါ်လေးဖြူရယ် ... ဒီလိုသာဆို ငွေတိုးချေးစားတဲ့သူတွေ အကုန်လုံး ငရဲရောက်ကုန်မှာပေါ့"

ဒေါ်လေးဖြူက တစ်ခုခုပြောဖို့ ပြင်တုန်းမှာပဲ ပိုးတီက ဆက်ပြောသည်။

"တကယ်တော့ ပိုးတီတို့က သူတို့ရဲ့ကျေးဇူးရှင်လိုတောင် ဖြစ်သေးတာပါ ဒေါ်လေးဖြူ၊ သူတို့ အဆင်မပြေချိန်မှာ သူတို့အမျိုးအရင်းတွေကတောင် ထုတ်မပေးနိုင်တဲ့အချိန် ပိုးတီတို့က ယုံယုံကြည်ကြည် ထုတ်ပေးထားတာလေ ...





စိတ်ထားတတ်ရင် ကုသိုလ်တောင် ဖြစ်ပါသေးတယ် ဒေါ်လေးဖြူရယ်၊ တရားလေး သုံးလေးခါလောက်နာဖူးပြီး မဟုတ်တာတွေ လျှောက်မတွေးပါနဲ့ ဟုတ်ပြီလား"

ဩော် ... ဟုတ်ပါတယ် ဟုတ်ပါတယ်ဟု ယောင်ယမ်းပြီး ဒေါ်လေးဖြူက ခေါင်းညိတ်ပြမိသည်။ အရာရာမှာ လုပ်ရဲ ကိုင်ရဲရှိသော ဒီကောင်မလေးကို ဒေါ်လေးဖြူလည်း ပြောမနိုင်တော့ပါ။

"ဒါနဲ့ အာကာကရော ဘယ်တော့ စာမေးပွဲဖြေမှာတဲ့လဲ"

"နောက်တစ်ပတ်ထဲ ဖြေမယ်ပြောတယ်၊ အဲဒါ ဟိုလေ..."

ဒေါ်လေးဖြူ ဘာပြောမလဲဆိုတာကို သိသော ပိုးတီက လက်ကာပြလိုက်ကာ ...

"ပိုက်ဆံလွှဲပေးဖို့မဟုတ်လား၊ အဲဒါပြောတာပေါ့ အိမ်တစ်အိမ်မှာ ကျောင်းသားတစ်ယောက်ရှိနေရင် စရိတ်က အရမ်းသိသာတာ၊ အဲဒါများ ဒေါ်လေးဖြူတို့က စီးပွားရေးတွေ မသောင်းကျန်းပါနဲ့ ပြောသေးတယ် ...

ပိုးတီမှာ အားကိုးစရာ ယောကျာ်းသားကမရှိ၊ အခု စီးပွားရေးမှာ ကံလေးက ဒီလိုလိုက်နေတုန်း ရှာရဖွေရမှာပဲ ဒေါ်လေးဖြူရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ မနက်ဖြန်ပဲ ကိုမြင့်ကျော်ကို လွဲခိုင်းလိုက်မယ်၊ အင်း ... အရင်တစ်ခါ လွှဲထားတာ တစ်လပြည့်ဖို့ တစ်ပတ်တောင်လိုသေးတာပဲ၊ ဒီကောင်လေးနှယ် ဘာတွေများ သုံးစွဲနေလဲ မသိပါဘူး၊ ရန်ကုန်က သူဌေးတွေနဲ့ပြိုင်လို့ကတော့ ဖားတုလို့ ခရုခုန် ဖင်ကျိုးရုံပဲ ရှိမှာပေါ့ ... ဟူး ... ခက်တယ် ... ခက်တယ်"

တကယ့်ကို အိမ်ထောင်ဦးစီးတစ်ယောက်လို တရစပ် ရေရွတ်ရင်း ညည်းတွားရှာ၍ကာ ထွက်သွားသော ပိုးတီကို ဒေါ်လေးဖြူက ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။ အင်း ... ပိုးတီ ... ပိုးတီ။

အခြေအနေကတော့ ကြာလေ ဆိုးလေသာပါပဲ။ ဘယ့်နှယ်များလုပ်ရပါ့။





## ၄

"ဒေါင်းဝါ ... ဒေါင်းဝါ"

သူ့တစ်ယောက်လုံး အနားမှာရောက်နေတာတောင် အာခေါင်ခြစ်ပြီး အော်နေသူအား သူက ဒီမှာဟု လက်ပြပိုက်လျှင် ထိုသူက သူ့အား ဖော့ဘူးတစ်ဘူး ကမ်းပေးသည်။ ပြီးနောက် တိုသူ့လက်ထဲက စာရွက်မှာ ဘောပင်နှင့် ရေးခြစ်လိုက်သည်။ သဘောကတော့ ဒေါင်းဝါဟာ သူ့ဝေစုကို ထုတ်သွားပါပြီပေါ့။

ဒေါင်းဝါက ဘာမှ မပြောတော့ဘဲ ရေသန့်ဘူးသေးတစ်ဘူးကိုပါ တောင်းယူကာ ဆူညံပေါက်ကွဲနေသော တီးလုံးသံများနှင့် ဝေးရာသို့ လျှောက်လာခဲ့သည်။ တကယ်တော့ သူဟာ ကားပြပွဲကြီးတစ်ခုသို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ကားပြပွဲမှာတော့ မိန်းကလေးတွေကသာ အတိုအပိုက် အမျိုးမျိုး ဝတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပိုစ်အမျိုးမျိုးဖြင့် ဟန်ရေးပြရသော်လည်း သူတို့လို ယောက်ျားလေးမျိုးကတော့ ဒီနေရာမှာ ဘာမှ အသုံးမဝင်ပါ။ သို့သော် Dancer အဖြစ် သူက အသုံးဝင်သေးသည်မို့ တော်သေးသည်။

မဟုတ်လျှင် ယောက်ျားလေးမော်ဒယ်လုပ်ရတာက မိန်းကလေးလောက် ဝင်ငွေမဖြောင့်ပါချေ။ ဒါကြောင့် သူ့မှာ လိုအပ်ရင် လိုအပ်သလို အရောင်ပြောင်းလဲရသည်။ မော်ဒယ်အဖြစ် Cat walkလျှောက်သည့်အခါလျှောက်၊ Dancer အဖြစ်လိုအပ်ရင်လည်း ကတတ်အောင် သင်ထားရပါသည်။ အခုလည်း နေကပူပူ လူကထူထူမှာ သုံးခါလောက် ကပြီးသဖြင့် မောနေပြီ။ နေ့ခင်းစာ ထမင်းစားချိန်လည်း ခဏနားပြီမို့ ဗိုက်ကလည်း ဆာနေပါပြီ။

သူက ဖော့ဘူးလေးကို ဖွင့်လိုက်သောအခါ မွှေးပျံ့သော ကြက်ဆီထမင်းနံ့က ဝေ့ခနဲတက်လာသည်။ အင်း ... ဒီတစ်ခါတော့ ဘယ်ဆိုးလို့လဲ။ စပွန်ဆာက စေတနာသဒ္ဒါတရား ထက်သန်သန်ရှိသည်။ ကြက်ဆီထမင်းတွေ ဘာတွေ ကျွေးလို့သာပါပဲ။ ကြက်ဆီထမင်းကို ကော်ဇွန်းလေးဖြင့် တစ်ဇွန်းကော်ကာ ပါးစပ်ထဲ ထည့်မည်ဟန်ပြင်တုန်းမှာပဲ သူ့ဖုန်းကမြည်လာသည်။

"ကျွတ် ... အရေးထဲမှကွာ"





သူ့ဖုန်းကို ထုတ်ကြည့်လိုက်တော့ အသိမိတ်ဆွေတစ်ယောက်ဟု ပြော၍ရမည့် ကိုဦးဆိုသည့် ငနဲတစ်ယောက်ထံမှ ဖြစ်နေသည်။

"ပြော ကိုဦး"

"မင်း ဘယ်မှာလဲ"

"ဒီထဲမှာပဲလေ"

"ဒီထဲမှန်းတော့ သိတာပေါ့ဟ၊ အခုနက တွေ့လိုက်ပြီး ပျောက်သွားလို့ မေးတဲ့ဟာကို"

ယောက်ျားအချင်းချင်း လာနွဲ့နေသော ကိုဦးအသံကြောင့် သူက စိတ်ပျက်စွာ နှာခေါင်းရှုံ့မိသည်။ အင်းလေ ... နွဲ့တာကလည်း အဆန်းမှမဟုတ်တာ။ ဒီလောကမှာ ဒီလိုအပုန်းတွေလည်း အများကြီးပဲ မဟုတ်လား။

"သြော် ... ထမင်းစားနားချိန်ပဲ၊ ထမင်းစားဖို့ ပျောက်သွားတာပေါ့"

"ဟယ် ... ဘယ်ပျောက်သွားတာလဲ၊ မြန်လိုက်တာ၊ အဲဒီမှာ စားမနေနဲ့လေ၊ ငါနဲ့အတူလိုက်ခဲ့၊ အပြင်မှာ သွားစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... တော်ပါပြီဗျာ၊ ဒီမှာ ထမင်းဘူးတောင် တောင်းလာပြီ၊ ဗိုက်ဆာလို့ စားတော့မယ်၊ တခြား ဘယ်တစ်နေရာမှလဲ မရွှေ့နိုင်တော့ဘူး"

သူက ပြောရင်းပဲ ကြက်ဆီထမင်းကို ပါးစပ်ထဲ တစ်ဇွန်းကော်ထည့်လိုက်သည်။ အားပါး အရသာရှိလိုက်တာ။ နူးအိနေသော ကြက်သားတစ်ဖဲ့ကို ထပ်ဝါးလိုက်သောအခါ ပိုပြီး ပြည့်စုံသွားသည်။

အင်း ... ကြက်ဆီထမင်း တစ်ပွဲနဲ့တော့ ဝ,ပါ့မလားပဲ။ နေ့ခင်းဘက် ပြန်လာရလျှင် ဗိုက်ကဆာဦးမည်။ ကဲ... ရေသောက်ရုံပေါ့။

"ဟင်... ဘယ်အချိန်ကတည်းက ဗိုက်ကဆာနေလဲ မသိဘူး၊ ပြီးရော ညနေတော့ ချက်ချင်းပြန်မသွားနဲ့ သိလား"

"အာ ... ဘာလုပ်မလို့လဲ"

"ဟဲ့ ... ဒင်နာလေး ဘာလေး အတူစားပြီးမှ ပြန်ပို့မှာပေါ့ ဟဲ့၊ တကတဲ ဘယ်လိုဖြစ်နေလဲ"

"အေးပါ ... ပြီးရောပေါ့၊ ဒါပဲ ဆက်စားလိုက်ဦးမယ်"

အခု ဖုန်းဆက်လာသော ကိုဦးဆိုသူက သူတို့ မော်ဒယ်အေဂျင်စီသို့ ဝင်ထွက်နေသူ တစ်ယောက်ဖြစ်ပြီး သူတို့





ဆရာနဲ့လည်း ရင်းနှီးသည်။ သူနဲ့လည်း မျက်မှန်းတန်းမိနေတာ ကြာလာတော့ ရင်းနှီးလာတာလည်းဖြစ်ပါသည်။ ကိုဦးက ဟိုစပ်စပ် ဒီစပ်စပ် ဟိုယောင်ယောင် ဒီယောင်ယောင်ဖြစ်ပြီး မော်ဒယ်မလေးများနှင့်လည်း တီးတိုး တီးတိုး သဖန်းပိုးလုပ်တတ်သည်။ အစကတော့ နှာဘူးလား နှာဂိုထောင်လား ထင်ခဲ့ပေမယ့် ... နောက်တော့ ကိုဦးဆိုတာ ကျားကျားလျားလျားကြီးနှင့် ခြောက်နေတာပါလားဟု သိခဲ့ရတာဖြစ်သည်။

သို့သော်လည်း ဒီလောကထဲမှာက ဒါမျိုးတွေက မထူးဆန်းတာကြောင့် သူ့စိတ်ထဲမှာလည်း သိပ်အာရုံမထားခဲ့ပါ။ အရေးကြီးတာက ကိုယ်အဆင်ပြေဖို့ပဲ မဟုတ်ပါလား။ တကယ်တော့ သူဟာ မော်ဒယ်အလုပ်ကို ဝါသနာပါလှချည်ရဲ့ Dancer ဖြစ်ချင်လွန်းအားကြီးတယ်လည်း မဟုတ်ချေ။ ပတ်ဝန်းကျင်က တွန်းပို့သောကြောင့်သာ ရောက်လာတယ်ဟု ပြော၍ရသည်။ သူ့ပုံစံက အရပ်ရှည်ရှည်၊ ဒေါင်ကောင်းကောင်းမှာ ရှစ်တန်းလောက်တည်းက ဘေးအိမ်က Body လှလှအစ်ကိုကြီးကို အားကျပြီး ထိုအစ်ကိုကြီးထံမှ သင်ထားသော Body Beauty ကစားကွက်တချို့ကို ဆော့ကစားလာသည့်အတွက်လည်း ဗလက ခပ်တောင့်တောင့်ဟုဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံစံကြောင့်ပဲ သူက ဒီလမ်းကြောင်းပေါ် ရောက်လာခဲ့သည်ဟု ပြောလို့ရသည်။ သူ့မှာ သူများတွေလို မင်းသားဖြစ်ချင်တာ အောင်မြင်ချင်တာ စသဖြင့် အဲဒီလို ကြီးကြီးကျယ်ကျယ် စိတ်ကူးမျိုးလည်း ရှိမနေချေ။

သူ့တစ်ကိုယ်စာ သုံးဖို့ စွဲဖို့ လုံလောက်လျှင်ရပြီ။ သူက ရှေ့ဖို့ နောက်ဖို့တွေလည်း သိပ်မကြည့်တတ်ပါချေ။ ဒါကြောင့်လည်း ဒီလောကမှာ ဟုတ်ဟုတ်ငြားငြားလည်း ဖြစ်မလာခြင်းပဲဖြစ်ရမည်။

ကဲ ... ကိုယ့်အကြောင်းကိုယ်တွေးရင်း ထမင်းစားတာတော့ မိုက်ပြည့်သွားပြီ။ ထုံးစံအတိုင်း စီးကရက်တစ်လိပ်လောက်ဖွာပြီးမှ အထဲသို့ ပြန်ဝင်လာလျှင် မန်နေဂျာက နောက်နာရီဝက်နေရင် ပြန်စတော့မယ်ဟု လာပြောသည်။ အဲဒီလိုနှင့် သူလည်း ဟိုဒီ ဝေးမောရင်း အလှည့်ကျရင် ကလိုက်၊ ပြီးရင်နားလိုက်ဖြင့် ညနေစောင်းသောအခါ လူက တော်တော်ပင်ပန်းနေပြီဖြစ်သည်။

ပွဲပြီးသော်လည်း အဆောင်ပြန်လို့က မရသေးချေ။ ကိုဦးက ရောက်လာကာ သူ့ကို ကားနှင့်ခေါ်သွားသည်။

"ဘယ်သွားနေတာလဲ ကိုဦး"





"ရွှေကောင်းဟော့ပေါ့လေ၊ မင်း ကြိုက်တယ်မဟုတ်လား"

သူက ခေါင်းညိတ်ပြလိုက်ရင်းမှ မျက်လုံးထဲတွင် ပွက်ပွက်ဆူနေသော Hot Pot အိုးကြီးကို ပြေးမြင်ယောင်လာမိသည်။ အင်း ... အာကာ့ကို သတိရလိုက်တာ။ အာကာ့ခမျာ နယ်ကလည်းဖြစ်ပြန်၊ အစားအသောက်ကလည်း မက်ဆိုတော့ သူတို့နယ်မှာ တော်ရုံမရနိုင်သော Hot Pot ၊ ကြေးအိုး၊ ဘဲကင်၊ ယိုးဒယားအစားအစာ စတာတွေကို တော်တော်လေး မက်မက်စက်စက်စားချင်စိတ်ရှိရှာသည်။ သူကတော့ အခါခွင့်သင့်၍ သူများကျွေးတာတွေ စားရသောကြောင့် စားဖူးသောက်ဖူးရှိပေမယ့် အာကာ့ခမျာတော့ သူပြောသမျှ သွားရည်ကျဖို့သာ တတ်နိုင်လေသည်။

"ကျွန်တော်တို့ နှစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး၊ ငါ့မိတ်ဆွေတစ်ယောက်လည်းပါတယ်၊ မင်းနဲ့ မိတ်ဆက်ပေးမယ်"

သူက ကောင်းပြီလေ ဟူသော သဘောဖြင့် ခေါင်းဆတ်ပြကာ ခုံကို နောက်သို့ လှန်ချလိုက်သည်။ ခြေထောက်တွေကို ရှေ့သို့ ဆန့်တန်းပစ်လိုက်သည်။ ကိုဦးကားထဲမှာ Air Con က အေးစိမ့်နေသည်မို့ အချိန်နာရီဝက်လောက်ရလည်း တင်ရေးနပ်လို့ ရသေးသည်ဟူသော အတွေးနှင့်ဖြစ်သည်။ သူ့ အတွေးကို ရိပ်မိနေသော ကိုဦးကတော့ ဟင်းခနဲ ရယ်မဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ကောင်လေး ... ငါကတော့ နင့်ဒရိုင်ဘာကျလို့ ပြုံးပြုံးပြီး မောင်းနေတယ်၊ နင်ကတော့ အမိန့်သားအိပ်ပြီး ပြီးမှ ထမင်းစားမယ်ပေါ့လေ"

"မုဒိတာပွားလိုက်တာက ကုသိုလ်ပိုရပါတယ်ဗျာ ... ဟဲ ဟဲ"

သူက မျက်စိမှိတ်လိုက်ရင်း အငြိမ့်စား လိုက်ပါလာသည်။ အေးစိမ့်မွှေးပျံ့သော Air Con ကားထဲမှာ ခဏမှိန်းလိုက်တာနှင့် အိပ်ပျော်သွားသည်သာဖြစ်သည်။ ဒါကြောင့် ဘယ်အချိန်မှာ ရွှေကောင်းသို့ရောက်သွားလဲတောင် မပြောတတ်တော့။ ကိုဦးကနှိုးမှပဲ နိုးတော့သည်။

"ဟဲ့ ဟဲ့ ... ကိုယ်တော်လေး ... ထတော့၊ အမယ်လေး နှာများတောင်မှုတ်ပြီး အိပ်နေလိုက်သေးတယ်၊ ရောက်ပြီ ဟင်း ... တကတဲမှပဲ"

သူက ဝါးခနဲ သမ်းပေးရင်း ကားထဲမှ မဆင်းခင် ကိုဦးရဲ့ကားဒက်ရှ်ဘုတ်ထဲမှ စနီးတာဝါတစ်ခုကို ဆွဲထုတ်ကာ မျက်နှာနှင့် လည်ပင်းကို ပွတ်သုတ်လိုက်တော့ လန်းဆန်းသွားသည်။ နည်းနည်းလည်း မှေးလိုက်ရပြီးပြီမို့ အားအင်ပြည့်သလို ဖြစ်ကာ ဗိုက်ကတော့ ဆာလာလေသည်။





ကိုယ်ကြိုက်တာတွေ ရွေးချယ်ပြီး Hot Pot အိုးထဲ ထည့်ပြုတ်ထားတုန်းမှာပဲ လူတစ်ယောက်က ရောက်လာပါသည်။ အသားဖြူဖြူ ပြည့်ပြည့်နှင့် ထောင်ထောင်မောင်းမောင်း ထိုလူမှာ ဥပမိရုပ်လည်းကောင်းလေသည်။

"Hi ... ဘရာသာ ရောက်လာပြီလား"

ကိုဦးက ထိုင်ရမှထကာ နှုတ်ဆက်သည်။ ထိုလူက ခပ်ပြုံးပြုံးဖြင့် ခေါင်းဆတ်ပြကာ သူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"ခေါင်းဝါ ... ဒါ ငါပြောပြောနေတဲ့ ကိုမြတ်နှင်းဇော်ဆိုတာလေ၊ ငါတို့ကတော့ ကိုဇော်ပဲ ခေါ်တာပေါ့"

"ဟုတ်ကဲ့ အစ်ကို့ တွေ့ရတာ ဝမ်းသာပါတယ်"

"အေးကွာ ... အစ်ကိုလည်း ဝမ်းသာပါတယ်၊ ညီက မော်ဒယ်လုပ်တာ နည်းနည်းတော့ ကြာပြီနော်"

"ဟုတ် ... အဟဲ ... ဒါပေမဲ့ သိပ်တော့ ဘာမှ ဖြစ်မလာပါဘူး"

"ဘယ်ဖြစ်မလဲ ... ပျင်းနေတာကိုး"

ကိုဦးက ဝင်ဖွဲ့သည်။ သူက ဟဲခနဲ ရယ်လိုက်ရသော်လည်း စိတ်က အဲဒီလောက် စိတ်မဝင်စားချေ။ သူ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တာက ပွက်ပွက်ဆူလာပြီဖြစ်သော Hot Pot အိုးထဲက ပြောင်းဖူးများ၊ ဝက်ဦးနှောက်၊ ဝက်နားရွက်များက ဖိတ်ခေါ်နေကြပြီဖြစ်လေသည်။ Hot Pot အနံ့က မွှေးကြိုင်လာပြီမို့ သူ့ဗိုက်ထဲက ဝှီခနဲ မြည်သံဟာ ကျယ်လောင်သွားမလားတောင် စိုးရပါသည်။

"ညီက ဘာလို့ သေသေချာချာ မလုပ်တာလဲ"

ကိုဇော် ဆိုသူက မေးလေသည်။ သူက ပြန်ဖြေဖို့ လုပ်တုန်းမှာပဲ ဝိတ်တာက ပန်းကန်လုံးလေးတွေထဲသို့ ဇွန်းဖြင့် တစ်ယောက်စီ ခပ်ထည့်ပေးသည်မို့ သူ့ပန်းကန်လုံးထဲမှာ ဝက်ဦးနှောက်နဲ့ ဝက်နားရွက်၊ ဂဏန်း စတာတွေ ပါပါ့မလားဟု စိုးရိမ်နေမိသည်။

"ဟဲ့ … ဟိုလေ သေသေချာချာ မလုပ်ဘူး ဆိုတာကလည်း ကျွန်တော်က လောဘနည်းတာလည်း ပါပါတယ်၊ ဟဲ ဟဲ … အဟင်း … ညီလေး ရတယ်ပေး၊ အစ်ကို့ဘာသာ ထည့်လိုက်မယ် …

အစ်ကို မကြိုက်တာတွေ ပါနေမှာစိုးလို့"

တကယ်တော့ အစ်ကိုကြိုက်တာတွေ ပါမလာမှာ ကြောက်တာမို့ ကိုယ့်ဟာကိုယ် အကြောင်းသိစွာ ပြောလိုက်ခြင်းဖြစ်သည်။ သူ့လက်တွေက ခပ်သွက်သွက်ပဲ ဝက်ဦးနှောက်၊





ဝက်ခေါင်း၊ ဝက်နားရွက်၊ ပိန်းဉ၊ ဂဏန်း စတာတွေကို ရွေးချယ်ခပ်ထည့်နေမိသည်။

"ကိုယ့်ညီက မော်ဒယ်ပဲ ဝါသနာပါတာလား၊ မင်းသားလုပ်ဖို့ရော စိတ်မဝင်စားဘူးလား"

"အဟင်း … ကျွန်တော့်ရုပ်ကို ဘယ်သူက မင်းသားတင်ရိုက်မှာလဲဗျာ"

"အမယ်လေး … လုပါတယ်ဆို ရေမချိုးရသေးဘူး လုပ်နေပြန်ပြီ"

ကိုဦးကလည်း ရုပ်ကြမ်းကြီးနှင့် နွဲ့ပြောသည်။ ဘာမှ သိပ်စိတ်မဝင်စားနိုင်ဘဲ Hot Pot ကိုသာ စိတ်ဝင်တစားစားနေမိသည်။ နားထဲမှာ ကိုဇော်ရဲ့ အသံက တိုးဝင်လာပြန်သည်။

"ညီ့ရုပ်က မှုန်နေအောင် မချောပေမယ့် Attrection တစ်ခုတော့ ရှိတာပဲဟ၊ ခေတ်အဆက်ဆက်မှာ ရုပ်ချောမှ ဖြစ်တဲ့ မင်းသားဆိုတာတွေကလည်း မှုန်နေအောင် ချောတယ်ဆိုတာ ရှားပါတယ် …

ကြိုးစားရင် ဘာမဆို ဖြစ်နိုင်ပါတယ် ညီ၊ မဖြစ်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဩော်... အရေးထဲ ဒီ ဘိုးတော်က တစ်မျိုး။ ကိုယ့်မှာ Hot Pot နဲ့တွေ့တုန်း တွေ့ခိုက် ဆွဲပါမယ်ဆိုနေမှ။ သူ့မှာ စားကောင်းခြင်း မစားနိုင်ဘဲ မော့်မော့်ပြီး ဖြေရသေးသည်။ စိတ်ထဲရှိတဲ့အတိုင်းသာ ဖြေဆိုရင်တော့ သူ ဒီလိုပဲ ဖြေမှာဖြစ်သည်။

"ဟုတ်ကဲ့ ကျွန်တော် ဘာမှ မဖြစ်ချင်ပါဘူးခင်ဗျာ၊ ကျွန်တော် မင်းသားလည်း မဖြစ်ချင်ပါဘူး၊ တကယ်တမ်း ပြောရရင် ဒီအလုပ်ကိုတောင် အနေချောင် အစားချောင်လို့ လုပ်နေတာပါ ...

အခု အဖြစ်ချင်ဆုံးဆန္ဒကို ပြောရမယ်ဆိုရင်တော့ ခင်ဗျားတို့ပါးစပ်တွေ ပိတ်ထားပေးပြီး ကျွန်တော် လွတ်လွတ်လပ်လပ် စားသောက်ရဖို့ အခွင့်အရေးပါပဲ"

"အာ ... ဖြစ်ချင်တာပေါ့ အစ်ကိုရာ၊ မေးမှမေးတတ်ပလေ့၊ ဒါပေမဲ့လည်း ကိုယ့်အခြေအနေ ကိုယ်သိတော့လည်း ဘာကိုမှ မမှန်းရဲဘူးပေါ့၊ ကိုယ်က အမြင့်ကြီးတွေ ခပ်လျှောက်မှန်းထားပြီး ဖြစ်မလာရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာလေ"

"အမယ်လေး ... ဒရမ်မာက ချိုးနေပြန်ပြီ၊ ဘာမှ စိတ်ဆင်းရဲစရာ မလိုဘူး၊ ဟောဒီက တစ်ယောက်လုံးရှိတယ်၊





ခုချိန်ကစပြီး နင့်ဘဝကြီး လန်းပြီလို့သာ မှတ်လိုက်တော့နော်"

ကိုဦးရဲ့ ကန့်ကလန့်ဟန်အပြည့်နှင့် အားရပါးရစကားသံအဆုံးနောက်မှာတော့ သူက ကိုမြတ်နှင်းဇော်ခေါ် ကိုဇော်ဆိုသူကို မျက်လုံးတစ်ချက် လှန်ကြည့်မိလေသည်။ ကိုဇော်က ခပ်ပြုံးပြုံး အနေအထားဖြင့် သူ့ကို စိုက်ကြည့်နေသည်။ အကြည့်တွေထဲမှာ ခင်မင်ရင်းနှီးသော၊ ကူညီချင်သော နွေးထွေးမှု အရိပ်အယောင်တွေပါသည်။ အဲဒီ အကြည့်တွေကြောင့်ပဲ သူက Hot Pot ကို ခဏမေ့ကာ စကားဆိုမိလိုက်သည်။

"အစ်ကို့ကို ကျွန်တော် တစ်နေရာရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးသလိုပဲ"

"ဟဲ့ ... အစ်ကိုက ရုပ်ပါတွေရဲ့ VIP လေ၊ နင် ပွဲတွေမှာ တွေ့ဖူးတာ နေမှာပေါ့"

အင်း ... ဖြစ်နိုင်သည်။ ဖြစ်နိုင်ဖို့ အလားအလာ ရှိပါသည်။ ပွဲတွေမှာ ရံဖန်ရံခါ မြင်ဖူးလောက်သည်။ ကိုဦးပြောသလို Celebrity တချို့နှင့် ပခုံးဖက်ပေါင်းသောလူမျိုး ဖြစ်နိုင်ပါသည်။

"ဩော် ... အစ်ကိုက ဗရိဂျူးဆာတော့ မဟုတ်ဘူးပေါ့"

www.burmeseclassic.com



"ကိုယ်က ပရိဂျူဆာမဟုတ်ပေမယ့် ပရိဂျူဆာ တော်တော်များများနဲ့လည်း သိပါတယ်၊ တစ်ခါတလေတော့လည်း တကယ်ကို ဖီလင်လာတဲ့အခါ စိတ်ကြိုက်ဇာတ်လေးတွေ ရရင် ရိုက်ဖြစ်တာမျိုးလည်း ရှိတယ်"

"ကိုဇော်က Super တွေကို ပိုင်တယ်ဟဲ့ ချုပ်ပြီးသား၊ ကိုဇော်နဲ့သာ နှင် ချိတ်မိလို့ကတော့ အကြီးကြီးကို ဖြစ်ဦးမှာ နော့လေ ကိုဇော်"

အရေးထဲ ကြက်တူရွေးကတော်တော် မယ်တော်က လာကဲနေပြန်သည်။ သူက ကိုဇော့်ကို မျက်လုံးတစ်ချက်ဝင့်ကာ ကြည့်မိလျှင် ကိုဇော်က သူ့ကို ပြုံးပြီး စိုက်ကြည့်နေတာနှင့်ကြုံသည်။ သူ ဘာပြောမလဲ တစ်ခုခုကို စောင့်နေတာမျိုး၊ သူက သင့်တော်မည့်စကားလုံးကို ရွေးပြောလိုက်ရသည်။

"ဟုတ်ကဲ့ ... ကျွန်တော့်မှာက ငွေကြေးလည်း မချမ်းသာ၊ Background လည်းမရှိဆိုတော့ အစ်ကိုတို့ ကြည့်ရှုစောင်မရင်တော့ ဝမ်းသာစရာ အကောင်းဆုံးပဲ နေမှာပါ"

"အင်းလေ ... ဒါဆိုလည်း ညီဘက်က အဲလိုဖြစ်စေချင်တယ်ဆိုရင် အစ်ကို ကူညီပေးဖို့ အသင့်ပါပဲ၊ အစ်ကိုက လုပ်ပေးရင်လည်း ပြီးပြီးရော မဟုတ်ဘဲ စံနစ်တကျနဲ့ သေချာလုပ်ပေးချင်တာ ..."





ကဲ ကဲ ... စားလိုက်ဦး စားရင်းသောက်ရင်း ဆက်ပြောကြတာပေါ့"

သူက အခုမှပဲ ပါးစပ်ကိုဖြဲကာ အားပါးတရ ဆွဲရတော့သည်။ ပါးစပ်ထဲ ပုစွန်တစ်ကောင်နှင့် ဝက်သည်းတစ်ဖတ်အား တစ်ပြိုင်နက် ကော်ထည့်ကာ ညက်အောင်တောင် ဝါးမနေဘဲ အစာအိမ်ဆီသို့ ချက်ချင်းပဲ ပို့ပေးလိုက်သည်။ နောက်ဟပ်က ပိန်းဥနှင့် ခေါက်ဆွဲတစ်လုတ်ကို ကော်ကာထည့်ပြန်သည်။ အင်း... ခုမှပဲ နေသာထိုင်သာ ရှိသွားသလိုလို။

"ညီမှာ အိုက်တင်ကို ရူးသွပ်တဲ့ဖီလင်မျိုး ရှိလား"

ရူးသွပ်သည်။ အဲဒီစကားကို ကြားရသောအခါ သူ တော်တော်ရယ်ချင်သွားပါသည်။ သူ့ဘဝကွင် ရူးသွပ်ရတယ်ဆိုတာ ဘယ်အရာမှမရှိ။ အအိပ်နှင့်အစားကလွဲလို့ပေါ့နော်။ ဒါပေမဲ့လည်း ခပ်ပျင်းပျင်းနှင့် ဓိမ်ခံရဖို့အတွက်ဆိုရင် အိုက်တင်ကို ရူးသွပ်ပြဆိုလည်း ပြရဦးမည်။ ဒါတွေ သူပိုင်ပါသည်။ ဒါကြောင့် အပီအပြင် ပြောဖို့ရာ ကိုယ်ဟန်အနေအထားကိုတောင် ပြင်လိုက်သေးသည်။

"ကျွန်တော်က ဒီလိုပုံစံမျိုး အစ်ကိုဇော်ရ"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... လုပ်ပါဦး ပြောပါဦး ဟူသော ပုံစံဖြင့် ကိုဇော်က ခေါင်းတစ်ချက်ဆတ်ပြသော်လည်း ကိုဦးကမူ သူ့ထုံးစံအတိုင်း မဲ့ရွဲ့ပြသည်။

"ကျွန်တော့်ကာရိုက်ဟာက ပုံမှန်အားဖြင့် ပေါ့ပေါ့ပါးပါး နေတတ်တဲ့သူပါ၊ ဝေးကွာလွန်းတဲ့ အနေအထားကြောင့် အမြင့်ရောက်ဖို့ သိပ်ကြိုးမှော်လင့်ချက်ကြီးထား၊ တပင်တပန်းကြီးလျှောက်လုပ်မနေပေမယ့် တကယ်တမ်း ကြိုးစားရမယ် လုပ်ရတော့မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ဆုံးခန်းတိုင် လုပ်မယ့်သူမျိုးပါ"

"ဟိ ဟိ ... ပြောပြန်ပြီ"

ကိုဦးက ဝင်နှောက်သည်။ ကိုဇော်က ခေါင်းတညိတ်ညိတ်ပြုံးရင်း စားဦးဟူသော ပုံစံဖြင့် မေးတစ်ချက်ဆတ်ပြသည်။

"ကဲ ... ဒါဆိုရင် ရှေ့တစ်ပတ်ပြီးရင် လကုန်တော့မှာပဲ၊ ညီ (...) Gym မှာဆော့ဖို့ ကိုယ် စီစဉ်ပေးမယ် သိလား၊ Body က ခုလည်း အဆင်ပြေပါတယ်၊ ဒါပေမဲ့ ပို Fit ဖြစ်အောင် တစ်ပတ်ကို လေးရက်လောက်တော့ ကစားနိုင်ရင် ပိုကောင်းလိမ့်မယ်"





သူက စားသောက်ရင်းမှ ပခုံးတွန့်မိတော့မလိုဖြစ်သွားသည်။ ဒါပေမဲ့လည်း အပြုံးလှိုင်လှိုင်နှင့်အတူ ခေါင်းကိုပါ သွက်သွက်ညိတ်ပြလိုက်ရသည်။ စားရင်းသောက်ရင်း ထွေရာလေးပါး ပြောဆိုပြီးနောက် သူတို့ ကားပါကင်သို့ အတူထွက်လာခဲ့ကြသည်။

ထိုင်းရုပ်ရှင်မင်းသားတစ်ယောက်လို ရှင်းသန့်မြင့်မားသော ကိုမြတ်နှင်းဇော်က သူ့ကို ပြုံးပြရင်းမှ ပခုံးကို ရင်းရင်းနှီးနှီး တစ်ချက်ပုတ်ပြီး နှုတ်ဆက်သည်။

"အိုခေ ... ဆီးယူ ... ရော့ ... ဒါ ကိုယ့်ကတ်၊ မနက်ဖြန် ဖုန်းဆက်လိုက်ပါ"

"ဟုတ်ကဲ့ အစ်ကိုဇော်"

"အင်း ... အပြန်အဆင်ပြေတယ်မလား၊ ကိုဦး လိုက်ပို့မှာ မဟုတ်လား"

"ဟုတ်"

"ပို့ရမှာပေါ့တော် ကိုယ်တွေပဲ သူ့ကို အရောက်ပို့နေရတာ ... ဟွန့်"

"အိုခေ ... ဆီးယူ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်က သူ၏ တောက်ပြောင် သားနားလှသော Lexus ကားကြီးပေါ် တက်ကာ မောင်းထွက်သွားသည်။ သူကတော့ ကိုဦးရဲ့ Probox လေးပေါ် တက်လိုက်ပါသည်။ ကားမောင်းထွက်ရင်းမှ ကိုဦးက စကားစ,လာသည်။

"ဟဲ့ ... ကိုဇော်က ဘယ်လိုနေလဲ"

"ဘာကို ဘယ်လိုနေရမှာပဲဗျ"

"ဩော် ... ဘာဖြစ်ဖြစ်ပေါ့ဟယ်၊ နင် Facebook မှာ တောင် ဓာတ်ပုံတစ်ပုံမြင်ရင် Commentပေးတာပဲမဟုတ်လား၊ ခုလည်း တစ်ခုခုတော့ Commentပေးရမှာပေါ့ဟဲ့"

"ဘာပြောရမှာလဲဗျာ သူ့လို ဘဝမျိုးက ရရင်တော့ လူတိုင်း လိုချင်ကြတာပဲပေါ့"

သူပြောလိုက်သည့်စကားက ဘာအကြိုက်တွေ့သွားစေလဲမသိချေ။ ကိုဦး ပါးစပ်ကြီးက ဖြဲခနဲ ထွက်လာသည်။

"ဘာလဲ ... နင်က သူ့ဘဝကို လိုချင်လို့လား"

"အာ ... ဘာလို့ လိုချင်ရမှာလဲ"

"နို့ နင်ပဲ သူ့လို ဘဝမျိုးက လူတိုင်းလိုချင်ကြတယ်ဆို"

"အင်းလေ ... အဲဒါက သူ့လိုချမ်းသာတာကို ပြောတာ၊ ခင်ဗျားရော မချမ်းသာချင်တာကျလို့"





"ဘာပဲဖြစ်ဖြစ် နင်က အခု အဆင်ပြေတော့မှာပါ၊ ကိုဇော်က ရှယ်လုပ်ပေးတော့မှာပဲ"

"ဟမ် ... ဘာကို ရှယ်လုပ်ပေးမှာလဲ"

"ဩော် ... နင့်အတွက် အစစအရာရာ အကုန်ပံ့ပိုးပေးမှာကို ပြောတာ၊ ဟင်း ... နင်က ဘာထင်နေတာလဲ၊ သန်ရာသန်ရာ တွေးနေတာလား ... ဟွန်း"

"အွန်း ... ခင်ဗျားကလည်း အထာကြီးနဲ့ ပြောနေတာကိုး"

"ဟဲ့ ... ငါ့အထာ နင် သိတယ်ပေါ့၊ ဟုတ်လား ဟမ် ?"

ကိုဦးက မီးပွိုင့်မှာ ကားရပ်နေတုန်း သူ့အနားသို့ မျက်လုံးကြီးပြူး ပါးစပ်ကြီးဖြဲကာ တိုးကပ်လာရင်း မေးသည်။ တိုးကပ်လာပုံကြီးက စမာန်တက်ကာ သူက စမုံတုံးရတော့မည့်ပုံစံမျိုးမို့ အလန့်တကြား တွန်းလွှတ်ရသည်။

"အာ ... ဘာလုပ်တာလဲဗျာ ဖယ်စမ်းပါ၊ ခင်ဗျားရုပ်ကြီးနဲ့ ညကျ အိပ်မက်ဆိုးမက်လိမ့်မယ် ... သွား"

"မယ်လေး ... (အမယ်လေး) ဖြစ်နေလိုက်တာ ... ဟွန့်၊ အေးပါ ... နင့်ကို ချစ်လို့စေတနာနဲ့ သတိပေးလိုက်မယ်၊ ကိုဇော်နဲ့ အဆင်ပြေအောင်နေနော်၊ နင်လိမ္မာရင် နင့်အတွက်ချည်းပဲ၊ ခဏလေးနဲ့ ဂဏန်းငြိမ်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းငြိမ်တာတွေ ဂဏန်းလှုပ်တာတွေ သူ သိပ်စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားတာက အေးငြိမ်းသက်သာစွာ နေရပြီး ကောင်းကောင်းစားရဖို့ပါပဲ။ ဒီထက်လည်းပိုပြီး အထူးတလည် လျှမ်းလျှမ်းတောက်ဖို့လည်း မမျှော်လင့်။ ပြောရရင် သူဟာ ကိုယ့်ကိုယ်ကိုယ်လည်းသိသည်။ ဘာမဆို ခပ်ပျင်းပျင်းလူစားမျိုးထဲတွင် ပါသည်။ ဘာအလုပ်မှ ဟုတ်တိပတ်တိ မလုပ်ချင်ဘဲ အေးရာအေးကြောင်းသမားပါပေ။

ခုလည်း မင်းသားဖြစ်ချင်လှချည်ရဲ့စိတ်မျိုး အခွင့်အရေးကြီးရပြီဟု ဟူ၍ တက်ကြွသည့်စိတ်မျိုး မရှိဘဲ အေးရာအေးကြောင်းရော နှပ်ရပါ့မလား။ ဓိမ်တောင်ကျပါ့မလား တွေးပူနေသဖြင့် ကိုဦး သိလျှင်တောင် သူ့ကို သတ်ချင်နေမလား မသိပေ။

လောလောဆယ်တော့ နောက်တစ်ပတ်နေလျှင် (...) Gym သို့သွားရတော့မည်။ အဲဒီ Gym ဟာ ဖော်ရိန်နာတွေနှင့် နာမည်ကြီး မင်းသားမင်းသမီးများ သူဌေးသူကြွယ်တွေသာ လာရောက်ကစားတတ်ကြသည့် Gym မို့ သူ့အနေနှင့် ဘယ်လိုကြုံလာဦးမယ် မသိရသေး။ သူက အဲဒီမှာ ဆော့ချင်တာလည်းမဟုတ်။ ဒါပေမဲ့လည်း သဏ္ဍာန်လုပ်တော့ သရုပ်တူရပေဦးမည်။

❤ ○ ❤





## ၁

"ဩော် ... ဦးလေးတို့ လာကြပြီ၊ ထိုင်ကြပါရှင် ဘာသုံးဆောင်မလဲရှင့်"

"ထုံးစံအတိုင်းပေါ့၊ ထမင်းဆီဆမ်း ကြက်ဥကြော်လွှမ်း၊ လက်ဖက်သုပ်၊ ကြက်ကြော် အကုန်ချပေတော့၊ ပြီးမှ ပေါင်မုန့် နို့ဆမ်းနဲ့ အချိုတည်းမယ်"

"ခရမ်းချဉ်သီးသုပ် နောက်တစ်ပွဲနဲ့ ရေနွေးကြမ်းလေး ထပ်လိုက်ပေးပါဦး တူမရေ"

"ဟုတ် ... လာပြီ ရှော့ ... ရေနွေးကြမ်းကတော့ အခုရမယ်၊ ခရမ်းချဉ်သီးသုပ် ခဏစောင့်ဦးနော်၊ ဟို ... ဆည်မြောင်းဦးလေးတို့ ထမင်းဆီဆမ်း ခဏလေး စောင့်ပါနော် ရပါမယ် ...

ဒေါ်လေးဖြူရေ ..."



www.burmeseclassic.com

www.burmeseclassic.com



လူကြားသူကြားထဲ ခိုင်းချင်ပြီဆိုလျှင် အသံစာလေးနှင့် ဒေါ်လေးဖြူရေ ... အဲဒီအသံကြီးကို ကြားခါစကတော့ ချိုသာသယောင် နားဝင်ချိုသယောင် ထင်ခဲ့သော်လည်း တစ်ပတ်နှစ်ပတ်ကြာလာသောအခါ နားဝင်က မချိုနိုင်တော့။ အပျော်တမ်းသဘောသာသာ ကိုယ့်ခြံဝင်းလေးထဲမှာ တပိုင်တနိုင် ခရီးသွားများ အရိပ်ထောက်သလို ဖွင့်ထားသော ဒီဆိုင်မျိုးလေးကို တော်တန်ရုံ ဘယ်သူမှလဲ သိပ်လာမယ်မဟုတ်ဟု ထင်ထားသော ဒေါ်လေးဖြူ၏စိတ်ကူးမှာ အလွဲကြီး လွဲခဲ့ပြီတည်း။

ငွေကို ဘယ်လိုရှာဖွေရမလဲ ငွေအကြောင်းပဲ စဉ်းစားနေသူ ဒီကောင်မလေးထံ ငွေတွေကပဲ လာချင်နေရော့သလား မပြောတတ်။ ဘာမှ ဖွယ်ဖွယ်ရာရာ စားကောင်းသောက်ဖွယ်ကြီးတွေ ရောင်းချတာမဟုတ်ပါဘဲနဲ့ကို ပိုးတီရဲ့ဆိုင်လေးဟာ ရောင်းကောင်းလှသည်။ တစ်နေ့မှ လက်ဖက်သုပ် နှစ်ပွဲလောက် ရောင်းရရင်တောင် ကံကောင်းဟု တွက်ဆထားသည့် ဒေါ်လေးဖြူ၏စိတ်ကူးများမှာ နွေဦးလေပွေလို လွင့်ပါမျောသွားလေပြီ။

ကိုယ်က ထင်ထားတာက အလုပ်ဖြစ်မှာမဟုတ်ဟု ထင်ထားတာ။ ခုတော့ မိပိုးတီက အလုပ်ဖြစ်တာထက်တောင် လွန်မယ့်သဘော ရှိနေလားမပြောတတ်ချေ။ အင့်လေ ... ကိုယ့်လို





အမြင်မရှိပုံမျိုးနဲ့လည်း ဘယ်တော့မှ ဦးဆောင်သူ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ဖြစ်လာမှာမဟုတ်။ ခုလို နောက်လိုက်ကောင်းလုပ်ဖို့တောင် စိတ်က တယ်မပါချင်။ ပြောရလျှင် ဒေါ်လေးဖြူကိုယ်တိုင်လည်း အာကာအမေဟု မပြောရ သက်သက်သာသာ အေးရာအေးကြောင်း နေချင်သူရယ်ပါ။

ဒါကြောင့်လည်း ကိုယ်က မွေးသည့် အာကာဟာ ကိုယ့်သွေးပါနေပြီး ကိုယ့်ထက် ပျင်းကြောထူနေလား မပြောတတ်ပါ။ ဒေါ်လေးဖြူ အလိုအရဆိုလျှင်တော့ အချိန်တန် ကြက်ဥကောက် နွားနို့ရောင်းကာ နေ့လယ်နေ့ခင်း တစ်ရေးတမော နှပ်ချင်သေးတာမျိုး။

ခုတော့ ပိုးတီ လုပ်ပေါက်နှင့် တစ်နေကုန် နားရမည့် အရေး မမြင်တော့ချေ။

"ဒေါ်လေးဖြူ ခရမ်းချဉ်သီးသုပ်ရပြီလား၊ အင်း ... ခုမှ သုပ်ဖို့ပြင်တုန်း၊ ဒါဆိုလည်း နှစ်ပွဲစာ တစ်ခါတည်းပေါင်းသုပ်လိုက်တော့၊ ပြီးရင် ဆည်မြောင်းဝိုင်းကို သွားချပေးလိုက်"

ဒေါ်လေးဖြူက ပိုးတီ မမြင်နိုင်သည့် စိတ်ထဲမှ နှာခေါင်းရှုံ့ကာ နှုတ်ခမ်းမဲ့လိုက်မိသည်။ ကိုယ့်ဘဝက စာဖိုမှူးလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်သာမက စားပွဲထိုးရာထူးကိုပါ ပူးတွဲရထားသေးသည်။ ဒီနေရာကလည်း (...) ဆည်နှင့် နွေစပါးမိုးစပါး စိုက်ပျိုးရေးလယ်ကွင်းတွေရှိရာ သွားရာလမ်းမှာ ရောက်နေလေတော့ ဆည်မြောင်းသွား ဝန်ထမ်းကားတွေ၊ စိုက်ပျိုးရေးရုံးက လူတွေ စသဖြင့် ဥဒဟိုကူးသန်းနေရာဖြစ်သလို ဆည့်ရှိသော အရပ်က သာယာသောကြောင့် ပျော်ပွဲစားလိုလို အလည်အပတ်လိုလို ထွက်လာသော မြို့ထဲနေ လူစုကလည်း ရှိသေးသည်။

လူဆိုတာကလည်း သစ်ရိပ်ဝါးရိပ်နှင့် သာယာသောနေရာမှာ ထိုင်ချင်စဖွယ် ပြင်ဆင်ထားလျှင် တော်တန်ရုံ စားကောင်းတာကို အလွန်ကောင်းဖြစ်သွားတာမျိုး။ ပိုးတီခြံက ထမင်းဆီဆမ်းကြက်ကြော်၊ နွားနို့တို့ဟာ ဘာမှလဲ မဟုတ်ပါဘဲနှင့် အလကားနာမည်ကြီးသွားသည်ဟု ဒေါ်လေးဖြူက ခပ်ဖိဖိ တွေးမိသည်။ (မိပိုးတီသာ သိလျှင်တော့ ဘယ်လောက်များ ပြောလိမ့်မလဲ။ ခင်ဗျားတို့ မြန်မာတွေ အဲလိုစိတ်တွေကြောင့် မကြီးပွားတာဟု ပြောနေမလား။ အဲ့ နောမလေးက မြန်မာတွေ ကမ္ဘာတွေနဲ့ ချီချီပြီး စကားကြီးစကားကျယ်တွေ ပြောတတ်လွန်းလို့လေ)

"ဒေါ်လေးဖြူရေ ရှုပါနို့ကော်ဖီ သုံးခွက်တဲ့၊ တစ်ခွက်မလိုင်ဖုံးမယ်တဲ့"





အခုလေးတင်မှ ချက်ပြုတ်သုပ်ပြီး စားပွဲထိုးပြန်လာသောသူကို ခရီးရောက်မဆိုက် လာခိုင်းနေသော ပိုးတီမကို ဒေါ်လေးဖြူက တင်းလာသည်။ သူလည်း ဝင်ဖျော်လို့ ရသားပဲ။ သူကျတော့ ဒီနေ့ ဘယ်လောက်ဖိုးတောင် ရောင်းရပြီလဲဟူသော လောဘမျက်လုံးဖြင့် မျက်နှာက ပိုက်ဆံသေတ္တာကို နစ်ဝင်မတတ် ဖြစ်နေသည်။

ဒေါ်လေးဖြူက ပြောချင်သည့်စကားကို ပြောသင့်မပြောသင့် လျှာသပ်ကာ စဉ်းစားနေမိသေးသည်။ ပြီးတော့ မနေနိုင် မထိုင်နိုင် ဖြစ်နေသရွေ့ လက်က ရှုပါကော်ဖီမစ်သုံးထုပ်ကို စလီးလ်မတ်ခွက်ထဲ ဖောက်ထည့်ကာ စကားစလိုက်သည်။

"ပိုးတီ"

"......"

ပြော ဆိုတာတောင် ပါးစပ်က မပြောနိုင်တော့ဘဲ မေးတစ်ချက်ဆတ်ပြသော ပိုးတီကို ဒေါ်လေးဖြူက မျက်စောင်းရွယ်မိသည်။

"ဆိုင်က ခုဆို တော်တော်လူကျလာတယ် မဟုတ်လား"

"အင်း ... အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမလေးတစ်ယောက်လောက်ပဲဖြစ်ဖြစ် ကောင်လေး ငယ်ငယ်တစ်ယောက်လောက်ပဲဖြစ်ဖြစ် စားပွဲထိုးဖို့ခေါ်ပါ လား ..."

ခေါ်ပါလားလို့ ဟု ပြောဖို့စကားမှာ လို့ နေရာ တောင် မရောက်သေး ပိုးတီ၏ မျက်လုံးပြူးကြီးက ကြောက်မက် ဖွယ် ဖြဲခနဲလှည့်လာသည်။

"အမယ်လေး ဒေါ်လေးဖြူ၊ လူတစ်ယောက် စရိတ်က နည်းတာမှတ်လို့ ပြောထွက်လိုက်တာ၊ စားပြီးသောက်ပြီး စရိတ်ငြိမ်း ဘယ်လောက် ကုန်လိုက်မယ်မှတ်လဲ၊ ခုရော ဘာတွေများ အဲဒီလောက် အလုပ်ရှုပ်နေလို့လဲ ...

ကိုဖိုးစိန်နဲ့ မောင်ဝင်းလည်း အားရင်အားသလို လာကူနေတာပဲ မဟုတ်လား"

ကြက်ခြံ ဘဲခြံနှင့် နွားနို့ညှစ်တဲ့ဘက်ကို တာဝန်ယူ ထားသော အလုပ်သမားနှစ်ယောက်ရှိသော်လည်း ဟိုဘက်မှာတင် အပတ်မလည်ဘဲနဲ့ ဒီဘက်ကို အချိန်ပြည့်ကြီး လာမကူနိုင်ပါ။ ဒေါ်လေးဖြူသာ လက်က စားသောက်စရာ စီမံလိုက်၊ ခြေထောက် က စားပွဲပြေးထိုးလိုက်နှင့် ညဘက်ဆိုလျှင် ခြေထောက်တွေက တောင့်တော့သည်။





"နောက်ပြီး အာကာလည်း စာမေးပွဲပြီးရင် ပြန်လာတော့မှာ မှလား၊ သူရောက်လာရင် ဘာလူမှ မလိုတော့ဘူး"

အလိုလေး ... ငါ့သားလေးခမျာ တက္ကသိုလ်ကျောင်း သားကြီးတန်မဲ့ စားပွဲထိုးရတော့မှာပါလား။ အတွေးနဲ့တင် ဒေါ်လေး ဖြူ စိတ်ညစ်သွားသည်။ ကိုယ့်သား အပျင်းကြီးမှန်း သိပေမယ့် မိခင်ဆိုတော့လည်း သားကို အပြစ်မမြင်ချေ။ သားလေးဟာ တက္ကသိုလ်ကျောင်းသားလေး အောက်ခြေသိမ်းအလုပ်တွေ ပင်ပင် ပန်းပန်းလုပ်ဖို့ မလိုဟု ကိုယ့်သားဘက်ကို ယက်တွေးထားသူ ဖြစ်သည်။ ပိုးတီမတော့ ကိုယ့်သား အဖူးအညွန့်လေးကို စားပွဲထိုး လုပ်ခိုင်းဖို့တောင် ကြံရွယ်နေပြီ။

"အာကာက စာမေးပွဲပြီးလည်း ပြန်လာဦးမှာမဟုတ်ဘူး"

"ဟမ် ... ဘာလို့တုံး"

"သင်တန်းတက်မလို့တဲ့"

"ဘာသင်တန်းလဲ ပိုးတီကိုလည်း ဘာမှ မပြောပါဘူး"

ဘယ်ပြောမလဲ ညည်းကိုပြောရင် ညည်းက ကန့် ကွက်နေမှာကိုး။ အဲဒီစကားကိုတော့ ဒေါ်လေးဖြူက စိတ်ထဲက ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်စာသင်တန်းလို့ ပြောတာပဲ"

"သင်တန်းခကို ဒေါ်လေးဖြူက ပေးမယ်ပေါ့"

တွေ့လား ချစ်တီးမက ငွေအကြောင်းပဲ အရင်စဉ်းစားတာ။

"အေးပေါ့ ကျုပ်ကို ညည်းပေးတဲ့ မုန့်ဖိုးနဲ့ အာကာ့ကို သင်တန်းကြေး ပေးရမှာပေါ့"

"အံမယ် ... မုန့်ဖိုးလို့ မပြောပါနဲ့၊ လခပါ ဒေါ်လေးဖြူ မုန့်ဖိုးပဲဖိုးပေးတဲ့ အနေအထားမျိုး မဟုတ်ပါဘူးနော်"

ဟင့်ခနဲ နှုတ်ခမ်းမဲ့ပစ်ချင်စိတ်ကို အောင့်အည်းထားလိုက်ရသည်။ အေးလေ မုန့်ဖိုးပဲဖိုးမဟုတ်ဘဲ လခသဘောမျိုးပေးပြီး တန်အောင်ခိုင်းနေတယ် ဆိုတာ ထည့်ပြောဦးပေါ့။ တကယ်ဆို ဒေါ်လေးဖြူဆိုတာကလည်း လခတွေ ဘာတွေ ဟုတ်တိပတ်တိ မက်မနေဘဲ ခါတိုင်းလို မနက်ထ အလုပ်လုပ် နေ့လယ်စာ တဝ တပြီစားပြီး အေးရာအေးကြောင်း ထမင်းလုံးစီချင်နေသောလူမျိုး။ ခုတော့ နေ့လယ်နေ့ခင်း မအိပ်ရသဖြင့် ညကျတော့လည်း ကိုရိုးယားကားကိုက်ရတာနှင့် လူက အားပြတ်ချင်သလိုတောင်ဖြစ်နေလေသည်။





"အေးပါအေ အာကာ့ပညာရေးဆိုတော့လည်း ဒေါ်လေးက တားလို့ မဖြစ်ဘူးမလား၊ သူ အဲလိုတွေ တက်မှလည်း အလုပ်ကောင်းကောင်းရှာလို့ဖြစ်မှာပေါ့"

"ပြီးရောလေ တကယ်လည်း အကျိုးရှိအောင် အသုံးချနိုင်းဦး၊ နောက်တစ်ခါဖုန်းလာရင် ပိုးတီကို ခေါ်ပေး ဒေါ်လေးဖြူ"

"အင်းပါ ကဲ ... ဒါဆိုရင် အာကာက တော်တော်နဲ့ရောက်လာဦးမှာ မဟုတ်တော့ စားပွဲထိုးဖို့ ကလေးတစ်ယောက်လောက်တော့ ..."

"ဩော် ... နေပါဦး ဒေါ်လေးဖြူရယ်၊ ခုတိုင်းလည်းအဆင်ပြေနေတာပဲဟာ၊ လူကလည်း အမြဲတမ်းကြီး ကျနေတာမှ မဟုတ်တာ၊ တစ်ခါတလေလေး လူကျတာကို စားပွဲထိုးတစ်ယောက်လောက် အပူတပြင်းတောင့်တမနေပါနဲ့....

လိုအပ်ရင် ပိုးတီ အကုန်စီစဉ်မယ်၊ ဟုတ်ပြီလား ဟော ... လယ်စိုက်ရှင်း မန်နေဂျာကြီးပါလား၊ ထုံးစံအတိုင်း နေ့လယ်အဆာပြေ ပေါင်မုန့်ကြက်ဥကြော်နဲ့ နို့လက်ဖက်ရည်လေး သောက်မယ်ပေါ့ ... ဟင်း ဟင်း ... ဟုတ်ပြီ ... ဩော် ... ရှောက်သီးသုပ်တစ်ပွဲ ရမယ်နော် ဒေါ်လေးဖြူရေ"



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... တောက်။ အဲဒီ ဒေါ်လေးဖြူရေ ဟူသော အသံကြီးကို လောကမှာ မကြားချင်ဆုံးပါပဲ အရပ်ကတို့ရေ။ အဲဒီ အသံကြီးနဲ့ဝေးရာ ပြေးစရာမြေဆိုတာလည်းမရှိ။ သက်သက်သာသာ အေးရာအေးကြောင်းနေဖို့ ထီပေါက်ဖို့သာ မျှော်လင့်ရပါတယ် အရပ်ကတို့ရေ ...။

❤○❤





# ၆

“Gym မှာ ကစားရတာ အဆင်ပြေရဲ့လား ညီ”

အမဲသား အသားပြားကို ဓားနဲ့ခက်ရင်း အသုံးပြုကာ မကျွမ်းမကျင် လှီးဖြတ်နေရင်းမှ အစ်ကိုဇော်ရဲ့စကားကြောင့် သူက မော့ကြည့်ရင်း ခေါင်းကို သွက်သွက်ညိတ်ပြလိုက်ရသည်။ အစ်ကိုဇော်က သူ့မျက်နှာကို သေချာစိုက်ကြည့်နေသောကြောင့် သူကလည်း ပြန်လည်ကြည့်ဖြစ်သွားသည်။ မျက်ဝန်းထောင့်မှာ အရေးအကြောင်း မဆိုစလောက် ထင်နေတာကလွဲပြီး အစ်ကိုဇော်ဟာ တော်တော်နုပျိုပါသည်။ အင်းလေ ... နုပျိုဆို ဘဝမှာကောင်းကောင်းနေ ကောင်းကောင်းစား အပူအပင်ဟူ မြူတစ်မှုန်စာမှမရှိတဲ့ သူဌေးကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အစ်ကိုဇော်ဟာ သူသိထားသော အသက်ထက်စာရင် အတော်နုပျိုသည်ဟု ပြောရမည်။ မျက်နှာမှာ ယောကျ်ားလေးသုံး ၊၊ ဒ Cream တွေပဲ လိမ်းထားသလား၊ တစ်ပတ်တစ်ခါလောက် ပေါင်းထားလား မသိရပေမယ့် အစ်ကိုဇော့်မျက်နှာကတော့ ဖြူဖွေးနူးညက်ကာ မှုန်နေလေသည်။ ဝတ်လိုက်တဲ့ အကျႌအရောင် ဆိုတာလည်း အနုတောထဲက မထွက်တာမျိုး။ ပန်းနု၊ အစိမ်းနု၊ အပြာ၊ အဝါနု၊ လိမ္မော်နု၊ ခရမ်း စသဖြင့် နာမည်ကို မြတ်နှင်းဇော်အစား နုနှင်းဇော်ဟုသာ ပြောင်းသင့်တာမျိုး။

"ဟုတ်ကဲ့ ... ပြေပါတယ် အစ်ကိုဇော်။ ကျွန်တော်က နဂို fit ဖြစ်ထားတဲ့ အခံလည်း ရှိပြီးသားဆိုတော့ တစ်လလောက် ကောင်းကောင်းဆော့လိုက်တာနဲ့ မာဆယ်လ်တွေ ပိုလှသွားမယ်လို့ ထံရိုန်နာက ပြောတယ်"

"အိုခေ ... အတော်ပါပဲ၊ နောက်တစ်လလောက်နေရင် ကိုယ့်မိတ်ဆွေတစ်ယောက်က ဗန်ကောက်က သွင်းလာတဲ့ ယောကျ်ားအသုံးအဆောင်တွေ မျက်နှာသစ်မော်ဒယ်တစ်ယောက်နဲ့ ကြော်ငြာချင်တယ် ပြောထားတယ် ...

အဲဒါ ကိုယ်က ညီကို offer ပေးမလားလို့ပါ။ တစ်ရက်လောက် အဲဒီမိတ်ဆွေနဲ့ တွေ့ပေးမလားလို့"





"ဟာ ... ဖြစ်ပါ့မလား အစ်ကိုဇော်။ ကျွန်တော်က ဘာမှလဲ မဟုတ်ဘဲနဲ့၊ ကျွန်တော့်ထက် နာမည်ကြီးတဲ့ မော်ဒယ်တွေ မင်းသားတွေ ရှိတာပဲ ...

ကျွန်တော် ဖြစ်ပါ့မလားဗျာ"

ပြောသာပြောရသည်။ အဲဒီအလုပ်တော့ သူလည်း တကယ်စိတ်ဝင်စားပါသည်။ အဲဒီလို Brand Ambassador သဘောမျိုးနဲ့ ကြော်ငြာရပြီဆိုလျှင် ကိုယ်လည်း မြိုးမြိုးမြက်မြက် ရနိုင်ပြီ မဟုတ်လား။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ညီကို ရိုက်ထားတဲ့ ဓာတ်ပုံတချို့ ကိုယ်ကြည့်ဖူးပြီးပြီပဲ။ ညီ့မျက်နှာပေါက်က လုံးဝ မော်ဒယ်လ်မျက်နှာပေါက်ပဲလေ။ ပါးရိုးကျတွေ ဘာတွေက ဒီမှာရှားတဲ့ ရုပ်မျိုးပေါ့ ...

ဒါတောင် ညီကို ရိုက်ပေးထားတဲ့ ဓာတ်ပုံဆရာက သာမန်ပဲမို့။ နာမည်ကြီး ပရော်ဖက်ရှင်နယ်တွေနဲ့ ရိုက်လိုက်ရင် ရုပ်ပိုထွက်လာမယ်"

"ဟုတ်ကဲ့ ... အစ်ကိုဇော်။ ကျွန်တော်က သိပ်တော့ နားမလည်ပါဘူး။ အစ်ကိုဇော် ကောင်းသလိုသာ စီစဉ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဇော်က ခေါင်းတစ်ချက်ဆတ်ပြီး ရှေ့က လိမ္မော်ရည်ခွက်ကို လှမ်းယူအခိုက် လက်က စိန်လက်စွပ်က ဖျတ်ခနဲ တောက်သွားသည်မှာ မျက်လုံးတောင် စူးသွားရသည်။ ဖြူသွယ်နေသော လက်ချောင်းများက အနုပညာရှင်တစ်ယောက် အလား ကော့ပျံ့နေလေသည်။

အစ်ကိုဇော် လိမ္မော်ရည်သောက်နေတုန်းမှာ သူက အမဲသားတစ်တုံးကို ပါးစပ်ထဲ အလျင်အမြန် ထိုးသွင်းလိုက်ရသည်။ မနက်စာကို ကောင်းကောင်းမစားရသေးသဖြင့် သူ့ဗိုက်က အစားကောင်းကောင်းနှင့် တွေ့ရသည့်အခိုက်တွင် ဣန္ဒြေမဆည်ချင်အောင် ဖြစ်နေသည်။ ဟိုတစ်ယောက်ကတော့ ဘာတွေစားလာပြီးလို့ ဣန္ဒြေရနေလဲတော့ မသိ။ လိမ္မော်ရည်တစ်ခွက်သာ စိမ်ပြေနပြေ သောက်နေသည်။ သူကတော့ ဒီလို ဈေးကြီးသည့် ဟိုတယ်ကြီးမှာ တက်စားနေရတုန်းမှာ စိတ်ရှိတိုင်းသာ သွေးချင်နေတော့သည်။

"အခုချိန်ကစပြီး ညီ့ရဲ့ life style ကို ပြောင်းလဲရတော့မယ်။ ဘယ်လိုနေထိုင်ရမလဲ ဆိုတာကိုလည်း ကိုယ်က သင်ပေးမယ်"





"ဟုတ်ကဲ့"

"ညီ အခု လက်ခံထားတာ ဘာအလုပ်တွေရှိလဲ"

သူက မျက်လုံးထောင့်ကပ်ရင်း တစ်ချက် စဉ်းစားလိုက်ရသည်။

"အင်း ... ရှေ့လဆန်းထဲမှာ ဒီဇိုင်နာရှိုးပွဲတစ်ပွဲ လျှောက်ပေးစရာရှိတယ်။ ပြီးတော့ MRTV-4 အတွက် ရိုက်ကူးရေးတစ်ခုရှိတယ်၊ နောက် ကုန်စည်ပြပွဲမှာ Dancer လုပ်ဖို့ စသဖြင့် သိပ်အများကြီး မရှိပါဘူး"

"အင်း ... ဒီဇိုင်နာရှိုးပွဲက ဘယ်မှာလဲ"

"ချတ်ထရီယမ်မှာ ထင်တယ်။ ကုန်စည်ပြပွဲကတော့ တပ်မတော်ခန်းမနဲ့ တစ်ခုက Junction Square ထင်တယ်"

"အင်း ... တပ်မတော်ခန်းမတို့ Junction Square တို့မှာ ညီက Dancer လုပ်ရမယ် ... ဟုတ်လား"

"ဟုတ်ကဲ့ ... အစ်ကိုဇော်"

"အဲဒါတွေ ဖြတ်လိုက်ပါ ညီ။ ခုချိန်ကစပြီး ညီဟာ ကိုယ့်ရဲ့ထောက်ပံ့မှုနဲ့ အစစအရာရာ ခပ်မြင့်မြင့်တွေပဲ သုံးစွဲလုပ်ဆောင်ရတော့မှာ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ Brand Model တစ်ယောက် ဖြစ်သွားပြီဆိုရင် တော်တန်ရုံ သေးသေးမွှားမွှားလေးတွေ မလုပ်တော့နဲ့လေ ဟုတ်ပြီလား။ ကိုယ့် Roll ကိုယ် မြင့်ရတော့မယ်"

"ဩော် ... ဟုတ်။ ဒါပေမဲ့ အစ်ကိုရာ။ ကျွန်တော်က မပြည့်စုံတော့ ကျွန်တော် အဲလိုတွေချေနေရင် ကျွန်တော့် ဝင်ငွေ လျော့မှာပေါ့ အစ်ကိုရာ"

"ဟက် ... ကိုယ့်ညီရာ၊ မင်း ဘာမှ ဝင်ငွေမလျော့ပါဘူး။ မင်းကို သုံးစွဲဖို့ ဝတ်စားဖို့ ကိုယ်က ထောက်ပံ့ပေးဦးမှာပါ။ မင်းက ဘာမှပူစရာ မလိုဘူး။ အဆင့်မြင့်မြင့်နေပြီး အောင်မြင်ကျော်ကြားတဲ့ Celebrity တစ်ယောက်ဖြစ်အောင် ကြိုးစားရုံပဲ"

"ဒါဆို ကျွန်တော် အောင်မြင်လာတဲ့ တစ်နေ့မှာ အစ်ကို့ ကျေးဇူးတွေကို ပြန်ဆပ်ရမယ်ပေါ့နော်"

သူ့စကားကို အစ်ကိုဇော်က မျက်ခုံးတစ်ချက်ပင့်ပြီးနောက် ဘာကိုသဘောကျမှန်းမသိ။ သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ သူ့မှာ အဲဒီလို ရယ်မောနေတာကို





အခွင့်ကောင်းယူပြီးနောက် အမဲသားနှင့် အာလူးကို ပါးစပ်ထဲ မြန်မြန်သွတ်ရသည်။ စတော်ဘယ်ရီဖျော်ရည်ကို တဂွက်ဂွက်မော့သောက်ရမှာ မကောင်းတတ်သဖြင့် ပိုက်တံနှင့် တပြွတ်ပြွတ်စုပ်ရသည်။

"ညီ့မှာ အဲဒီလို အတွေးအခေါ်လေး အဲဒီစိတ်လေး ရှိတယ်ဆိုတာ သိရရုံနဲ့တင် ကျေနပ်ပါပြီ၊ ဝမ်းသာပါပြီကွာ။ ကိုယ့်အပေါ်မှာ ဘာကျေးဇူးမှ ပြန်ဆပ်ဖို့ မလိုပါဘူး"

အဟဲ ... ကျေးဇူးတင်လိုက်တာ အစ်ကိုဇော်ရယ်ဟု ပြောမယ်ပြင်သော သူ့စကားမှာ အဟဲ ... ဟုသာ စ,လိုက်ရသေး၊ အစ်ကိုဇော်က စကားထပ်ပြောလိုက်သဖြင့် ပြောခွင့်မသာ ဖြစ်သွားသည်။

"တစ်ခုပဲ လိုတာ"

"ခင်ဗျာ ... ဘာကိုလဲဟင်"

"ကိုယ့်ဘဝက မိသားစုမရှိတော့ နည်းနည်းခြောက်သွေ့တယ် ညီ။ ပြောရရင် အထီးကျန်ဆန်တာပေါ့ကွာ။ အဲဒီတော့ ကိုယ့်ကို ဂရုတစိုက်နဲ့ အချိန်ပေးနိုင်မယ့် မိတ်ဆွေကောင်းတော့ လိုအပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ...၊ ကျွန်တော် အစ်ကိုဇော် အကြောင်းကို သိပ်မသိဘူးခင်ဗျ။ ကျွန်တော့်ကို နည်းနည်းလောက်ပြောပြလို့ ရမလား"

ဘယ်အချိန်တည်းက ပြောချင်နေပုံရသော အစ်ကိုဇော်မှာ ချက်ချင်းပင် ခေါင်းတဆတ်ဆတ်ညိတ်ပြီး စကားစဖို့ပြင်လျှင် သူက အမဲသားနှင့် အာလူး ခေါက်ဆွဲဖတ်များကို ခက်ရင်းနှင့် လိပ်ယူကာ ပါးစပ်ထဲ အမြန်သွင်းရပြန်သည်။ နောက် ... လိမ္မော်ရည်နှင့် မျှောချသည်။

"ကိုယ့်မှာ အမေတစ်ယောက်ပဲ ရှိတော့တာ။ အဖေကတော့ ကိုယ် First Year မှာ ဆုံးသွားတာပေါ့။ ညီအစ်ကို မောင်နှမကလည်း မရှိဘူး။ အရင်ကတော့ အလုပ်မှာ အောင်မြင်ရင် အရာရာဟာ perfect ဖြစ်ပြီ ထင်ထားခဲ့တာပေါ့။ အလုပ်ကို ကြိုးစားတယ်။ နောက်ပိုင်းတော့ အလုပ်ကလည်း သူ့ဟာသူ လည်ပတ်နေပြီဆိုတော့ ကိုယ့်အတွက်က စိတ်ဝင်စားစရာ နည်းလာတယ် ...

အမေကလည်း ကျန်းမာရေး သိပ်မကောင်းဘူးဆိုတော့ ဘယ်မှ သိပ်မသွားနိုင်ဘူး။ ညီအစ်ကို မောင်နှမ အရင်းအချာ ဆိုတာလည်း မရှိ၊ ကိုယ်ပိုင်မိသားစုဆိုတာ





လည်း မရှိတဲ့အတွက် အလုပ်ကပြန်လာရင် တစ်ခါ တစ်ခါ ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် ယောင်ချာချာ ဖြစ်တာမျိုးတွေပေါ့"

"ကျွန်တော် ကြားဖူးတာက အဲဒီလို ဝေလေလေ ဖြစ်နေရင် စိတ်ဝင်စားစရာ တစ်ခုခု လုပ်နေတယ်ဆိုလား ပဲ ...

ဥပမာ အားကစားတစ်ခုခု လုပ်တာ၊ နောက် ... စာဖတ်တာ၊ အနုပညာကို ခံစားတာ စသဖြင့်ပေါ့"

သူ တတ်သလောက် မှတ်သလောက် ဆရာကြီးလုပ်လိုက်တာကို အစ်ကိုဇော်က သဘောကျသလိုဖြင့် ပြုံးကြည့်နေသည်။ အဲဒီအကြည့်တွေထဲမှာ နွေးထွေးချစ်ခင်ခြင်းတွေပါသလို သူ့စိတ်ထဲမှာလည်း ရင်းရင်းနှီးနှီး ရှိနေသည်ကတော့ တစ်မျိုးဆန်းလှပါသည်။

"ကိုယ် လုပ်ပါတယ်။ လူတိုင်း တစ်နေ့သေရမယ်ဆိုတာ သိပေမယ့် မသေခင် အချိန်လေးမှာတော့ ကျန်းကျန်းမာမာလေးတော့ နေချင်သေးတယ်လေ။ ဒါကြောင့် တင်းနစ်ရိုက်တယ်။ Gym ဆော့တယ်။ Gym ကတော့ အိမ်မှာပဲ ဆော့ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တင်းနစ်ရိုက်ရဲ့သားနဲ့ ဆိုရှယ်အသိုင်းအဝန်း မရှိဘူးလား အစ်ကိုဇော်"

ဒီတစ်ခါလည်း သူ့စကားကို ကလေးငယ်တစ်ယောက်က ပြောလိုက်သော ဟာသလို အစ်ကိုဇော်က ပြုံးပြန်သည်။ သူ့မှာလည်း ဗိုက်ထဲသို့ အစာက အတော်အသင့် ဝင်သွားပြီမို့ စကားတွေ ထွက်လာနိုင်သည်။

"လူတစ်ယောက် Lonely ဖြစ်တာကို ကာကွယ်တဲ့နည်းလမ်းတွေ ရှိတယ်ဆိုပေမယ့် တကယ်တမ်း အဲဒီလူဆီမှာ သူ ဘာလိုချင်တယ်ဆိုတာကို တိတိကျကျ သိရရင် ကျန်တာတွေ ဘယ်လောက်အစားထိုးထိုး အဆင်မပြေနိုင်တော့ဘူးလေ ...

ကိုယ်က အဲဒီလို ဖြစ်နေတာ။ ဒါကြောင့် တစ်ခါက တွေးဖူးတဲ့ အတွေးလေးတစ်ခုကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာပါ"

"ဘာများလဲ အစ်ကို"

"အစ်ကို တွေးကြည့်တယ်လေ။ လူတွေမှာ တစ်ယောက်နဲ့ တစ်ယောက် လိုအပ်ချက်တွေ မတူညီကြဘူး။ ကိုယ့်အတွက်





က ငွေကြေးကလွဲပြီး ကျန်တာတွေက လိုအပ်ချက်တွေလို ဖြစ်နေတယ် ...

မျှော်လင့်စရာ အနာဂတ်ဆိုတာ အထူးတလည် စောင့်ဆိုင်းနေစရာ မလိုဘူး။ ညီတို့အတွက်ကျတော့ အနာဂတ်အတွက် ထောက်ပံ့မှု တစ်စုံတစ်ရာ လိုအပ်တယ်။ ကိုယ့်မှာ ပိုနေတဲ့အရာတွေကို လိုအပ်နေသူထံ ပံ့ပိုးပေးလိုက်တာက ကမ္ဘာမြေအတွက် ပန်းထစ်ပွင့်ကို လက်ဆောင်ပေးသလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အစ်ကိုဇော်က အနုပညာကို တကယ်ဝါသနာပါပုံရတယ်။ စကားပြောဆိုပုံကလည်း အနုပညာဆန်တယ်နော်၊ ဒါနဲ့ များ ငယ်ငယ်က မင်းသားတွေ ဘာတွေ ဘာလို့ မလုပ်ခဲ့တာလဲ၊ အစ်ကိုဇော့် ရုပ်ရည်နဲ့ဆို ဖြစ်နိုင်တာပဲဟာ"

သူ့စကားကို အစ်ကိုဇော်က အကောင်းစားပြွက်လုံးတစ်ခုနှယ် ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ကိုယ်က သရုပ်ဆောင် လုပ်တာတော့ အဲလောက်ဝါသနာမပါဘူး။ သီချင်းဆိုတာတော့ ဝါသနာပါလို့ ငယ်ငယ်က စီးရီးစ်တစ်ခွေ ထုတ်ခဲ့ဖူးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်လား။ အခြေအနေက"

"အခွေတွေ အကုန် ကူးထားသလောက် ကုန်သွားပါတယ်"

"ဟ ... ဒါဆို"

"အမျိုးတွေနဲ့ ... မိတ်ဆွေသူငယ်ချင်းတွေကို ပေးလိုက်လို့ ကုန်သွားတာလေ"

"အာ ... ဟား ဟား ... အစ်ကိုဇော်က ဟာသလဲ ပြောတတ်သားပဲ"

"ဟာသကိုတော့ လူတိုင်းကြိုက်ကြတာပဲလေ ညီရာ။ ဪ ... ဒါနဲ့ ကိုယ့်ညီ အခု အဆောင်မှာ နေ့နေတာ နော်။ အဆင်ပြေရဲ့လား"

"ဟုတ် ... ပြေပါတယ် အစ်ကိုဇော်"

"အင်း ... ပြေတယ် ဆိုပေမယ့်လည်း အများနဲ့နေရတော့ ဘယ်လွတ်လပ်မလဲ၊ နောက်ဆို ကိုယ့်ညီလည်း ကိုယ်နဲ့ တွဲပြီး ပွဲတွေတက်ရတော့မှာဆိုတော့ လူနေမှု အဆင့် အတန်းလေးကို မြှင့်မှရတော့မယ် ...

ကိုယ် ဝယ်ထားတဲ့ ကန်ထရိုက်တိုက်ခန်းလေးတွေ ရပ်ကွက်သန့်သန့်လေးတွေမှာ ရှိတယ်၊ ကြိုက်တဲ့နေရာမှာ ရွေးပြီးနေ၊ နောက် ... ညီ ကားမောင်းတတ်တယ်မဟုတ်လား"





"ဟုတ်ကဲ့ ... အမောင်းသင်ထားပါတယ်၊ လိုင်စင်လည်း ရှိတယ် အစ်ကိုဇော်"

"အင်း ... ဒါဆို ကားဆက်မောင်းလေ။ ကားဆိုတာ အမြဲ မောင်းနေမှလည်း ကျွမ်းကျင်တာကွ။ ညီ ကားမောင်းတတ်ရင် ကိုယ်လည်း အားကိုးလို့ ရတာပေါ့"

"အစ်ကိုဇော်က ကားမမောင်းတတ်ဘူးလား၊ အဲ ... မောင်း တတ်ပါတတ်၊ ဟိုတစ်ခါတောင် ကျွန်တော်နဲ့ စတွေ့တုန်း က ကိုယ့်ဘာသာ မောင်းလာတာပဲ မဟုတ်လား"

သူ့ အူကြောင်ကြောင်စကားကို အစ်ကိုဇော်က ကြင်နာနူးညံ့သော မျက်ဝန်းများဖြင့် စိုက်ကြည့်ကာ တိုးဖွဖွစ ရယ်သည်။ နောက်တော့ ထပ်ကာ ထပ်ကာ တိုး၍ ရယ်တော့ သည်။

အင်း ... ဘာရယ်စရာရှိလဲ။ ရယ်ချင်လည်း ရယ်ပေါ့ လေ။ ရယ်နေတော့လည်း သူက အစားဆက်စားဖို့ အချိန်ရသွား သည်။

"ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် သွားချင်တဲ့အခါမျိုး တွေ ကိုယ် မောင်းပါတယ်။ ရုံးသွားတာ အလုပ်ကိစ္စတွေ သွားတာတွေ အတွက်တော့ ဒရိုင်ဘာမောင်းတယ်လေ...



www.burmeseclassic.com

www.burmeseclassic.com



ညီ သိတဲ့အတိုင်းပဲ၊ ရန်ကုန်လမ်းတွေ ကားပိတ်တာ ကားကျပ်တာကလည်း မောင်းတဲ့လူကို စိတ်ညစ်ဖို့ကောင်းနေတယ်"

"အင်း ... အဲဒါတော့ ဟုတ်တယ်"

"နောက်ဆို ညီက ကိုယ်နဲ့အတူတူ ပွဲတွေ လိုက်တက်ရမှာမျိုး ရှိတယ်၊ အဲဒီအခါကျရင် ညီ မောင်းပေးရမယ်လေ။ ဒီလို လုပ်ပေါ့၊ ကိုယ့်ဆီကနေ ဆူဇူကီးဆွဖ်လေး ယူထားလေ။ ဆီစားလည်း သက်သာ၊ အဲကွန်းလည်းနိုင်တော့ အေးဆေးပေါ့"

"ဟို ... အဲလောက်ကြီးကျတော့ အရမ်းများမနေဘူးလား အစ်ကိုဇော်ရာ။ အားနာစရာ ကောင်းမနေဘူးလား"

"ဟား ဟား ... ကိုယ့်ညီကတော့ တကယ်ရိုးတော့တာကိုး။ ဘာအားနာစရာ လိုလဲကွာ။ ကိုယ်က အဲဒီတိုက်ခန်းတွေ ကားတွေက ညီကို အပြီးပေးတာမှ မဟုတ်တာ။ ညီမှာ မပြည့်စုံသေးလို့ ခဏပေးသုံးထားတဲ့ သဘောပဲပေါ့ ...

ညီ ပြည့်စုံလာတဲ့ တစ်နေ့မှာ ဒါတွေက ပမွှားဖြစ်သွားမှာ"





"ဩော် ... ဟုတ်ကဲ့ အစ်ကို၊ ဒါဆိုလည်း လောလောဆယ်တော့ ကျွန်တော် ကားပဲအရင်ယူထားပါရစေ၊ အခန်းကတော့ နောက်မှပဲ ကျွန်တော် ကြည့်ပါမယ်၊ လောလောဆယ်လည်း အဆောင်မှာ နှစ်ယောက်ခန်းရတော့ အဆင်ပြေနေလို့ပါ"

"အိုခေပါကွာ ကောင်;ပါပြီ၊ As U Like ၊ ကဲ ... ဒါဆိုလည်း အခုပဲ ကားလိုက်ယူတော့"

"ဗျာ"

သူက ပါးစပ်အဟောင်းသား ပွင့်သွားသော်လည်း အစ်ကိုဇော်က ပခုံးတစ်ချက်တွန့်ပြရင်း ဘောလ်ရှင်းဖို့ ဝိတ်တာကို ခေါ်င်းဆတ်ပြလိုက်သည်။ သူက ချက်ချင်းကြီး ပြောင်းလဲသွားသော အခြေအနေတစ်ခုအတွက် လိုက်မမီဖြစ်ရင်း အိပ်မက်လား၊ တကယ်လား ဖြစ်နေခဲ့ပါသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၇

"အစ်ကို ... ဘယ်အင်္ကျီတွေ လျှော်မှာလဲ။ ပေးလေ ... ကျွန်တော် ရေမိုးချိုးရင်း တစ်ခါတည်း လျှော်လိုက်မယ်လေ"

နောက်ပါးက ထွက်လာသော အသံကြောင့် သူက ဂျာနယ်ဖတ်နေရာမှ လှည့်မကြည့်ဘဲ အရင်ပြုံးဖြစ်သွားသည်။ မှတလောမှာ သူ အတော်သက်သာ ဇိမ်ကျနေပါသည်။ အစ်ကို ဖော်ထံမှ ကားတစ်စင်းလည်း ရလာသလို ငွေကြေးထောက်ပံ့မှု အလုပ်တစ်မျိုးလည်း လက်စရရှိမှုတို့ကြောင့် နိုင်ပြည်ပြည် ဖြစ်နေ သောအခါ ရေမြှင့်တော့ ကြာတင်ဆိုသလို အာကာသည်လည်း သူနဲ့ပတ်သက်ပြီ၊ အဆင်ပြေခဲ့တာတွေ ရှိခဲ့သည်။

ပထမဆုံးအနေနှင့် အာကာ လိုချင်သော ဖုန်း သူ ဝယ်ပေးနိုင်ခဲ့သည်။ ဝယ်ပေးနိုင်တယ် ဆိုတာကလည်





အစ်ကိုဖော်ကို ဖုန်းဘယ်မှာဝယ်ရင် ကောင်းမလဲ ဟာစ်ခွန်းတည်း မေးလိုက်တာနှင့် သူ့ကို ဖုန်းဆိုင်ခေါ်သွားတော့တာ။ ဖုန်းကတ် တစ်ခုနှင့် တစ်သိန်းခွဲတန် ဟန်းဆက်တစ်ခုကို သူ့ညီလေး အတွက်ပါ ဆိုတော့လည်း ဒီထက်ကောင်းတဲ့ ဟန်းဆက် ယူပါဟု ရက်ရက်ရောရော ပေးခဲ့သော အစ်ကိုဖော်ပါ။ သူ့အတွက်တော့ i phone 6 ထွက်လာရင် ဆင်တူကိုင်မယ် နေဦးတဲ့ ...။

သူက အာကာ့ကို ကတ်ရော စက်ပါ အပြီးအစီး ပေးလိုက်လျှင် အာကာ့မှာ သူ့ကို ရှိခိုးဦးတင်မတတ် ဖြစ်သွား သည်။ သင်းအတွက် အင်မတန်လိုချင်နေသောအရာ။ ဘာလုပ်ရ လုပ်ရ ဆိုသော အရာမှာ ဖုန်းပဲမဟုတ်လား။ ဘာမှမလုပ်လိုက် ရပါဘဲနှင့် ဖုန်းတစ်လုံး အလကား ရလာသောအခါ အာကာ့ အတွက် သူဟာ အမေပြီးလျှင် ဒုတိယကျေးဇူးရှင်လောက်နီးနီး ဖြစ်သွားတော့သည်။ နောက်ပိုင်း ပိုမိုအဆင်ပြေလာသော သူက လည်း ကျွေးတာ မွေးတာ၊ ပစ္စည်းပစ္စယလေးတွေ တိုတိုထွာထွာ ဝယ်ပေးတာ လုပ်ဖြစ်သည်။ စာမေးပွဲပြီးသွား၍ အားလပ်သွား သော အာကာကလည်း သူ့အလုပ်ကိစ္စအတွက် ဖိုတိုရှုတင်တွေ အညာ အထုပ်ဆွဲပေး လိုက်လာသဖြင့် နှစ်ဦးနှစ်ဖက်မှာ ဟန် ကျနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပေါ့ကွာ၊ ခုနကမှ ထမင်းစားပြီးတာ နားဦးပေါ့"

"ထမင်းစားပြီး ဝိုက်လာလို့ အစ်ကိုရ။ ဒီနေ့ ခနဖြူ ဒေါ်စောရီက ငါးသလောက်ပေါင်းကလည်း အစွမ်းပြနေ တာကိုး"

အရင်က လမ်းထိပ်ကဆိုင်မှ ဝက်သားဟင်းတောင် နပ်မမှန်ခဲ့သူတွေက ခုတော့ လမ်းထိပ်ဆိုင်ကို ယောင်လို့တောင် လှည့်မကြည့်ကြတော့ပြီ။

"ဒါနဲ့ အစ်ကို ... မေးပါရစေဦး"

"အင်း ... မေးပါဦး"

"အစ်ကိုနဲ့သိတဲ့ အစ်ကိုဖော်ဆိုတဲ့ လူကြီးက တော်တော် ချမ်းသာတာလား"

"အင်း ... ချမ်းသာတာပေါ့၊ ဘာဖြစ်လို့လဲ"

သူက အာကာ့ကို အစ်ကိုဖော့်အကြောင်း အနည်း အကျဉ်းမျှသာ ပေးသိထားလေသည်။ သူ့အလုပ်ရှင် ပရိဂျူဆာ ဟုသာ အာကာ သိထားသည်။

"ဩော် ... အစ်ကို ကံကောင်းတယ်လို့ တွေးမိလို့ပါ။ ခုခေတ်ထဲမှာ မင်းသားဖြစ်ချင်တဲ့သူတွေက အများကြီးလေ၊ အစ်ကို့ကို ခုလို စင်တင်ပေးချင်တဲ့သူပေါ်တာ ကောင်း တာပေါ့"





"အင်းပေါ့ကွာ"

"ဒါနဲ့ အစ်ကို၊ ဗီဒီယိုတွေ ဘာတွေ ဘယ်တော့ရိုက်မှာ တုံး"

"ဟား ဟား ... ဘာလုပ်မလို့လဲ"

"ကျွန်တော် ရှုတင်တွေ လိုက်ချင်လို့လေ"

"ဩော ... လာမှာပေါ့ကွာ၊ ကဲ ... မင်း ရေချိုးမှာဆို လည်းချိုး၊ ဩော် ... ဒါနဲ့ မင်းအိမ်ကို ဖုန်းဆက်မလို့ဆို၊ ငါ ဖုန်းကတ်အသစ်တွေ ဝယ်လာတယ်။ မင်း ငွေဖြည့် ချင်ရင် တစ်ကတ်ယူဖြည့်လိုက်"

"ဟဲ ဟဲ ... ကျေးဇူးတင်တယ်လို့ ပြောရမှာတောင် အား နာနေပါပြီ ငါ့အစ်ကိုရာ။ ကျွန်တော်က အစ်ကို့ကို မင်းသား လုပ်စေချင်တယ်ဆိုတာ ပြောရရင် ကျွန်တော် လည်း အလုပ်လိုချင်လို့ပါ။ အစ်ကို့နောက်လိုက်ရင် အစ်ကို လည်း လစာရယ်လို့ ပေးမှာပဲ မဟုတ်လား"

"အေးပါကွာ ဖြစ်လာရင်တော့ ပေးမှာပေါ့။ မင်းကလည်း ပညာတွေ သင်ထားပြီး မင်းသားနောက်လိုက်တော့ မလုပ် နဲ့လေကွာ။ မင်းအမေ ရင်ကျိုးမှာပေါ့၊ အခြား အလုပ် တစ်ခုခု လုပ်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ကျွန်တော်ကလည်း အဲဒီလို သမားရိုးကျအလုပ်ကြီးကို မလုပ်ချင်တာ၊ မနက်အလုပ်သွား၊ ညနေအလုပ်ပြန်၊ သမားရိုးကျကြီး မဖြတ်သန်းချင်ဘူးကွာ။ နေ့သစ်တွေပဲ လိုချင်တာ"

"အံမယ် ... လာသေးတယ် သာအေးက"

"ဟုတ်တယ် အစ်ကိုရ။ အစ်ကိုတို့ဘဝဆို ဘယ်လောက်သာယာလဲ။ နေ့တိုင်းဟာ အသစ်တွေချည်းပဲ။ ရှုတင်က ဟိုနေရာသွားလိုက်၊ ဒီနေရာသွားလိုက်နဲ့ ခရီးတွေသွားရ ဘယ်လောက်ကောင်းလဲ။ ကျွန်တော်က အဲလိုဘဝမျိုးကိုပဲ နေချင်တာ ...

တစ်နေ့ တစ်နေ့ ရုံးသွား ရုံးပြန် ဘတ်စ်ကားစီး၊ အဲလို ဘဝမျိုးကို မလိုချင်ပါဘူးဗျာ"

"အေးပါကွာ ... ငါက မင်းတက်လမ်းကို ထိခိုက်မှစိုးလို့ ပြောတာပါ"

"အာ ... လူဆိုတာ ကိုယ်စိတ်ချမ်းသာတဲ့ နေရာမှာ အလုပ် လုပ်တာ ပိုတိုးတက်တယ်မှလား။ ကျွန်တော့်မှာ သာတယ် နာတယ်ဆိုတဲ့စိတ်မျိုး မရှိပါဘူးဗျာ"

"အေး ... အေး ... ဟုတ်ပါပြီကွာ"





"ဟီး ... အစ်ကို မင်းသားဖြစ်ရင် ကျွန်တော့်ကို မန်နေဂျာ ခန့်နော်"

"အေးပါကွာ ... အေးပါ၊ ဟား ဟား ... ကဲ ... ရေချိုးမှာ ဖြင့် ချိုးတော့"

အာကာ့ကို ပြောနေတုန်းမှာပဲ ဖုန်းတစ်ကောလ်က ဝင်လာပြန်သည်။ ကြော်ငြာအေဂျင်စီတစ်ခုက အားဆေးကြော်ငြာအတွက် သရုပ်ဆောင်ဖို့ လာငှားခြင်းပါပင်။ သူက အလုပ်ကိစ္စ စကားပြောဖို့အတွက် ရုံးခန်းလာဖို့ ပြောလိုက်ရသည်။ ဖုန်းချပြီးသောအခါ အစ်ကိုဇော် ပြောသော အကြောင်းအရာက ခေါင်းထဲသို့ ဝင်လာပြန်သည်။

"ညီအနေနဲ့ ကွန်ဒိုမှာမနေချင်ရင်တောင် တိုက်ခန်းသန့်သန့်လေးမှာနေဖို့ ကိုယ် အကြံပေးချင်တယ်။ ခုဆိုအကို ကြော်ငြာနဲ့ ညီကို ဟိုက ဒီက သိလာကြပြီ၊ မဂ္ဂဇင်းဓာတ်ပုံတွေ ဘာတွေ ရိုက်ပြီဆိုတော့လေ အလုပ်ကိစ္စနဲ့ ဧည့်သည်ကို စကားပြောတဲ့အခါ အဆောင်က ဧည့်ခန်းလောက်နဲ့ ကျတော့ ဘယ်အဆင်ပြေမလဲ"

အင်း ... ဘယ်လိုလုပ်ရပါ့ ? ? ။ သူက အလကား ...ပေါင်းလည်း အခွင့်အရေးတွေ အများကြီး မလိုချင်ပါ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဇော် ပြောသလို အပြီးယူတာလည်း မဟုတ်၊ အပြီးပေးလိုက်ရတာလည်းမဟုတ်၊ ကိုယ့်မှာ မပြည့်စုံချိန်လေး ခဏအကူအညီယူတာတဲ့။ ပြည့်စုံချိန်ကျ ကျေးဇူးမကန်းရင်သာ တော်ပြီတဲ့လေ။ မိဘနောက်ခံအသိုင်းအဝန်းမရှိသူ ဇော်တော်များများဟာလည်း ဒီလိုပဲ မကောင်းရာ မကောင်းကြောင်းတွေတဲ့။

ခုလို အလုပ်ကိစ္စတွေ ရှိလာတဲ့အခါမှာ ကိုယ်ကလည်း အလုပ်ရှင်ထံ သွားတွေ့နေရတာ ဆိုင်မှာချိန်းနေရတာမျိုးကလည်း ရေရှည်မှာ အဆင်ပြေမှာ မဟုတ်တော့။ အင်း ... ဘယ်လိုလုပ်ရမလဲ ... ဘယ်လိုလုပ်ရမလဲ ... ? ... ? ။ သူ့မျက်လုံးထဲတွင် အစ်ကိုဇော် တစ်ရက်က ခေါ်ပြဖူးသော စမ်းချောင်းက တိုက်ခန်းလေးကို မြင်ယောင်လာသည်။ ရှင်းရှင်းလင်းလင်းကျယ်ကျယ်ဝန်းဝန်းလေး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း အခန်းအသစ်လေး။

ကဲ ... ငါးကြော်မကြိုက်တဲ့ ကြောင်မိုက် ဒေါင်းဝါတော့ အဖြစ်မခံနိုင်တော့။ တပည့်ကျော် အာကာလည်း ရှိနေပြီဆိုတော့ ရေကြည်ရ မြက်နုရာပဲ ပြောင်းဖို့ရှိတော့လေပြီ။





"အိုခေ ... ကဒ် ... ကောင်းတယ်။ ကဲ ... နားလို့ရပြီ။ နောက်တစ်ဆင်းန်အတွက် အဝတ်အစားလဲမယ်၊ မြန်မြန်လေးနော်"

ဒါရိုက်တာရဲ့ လော်ဆော်သံ အဆုံးမှာ သူက စိတ်ပျက်လက်ပျက်နှင့် မျက်ခုံးမရှုံ့မိအောင် မနည်းသတိထားရသည်။ သူ့အနားသို့ ပြေးကပ်လာသော အာကာ့ထံမှ ယပ်တောင်ကို ဖြတ်ခနဲ ဆွဲယူကာ တဖျပ်ဖျပ်ခတ်ရင်း ရှူတင်အဖွဲ့နှင့် ခပ်လှမ်းလှမ်းရှိရာ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။

"အစ်ကို့ ... ရေ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



အာကာ လက်ထဲက ရေခဲရေဘူးကို တဖွတ်ဖွတ်နှင့် ယူမော့ချပစ်လိုက်သည်၊

"ဟ ... ငါ့ အစ်ကို၊ သီးဦးမယ်ဗျ"

"ဟူး ... မောလိုက်တာကွာ၊ စိတ်ကုန်ပါ့"

"Fighting လေ ဘာရာသာရာ။ အာဂျား ... အာဂျား ... Fighting"

အရေးထဲ ကိုရီးယားလိုလို လာအရှုးထနေသော အာကာ့ကို သူက ဘာမှပြောချင်စိတ် မရှိတော့ဘဲဖြင့် တစ်ဖက်သို့လှည့်ကာ ယပ်ခတ်နေလိုက်သည်။ အခု သူဟာ ဗီဒီယိုရိုက်ကွင်းတစ်ခုကို ရောက်နေတာပါ။ အစ်ကိုဇော်ရဲ့ အစီအစဉ်အရ သူ၏မိတ်ဆွေ ဒါရိုက်တာတစ်ယောက် ရိုက်ကူးနေသော ဇာတ်ကားမှာ သူက ဇာတ်ပို့တစ်ယောက်အနေနဲ့ ပါရသည်။ သာမန်ဖြတ်လျှောက်မဟုတ်ဘဲ အိုက်တင်အနည်းငယ် လုပ်ရသော အရေးပါဇာတ်ပို့နေရာမှာ ဖြစ်သည်။

အဲဒီအတွက် သူ့မှာ မစားသာပါ။ ခုချိန်ကလည်း နွေရာသီမို့ ရာသီဥတုက ပူသလို ရှုတင်မှာ မီးထိုးမှန်ထိုးနှင့် ချွေးကပြိုက်၊ ခေါင်းကိုက်ရသည်။ အရေးထဲ ဒိုင်ယာလော့ရလျှင်





အိုက်တင်ကမရ အိုက်တင်ရလျှင် ဒိုင်ယာလော့ကမရ။ ဒါရိုက်တာက ပြောချင်ဆိုချင်။ စီနီယာသရုပ်ဆောင်က လှောင်ချင်သလိုလို၊ ချေချင်သလိုလို လုပ်လျှင် ဒေါသက ထွက်ရသည်။ သို့သော် ဒေါသထွက်လျှင်လည်း ကိုယ့်အဆိုးပဲ ဖြစ်မည်မို့ စိတ်ကိုပြန်ထိန်းရတော့ ကိုယ့်စိတ်ပဲ ပင်ပန်း၊ ဒါနဲ့ပဲ လုံးချာလည်လိုက်နေလေသည်။

ဖြစ်နိုင်လျှင် ကားမရိုက်ချင်တော့ပါ။ အမှန်အတိုင်းပြောရလျှင် ကားရိုက်ဖို့လည်း ဝါသနာမပါပါ။ သက်သောင့်သက်သာ နေရတာကိုပဲကြိုက်သည်။ ကြော်ငြာလေးရိုက် ဓာတ်ပုံလေးရိုက်၊ Show လေးလျှောက် စသဖြင့် ပေါ့ပေါ့ပါးပါးနှင့် ငွေရတာမျိုးပဲ လိုချင်သည်။ အောက်ခြေသိမ်းလည်း တိုးဝင်ကြိုးစားမနေချင်သလို ထိပ်ဆုံးမှာလည်း မအောင်မြင်ချင်ပါ။ အောင်မြင်ဖို့အတွက် အပင်ပန်းခံရမည် ဖြစ်သောကြောင့် သူက အပင်ပန်းလည်း မခံနိုင်ပါချေ။

"အစ်ကို ဇာတ်ညွှန်းကျက်မလား။ နောက်တစ်ခန်းအတွက်လေ၊ ဇာတ်ညွှန်းရတော့ အိုက်တင်လုပ်လို့ လွယ်တာပေါ့ အစ်ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းမင်း ရောက်ပြနေသော အာကာ့ကို သူက မျက်ထောင့်နီနှင့် ကြည့်မိသည်။ အာကာက တက်ကြွသလောက် သူက ပျင်းရိနေသည်။ ဖြစ်နိုင်လျှင် နေရာတောင် လဲပေးလိုက်ချင်လေသည်။

"ကျွန်တော် ဆိုပြရမလား အစ်ကို"

"အေး ... ဆိုကွာ"

အာကာ ရွတ်ပြသော ဒိုင်ယာလော့တွေကို နားဖြင့်နားထောင်ရင်း အာရုံက တစ်ချက် တစ်ချက် လွတ်သွားရသည်။ နားထောင်နေတုန်းမှာပဲ ဖုန်းဝင်လာသဖြင့် ဖွင့်ကိုင်လိုက်လျှင် အစ်ကိုဇော်ထံမှ ဖြစ်နေသည်။ သူက ဟူးခနဲ လေပူတစ်ချက်မှုတ်ထုတ်ကာ ဖုန်းဖွင့်ကိုင်လိုက်သည်။

"အေး ... ညီ၊ ကိုယ်ပါ"

"ဟုတ် ... အစ်ကိုဇော် ... ပြောပါ"

"အေး ... ရှုတင်မှာလား ညီ"

"ဟုတ်တယ် အစ်ကိုဇော်၊ ခဏ ဘရိတ်နေတာပါ"

"ဩော် ... အေး ... တော်သေးတာပေါ့၊ အစ်ကိုဇော်က ညီ ဖုန်းမကိုင်ရင် မတ်ဆေ့ချန်ထားမလို့၊ ဒီနေ့ ပူတယ်လို့ မခံစားရဘူးလား ညီ"





ဒီနေရာမှာ အာကာသာဆို ဖနောင့်နဲ့ ထပေါက်လိုက်မည် ဖြစ်သော်လည်း အစ်ကိုဇော်မို့သာ စိတ်လျှော့ပြီး သည်းခံလိုက်ပါသည်။

ငရဲက အပူချိန်ကို အမြည်းပေးသလား မှတ်လိုက်ရအောင် ပူပြင်းသော အပူချိန်မှာ နေရသူကို Air con အခန်းထဲမှာ နပ်နေသူက ပူတယ်လို့ မခံစားရဘူးလားတဲ့။ မေးတတ်လိုက်တာနော်။

"မေးတတ်လိုက်တာ အစ်ကိုဇော်ရယ်"

ဒီလောက် ထိန်းထားသည့်ကြားမှ သူ့လေသံက ခနဲ့သလို ရွဲ့သလို ဖြစ်သွားလားတော့ မသိပါ။ အစ်ကိုဇော်ထံမှ တိုးတိုးညှင်းညှင်း ရယ်သံစပ်ဖွဖွ ထွက်လာသည်။

"ဟား ဟား ... မေးတတ်တာ မဟုတ်ပါဘူးကွာ။ တချို့ မေးခွန်းတွေက နိမိတ်ပြမေးခွန်းတွေလည်း ဖြစ်တတ်တယ်လေ။ ကိုယ် မင်းကို မေးရတာ အကြောင်းရှိပါတယ် ...

ညနေ Sedona မှာ ရေသွားကူးမယ်၊ ပြီးရင် ဒင်နာစားမယ်၊ အဲဒီအတွက်ခေါ်တာ ရှုတင်ပြီးတာနဲ့ Sedona ကို လာခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှပြန်မပြောခင်မှာပဲ အစ်ကိုဇော်က ဖုန်းချသွားခဲ့သည်။ ဒီလိုမက်လုံးနဲ့မှလည်း သူ အလုပ် လုပ်ရတာ နည်းနည်းပိုသွက်လာသည်။ ပြောရရင်တော့ ဝါသနာမပါ စိတ်မပါသော အလုပ်တစ်ခုက ပိုပင်ပန်းသည်။ ဝါသနာပါသူတွေ တောင် ဇောကပ်နေတုန်း မသိသာပေမယ့် အားလုံးဖြုတ်ချလိုက်လျှင် ဖုံးဖုံးလဲပြီး ကျန်ခဲ့တာပဲ မဟုတ်လား။

ညနေရောက်ပြီး Sedona ထဲ ရေစိမ်ပြီးချိန် ရေကူးပြီးချိန် ဒင်နာစားသည့် အချိန်မှာတော့ သူက အစ်ကိုဇော် မမေးခင် ဦးအောင်ပြောမိလေသည်။

"တဖြည်းဖြည်းနဲ့ ကျွန်တော့်ရှိုယ် ကျွန်တော် သိလာတာ တစ်ခုရှိတယ် အစ်ကိုဇော်"

ဘာများလဲ ပြောလေ ဟူသော ပုံစံနှင့် အစ်ကိုဇော်က မျက်ခုံးတစ်ချက် ဆတ်ပြသည်။

"ကျွန်တော် မင်းသား မဖြစ်ချင်ဘူး"

"ဟား ... အဆန်းပါလား"

"ဟုတ်တယ် အစ်ကိုဇော်၊ ကျွန်တော်က မော်ဒယ်လ်တစ်ယောက်အဖြစ်သာ ရပ်တည်ချင်တာ"





"ဩော် ... ကိုယ်က ညီ့ကို အောင်မြင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်အဖြစ် မြေတောင်မြှောက်ပေးမလို့လေ။ ဘာဖြစ်လို့လဲ ဘာအခက်အခဲတွေ့လို့လဲ ညီ။ စိတ်ဓာတ်ကျစရာ ရှိလို့လား ...

ဘယ်သူက ချေလို့လဲ။ ဘယ်သူက ဘာပြောလိုက်လို့ ဘာမကျေမနပ်စရာ ရှိလို့လဲ ညီရယ်"

တကယ်ကို စိုးရိမ်စိတ်ဖြင့် ပူပန်စွာ ပြောနေသော အစ်ကိုဇော် ထင်သွားပုံက တစ်မျိုး။ သူ့ကို လတ်တလော စိတ်ဓာတ်ကျမှုဟု ထင်နေရှာသည်။ တကယ်တော့ သူဟာ အဲလောက်ခက်ခက်ခဲခဲ ကြိုးစားသရုပ်အောင်ဖို့ ဝါသနာမပါတာ ဘယ်လိုများ ပြောရပါလိမ့်။

"ဘာလဲ ... ညီ။ ဆွဖ်စီးတယ်ဆိုပြီး ရှုတင်ကို ဆွဖ်နဲ့လာရလို့ အောက်တယ် ဖြစ်ရလို့လား။ ကိုယ် ကားလဲပေးရမလား"

"အာ ... မဟုတ်ပါဘူး အစ်ကိုဇော်ရာ။ ကျွန်တော်က တကယ် သိလာတာပါ"

"ဟင်း ... ဟင်း ... ကိုယ် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငှင် ... ဘာသိတာလဲတော့ မသိ။ ကိုယ် သိပါတယ် ဆိုတဲ့ သူ့စကားရဲ့ အဓိပ္ပာယ်ကို ဆက်ပြောပြမှပဲ သိတော့မည်။

"ရာသီဥတုကပူ မီးထိုးမှန်ထိုးနဲ့ အစိမ်းသက်သက် ကြိုး စားတိုးဝင်ရတဲ့ ညီ့အတွက် ခက်ခဲပင်ပန်းမယ်၊ စိတ်ပျက် ရမယ်ဆိုတာ ကိုယ် နားလည်တယ်လေ ...

ဒါပေမဲ့ တချို့လူတွေအတွက် အခြေအနေနဲ့အချိန် အခါက လက်ဆောင်ပေးတတ်တဲ့ ကံကောင်းခြင်းဆိုတာ လည်း ရှိတတ်တယ် ညီ။ အခု အောင်မြင်နေတဲ့ Celebrity တချို့ဟာ အရမ်းကို ဝါသနာကြီးပြီး သရုပ်ဆောင်ပညာကို ရူးသွပ်လို့ ဒီလောကထဲကို ဝင်လာကြတာ မဟုတ်ဘူး။ ဒီလိုပဲ အခြေအနေပေးလို့ ပရိသတ်က တောင်းဆိုလို့ စန်းလေးကလည်းရှိတော့ လုပ်ရင်းနဲ့ တကယ်ကို စိတ်ပါ သွားပြီး ဆက်လုပ်ရင်းနဲ့ အောင်မြင်သွားကြတာ ...

ညီလည်း ပရိသတ်အသံကို နားစွင့်ရမှာပေါ့။ ကံပါ လောလောဆယ်တော့ ညီ့ကို ကိုယ် pressure မပေးချင် ပါဘူး။ ဒီတစ်ကားပြီးသွားရင် ခဏနားပေါ့။ လောလော ဆယ် မနက်ဖြန် ညဘက်တော့ ကိုယ်ဒင်နာတစ်ခုသွား စရာရှိတယ်။ ညီ ကားလိုက်မောင်းပေးပါ"





"ကောင်းပါပြီ အစ်ကိုဇော်"

"အိုခေ ... မနက်ဖြန်ဝတ်ဖို့ အဝတ်အစား ယူလာတယ်။ အဲဒါဝတ်နော်"

နူးညံ့သော အစ်ကိုဇော်ရဲ့အပြောနှင့် အပြုံးလေးကို သူက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့လုပ်ရင်း မသိမသာ ပခုံးတွန့်မိရလေသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



# ၉

ပါကင်မှာ စနစ်တကျ ကားထိုးရပ်ပြီးသည့်အခါ အစ်ကိုဇော်ထံမှ တိုးဖွဖွ အသံထွက်လာသည်။

"အင်း ... ဘယ်ဆိုးလို့လဲ။ ညီက ကားကို သပ်သပ်ရပ်ရပ် မောင်းတတ်သားပဲ။ ကိုယ်က တော်တန်ရုံ ဒရိုင်ဘာ မောင်းတာ စိတ်တိုင်းကျတာ မဟုတ်ဘူး"

"အစ်ကိုဇော် သဘောကျအောင် တမင်မောင်းတာတော့ မဟုတ်ပါဘူး။ ကျွန်တော် နဂိုတည်းက အဲလိုပဲ မောင်းတတ်တာ"

"အင်း ... ဟုတ်ပါပြီ၊ ကဲ ... ဆင်းကြစို့၊ သြော် ...နေဦး တစ်ချက်ပြ"

"ခင်ဗျာ ! ဘာကိုပြရမှာလဲ"





"သြော် ... ညီ ဝတ်ထားတာကို ပြောတာပါ"

"ဟင် ... အစ်ကိုဇော် ဝတ်ခိုင်းတဲ့ဟာ ဝတ်လာတာပဲလေ"

အစ်ကိုဇော် ပေးလိုက်သည်မှာ G 2000 Brand ပွဲတက်ရှပ်အင်္ကျီ အနက်စင်းတစ်ထည်နှင့် ခရမ်းပုပ်ရောင် ဘော်ဒီဖစ်ဘောင်းဘီရှည်တစ်ထည်၊ နောက်တစ်စုံကတော့ ရှပ်အဖြူဝေ့စကုတ်နှင့် ဘောင်းဘီမှာ sprits တံဆိပ် နှစ်စုံပေါင်း ငါးသိန်းနီးပါးလောက် တန်ဖိုးရှိမည်ဟု Branded သုံးစွဲသူ အသိုင်းအဝန်းမှ သတင်းရထားပါသည်။ ဒီညတော့ သူက ဒင်နာနှင့် လိုက်ဖက်သည့် ရှပ်ကိုသာ ဝတ်ဆင်လာပါသည်။

"အင်း ... ဝတ်ခိုင်းထားတာ ဟုတ်ပေမယ့် ဘာဝတ်လာမှန်း သေချာမသိဘူးလေ ... ဖွင့်"

"ခင်ဗျာ"

"သြော် ... ဘာဖြစ်နေတာလဲ။ ဖွင့် ပါဆို"

"ဘ ... ဘာကို ဖွင့်ရမှာလဲ အစ်ကိုဇော်ရဲ့"

အစ်ကိုဇော့်ပုံစံက တစ်မျိုးထူးခြား ပြောင်းလဲသွားသည်ဟု သူ ထင်သည်။ စကားပြောပုံ ဆိုပုံက ခါတိုင်းနဲ့မတူဘဲ သူ့ကို ပိုရင်းနှီးသည့်အသွင် ပေါက်လာကာ ကလေးဆိုးကြီးဟန်နဲ့လည်း တူနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော် ... ဘာဖွင့်ချင်နေတာလဲ၊ မီးပဲဖွင့်ခိုင်းနေတာ"

"ဩော် ... ဟုတ် ... ဟုတ်"

သူက ကားထဲကမီးကို လောက်ခနဲ ဖွင့်ပေးလိုက်သည်။ အစ်ကိုဇော်ရဲ့ ဝင်းပပိုင်းစက်နေသော မျက်နှာဝိုင်းကြီးက ဖွေးခနဲ ပေါ်လာသည်။ တွန့်ခနဲ ဖြစ်သွားချင်စိတ်တောင် မနည်းထိန်းထားရသည်။ အစ်ကိုဇော်က သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ နှာခေါင်းကို တစ်ချက် ပွစိ ပွစိ ရှုံ့ချည်နှပ်ချည် လုပ်သဖြင့် သူတောင် ဘယ်လိုနားလည်ပေးရမှန်းမသိ ဖြစ်သွားသည်။

"ဘာ ... ဘာဖြစ်လို့လဲ အစ်ကိုဇော်၊ ဘာနံ့ရလို့လဲဟင်"

"ဘာနံ့မှ မရလို့"

"ခင်ဗျာ"

"ဟုတ်တယ် ညီ၊ လူတစ်ယောက်မှာ ကိုယ်ပိုင်မွှေးရနံ့လေးတွေ ရှိသင့်တယ်လေ။ အမှောင်ပိတ်ထားတဲ့ အခန်းတစ်ခုထဲကို ရောက်သွားရင် လူတစ်ဖက်သားက ခံစားသိရှိစေမှာ ကိုယ့်ရဲ့ ကိုယ်သင်းရနံ့တဲ့ ...

ရော့ ... ညီ့မှာ ကျန်တာ perfect ဖြစ်နေပေမယ့် ဒါလေး လိုသေးတယ်"





အစ်ကိုဇော်က ကားဒက်ရှ်ဘုတ်ထဲကနေ၍ ဘူးလေးတစ်ဘူး ထုတ်ပေးသည်။ သူ သေချာကြည့်လိုက်တော့ အမျိုးသားသုံး Boss Hugo ရေမွှေးပုလင်း ဖြစ်နေပါသည်။ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ သူက ရေမွှေးကိုဖွင့်ကာ ဆွတ်လိုက်သည်။

လတ်ဆတ်သင်းပျံ့ကာ ယောကျ်ားပီသသော အနံ့သည် ကားထဲမှာ သင်းထုံကျော်လွှန်သွားပါသည်။

"အိုခေ ... အဲဒီ ရေမွှေးလေး အမြဲဆွတ်နော်"

အစ်ကိုဇော့် စကားသံကား တိုးဖွဖွနှင့် သမုဒယဆန်ဆန်။ သူက ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကားပေါ်မှဆင်းကာ အစ်ကိုဇော်နှင့်အတူ ပွဲထဲသို့ ဝင်လာခဲ့သည်။ အစ်ကိုဇော်က သူ၏ရင်းနှီးလွန်းသော မိတ်ဆွေတချို့နဲ့တော့ မိတ်ဆက်ပေးသည်။ ဇော်ရဲ့ အသိအကျွမ်းများကိုတော့ မိတ်ဆက်ပေးပါ။ ဝိုင်ခွက်နှင့် အချိုရည်ခွက်လေးတွေကို ကောင်မလေးတွေက လိုက်ကမ်းနေတာမို့ သူနှင့် ကိုဇော်က ဝိုင်တစ်ခွက်ဆီယူလိုက်သည်။

"ညီ ဗိုက်ဆာလား"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတောင် ပြန်မဖြေရသေးခင် အစ်ကိုဇော်က ဆက်ပြောသည်။ အင်း ... သူနဲ့တွေ့ကြုံခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ စားသောက်ဆိုင်တွေကို ခေါ်သွားတိုင်း သူ သရဲမရဲ စီး သူ စားသောက်တတ်ပုံတွေကို မြင်၍ဖြစ်မည်။

“တစ်ခုခုစားလေ ဘူဖေးစားတာပဲဟာ၊ ကြိုက်တာထိုင်စားနေ။ ခဏနေ ကိုယ် လာခဲ့မယ်”

“ဟုတ် ... အစ်ကိုဇော်ရော ဘာစားမလဲ၊ ကျွန်တော် ဘာယူပေးထားရမလဲ”

“အသီးပဲ ယူထားပါ။ Heavy တွေ မစားတော့ဘူး”

“အိုခေ”

သူက ပေါ့ပါးသွက်လွက်စွာဖြင့် ဘူဖေးစားပွဲတွေနား လျှောက်လာခဲ့သည်။ ဘာတွေလဲဟ ? ... ဘာတွေလဲဟ ? မြင်မြင်သမျှကတော့ သူ့အကြိုက်တွေချည်း။ ခေါက်ဆွဲကြော် ကြာဆံကြော်၊ ထမင်းကြော်၊ အသားကင်၊ Seafood ဟင်းလျာများ စသဖြင့် သူက ရှိသမျှ နည်းနည်းစီ အသားများများ ထည့်ပုံကာ ထောင့်ကျကျက စားပွဲတစ်ခုဆီ ပွဲကိုကျောခိုင်းလျက်သား အနေအထားဖြင့် အားရပါးရ စားဖို့ပြင်သည်။ ဒါမှ သွားဖြီးနားဖြဲ စားနေတာ ဘယ်သူမှ မမြင်မှာလေ။





ပုစွန်တုပ်ကြီးတွေကို အားရပါးရကိုက်ကာ လိမ္မော်ရည်နဲ့ မျှောချလိုက်၊ အာလူးချောင်းကြော်လေးတွေကို တကြွပ်ကြွပ် ကောက်ဝါးလိုက်ဖြင့် အဆင်ပြေနေတုန်းမှာပဲ သူ့နောက်နားကနေ အသံကျယ်တစ်ခုကို ကြားလိုက်ရသည်။ ပွဲမှာ ဆူဆူညံညံ အသံတွေ ကြားရတာ ဘာမှမထူးဆန်းပေမယ့် သူကြားလိုက်ရတာက အစ်ကိုဇော့်ရဲ့နာမည် ဖြစ်နေ၍ပင်။

“ဟဲ့ ... မြတ်နှင်းဇော်ကတော့ ဒီနေ့ သူ့အဆင်ကိုပွဲထုတ်လာတယ်နော် ... ဟင်း ဟင်း ... အဆင်က အကိတ် ဟဲ့။ အမှန်အကန် အဆင်”

သူက မျက်မှောင်တစ်ချက် ကြုတ်မိသွားသည်။ အစ်ကိုဇော်ဟာ သူ့အဆင်ကို ပွဲထုတ်သတဲ့။ သူ့အဆင်ဆိုတာ ဘယ်သူလဲ။ သူ့ကို တစ်ယောက်တည်း စားသောက်ပြီး ဘယ်က အဆင်ကို ပွဲထုတ်နေပါလိမ့်။ အဆင်ဆိုတော့ အစ်ကိုဇော့်ကို ဘယ်လိုသဘောမျိုးနဲ့ ပြောလိုက်တာလဲ။ သူ့စိတ်ထဲတွင် မတင်မကျနှင့် ဇဝေဇဝါ ဖြစ်သွားသည်။ ဒါပေမဲ့ တော်တန်ရုံ စိတ်မဝင်စားတတ်သူပီပီ သူ့အစားမှာသာ အာရုံပြန်စိုက်နေလိုက်သည်။ ကြက်ဆာတေး ဝက်ဆာတေးတွေ ကောင်းလိုက်တာ ပလပ် ... ပလပ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟိုတစ်ခါ တစ်ယောက်ကလည်း သူ့ဆီကရသွားတာ နည်းတာ မဟုတ်ဘူးနော်။ နောက်ဆုံးတော့လည်း မိန်းမယူသွားတာပဲ။ ခုလည်း ဘယ်လောက်ခံဦးမလဲ မသိဘူး"

"ခုဟာလေးက Celebrity လုပ်မှာဆိုတော့ ကြာကြာစပွန်ဆာပေးရမှာဆိုတော့ ကြာကြာတော့ ခံမှာပေါ့ဟယ်။ ပြီးတော့ အခုဟာလေးကိုလည်း ပိုကြွေနေသလိုပဲနော်"

"ဟဲ့ ... ဒီသတင်း ငါမသိသေးပါဘူး။ အခုဟာလေးဆိုတာ ဘယ်သူလဲ"

"ဩော် ... ညည်းကလည်း ဘယ်ကမ္ဘာရောက်သွားလို့ မသိရတာလဲ၊ MH 370 ထဲ ပါသွားလို့လား၊ ဟင်း ... Update မဖြစ်လိုက်တာ"

"အမယ်လေး ... မေတ္တာရှိတယ်လား ... ဟင်း ... MH 370 နဲ့ အရောက်ပို့နေပြန်ပြီ။ ကဲပါ ... လိုရင်းကို မရောက်ဘူး။ ပြောမှာသာ ပြောစမ်းပါ"

"အဆင်က ဟိုတစ်ယောက်လေဟယ် မြေနီကုန်းမှာတောင် သူ့ဘုတ်ကြီး ရှိပါရောလား၊ ယောကျ်ားလေး အသုံးအဆောင်တွေ ကြော်ငြာတာလေ ..."





ဘာတဲ့ ... နာမည်က ဒေါင်းဝါ ... တဲ့လေ"

သူ့ပါးစပ်ထဲမှာ ဝါးလက်စ ဝက်နံရိုးနုမှာ မျိုချမည့်ဆဲဆဲ မမျိုချနိုင်ဘဲ နင်သွားသည်။ ပါးစပ်ထဲတွင် ပလုတ်ပလောင်းနှင့် ခဏ အသက်ရှူရပ်သွားသူလို ကမ္ဘာကြီးကပဲ ငါးစက္ကန့်လောက် ရပ်သွားသလို ဖြစ်သွားသည်။ သူ ကြားလိုက်ရတာတွေက ဟုတ်ရော ဟုတ်ပါလေစ။

"ဩော် ... အဲဒီတစ်ယောက်လား၊ ဟယ် ... ဇော်မကတော့ခွေးတတ်ချက်အေ"

ငွင် ...။ သူက ဒုတိယတစ်ကြိမ် ထပ်နင်သွားပြန်သည်။ ဇော်မ ... ? ? ဇော်မ ဆိုတာ အစ်ကိုဇော့်ကို ဇော်မလို့ ခေါ်လိုက်တာလား။ စားနေသော အရသာထူးများပင်လျှင် ပျောက်ဆုံးသွားသလို ခံစားရလေသည်။

"ဟဲ့ ... သူတို့က အခု ဘယ်အချိန်ထိ ခရီးပေါက်နေကြပြီလဲ။ ဇော်မကြီးကတော့ အပီဝှန်းမယ့်သဘောရှိတယ်"

အိစ် ...။ သူ့နောက်ကျောထဲမှ စိမ့်တက်သွားသည်။ ဝှန်းမယ် ... အပီဝှန်းမယ် ... ဘာကိုဝှန်းမှာလဲ။ သူတို့ပြောပုံအရဆို အစ်ကိုဇော်က ဘာလဲ။ သူက ဘာလဲ၊ ရုတ်တရက် မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



မထားသော စကားသံတွေကြောင့် သူ့ခေါင်းထဲမှာ ချာချာလည်နေသည်။ အစ်ကိုဇော်ဟာ ဇော်မ ...။ သူဟာ အဆင် ... အကိတ်လေး။ အာ ... ဘာတွေလဲ ? ? ။ ဒေါ်ဟစ်ပစ်ချင်လာသည်။ သူဟာ အဆင်တွေ အကိတ်တွေထက် အစ်ကိုဇော်ရဲ့ ဇော်မဆိုတာကို ပို့စိတ်ဝင်စားသည်။ သူ့ကိုယ်သူက အဆင်တွေ အကိတ်တွေ အခေါ်ခံရတာ ဘာမှအရေးမကြီးချေ။ သူ့ကိုယ်သူက သူအဲလို မဟုတ်ဘူးဆိုတာ သိသည်။ အစ်ကိုဇော်ကိုသာ ? ? ?။

သူ့အတွေးက ရပ်သွားသည်။ ဆက်ပြောသော စကားသံများကို နားစွင့်နေမိသည်။ ဘာတွေများ အထူးတဆန်း သိရဦးမလဲပေါ့။

"ခေါင်းဝါက မိုက်တော့ မိုက်ပါတယ်။ ငါတောင် သတိထားမိသေး၊ ကိုယ်သတိထားမိတဲ့ အချိန်ကျတော့ သူများက ဆွဲစားသွားပြီ ... ဟစ် ဟစ်"

"ဟဲ့ ... ဘယ်သူမှ ပေးမစားဘူးလို့ ပြောပေါ့ ... ခွစ် ခွစ် အခါ တစ်သိန်း"

"အောင်မယ် ... ကောင်မက အရေးထဲ မာမီသံ လာလုပ်နေပြန်ပြီ"





"တော်ကြပါအေ ... ညည်းတို့ကလည်း တော်ကြာ ဇော်မက ကြားသွားလို့ ကတ်တလီယာ လာပွင့်နေဦးမယ် ... ဟွန်း"

"ဘာပဲဖြစ်ဖြစ်အေ ... ဒီလို အစင်လေးကို ရှာရှာဖွေဖွေ မြင်တတ်ပြီး ဆွဲစားသွားတဲ့ ဇော်မကိုတော့ နာလိုပါဘူး။ ဘယ်သူက ပွဲစားလုပ်လိုက်တာလဲ"

"ဩော် ... ဘယ်သူရှိမလဲအေ။ ယုံးစံအတိုင်း သူငယ်တွေကို ရှာပေးနေတဲ့ ပွဲစားမ မိဦးပေါ့။ ကောင်မ ... ငပေလီနဲ့ ဗန်ကောက်ရှော့ပင် စပွန်ဆာရလိုက်တယ်လို့ ခိုင်လုံတဲ့ရပ်ကွက်က သတင်းကြားပါသကောအေ"

ဟင် ... မိဦး ? မိဦးဆိုတာ ကိုဦးကို ပြောတာလား။ သူ့မျက်လုံးထဲတွင် မျက်စပစ် ပစ်ပြတတ်ကာ လိုချင်တာရလျှင် ငါးရှူပြုံးကြီးပြုံးပြီး သာယာနေတတ်သော ကိုဦးရဲ့မျက်နှာပြုံကြီးကို မြင်ယောင်လာသည်။ တခြား သူနဲ့မှားစရာ ရှိနိုင်သော်လည်း ငပေလီနဲ့ ဗန်ကောက်ကို သွားသည်ဆိုတဲ့ နေရာမှာတော့ နာမည်တူ ကိုဦး နှစ်ယောက်မဖြစ်နိုင်တော့ချေ။

တလောကပဲ ဒီ ကြက်ကလီးမကြီး ကိုဦး ဝဲစ်ယောက် ဗန်ကောက်ပြန် လက်ဆောင်ဆိုပြီး သူ့ကို အကျီတစ်ထည် လက်ဆောင်လာပေးသွားသည် မဟုတ်ပါလား။ ကြည့်စမ်း...



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် အစ်ကိုဇော်ဟာ ဘာလဲ ? ? ။ သူ့မျက်လုံးထဲတွင် အစ်ကိုဇော့်ရဲ့ပုံရိပ်သွင်ပြင်တို့ကို ပြန်မြင်ယောင်လာသည်။ အစ်ကိုဇော်ဟာ တကယ်ကို အပုန်းတစ်ယောက်လား။ ဒါမှမဟုတ် မပွင့်တပွင့်လား။ သူ ခေါင်းထဲမှာ စဉ်းစားရလွန်းသဖြင့် သွေးကြောတွေတောင် တဖျစ်ဖျစ် မြည်လာသလို ခံစားရလေသည်။

သူ့ပခုံးတစ်ဖက်ကို တစ်ယောက်ယောက်က လာရောက်ဖျစ်ညှစ်သလို ခံစားရသဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် ပြုံးမြနေသော အစ်ကိုဇော့်ရဲ့မျက်နှာကို တွေ့လိုက်ရသည်။ တစ်ခုခုပြောဖို့ ပြင်နေသော သူ့နှုတ်ဖျားမှ ဘာစကားသံမှ ထွက်မလာပါချေ။

"စားသောက်နေတာ လောကကြီးကို မေ့နေပုံပဲ"

စားသောက်နေလို့ မေ့တာ မဟုတ်ဘူးဗျို့။ ငုတ်တုတ်မေ့စရာ အကြောင်းတစ်ခု ကြားလိုက်ရလို့ မေ့နေတာ။

"ဗိုက်ပြည့်ပြီလား ညီ"

"ဗျာ ... ဟုတ် ... ဟုတ် ... ဘာလို့လဲ ... အစ်ကိုဇော် ဘာစားချင်လို့လဲ"

"မစားချင်ပါဘူး၊ ကိုယ် ခေါင်းနည်းနည်းနောက်လာလို့ ပြန်မလားလို့ပါ"

"ဪ ... ဟုတ် ... ပြန်မယ်လေ"





သူက ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ နောက်ကဝိုင်းကို လှည့်ကြည့်ဖို့ သတ္တိတောင်မရှိဘဲ စောင်းငန်းငန်းဖြင့် ထွက်လာခဲ့လေသည်။ ကားပေါ်တက်၍ မောင်းထွက်လာသည့်တိုင် သူကလည်း သူ့ခံစားချက်နဲ့မို့လားမသိ။ ဘာစကားမှမပြောမိချေ။ အစ်ကိုဇော်ကလည်း တကယ်ပဲ ခေါင်းနောက်နေတာလားမသိ။ စကားမပြောဟု စဉ်းစားနေတုန်းမှာပဲ အစ်ကိုဇော့်ဆီက စကားသံထွက်လာသည်။

"ကန်တော်ကြီးကို မောင်းပေးပါလား ညီ။ ကိုယ် လေကောင်းလေသန့် ရှူချင်တယ်"

ဟင် ... ကန်တော်ကြီး။ ဇော်မ ... အခုနကြားခဲ့သော အသံများကို ပြန်လည်သတိရကာ သူ ကျောချမ်းချင်လာသည်။ အခုချိန်မှာ အစ်ကိုဇော့်ကို သေချာသရုပ်ခွဲဖို့ထက် သူ့ကိုယ်သူတောင် အဆင်ပြေအောင် မနည်းထူမတ်နေရတာမျိုး။

"ဟို ... အစ်ကိုဇော် မသက်သာဘူးလား။ ဆေးခန်းသွားမလားဟင်"

"မသွားပါဘူး။ ကိုယ် လေကောင်းရှူလိုက်ရင် သက်သာသွားမှာ။ တစ်နေ့ တစ်နေ့ မြို့ထဲမှာပဲ မွန်းကျပ်ပိတ်လှောင်နေတာ၊ တစ်ပတ်တစ်ခါလောက်တော့ ကန်ပေါင်တို့ ကန်တော်ကြီးတို့မှာ လေသွားရှူမှ အဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

သူက ကားလမ်းကြောင်းကို ကန်တော်ကြီးဘက်သို့ ဦးတည်လိုက်သည်။ အစ်ကိုဇော်ထံမှ စကားသံက ထပ်ထွက်လာသည်။

"အင်း ... Relax လုပ်တဲ့ ခရီးလေးတစ်ခုတော့ ထွက်မှဖြစ်မယ် ထင်တယ်။ ဒီရက်ပိုင်းတွေ ကိုယ် နည်းနည်းပင်ပန်းတယ်။ Oversea မဟုတ်တောင် Local ပေါ့။ ဘယ်လိုနေရာတွေက Relax ဖြစ်စေမလဲ ...

ညီ ဘယ်သွားချင်လဲ"

ဟင် ... သူ့ကိုပါခေါ်ဖို့ အစီအစဉ် ရှိတာလား။ ခါတိုင်းဆိုလျှင် Loca. လုပ်မနေပါနဲ့ အစ်ကိုဇော်ရယ်၊ ဗန်ကောက်ဆိုတာလည်း မြို့ထဲနဲ့ ၉–မိုင်သွားသလောက်တောင် မကြာပါဘူးဆိုပြီး ဖွတ်ကို တိုက်တွန်းမိမှာပါ။ အခုတော့ ကြားထားတဲ့စကားများအရ သူ့စိတ်မှာ ဘာကိုမှ ရဲရဲပျော်ပျော် မဖြစ်နိုင်ပြီ။

"အင်း ... ကောင်းမှာပါ၊ ငပလီတို့ ငွေဆောင်တို့"

"ဟုတ်တယ် ... Beach ဆို ဒီအချိန်သွားရင် အရမ်းကောင်းမယ်။ ညီ ကားမောင်းရတာ မပင်ပန်းဘူးဆိုရင် ငွေဆောင်သွားမယ်လေ ...





ပင်ပန်းမယ် ထင်ရင်တော့ ငပလီကို Flight နဲ့ သွားကြတာပေါ့"

ဟင် ... သဘောက ဘာကိုဆိုလိုတာလဲ။ သူနဲ့အတူ နှစ်ယောက်တည်း သွားမယ်လို့ ပြောချင်တာလား။ ဒါဆို သေချာသလောက် ရှိနေပြီလား။ ဘုရားသခင် ... သူ ဒါကိုမသိခဲ့ရလောက်အောင် ညံ့ဖျင်းခဲ့မိတာပါလိမ့်။

"ဟို ... ဟို ... ကျွန်တော် အလုပ်ရှိမလား မသိဘူး"

"အင်း ... အားမယ့်ရက် သွားမယ်လေ။ ညီ အလုပ်မရှိတဲ့ရက် ကိုယ်လည်း အဆင်ပြေမယ့်ရက် ညှိပြီးသွားကြတာပေါ့"

"ဟုတ် ... ဟုတ်ကဲ့"

သူ့ ဟုတ်ကဲ့က အသက်မပါ တိတ်ဆိတ်ခြောက်ကပ်နေတာ အစ်ကိုဇော်ကတော့ မရိပ်မိသလား မပြောတတ်ပါ။ သူ့အတွေးနဲ့သူ တိတ်ဆိတ်ကျေနပ်သွားသည်။ ကန်တော်ကြီးထဲသို့ ရောက်လာသောအခါ သူက ကားကို သစ်ပင်ရိပ်တစ်ခုမှာ ရပ်လိုက်သည်။ အစ်ကိုဇော် ကားပေါ်က ဆင်းသွားသော်လည်း သူက မဆင်းမိသေး။ "လာလေ"ဟု ခေါ်မှ သူက ဆင်းသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီဝန်းကျင်မို့ ကန်တော်ကြီးထဲတွင် အတော်အသင့်ရှင်းနေကာ ရာသီဥတု အနေအထားကတော့ ကျေနပ်စရာကောင်းနေပါသည်။ မြို့ထဲမှာ မွန်းကျပ်နေသော်လည်း မြို့ပြတစ်နေရာမှာ ဒီလိုသာယာသောနေရာ ရှိ၍လည်း တော်ပါသေးသည်။ မဟုတ်လျှင် ရန်ကုန်မြို့ထဲကလူတွေ မွန်းမွန်းကျပ်ကျပ်နဲ့ ဘယ်လိုအပန်းဖြေမလဲ။ ကန်ရေပြင်ကို တိုက်ခတ်လာသော လေနုအေးဟာ လန်းဆန်းအပန်းပြေစေသော်လည်း သူ့စိတ်မှာ အပြည့်အဝမလန်းဆန်းနိုင်ပါ။

"အင်း ... ခုမှပဲ နည်းနည်းလန်းဆန်းသွားတော့တယ်"

သူက ဘာမှပြန်မပြောနိုင်ဘဲ တောင့်တောင့်ကြီးဖြစ်နေသည်။ တကယ်ဆိုရင် ဒီထက် နည်းနည်းလေး ဟန်ဆောင်ကောင်းရမှာ မဟုတ်လား။ အလိုက်အထိုက်လေး ရှိရမှာ မဟုတ်လား။ ဒါပေမဲ့ သူ ဘာမှမလုပ်နိုင်ဘဲ တောင့်တောင့်ကြီး ဖြစ်နေသည်။

"ဒီနား လာလေ"

သူက ဖုတ်ကောင်တစ်ကောင် အသက်ဝင်လာသလို ဆန့်တန့်တန့် တိုးကပ်သွားမိသည်။ အနားရောက်သွားလျှင် အစ်ကိုဇော်က ပြောပြောဆိုဆိုနှင့်ပင် ...





"ကိုယ် သိပ်မသက်သာသေးလို့ ညီ့ပခုံးလေးကို ခဏမှီဦးမယ်နော်"

၅ ပေ ၁၀ လက်မရှိသော သူ့အရပ်ကို ၅ ပေ ၇ လက်မရှိသော အစ်ကိုဇော်က အသာလေး လာမှီလို့ ရပါသည်။ မှီလိုက်သောကြောင့် သူ့ခန္ဓာကိုယ်က ပိုလို့တောင် မတ်သွားသည်။ ဘုရား ... ဘုရား ... လေသံကလည်း ပိုလို့နွဲ့လာပါလား။ ခုချိန်မှာ သူ အငွေ့ပျံပျောက်ဆုံးသွားချင်ပါသည်။

"ညီ"

"ခင် ... ခင်ဗျာ"

စိတ်ညစ်လွန်း၍ သူ့ ခင်ဗျာသံဟာ ခင်ဗျာလို့တောင် ပီပီသသ မထွက်နိုင်တော့ဘဲ ခင်ညာ ဖြစ်နေသည်။ အစ်ကိုဇော်ကတော့ တကယ်ကို ဖီးလ်တက်နေသည့်အလား သူ့ကို ကြည့်တောင် မကြည့်ဘဲ ကန်ရေပြင်နှင့် ကြယ်တွေကို ငေးကာ ဆက်ပြောသည်။

"ကိုယ် ဒီအချိန်လေးကို အရမ်းကြည်နူးတာပဲကွာ။ ဘဝမှာ ဒီလောက်ကြည်နူးတာမျိုး မခံစားခဲ့ရဖူးဘူး။ ဘာလီကျွန်းကို အလည်ရောက်တုန်းကလည်း ဒီလိုမကြည်နူးဘူး။ ပဲရစ်မြို့ကြီးကို အပေါ်စီးက ကြည့်တုန်းကလည်း ဒီလောက်မခမ်းနားခဲ့ဖူးဘူး။ ခုချိန်က အရမ်းကို ခမ်းနားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား … ဘုရား …။ ဘာစကားတွေ ပြောနေတာလဲဟင်ဟု အစ်ကိုဇော်လေသံတိုင်း ခပ်နွဲ့နွဲ့သာ ပြန်မေးချင်တော့သည်။ ဖြစ်နိုင်လျှင် "ဘာကြီးလဲဗျာ"ဟု အော်ဟစ်မေးလိုက်ချင်သည်။ အဲဒီလို မေးလိုက်လို့ ဒီ့ထက်ပွင့်ထွက်လာမှာကိုလည်း သူမလိုလားပါ။ မသိချင်ယောင်ဆောင်နေတာက အကောင်းဆုံးဖြစ်မည်ထင်သည်။

"တစ်ခုခု ပြန်ပြောဦးလေ။ ဘာလို့ ငြိမ်နေတာလဲ"

"ဗျာ … အင် …။ သြော် … အဟဲ … ဟိုဒင်း"

အနေရကျပ်စွာဖြင့် ခေါင်းကုတ် ဖင်ကုတ် လုပ်ကာ အလုပ်ရှုပ်သွားသည်။

"ကျွန်တော် ဘာပြောရမယ် မသိဘူး ဖြစ်နေလို့"

"ဒါဆို တစ်ခုမေးမယ် ဖြေမလား"

"ခင်ညာ … ဟုတ် … ဟုတ်"

ဘာတွေဖြစ်နေလဲကို မသိတော့။ လက်ညှိုးတစ်ချောင်းထောင်ကာ တစ်ခုမေးမယ်၊ နှစ်ခုမေးမယ် ပြောနေသော အစ်ကိုဇော့်ရဲ့ပုံစံကို ကြည့်ကာ သူက ငိုချင်လာလေသည်။

"ကိုယ့်အနားမှာ အမြဲနေပေးမလား"

"ဟို … ဘယ်လိုနေပေးရမှာလဲ"





"အခုလိုပေါ့ … ကိုယ်လိုအပ်တဲ့ အချိန်အခါတိုင်း အမြဲရှိနေပေးစေချင်တယ်။ ကိုယ်နဲ့ ညီ့ကြားမှာ ဘယ်သူ့မှမရှိစေချင်ဘူး။ ကိုယ်နဲ့ နှစ်ယောက်တည်း အသာယာဆုံးအချိန်တွေကို ဖန်တီးကြမယ်။ ခရီးတွေ ထွက်မယ် ပျော်စရာတွေ ဖန်တီးမယ်။ မကောင်းဘူးလား"

"ကောင်း … ကောင်းပါတယ် အ … အစ်ကိုဇော်"

"အိုခေ … ကိုယ် သိပ်ဝမ်းသာတယ်ကွယ်"

ကွယ် … တဲ့။ ကွယ်တဲ့လား ကွယ်ရို့ဟုသာ အော်ဟစ်ငိုချင်းချမိချင်တော့လေသည်။ အစ်ကိုဇော်က သူ့ပခုံးမှ ဖယ်ခွာကာ အနားရှိ ကျောက်တုံးတစ်တုံးမှာ သွားထိုင်ပြီး သူ့ဘက်သို့ လှည့်ကြည့်ကာ ဆက်ပြောသည်။ လရောင်နှင့် ကြယ်ရောင်ပိုးတဝါးအောက်မှာ သူ့မျက်နှာဟာ ဘယ်လောက်တောင်သွေးဆုပ်ဖြူရော်နေမလဲ။ အစ်ကိုဇော်ကတော့ သတိမထားမိဘူး ထင်ပါသည်။

"ကိုယ့်ဘဝမှာ သူစိမ်းတစ်ယောက်ကို သံယောဇဉ်တွယ်ဖူးပါတယ်။ ဒါပေမဲ့ ညီ့အပေါ်မှာထားတဲ့ အစ်ကို့ခံစားချက်ကတော့ ထူးဆန်းတယ်။ ကိုယ် ညီ့ကိုတွေ့လိုက်ရတော့ ပျောက်ဆုံးနေတဲ့ ကိုယ့် သွေးသားရင်းတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရသလိုပဲ။ အရမ်းကို ရင်းနှီးနေတယ်။ မြင်လိုက်တာနဲ့ကို နွေးထွေးကြည်လင်နေတယ်"

အဲဒါတော့ သူ ယုံသည်။ ဘာလို့ဆို ? ? သူလည်းပဲ အစ်ကိုဇော့်ကို စတွေ့စဉ်က ဖြူဝင်းသန့်ခန့်နေသော အစ်ကိုဇော့်ကို ဟိုးနှစ်ကာလများစွာထဲက တွေ့ဖူးခဲ့သူလို ရင်းရင်းနှီးနှီး ခံစားမိခဲ့ဖူးသည်။ ဟိုတုန်းကပဲ တွေ့ခဲ့ဖူးသလို မြင်တာနဲ့ချက်ချင်း ခင်မင်ရင်းနှီးသွားတာဟာ ရှေးရေစက်ကြောင့်ဟု ပြောကြသလို သူလည်း ကြုံဖူးပါသည်။

ဒါပေမဲ့လည်း အစ်ကိုဇော့်လို စိတ်မျိုးနဲ့တော့ မဟုတ်ပါ။ သူက ပင့်သက်ရှိုက်လိုက်မိသည်။

"ညီ့ကို သွေးသားရင်းတစ်ယောက်လို သံယောဇဉ်ရှိနေခဲ့တာ"

"ဟုတ် ... ကျေးဇူးပါ အစ်ကိုဇော်"

"ဒါဆို ကိုယ့်ကို နားလည်တယ်ပေါ့နော်"

နားလည်ပါတယ်ဗျာ၊ ကောင်းကောင်းကြီးကို နားလည်သွားပါပြီ။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုသလို အရိပ်ပြလျှင် အကောင်မထင်၊ အကောင်လိုက်ကြီး ပြနေတာတောင် အရိပ်လေးသော်မျှ အကဲမခတ်တတ်ခဲ့တဲ့ သူ့ရဲ့ညံ့ဖျင်းမှုအတွက်





ဒီအချိန်မှာ မီးစင်ကြည့်ကရတော့မည်ဟူသော အသိလေးဝင်တာကိုပဲ ကိုယ့်ဦးနှောက်ကိုယ် ထမင်းစားပြီး ကြီးလာသူမှန်း သက်သေပြရတော့မည် မဟုတ်ပါလား။

သူက လေးလေးကြီး ခေါင်းညိတ်လိုက်လျှင် အစ်ကိုဇော်က ဝမ်းသာအားရပုံစံဖြင့် သူ့ရင်ခွင်ထဲသို့ အားပါးတရ တိုးဝင်ပြီး ဖက်လိုက်လေသည်။ သူ့ရင်ခွင်ထဲမှာ ဖီးလ်တက်ပြီး မေ့မျောနေဟန်တူသော အစ်ကိုဇော်ကတော့ ဘယ်လိုနေမယ်မသိ။ သူ့မျက်လုံးတွေစုံမှိတ်၊ အံကိုတင်းတင်းကြိတ်ကာ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဘယ်သူ့ကို အရင်ဆုံး သတ်ချင်လဲဟု အာရုံဖမ်းလိုက်သောအခါ ကိုဦး ခေါ် ကိုဦးမကို မြင်မိလေသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



၁၀

"ကိုဦး ... ကိုဦး ... ထစမ်းပါ။ ဖျို ... ကိုဦး"

ညက တစ်ညလုံး အောင့်ထားရသော ဒေါသအရှိန်ကြောင့် မနက်မိုးလင်းစမှာပဲ ကိုဦး အခန်းတံခါးရှေ့တွင် ဘဲလ်သံရော၊ တံခါးထုသံရော၊ သူ့အော်သံတွေရော ဆူညံသွားသည်။ အိပ်ချင်မူးတူးဖြင့် တံခါးလာဖွင့်သော ကိုဦးရဲ့လက်ကောက်ဝတ်ကိုဆွဲကာ ခုတင်နားသို့ ခေါ်လာရင်း သူက ဆောင့်တွန်းချပစ်လိုက်သည်။ အထိတ်ထိတ် အပျာပျာ ဖြစ်သွားသော ကိုဦးပုံစံက ကြောက်ရွံ့ဟန်တော့ တစ်စက်မှမရှိဘဲ အံ့သြရင်ဖိုဟန်ဖြင့် လုပ်ပြနေသေးသည်မှာ စောစောစီးစီး အန်ချင်စရာပင် ကောင်းနေသေးတော့။





"ဟယ် ... စောစောစီးစီး ဘာလို့လာဝုန်းနေရတာလဲ။ ဆာနေတာလားဟင်"

"ဘာပြောတာလဲ၊ ခင်ဗျားတော့"

"ဘာလဲဟဲ့ ... ငါက နင် ဗိုက်ဆာလာတာလား။ Breakfast စားချင်လို့လားလို့။ ဘာလဲဟင် ... နင် Breakfast သွားစားမလို့ ငါ့ကို ဝင်ခေါ်တာလား ... ဘယ်သွားမလဲ။ မောနင်းစတားလား။ ရွှေပလ္လင်လား ... ဟင် ... ဟင် ... ဟင်လို့"

"အာ... ခင်ဗျားတော့ သေတော့မယ်။ အရေးထဲ ဝေါ်ကြီးကျဖို့ပဲ စဉ်းစားနေ"

"ဟဲ့ ... နင်က ဒါဆို ငါ့ကို ဘလိုင်းကြီး လာဝုန်းနေတာလား။ ဘာဝုန်းစရာ အကြောင်းရှိလဲဟဲ့"

"ဒီမှာ"

သူက ကိုဦးရဲ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး မျက်နှာချင်း အနီးကပ်ဆွဲယူကာ မေးလိုက်လျှင် ကိုဦးက မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်ဖြင့် ကြောက်သလို ရွံ့သလို လုပ်ပြသည်။ အိပ်ရာထဝ ပွရှုပ်နေသော ဆံပင်နှင့် အသီးပြန်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောင့် ပိုအော်ဂလီဆန်သွားပြီး သူက အေ့ခနဲတောင် ဖြစ်သွားသည်။

"ဟဲ့ ... သေနာလေး၊ ငါ့မျက်နှာနားကိုမှ အီးလာအန် ရလား"

"ဘာအီးအန်တာလဲ။ ခင်ဗျားတော့ နာတော့မယ်"

"ဟုတ်တယ်လေ။ လေပုပ်ကို ပါးစပ်ကထုတ်တာ ပါးစပ်ထဲကနေ အီးကိုအန်ချတာမျိုးပေါ့"

"ကဲ ... တော်စမ်းပါဗျာ ခင်ဗျားဆီ အခု ကျုပ်လာတာ အရေးကြီးတာ မေးမလို့လာတာ။ ဒီမှာ ခင်ဗျားအမုန် အတိုင်းဖြေ၊ အစ်ကိုဇော်ဟာ ဘာလဲ"

သူ့မေးခွန်းကြောင့် ကိုဦး မျက်လုံးပြူးကျယ်သွားသည်။ ပြီးတော့မှ အတင်းကို ဖွင့်ဟလိုက်ရသော နှုတ်ခမ်းဖြင့်...

"နင် ... နင်က ဘာကိုမေးတာလဲ"

"ဘာကိုမေးတာလဲ ခင်ဗျား အသိဆုံးပါ။ ပြောစမ်းပါ။ ကျုပ်ကို ပွင့်ပွင့်လင်းလင်း။ ဘာလဲ ... အစ်ကိုဇော်က ဘာလဲ"

"ငါ့လိုပေါ့"





"ဘာရယ်"

"အပုန်းဟော့ ... အပုန်း ... သိပြီလား"

"ကျွတ် ... ဒါဆို ကျုပ်ကို ပတ်သက်ခဲ့တာကရော ဘာသဘောလဲ"

"နင့်ကို ဆွဲချင်လို့ပေါ့"

"ဘာဗျ"

"အမယ်လေး .. သောက်ပလုတ်တုတ်။ လန့်လိုက်တာ သေတော့မယ်။ နေ ... နေစမ်းပါဦး။ အခု ဘာဖြစ်လာလို့လဲ"

"ဘာဖြစ်ရမှာလဲ။ ဒီမှာ ကိုဦး၊ ခင်ဗျားကို ကျုပ် အခြောက်မလင်လုပ်ချင်တယ်လို့ ပြောဖူးလား။ ဟင် ... ကျုပ်ကို အခြောက်မတစ်ယောက် ရှာပေးပါ။ ကျုပ် စပွန်ဆာလိုချင်တယ်။ ချမ်းသာချင်တယ် အထောက်အပံ့လိုချင်တယ်လို့ ပြောဖူးလား"

"မ ... မပြောဖူးပါဘူး၊ ဒါ ... ဒါပေမဲ့ နင် အခုလည်း အဆင်ပြေနေတာပဲ မဟုတ်လား။ ပြီးတော့ ငါက နင် သိတယ်ပဲ ထင်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွီး ... ဘာဆိုင်လို့ ကျုပ်က သိရမှာလဲ။ ဒါမျိုးဆိုတာ ချိုပါတာမှတ်လို့၊ ခင်ဗျား ကျုပ်ကို အစတည်းက ရှင်းရှင်းလင်းလင်း ပြောသင့်တယ်၊ မဟုတ်ဘူးလား"

"အို ... ဒါက ပြောနေစရာမှ မလိုတာ။ အန်ဒါစတွဒ်ပြီးသားလို့ပဲ ထင်တာပေါ့ဟဲ့"

"ကျွတ် ... ခင်ဗျားဗျာ။ ခင်ဗျားဘာသာ ငတ်ကြီးကျချင်တာနဲ့ပဲ ကျုပ်ကို ဒီလိုလုပ်ရလား။ ကျုပ် ဒါမျိုးအစားမဟုတ်ဘူးဗျ။ ကျုပ် အဲဒီလို ယောက်ျားမျိုး မဟုတ်ဘူး။ အခု ဘယ်လိုလုပ်ကြမလဲ။ ကျုပ်ဘာဆက်လုပ်ရမှာလဲ"

"ဟယ် ... ဆက်စားပေါ့"

"ဘာ ... ဘာကို ဆက်စားရမှာလဲ"

"ဩော် ... ဒီအတိုင်းပဲ ရနေတာကို ဆက်စားပေါ့လို့ ပြောနေတာ။ မသိဘူးလေဟယ်။ ငါ မိတ်ဆက်ပေးတဲ့အချိန် နင်တို့ချင်း အထာတွေပေါက်ပြီးသားလို့ ထင်လို့ပေါ့။ နင်တို့ တွဲနေတာ နှစ်လ သုံးလလောက် ရှိပြီဆိုတော့ ငါက တော်တော်တောင် ခရီးရောက်နေပြီ ထင်နေတာ"

"ထွီ ... ရွံစရာကောင်းလိုက်တာဗျာ။ ယောက်ျားချင်း ဘာလုပ်ရမှာလဲ"





"ဟဲ့ ... ယောက်ျားချင်းလည်း လုပ်လို့ရတာပဲ"

"တော်စမ်းပါဗျာ။ အခု ဘာဆက်လုပ်ကြမလဲ။ ကျုပ်ကတော့ အခြောက်မလင် မလုပ်နိုင်ဘူး။ ကျုပ်ဟာကျုပ် ဆားနဲ့ပဲ စားရပစေ"

"ဟယ် ... အခု နင်က အစ်ကိုဇော်ကို ပြောပြီးပြီလား"

"မပြောရသေးပါဘူး။ ကျုပ်ဟာကျုပ် တစ်နေရာက ကြားလာတာ၊ ခင်ဗျားကို လာအတည်ပြုတာ။ တောက် ... လုံးဝ ထင်မထားဘူးဗျာ"

"ဟဲ့ ... ဒီလောကမှာ အဲလိုဟာတွေ အများကြီးပဲ။ နင်မသိတာ နင်အ,လို့ပဲ၊ မိတ်ကပ်လိမ်း နှုတ်ခမ်းနီဆိုးထားမှ အခြောက်ထင်မနေနဲ့။ ယောက်ျားပီပီသသ နှုတ်ခမ်းမွေးနဲ့ ဂေးနေတာတွေ အများကြီးပဲ။ ကြည့်လိုက်ရင် ဘယ်လိုမှ ထင်ရက်စရာ မရှိဘူး။ အေး ... သူတို့ကြိုက်လိုက်ရင်လည်း ယောက်ျားအချင်းချင်းပဲ"

"တောက်"

"နင်က အခု ဘာလုပ်မလို့လဲ၊ အစ်ကိုဇော်ကို ဖြတ်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကြီးတော်ကြီးကို ဖြတ်ရမှာလားဗျ"

"ငါ့ကြီးတော်ကြီးက ဖြတ်စရာမှ မရှိတာ။ အဲလေ ... နင် ပြောတာနဲ့ ယောင်ကုန်ပြီ။ အေး ... နင့်ကို ငါ တစ်ခု တော့ သတိပေးမယ်။ အစ်ကိုဇော်ကို နင် လွယ်လွယ်နဲ့ ဖြတ်လို့ရမယ်တော့ မထင်နဲ့"

မျက်လုံးကြီးပြူးကာ ခြောက်လိုက်သော ကိုဦးရဲ့ ပုံစံကို သောက်ညင်ကတ်လိုက်တာ ဆိုတော့လေ။ ဒါပေမဲ့လည်း သူ့အပေါ်မှ ကြင်နာနွေးထွေးလွန်းသော အစ်ကိုဇော်ကို သူ ပစ် ပစ်ခါခါလည်း မပြောချင်သလို ဟိုဘက်ကလည်း ပေါ်တင်ပြော လာမှာကို မလိုလားပါ။ သူ့မျက်နှာကို ဘယ်နားသွားထားရမှန်း တောင် သိမှာမဟုတ်ချေ၊

"နေပါဦး ... ဘာလို့ ကျုပ်က အစ်ကိုဇော်ကို လွယ်လွယ် နဲ့ ဖြတ်လို့မရရမှာလဲ"

ကိုဦးက အဆီပျံမျက်နှာကို ရွံစရာကောင်းအောင် မျက်ခုံးပင့် မျက်စပစ်ပြနေသေးသည်။ ပြီးတော့မှ မျက်ရစ်မရှိသော မျက်လုံးကို မှေးစင်းပြကာ သူ့ကို ကိုရီးယားကားထဲက လူဆိုး စတိုင်လ်ဖြင့် ပြောသည်။





"အစ်ကိုဇော်က သူ့ကို အရူးလုပ်လို့ မရဘူးလေ။ ပြီးရင် အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတဲ့ စကားကို နင် မကြားဖူးဘူးလား။ နင့်ကို ဒီလို လွယ်လွယ်နဲ့ အလွတ်ပေး လိုက်မယ် ထင်လား။ သူ့မှာ တပည့်တပည့်တွေလည်း အများကြီး"

"ကျွတ် ... ဘာဆိုင်လဲဗျာ။ ကျုပ်က သူ့ကို အရူးလုပ်ခဲ့ တာမှ မဟုတ်တာ၊ သူ ဘာဆိုတာတောင် ကျုပ် သိခဲ့တာ မှ မဟုတ်ဘဲ"

"ဒါပေမဲ့ နင် သိတယ်လို့ပဲ သူက ထင်တာလေ"

"တောက် ... အဲဒါ ခင်ဗျား ... နော်၊ ခင်ဗျား လျှာရှည် လို့ အဲလိုတွေ ဖြစ်ရတာ၊ ခင်ဗျားသာ အစတည်းက ပွင့် ပွင့်လင်းလင်း ပြောခဲ့ရင် ဒီလိုတွေဖြစ်မှာ မဟုတ်ဘူး"

"ဟဲ့ ... ငါကလည်း နင့်ကို ဆွဲစားမယ်ပဲ ထင်တာပေါ့"

"ဘာ"

သူက ထွက်နေသောဒေါသ၊ ခဏငုပ်နေတုန်း ပြန် ပြောလိုက်သော ကိုဦး စကားကြောင့် ဒေါသမီးက ထောင်းခနဲ ပြန်ကြွလာကာ ကိုဦး အင်္ကျီစကို ဆောင့်ဆွဲမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ဘူးလေ၊ ငါ ပြောချင်တာက ဒီလောကမှာ တော်တော်များများက ငွေဒဏ်ကို မရှောင်နိုင်ကြတော့၊ အဲ ... အဲလိုပဲ ဆွဲစားကြတာပဲလို့။ နင်ကိုလည်း ငါ အဲလိုပဲ ထင်မိတာပါလို့"

"တော်စမ်းဗျာ၊ ခင်ဗျားတော့ လုပ်မိတော့မယ်"

"နင်ကလည်းဟယ် ... ဘာလို့ အဲလောက် ခေါင်းမာနေရတာလဲ။ သူလိုချင်တာ လုပ်ပေးလိုက် ပြီးရောဟာ"

"ဘာပြောတယ်"

"ဩော် ... သူနဲ့အတူ ဒီလိုလေး တွဲပေးရုံနဲ့ မြိုးမြိုးမြက်မြက် ရမယ့်ဟာကို ... လို့"

"တော်ပြီဗျာ ... ခင်ဗျား ဆက်မပြောနဲ့တော့၊ သတ်မိတော့မယ်၊ ဒီမှာ မြဲမြဲမှတ်ထား၊ ကျုပ်ဆိုတဲ့ကောင်က စားစရာမရှိလို့ လျှာပေါ်မြက်ပေါက်တော့ မခံဘူး။ ကူလီထမ်းစားလိုက်မယ် ...

ဒီလိုမျိုးတော့ ဘယ်တော့မှ အဖြစ်မခံဘူး၊ နားလည်လား။ ဒါပဲ ခုချိန်ကစပြီး ခင်ဗျားလည်း ကျုပ်ကိုမှီစားတာမျိုးတွေ လုံးဝလာမလုပ်နဲ့၊ ကျုပ်လည်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်မယ်"





သူက ကိုဦးရဲ့အကျီကော်လာကို ဆောင့်လွှတ်ပစ်ခဲ့ပြီးနောက် ဝုန်းခနဲ ပြန်ထွက်လာခဲ့သည်။ ကားပေါ်တက်၍ စက်မနှိုးခင် သူ ဘာလုပ်ရမလဲ ဘယ်သွားရမလဲ ဆိုတာ အရင် စဉ်းစားမိသည်။ အစ်ကိုဖော်နှင့် တွေ့ကာ တစ်နှင်ငင် တစ်စင်ပါ ရစ်ကြောင်းရှည်နေမှာကိုလည်း မလိုလားပါ။ အားလုံးကို ခြေရာဖျောက်ကာ အစအနေ ပျောက်သွားအောင် သူ့ကိုယ်သူ ဘယ်လို လုပ်ရပါ့မည်လဲ။

သူ အပြင်းအထန် စဉ်းစားနေရင်းမှ အကြံတစ်ချက်က လင်းခနဲ ပွင့်လာခဲ့လေသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ညက အိပ်မက်မကောင်းဘူးဟု ပိုးတီ ယူဆသည်။ အိပ်မက်ထဲတွင် ပိုးတီ၏ခြံထဲမှ နွားတစ်ကောင်က ပိုးတီကို နို့ညှစ်မခံဘဲ ကန်လွှတ်သည်။ ကန်ရုံတင်မကဘဲ ထ,ပြေးသော ပိုးတီနောက်သို့ လိုက်ဝှေ့နေသဖြင့် ထွက်ပြေးနေရသည်ဟု အိပ်မက်,မက်ကာ အမောတကော လန့်နိုးလာခြင်းဖြစ်သည်။ ခါတိုင်းလည်း ပိုးတီဟာ မနက်ခြောက်နာရီ ခြောက်ခွဲလောက်ဆို နိုးနေကြ။ မနက်ပိုင်းမက်တဲ့ အိပ်မက်ဟာ ဘယ်လိုအဓိပ္ပာယ်ကောက်ရမလဲ တွေဝေခေါင်းရှုပ်စွာ စဉ်းစားရင်းနဲ့ပဲ ခေါင်းလျှော်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

ပိုးတီရဲ့ဆံပင်ဟာ ပခုံးနားဝဲရုံ Step အထပ်လေးတွေမို့ သိပ်အချိန်ပေး လျှော်စရာမလိုဘဲ ခဏလေးနှင့် ပြီးသွားသည်။





တစ်ရက်ကျော်ကမှ ခေါင်းလျှော်ထားတာမို့ ခေါင်းမှာက ကြေးလည်းမရှိသဖြင့် ခေါင်းလျှော်ရည်က များများထည့်စရာမလို။ ပါမောလစ် ခေါင်းလျှော်ရည် အထုပ်ဆို ပိုးတီက သိပ်ကြိုက်သည်။ ကြိုက်ဆို ပိုးတီရဲ့ဆံပင်နဲ့ဆို နှစ်ခါလျှော်လို့ ရသောကြောင့်ဖြစ်သည်။ အနံ့ကလည်း မွှေးသလို များများပါသောကြောင့် ပိုးတီလို ချွေတာရေးသမားအတွက်တော့ အဆင်ပြေနေတော့သည်။

ခေါင်းလျှော်ပြီး သနပ်ခါးရေကျဲ ပွတ်လူးကာ ဘုရားရှိခိုးလိုက်တော့လည်း စိတ်က အတန်ငယ် အေးချမ်းသွားသည်။ တီရှပ်တစ်ထည်နှင့် ချည်သားဘောင်းဘီရှည်ကို ဝတ်ဆင်ပြီး အပြင်ထွက်လာသော ပိုးတီဟာ ခြံထဲကို တစ်ချက်ဝေ့ဝဲကြည့်ရသည်။ နို့စားနွားတွေဘက် သိပ်မသွားရဲဘဲ ဝေးဝေးကနေ အကဲခတ်သည်။ ညက အိပ်မက်မကောင်းဘူး မဟုတ်လား။ အဲ ... ညကမက်တာမှ မဟုတ်တာ မနက်ကတင် လတ်လတ်ဆတ်ဆတ်ကြီးမက်ထားတာ။ ပိုးတီက မခြောက်တခြောက် ရေစိုဆံပင်ကို ခါထုတ်လိုက်ပြီး ဆိုင်အတွက် ဘာတွေလိုအပ်မလဲ ကြည့်သည်။ ကုန်ခြောက်ကလွဲပြီး အသီးအရွက်လို ဟာမျိုးကတော့ တစ်နေ့တစ်ခါ နှစ်ရက်တစ်ခါလောက် လတ်လတ်ဆတ်ဆတ် ဝယ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း စားသုံးသူတွေရဲ့ ထပ်မံတောင်းဆိုချက်အရ ဆိုင်မှာ မီနူးအသစ်တွေ ထပ်ထည့်ရပါဦးမည်။ ဆေးဘဲဥသုပ်၊ ငါးသေတ္တာသုပ်၊ ယမ်ယမ်ချဉ်စပ်လေးကို ကြက်ဥနဲ့ပြုတ်ပေးပါတို့၊ မာမီးဆီချက်ခေါက်ဆွဲလေးလည်း လုပ်ရောင်းပါလားလို့ စသဖြင့် စသဖြင့် ဝယ်ရမယ့်စာရင်းတွေကို ပိုးတီက စိတ်ထဲမှာ တေးမှတ်ကာ ဈေးသွားဖို့ ခြံထဲကနေ ဆိုင်ကယ်နဲ့အထွက်မှာပဲ ကုပ်ချောင်းချောင်း ဝင်လာသော လူနှစ်ယောက်ကို မြင်သည်။

ရုတ်တရက်မို့ ဘယ်သူမှန်းမသိ နောက်တော့မှ "ဟာ ... မပိုး" ဟူသော စကားသံကိုကြားလျှင် အာကာမှန်းသိရလေသည်။ ဆံပင်ပုံစံပြောင်းကာ ဆေးပါဆိုးထားသောကြောင့် ရုတ်တရက်ဆိုလျှင် အာကာမှန်းတောင် မသိရ။ ပိုးတီက ချက်ချင်းပဲ ဆိုင်ကယ်ကို ဘရိတ်အုပ်ပြီး မေးရပ်လိုက်သည်။

"ဟဲ့ ... အာကာ"

"ဟီး ... မပိုး ... နေကောင်းလား"

ပိုးတီက အာကာ့မေးခွန်းကို မဖြေဘဲ နောက်ကရပ်နေသူကို စူးစမ်းငဲ့ကြည့်မိသည်။ အရပ်ရှည်ရှည် အသားဖြူဖြူမှာ ကြည့်ကောင်းသောရုပ်ရည်နှင့် တစ်နည်းဆိုသော် သန့်ပြန့်သားနားသလို ဖြစ်နေသော လူရွယ်တစ်ဦး ကျောပိုးအိတ်တစ်လုံးကို





လွယ်ကာ လက်ထဲမှာလည်း ခရီးဆောင်အိတ်ကြီးက ဆွဲထားသေးသည်။ ဘယ်သူလဲ ... ဘာလာလုပ်တာလဲ။ ဒီမှာ နေမှာလား၊ ဘယ်လောက်ကြာကြာ နေမှာလဲ၊ ဒီလောက် အဝတ်အိတ်ကြီးနဲ့ဆိုတော့၊ တင်ကျွေးထားရဦးမှာလား၊ အာကာ ဘာတွေဇာတ်ရှုပ်လာလဲ ... ? ? ? လဲပေါင်းများစွာ မေးခွန်းများစွာဖြင့် ပိုးတီရဲ့ ပါးစပ်က မွင့်သွားတုန်းမှာပဲ တစ်သက်လုံးက အတူနေလာသော အစ်မရဲ့အထာကြောကို နပ်စွာ အာကာက စကားကို ဖွတ်ဖြတ်သည်။

"မပိုး ... ဈေးသွားမလို့လား။ သွားလေ ... ကျွန်တော်တို့ ဒီမှာ ခဏ ... အဟင်း ... ပြန်လာမှ အေးဆေးစကားပြောမယ်"

"ဟဲ့ ... နင်"

"ဟဲ ဟဲ ... မပြောမဆို ရောက်လာလို့ ငါ့အစ်မ ဆပ်ပရိုက်စ် ဖြစ်နေတယ်ထင်တယ်။ သြော် ... ဈေးသွားမလို့ပဲ၊ သွား ... သွားလေ ... ငါ့အစ်မ။ ဟဲ့ ... ကိုယ့်မောင်လေး ပြန်ရောက်လာပြီဆိုတော့ ဟင်းကောင်းကောင်းတော့ ချက်ကျွေးနော်။ ငါးရံ့အူလေး ဘာလေး ဝယ်ခဲ့ပါဗျ ... ရန်ကုန်မှာ ဈေးကြီးလို့ မစားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာလို့ မပြောမဆိုနဲ့ ပြန်လာရတာလဲ"

"ဪ ... ဆပ်ပရိုက်စ်ပါဆို မပိုးရယ်၊ ကဲပါ ... ပြီးမှ အေးအေးဆေးဆေးမေးလည်း ရပါတယ် မပိုးရာ။ သွား... သွား ... ဈေးကွဲလို့ အသားငါးတွေ လတ်လတ်ဆတ်ဆတ် မရဘဲ နေဦးမယ်"

တစ်ခုခုပြောဖို့ ဟန်ပြင်သော ပိုးတီရဲ့ နှုတ်ခမ်းမှာ ပြောမည်ပြင်ပြီးမှ မပြောဖြစ်တော့ချေ။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဆိုင်ကယ်ကို ဂီယာဆောင့်ထိုးကာ ဝေါခနဲ ထွက်လာခဲ့လိုက်တော့သည်။

ဒေါ်ဝင်းဝါကတော့ ခြင်းတောင်းကြီးတစ်ခုကို ဆိုင်ကယ်လက်ကိုင်မှာ ချိတ်ကာ တီရှပ်ပွပွ၊ ချည်ဘောင်းဘီပွပွကို ဝတ်လျက် ကုပ်ကိုပုကာ ပေစောင်းစောင်း ဆိုင်ကယ်စီးသွားသော မိန်းကလေးကို မမြင်ဘူးသောလူလို ငေးကြည့်ကျန်ရစ်ခဲ့သည်။ ကြိုးဆိုပုံမရသော မျက်လုံးများ၊ ယောကျ်ားပျိုတစ်ယောက်ရှေ့မှာမို့လည်း အမူအရာ ပြောင်းလဲသွားတာမျိုး မရှိဘဲ ခပ်တည်တည် အကဲခတ်နေပုံက ပြန်ရှိန်စရာ ကောင်းလှသည်။

"အဲဒါ မင်းအစ်မ ဆိုတာလား အာကာ"

"ဟုတ်သဗျ ... ဟုတ်ပါ"





"ဘယ်လိုကြီးလဲ အာကာ"

"ကိုင်း ! ကျုပ်အစ်ကို့ကို ပွင့်ပွင့်လင်းလင်း တစ်ခါတည်းပြောထားမယ်၊ ကျွန်တော့်အစ်မက သူ့ဗိုက်သူကောင်းမသဒ္ဒါတဲ့လူမျိုး အစ်ကိုရာ။ ကိစ္စတစ်ခုမှာ သူ့အကျိုးအမြတ်မရှိရင် ဘာမှမလုပ်တဲ့ လူစားမျိုး။ သူများဆီကအမြတ်ရအောင် ဘယ်လိုကြံရမယ်၊ ငွေရအောင် ဘယ်လိုလုပ်ရမယ် ဆိုတာပဲ တွေးနေ ကြံနေတဲ့သူ။ သူ ငွေရဖို့အတွက်ဆို ဘနမှုးလည်း သိုက်တူးမှာပဲ"

ပယ်ပယ်နယ်နယ် ပြောနေသော အာကာ့ပုံစံကြောင့် ဒေါ်ဝင်းဝါက နားထောင်ရင်းနှင့် နှာခေါင်းရှုံ့ရှုံ့လာရသည်။ အင်း... သူ့အဖြစ်ကလည်း ဘာလို့များ အစွန်းရောက်ချင်နေရတာပါလိမ့်။

"ဒီတော့ ... အစ်ကို စိတ်ထဲမှာ သူ ဘာပြောပြော ဘာမှ မထားနဲ့။ ကျွန်တော်တို့ လမ်းမှာ တိုင်ပင်ထားတဲ့ အကြံဉာဏ်အတိုင်းပဲ ဆက်လုပ်မယ်၊ အဲဒါတောင် ဘယ်လိုလာမယ် မသိသေးဘူး။ မပိုးက သိပ်လည်တာ။ အဲလောက်ပြောထားတာတောင် တော်ကာမကျဘူးဆိုတာ အစ်ကိုတွေ့ပါလိမ့်မယ်၊ ကဲ ... လာ ... လာ၊ အမေ့ကို အရင်ရှာရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အာကာက ရှေ့ကဦးဆောင်ခေါ်သွားကာ အမေရေ အမေဟု အော်ခေါ်နေသည်။ သူကတော့ ဟိုကြည့် ဒီကြည့်နှင့် နောက်က လိုက်ပါလာရသည်။ အဲတော်သင့် ကျယ်ဝန်းသော ခြံထဲတွင် သစ်ပင်လည်း များတာမို့ အေးချမ်းလှကာ သာသာယာယာ ရှိသည်မို့ စိတ်ကြည်နူးရတာတော့ အမှန်ပါပဲ။ လေတစ်ချက် အဝှေ့မှာ နောက်ချေး(နွားချေး)အနံ့လေး လွင့်,လွင့်လာတာက လည်း မြို့ပြနဲ့မတူသော ရသဖြစ်သည်။

သစ်ပင်ရိပ်တွေကြားမှာ ခုံလေးတွေ၊ စားပွဲပုလေးတွေ ခင်းထားတာကြောင့် ပေါ့ပေါ့ပါးပါး စားစရာဖွင့်ထားသော ဆိုင်လေးဆိုတာလည်း အာကာ ပြောပြထားတာနဲ့ ချိတ်ဆက်သိရသည်။

"အမေရေ ... အမေ့"

"ဟဲ့ ... ဘယ်သူအော်နေတာလဲ။ ဟင် ... အာကာ။ ဟယ် ... ဘယ်တုန်းက ရောက်တာလဲ။ ကြည့်ဦး ... အကြောင်းမကြား ဘာမကြားနဲ့"

"သြော် ... အမေ့ကို ရုတ်တရက် အံ့သြဝမ်းသာသွားအောင်လို့။ ကဲ ... အမေ ဘာစားစရာရှိလဲ။ သားတို့ကို





Breakfast ကျွေးပါဦး။ သြော် ... အဟင်း ... မိတ်ဆက်ပေးရဦးမယ်။ ဒါ ... သားမိတ်ဆွေဆိုလည်းဟုတ်၊ သူငယ်ချင်းတော့ မဟုတ်ဘူး။ သားအလုပ်ရှင်ဆိုလည်း မမှားပါဘူး ...

အမေ့ဆီကို ဖုန်းဆက်ဆက်နေတဲ့ ဒီအစ်ကို့ဖုန်းနဲ့လေ။ ကိုဒေါင်းဝါတဲ့။ အမေသေချာကြည့်ပါဦး။ ကိုဒေါင်းဝါကို ဘယ်မှာမြင်ဖူးလဲ။ တစ်နေရာမှာ မမြင်ဖူးဘူးလား"

အမေက ဒေါင်းဝါကို သေချာစူးစမ်းကြည့်သည်။ ဒေါင်းဝါက မနေတတ်သလိုဖြင့် သူ့စတိုင်လ်တိုင်း ခေါင်းမော့ကာ ဟက်ခနဲ ရယ်လိုက်တော့မှ ဒေါ်လေးဖြူသည် ကြော်ငြာထဲမှာ အဲလိုရယ်သောပုံစံကို မှတ်မိသွားရတော့သည်။ ခေါင်းလျှော်ရည် ကြော်ငြာထဲမှာ မင်းသမီးက ခေါင်းလျှော်ရည်အစွမ်းကို "ယုံပြီ" ဟု ပြောလိုက်သောအချိန်မှာ ခေါင်းမော့ကာ ဟက်ခနဲ ရယ်လိုက်သောပုံစံလေး။ အဲဒီကြော်ငြာဟာ ပေါက်ပါသည်။ အထူးသဖြင့် သူ့အိုက်တင်လေးဟာ သဘာဝကျတာလား၊ စတိုင်လ်ကျတာလား မသိရအောင်ပဲ အများသူငှာ နှစ်သက်သဘောကျသော ကြော်ငြာအဖြစ် ပေါက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ငါသိပြီ။ Beauty ခေါင်းလျှော်ရည်ကြော်ငြာက မင်းသားမဟုတ်လား"

"ဟား ... ဟား ... ဟုတ်ပါ့။ ငါ့အာမက တော်တယ်ကွာ"

"တော်ဆို အမေက ကိုရီးယားကားတွေ တစ်ကားမှ အလွတ်မခံဘူးကိုး သားရဲ့ ... ဟီး ဟီး။ ဒါနဲ့ နေပါဦး။ ဒီ ... ဒီကလေးက အမေတို့တောကို ကြော်ငြာလာရိုက်တာလား။ လာလည်တာလား။ ဘယ်မှာတည်းမှာလဲ။ တခြားရော ဘယ်သူတွေ ပါသေးလဲ"

"အမေရယ် ... အမေ့အစား မောလိုက်တာ။ တစ်ထိုင်တည်းနဲ့ တစ်နှစ်လုံးစာ မေးရလား။ ကဲ ... ကဲ ... အမေသိချင်တာတွေ ပြီးရင် သား အကုန်ဖြေပေးမယ်။ လော လောဆယ် သား ဗိုက်အရမ်းဆာနေပြီ။ ဘာစားစရာရှိလဲ...

တစ်ခုခုလုပ်ပေး အမေရာ"

"အေး ... အေးပါ သားရယ်။ အမေ ခုပဲ ထမင်းကြော်ဖို့ လုပ်နေတာ၊ ထမင်းကို ပဲပြုတ်နဲ့ကြော်မယ်။ ကော်ဖီလည်း နွားနို့နဲ့ ဖျော်ပေးမယ်။ ဆတ်သားခြောက်ဖုတ်လည်းရှိတယ်။ ရမယ် ... သားလေး ... ကဲ ... ကဲ ... ဒါဆို နားကြဦး။





လောလောဆယ်တော့ ညှော်သည်ကို သား အခန်းကိုပဲ ခဏခေါ်သွားလိုက် ...

ခြေလက်သန့်စင်ပြီး ဆင်းခဲ့ကြ။ ဘာလိပ်ဖက်စ် ရနေစေရမယ်"

အာကာက ဒေါင်းဝါကို မျက်ရိပ်ပြကာ ခေါ်လာခဲ့သည်။ အိမ်က အုတ်ခံပျဉ်ထောင်အိမ်ဖြစ်ကာ အာကာ့အခန်းက အပေါ်ထပ် ထောင့်စွန်းလေးမှာ ရှိပါသည်။ အာကာ့အမေက အမြဲရှင်းထားလို့လား မပြောတတ်။ အာကာ့အခန်းလေးက လူတစ်ယောက် အမြဲနေသလို သပ်ရပ်သန့်ရှင်းနေသည်။ လေဝင်လေထွက်ကောင်းကာ အလင်းရောင်ရသော အခန်းလေးဟာ မသားနားပေမယ့် သပ်ရပ်သန့်ရှင်းကာ သဘာဝတာရားနှင့် အနီးစပ်ဆုံး ဖြစ်သဖြင့် သူ သဘောကျ နှစ်ခြိုက်ရပါသည်။

"ကဲ ... အစ်ကို ခပ်တည်တည်သာနေ။ မပိုး ဘာပြောပြော မဖြုံနဲ့၊ သူက ငွေကလွဲရင် ဘာမှသိတာ မဟုတ်ဘူး။ သူ့ အားနည်းချက်က ငွေပဲ ...

ကျွန်တော့်ဘာသာ ကြည့်လုပ်မယ်။ အစ်ကိုက Follow လိုက်ရုံပဲ"

"အေးပါကွာ ... အေးပါ"

www.burmeseclassic.com



"ကဲ ... ဒါဆို အစ်ကို မျက်နှာတွေ ဘာတွေသစ်၊ သွားတိုက်ချင်လည်းတိုက်၊ အောက်ထပ်မှာ ရေချိုးခန်းက။ အပြင်ရေတွင်းမှာ လုပ်လည်း ရတယ်။ အဝတ်အစားလဲပြီး ဆင်းလာခဲ့နော်"

သူက ခေါင်းတစ်ချက် ဆတ်ပြလျှင် အာကာက အခန်းထဲမှ ထွက်သွားသည်။ အောက်ထပ်သို့ရောက်လျှင် မနေနိုင်လွန်းသော ဒေါ်လေးဖြူက အာကာ့ကို လက်အတင်းဆွဲထားကာ မျက်နှာတောင် မသစ်စေရဘဲ မေးမြန်းလေသည်။

"အာကာ ... နင် သူ့ကို ခေါ်လာတာ ဘာလုပ်ဖို့လဲ၊ သူက ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ၊ နင်တို့ တစ်ခုခုတော့ တစ်ခုခုပဲလို့ ထင်နေတယ်"

"အင်း ... ဒီမှာ သိပ်အကြာကြီးတော့လည်း မနေပါဘူး။ ဘာဖြစ်လို့လဲ အမေရာ။ အဲဒါက အဲလောက်တောင် ဘာ့များ စိတ်ဝင်စားစရာ ကောင်းနေလို့လဲ"

"ဟဲ့ ... ဘာလို့ စိတ်ဝင်စားစရာ မကောင်းရမှာလဲ။ နင့်အစ်မ ပိုးတီအကြောင်း နင် မသိဘူးလား။ လူတစ်ယောက်ကို အလကားတင်ကျွေးထားချင်မယ်လို့ နင်က ထင်နေတာလား"





"သူ ကျွေးထားချင်အောင် ကျွန်တော်က ပြောမှာပေါ့"

"အောင်မာ ... နင်က ဘာပြောနိုင်တာမှတ်လို့။ ဟဲ့ ... နင်တို့တွေ မဟုတ်တရုတ် ဖြစ်လာကြတာတော့ မဟုတ်ပါဘူးနော်"

"ဘာ ... ဘာကို မဟုတ်တရုတ် ဖြစ်ရမှာလဲ အမေရ။ မပိုးတီ လာရင် ကျွန်တော် အကုန်လုံး ရှင်းပြမှာပါ။ စိတ်ချ။ ဘာပြဿနာမှ ဖြစ်မလာဘူး။ ဘာရာဇဝတ်မှုကမှ တိမ်းရှောင်လာတာ မဟုတ်ဘူး ...

ကဲ ... ကဲ ... ထမင်းကြော်မှာသာ အမြန်ကြော်ပါ အမေရာ။ ရေနွေးတည်ပြီးသား ရှိတယ်မှလား။ ကျွန်တော်ပဲ ကော်ဖီဖျော်လိုက်တော့မယ်"

အာကာနှင့် ဒေါင်းဝါတို့ Breakfast ထမင်းကြော်ကို လိုက်ပွဲနှစ်ပန်းကန်လောက် ထပ်ယူပြီးချိန်မှာပဲ ပိုးတီက ဈေးက ပြန်ရောက်လာသည်။ ဈေးခြင်းတောင်းကို ချလိုက်သံက လိုတာထက် နည်းနည်းပိုကျယ်သွားသဖြင့် အာကာက ဟဲခနဲ မျက်နှာချိုသွေးသည်။

"ဟော ... မပိုးတောင် ပြန်လာပြီ။ မပိုး စားပြီးပြီလား၊ ကျွန်တော် ရှူးလိုက်ရတော့မလား။ ကော်ဖီဖျော်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ ငါက ဘယ်တုန်းက ကော်ဖီသောက်လို့လဲ"

"ဩော် ... ဟုတ်သားပဲ။ မပိုးက အလကားရတဲ့နို့ဗီ သောက်တာ။ အဟဲ ... သမ္မတကြီးရဲ့စကားနဲ့အညီပေါ့။ ကောင်းတယ် ... ဒါကြောင့် မပိုး အသားအရေတွေ လှနေတာ ... ဟဲ ဟဲ"

"ဟင်း ... တော်စမ်းပါ။ နင် ငါ့ကို ဘလိုင်းကြီး လာမြှောက်မနေနဲ့။ ပုံမှန်ဆက်ဆံစမ်း။ ကဲ ... ပြောပါဦး၊ ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာရတဲ့ အကြောင်းက ?"

"ဩော် ... ဆိုင်းဆင့် ဗုံဆင့်ပြီး ရောက်လာရအောင် ကျွန်တော်က ဟန်ဓာမိုးဝင်းမှ မဟုတ်တာ"

"အေး ... နင်က ဖိုးချစ်နဲ့တူတော့ ငါကလည်း ဇာတ်မင်းသားနဲ့ မှားသွားတာ ... အာ ... တော်စမ်း။ နင် ဘာတွေလျှောက်ပြောနေတာလဲ ...

ငါပါ ယောင်ကုန်ပြီ ..."

"ဟဲ ... ဟဲ ... ဘယ်နားယောင်တာလဲ"

ပိုးတီရဲ့နာဂစ်အင်အား မျက်စောင်းကြီးက ဝဲပျံ့ကျလာသဖြင့် အာကာက မျက်နှာပိုးကို အမြန်သတ်လိုက်ရသည်။ ပြီးတော့ ဒေါင်းဝါဘက်ကို တစ်ချက်လှည့်ကြည့်ကာ ...





"စိတ်မဆိုးပါနဲ့ မပိုးရယ်။ ကျွန်တော်က ကိုယ့်အစ်မကိုယ် မတွေ့တာကြာလို့ လွမ်းလို့ နှောက်တာ။ ဟဲ ... ဩော်... ခုနက မပိုးလည်း ဈေးသွားမှာမို့ အလုပ်ရှုပ်နေလို့ ခုမှ မိတ်ဆက်ပေးရဦးမယ် ...

ဒါက ကျွန်တော့်မိတ်ဆွေ ကိုဒေါင်းဝါတဲ့။ အစ်ကို ... ဒါ ကျွန်တော့်အစ်မ ပိုးတီ၊ အဲ အပြည့်အစုံက စိန်ပိုးတီတဲ့ပေါ့ဗျာ"

ဒေါင်းဝါက ကြည်လင်ဖော်ရွေသော အပြုံးဖြင့် ခေါင်းညိတ်နှုတ်ဆက် ပြုံးပြလိုက်သော်လည်း တစ်ဖက်က သူ့ကို ယောင်ယောင်လေးသော်မှ မပြုံး၊ အသိအမှတ်ပြုသလိုသာ ခေါင်း တစ်ချက်ဆတ်ပြီး အာကာ့ထံမှ ဒီထက်ပိုသော information ကို မျှော်လင့်နေဟန်ဖြင့် အာကာ့ကို ပြန်ကြည့်သည်။

"အစ်ကိုက ကျွန်တော်တို့မြို့ကို လာလည်တာပါ ... အဟင်း"

"ငါတို့မြို့က ဘာလည်စရာ ရှိတာမှတ်လို့"

ဒေါင်းဝါက ပါးစပ်အဟောင်းသား မပွင့်အောင် အလျှင်အမြန် ထိန်းချုပ်ထားလိုက်ရသည်။ ဒီလောက် လူမှုရေး မသိတတ် မျက်နှာပြောင်သော၊ ဖော်ရွေမှုကင်းသော မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို မတွေ့ဘူးပါချေ။ သူတို့လုပ်ငန်းခွင်မှာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ သိသိ မသိသိ ရွှန်းရွှန်းဝေတွေနဲ့ပဲ တွေ့ဖူးသော သူ့အတွက် ဒီလိုဆက်ဆံမှုဟာ ဒေါသထွက်စရာ၊ ခံပြင်းစရာထက် အံ့သြငေးမောစရာကြီး ဖြစ်လို့နေသည်။

"ဩော် ... သာယာပါတယ်ဗျာ။ မြစ်ချောင်း အင်း အိုင် လေးတွေနဲ့ ဖားပေါ ငါးပေါတဲ့ အရပ်လေးပါ။ ကားကျပ် တဲ့ ရန်ကုန်၊ မွန်းကျပ်တဲ့ ရန်ကုန်ထက်တော့ သာယာပါ တယ်ဗျာ"

"အပိုတွေ လျှောက်ပြောမနေပါနဲ့။ နင့်ကို ငါ တယ်မသင်္ကာ ဘူး"

ဒေါင်းဝါက အိုးကမပူ စလောင်းကမပူ မျက်နှာက ပူလာကာ အဟမ်း အဟွတ်နှင့် လည်ချောင်းရှင်းကာ ထိုင်ရာမှ ထရပ်လိုက်သည်။ သောက်လက်စ တစ်ဝက်ကျန်သည့် ကော်ဖီ ခွက်ကိုတော့ ယူဖို့မမေ့ပါ။

အာကာ့ကို မျက်ရိပ်ပြပြီး ထွက်လာရင်း အပေါ်ထပ် သို့ ပြန်တက်လာခဲ့သည်။ အလိုက်တသိ ရှောင်ပေးလိုက်တဲ့ သဘောပါ။ သူမရှိတော့မှ လွတ်လွတ်လပ်လပ် ပြောလို့ရမည် မဟုတ်ပါလား။





တကယ်လည်း ပိုးတီသည် အာကာ့အနားက ခုံကို တောင် ထပ်တိုးပြေးကပ်ထိုင်ရင်း တရားခံကိုကြည့်သည့် ပုလိပ် မျက်လုံးမျိုးဖြင့် အမှုစစ်သလို စတင်မေးမြန်းလေသည်။

"ဟဲ့ ... သူက ... ဘယ်သူလဲ။ ဘာလဲ ... ဘယ်ကလဲ... ဘာလုပ်ဖို့ နင်နဲ့ လိုက်လာတာလဲ"

"အာ ... မေးခွန်းတွေကလည်း များလိုက်တာ။ ဘယ်ကစ, ဖြေရမှန်းတောင် မသိတော့ဘူး။ တစ်ခု အရင်ပြောထား မယ်။ သူက မကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ လူကောင်းတစ်ယောက်ပါ။ ကျွန်တော်တို့ကို ဒုက္ခပေးမယ့် သူမျိုး မဟုတ်ပါဘူး"

"ဒါဆို ဘာလုပ်ဖို့ ရောက်လာတာလဲ"

"ဒီလိုဗျာ ... သူက မော်ဒယ်တစ်ယောက်ပါ။ ကျွန်တော် က အဲဒီအစ်ကို့ဆီမှာ အလုပ် လုပ်သေးတယ်။ ဟိုဗျာ ... သိတယ်မှလား။ အဝတ်အစား စီစဉ်ပေးတာတို့ ဘာတို့ နောက်ပိုင်း အဲဒီ အစ်ကို့အခန်းမှာတောင် သွားနေသေး တာလေ ...

အခု ကိုဒေါင်းဝါကို သူ့အိမ်က မိန်းမပေးစားမယ် ဆိုလို့ သူလည်း ရုတ်တရက် ကြံရာမရှဖြစ်ပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒီကိုထွက်လာတာပါ။ သူ ... သူက ... သူ့အသွားက အရမ်းချမ်းသာတဲ့ သူဌေးဗျ။ ဒါကြောင့် သူ့ကိုခေါ်ထားလို့ မပိုး အကျိုးမယုတ်ပါဘူး ... ဟဲ ... ဟဲ"

"ဟဲ့ ... အကောင်"

"ဗျာ ... ဘ ... ဘာလဲ ... မပိုးရ"

မပိုးရဲ့မျက်လုံးတွေက အာကာ့ကို တော့ အေ ထော့ တစ်ယောက်ကို ကြည့်သလိုနှင့် မှေးစင်းစွာ ကြည့်နေသည်။

"နင် နည်းနည်းလေးမှ ဦးနှောက်ဉာဉ် မရှိဘူးလား ... ဟမ်။ နင့်လူကို ဒီမှာခေါ်ထားပြီး ငါက ရေပဲတိုက်ထားရမှာလား။ ထမင်းမစားတော့ဘူးလား နင့်လူက ? ...

ပြီးတော့ ... နင် စဉ်းစားစမ်း။ နင့်အိမ်မှာ နင့်အစ်မ တစ်ယောက်လုံးရှိတယ်။ မိန်းမပျိုလေးရှိတဲ့အိမ်ကို သူစိမ်းယောကျာ်းတစ်ယောက် ခေါ်လာစရာလား"

"မိန်းမပျို ! ၊ မမပိုးက မိန်းမပျိုလား ... ခွစ် ခွစ်"

"ဒေါက်"

လက်မြန်သော ပိုးတီရဲ့လက်က အာကာ့ခေါင်းကို ဒေါက်ခနဲ ခေါက်ပြီးသား ဖြစ်သွားသည်။

အာကာက ရှုံ့မဲ့ရင်းမှ...





"မပိုးကလည်း ... မပိုးက ဒီလောက် ကျားကျားလျားလျား ကြီးကို မိန်းမပျိုလေးဆိုလို့ ကျွန်တော်က ရယ်မိတာကို... ဟွင့်"

"တိတ်စမ်း ... ရှုးသလို ပေါသလို လာလုပ်မနေနဲ့။ လူ တစ်ယောက်ကို ငါ အလကားကျွေးမထားနိုင်ဘူး"

"ဟာ ... မပိုးရယ်။ ဒုက္ခ ရောက်နေသူကို ကူညီရကောင်း ပါတယ်ဗျာ"

"အောင်မာ ... ဟိုဒင်းပါးစပ်ကများ နုတ်စကားထွက်လို့ ဆိုတာ။ ငါ ပြောလိုက်ရ မကောင်းပဲ ရှိတော့မယ်။ နင့်လူက မိန်းမ မယူချင်လို့ သူ့ဟာသူ ထွက်လာတာလေ၊ ဘာဒုက္ခရောက်စရာရှိလဲ။ သူ့ဒုက္ခ သူရှာတာ"

"ဩော် ... ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ မပိုးရာ။ သူ့အသွားက သိပ်ချမ်းသာတာပဲဟာ။ သူလည်း ကျေးဇူးသိတတ်မှာပါ"

"ဟုတ်ပါတယ်"

နောက်ကျောကနေ အသံထွက်လာသောကြောင့် ည့်ကြည့်လိုက်လျှင် မတ်တတ်ရပ်ကာ တံခါးကိုမှီပြီး လက်ပိုက် ပ်နေသော ဒေါင်းဝါကို တွေ့လိုက်ရသည်။ ဒေါင်းဝါ မျက်နှာက ည်းနည်းတည်နေကာ မျက်လုံးတွေက ပိုးတီထံကိုပဲ တည့်တည့်

www.burmeseclassic.com



လှမ်းကြည့်နေသည်။ ယောကျ်ားလေးတစ်ယောက်က အဲဒီလောက် တည်တည်နှင့်နှင့် စိုက်ကြည့်နေတာ မကြုံဘူးသဖြင့် ပိုးတီ စိတ်ထဲ တစ်မျိုးဖြစ်ရသလို မနှစ်သက်သလို ခံစားရသည်။

ပိုးတီ ဘာပြောရမှန်း မသိခင်မှာပဲ ဒေါင်းဝါထံမှ စကားသံ ထွက်လာသည်။

"ကျွန်တော် ဒီအချိန်မှာ ဒုက္ခရောက်နေလို့ ဒီမှာ ဓလာနေချင်တာပါ။ အာကာ ပြောနေပေမယ့်လည်း သူက အငယ်ဆိုတော့ ကျွန်တော့်အတွက် ဝင်ပြောနေရတာ မကောင်းဘူး ထင်လို့ ပြန်ဆင်းလာပြီး ကိုယ်တိုင်ပဲ မပိုးတီဆီမှာ ခွင့်တောင်းမယ်လို့ စိတ်ကူးတာပါ ...

ကျွန်တော် ဒီမှာ အလကားမနေပါဘူး။ ဒီမှာလည်း ခြံအလုပ်တွေ ဆိုင်အလုပ်တွေ ရှိတယ်ဆိုတော့ ကျွန်တော် လိုအပ်တဲ့နေရာမှာ ဝင်ကူညီပါ့မယ်။ ဘယ်လိုလဲ ဒီလောက်ဆို ကျောတစ်နေရာစာနဲ့ ထမင်းတစ်လုတ်အတွက် အဆင်ပြေနိုင်တယ် မဟုတ်လား"

သူက ပိုးတီရဲ့မျက်လုံးတွေထဲသို့ တည့်တည့်ကြည့်ကာ တည်တည်ပြောလိုက်လျှင် ရုတ်တရက်မို့ ဘာပြန်ပြောရမှန်း မသိချေ။ ပိုးတီ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ အာကာက





"ဟား ... ဟုတ်တယ် ... ဟုတ်တယ်။ ငါ့အစ်ကိုက အဲလိုပါဆို။ အလိုက်သိတယ် တွေ့တယ်မှလား။ ဟင်း ... မမပိုး ဘာမှ စိတ်မပူနဲ့တော့ ... နော်။ မမပိုး အလုပ်တွေကို ကျွန်တော်နဲ့ အစ်ကို အားသွန်ခွန်စိုက် ကူညီပါ့မယ်"

မပိုး ဒီ့ထက် စီးပွားတက်စေရမယ်ဗျာ။ ဟုတ်ပလား ထမင်းတစ်နပ် လျှော့စားပြီး အကျိုးအမြတ်ရအောင် ကူညီပါ့မယ်"

"တိတ်စမ်း ... နင်လား ထမင်းတစ်နပ် လျှော့စားမယ့်ရုပ်။ ဒီမှာ ကိုအဝ့ါ ... တစ်ခုတော့ ပြောထားမယ်နော်။ ကျွန်မ အိမ်မှာနေရင် ကျွန်မ စည်းကမ်းကို လိုက်နာရမယ်၊ ပြီးတော့ ကျွန်မကို လေးလေးစားစား ဆက်ဆံရမယ်"

"ဟုတ်ကဲ့ပါ အစ်မ"

"ကောင်းပြီ ... စောင်ကြည့်သေးတာပေါ့"

ဆရာကြီးဟန်ပန်နှင့် ပြောပြီး ထွက်သွားသော ိုးတီကို ကြည့်ကာ ဒေါင်းဝါနှင့် အာကာက အချင်းချင်းမျက်စ စ်ပြ အသံတိတ် ရယ်မောပြကြတာကိုတော့ နောက်စေ့ကမမြင် ိုင်သည့်အတွက် ပိုးတီ တစ်ယောက် မသိနိုင်ခဲ့ပြီချေ။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဘုန်း ... ဘုန်း ... ဘုန်း"

အဆက်မပြတ် ထုရိုက်နေသော တံခါးရိုက်သံကြောင့် ခေါင်းဝါမှာ အိပ်မက်ကောင်းတုန်း လန့်နိုးလာရသည်။ ပထမတော့ ဘယ်ကအသံလဲဟု အူကြောင်ကြောင် ရှာဖွေနေရာမှ နောက်တော့ အခန်းတံခါးကို ထုရိုက်နေသည့်အသံဆိုတာ သဘောပေါက်သွားရပြီး အိပ်ချင်မူးတူး ဒယီးဒယိုင်ဖြင့် တံခါးကိုဖွင့်လိုက်သည်။

မျက်လုံးထဲတွင် မပီပိုးတဝါး ပေါ်လာတာက ခါးထောက်ပြီး မယ်ကုဝဏ်မျက်နှာထားနှင့် ရပ်ကြည့်နေသော ပိုးတီဖြစ်သည်။





မယ်ကုဝဏ် မျက်နှာနဲ့ပဲရပ်ရပ်၊ အွန်စောမျက်နှာနဲ့ပဲရပ်ရပ် သူမက အိမ်ကြီးရှင် ကိုယ်ရဲ့နှိုးနှားရာမို့ ခေါင်းဝါက လက်တစ်ဖက်ထောင်ကာ ဝါးခနဲသမ်းရင်း နှုတ်ဆက်လိုက်သည်။

"ဟိုင်း ... မောနင်း"

"ဘာ မောနင်းတာလဲ။ ဘယ်အချိန်ရှိနေပြီလဲ"

"ဩော် ... အိမ်မှာ နာရီမထားတဲ့အထဲ ခွေ့တာ တာလား။ ဟုတ်ပြီ ! ခဏလေး၊ ကျွန်တော် ကြည့်ပေးမယ်"

သူက နောက်ဘက်သို့ ချာခနဲ လှည့်အထွက် ပိုးတီရဲ့ "ဒီမှာ"ဟူသော အသံကျယ်ကြီးက စပ်ဆောင့်ဆောင့် ထွက်လာသည်။

"ရှင် အရူးကွက် လာနင်းမနေနဲ့။ ရှင် ဝကယ်မရူးဘူးဆိုတာ ကျွန်မ သိတယ်။ ဘယ်အချိန် ရှိနေပြီလဲဆိုတာ ရှင့်ကို ရွဲ့မေးနေတာ။ အခု ဘယ်နှနာရီ ထိုးနေပြီလဲ ရှင်သိလား"

"သိဘူးလေ"

သူက အူကြောင်ကြောင်နှင့် ခေါင်းကုတ်ဖြေမိသည်။ ဒီကောင်မလေးဟာ ဘာတွေ လာမေးနေမှန်းလဲ မသိချေ။ ပြောစရာရှိတဲ့ စကားကို ဒဲ့မပြောဘဲ ဟိုဝေ့ ဒီဝိုက်နေတာ ဆိုးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးနာရီခွဲနေပြီ ... သိရဲ့လား"

"မသိပါဘူးဗျာ။ ကျွန်တော့်အတွက် နာရီတွေက အရေးမပါ,ပါဘူး"

"ဒီမှာ အပိုတွေ လျှောက်ပြောမနေနဲ့။ ရှင် မနေ့က ဘာပြောထားလဲ။ ဒီမှာနေတဲ့ အတောအတွင်းမှာ ဒီကအလုပ်တွေကို ကူညီပေးမယ် ပြောထားတယ် မှုလား။ ဒီအိမ်မှာ အကုန်လုံး မနက်ငါးနာရီ ခြောက်နာရီ ထ,ကြရတယ်...

ဒီလို နေဖင်ထိုးအောင် အိပ်လို့မရဘူး"

"ဪ ... အဲလိုလား။ ဆောရီးပါဗျာ ... ကျွန်တော် ညက ဟိုတွေးဒီတွေးနဲ့ အိပ်ရာဝင်တာ နောက်ကျသွားလို့ပါ၊ ကျွန်တော် ခင်ဗျားကို အိပ်ရာနိုးရင်တောင် လာမေးမလို့ပါ။ ကျွန်တော် ဘာတွေ လုပ်ပေးရမလဲ။ ဘာတာဝန်တွေ ယူရမလဲပေါ့နော်"

ပိုးတီက ဟင်းခနဲမြည်အောင် နှုတ်ခမ်းကို ပိုပိုသာသာမဲ့ပစ်လိုက်ကာ စိတ်ထဲကလည်း တကယ်ကို နှာခေါင်းရှုံ့မိသည်။ ဆံပင်က ဘေးတွေအပြောင်ထိုးထားပြီး နဖူးပေါ်မှာသာ အဖုတ်လိုက် ရှုပ်နေသော ပွယောင်းယောင်းဆံပင် ကြေးနီဖျော့ရောင်လိုလို မဟော်ဂနီရောင်လိုလိုဖြင့် မျက်နှာက အိပ်ရေးဝကာ





အစ်ထွက်နေသည်။ စွပ်ကျယ်သားတီရှပ်က ကျေတွန့်ပြီး ဖလန်ထည်လို ညဝတ်ဘောင်းဘီအကွက်ကြီးကို ဝတ်ဆင်ထားသည့် သူ့ထံမှ ဘာနံ့မှန်းမသိကိုလည်း ရှူရှိုက်နေရသေးသည်။

ဘာနံ့ပါလိမ့်။ တစ်မျိုးပဲ အဲဒီအနံ့ကို ရလာတော့ ရင်ထဲမှာဖြစ်သွားတဲ့ ခံစားချက်က တစ်မျိုးပဲ။ အို ... ရှုပ်လိုက်တာ။

"ကောင်းပြီ။ ဒီမှာ ... ရှင် လုပ်ရမယ့် တာဝန်တွေရှိတယ်။ စည်းကမ်းတွေရှိတယ်။ ရှင် မျက်နှာသစ်ပြီးရင် ကျွန်မဆီ လာခဲ့ပါ"

"မျက်နှာသစ်ပြီးရင် ချက်ချင်း လာရမှာလား"

"ရှင် ဘာတွေ ကတ်ဖိုးကတ်ဖဲ့ မေးနေတာလဲ"

"ဪ ... မဟုတ်ဘူးလေ။ မျက်နှာသစ်ပြီး မနက်စာ မစားရတော့ဘူးလားလို့၊ ကျွန်တော်က မျက်နှာသစ်ပြီးရင် ဗိုက်ဆာတတ်လို့ပါ ...

ဟို Breakfast စားနေတုန်း ပြောလို့ မရဘူးလား"

ဘယ်လိုလူပါလိမ့်။ သူများအိမ်ကိုလည်း လာနေသေး အလိုက်ကန်းဆိုးလည်း နည်းနည်းမှ မသိတတ်သော ထိုလူကို ပိုးတီက အာကာ အသုံးမကျလျှင် ကြည့်နေကြ ပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများကို မေးစင်းကာ ကြည့်မိသည်။ အင်း ... ဂျိုကုပ်ရှိရာ ဂျိုထောင်မလာ။ ဒီပုပ်ထဲက ဒီမဲ,ပဲ ထွက်မှာပေါ့။ အာကာ့ အပေါင်းအသင်း ဆိုတည်းက အကာ့လို လက်ကြောမတင်း အပျင်းထူပဲ ဖြစ်တော့မည်ဟု ပိုးတီက ခန့်မှန်းမိလိုက်သည်။ အင်း ... ဒါမျိုးဆိုတာ နည်းနည်းမှ မျက်နှာသာပေး၍ မဖြစ် ဆိုတာလည်း သဘောပေါက်လိုက်လေသည်။

"မရဘူး။ ရှင့်ဘာသာ နောက်မှစား။ ကျွန်မ စကားပြောတာ ရှင် စားသလောက် မကြာဘူး"

"အိုခေပါ ... ကျွန်တော် လာခဲ့ပါ့မယ်"

ပိုးတီက နှုတ်ခမ်းကို တင်းတင်းစေ့ရင်း လှည့်ထွက်လာခဲ့သည်။ ဆိုင်ခင်းဖို့ ထွက်လာတုန်းမှာပဲ ကြက်ဥကောက်ပြန်လာသော အာကာနှင့် ဆုံသည်။ အာကာက ပါးစပ်ဖြဲကာ တစ်ခုခုပြောဖို့ စဉ်းစားနေတုန်းမှာပဲ ပိုးတီ ပါးစပ်က စက်သေနတ်ပစ်သလို စကားလုံးများ တရစပ် ထွက်ကျလာသည်။

"ဟဲ့ ... အာကာ။ နင့်ဟာက ဘယ်လိုလဲ ... ဟင်။ ခုထိ အိပ်ရာက မထလို့ သွားနှိုးရတယ်။ လုပ်ရမယ့် အလုပ်တာဝန်တွေကို ပြောမယ်ဆိုတော့လည်း Breakfast စားရင်း နားထောင်မယ်တဲ့ ...





ဘယ်လိုဟာလဲ မသိဘူး။ သူများအိမ် လာနေတာ အလိုက်ကန်းဆိုးလည်း မသိ။ အာကာ ... နင် ဘယ်လိုဟာကို ခေါ်လာတာလဲ ... ဟမ် ? နင်တင် ဒုက္ခပေးရတာ အားမရလို့ နင့်ယောက်ဖကို ခေါ်လာရတာလား"

"ဟိ ဟိ ... ကိုဒေါင်းဝါမှာ ညီမ မရှိဘူး။ ပေးချင်းပေးမပိုးကိုပဲ ပေးရမှာ"

"တိတ်စမ်း ... နင့် ပါးစပ်ကို။ ဒီမှာ နင့်လူကို နင့်ဘာသာ ပြောထား၊ ဒီမှာလာပြီး ဝေလေလေ လုပ်ဖို့တော့ မစဉ်းစားနဲ့လို့"

"ဟုတ်ကဲ့ခင်ဗျ ... ကျွန်တော် ရောက်လာပါပြီ"

နောက်က ရောက်လာသော အသံကြောင့် ပိုးတီက လှည့်ကြည့်လိုက်လျှင် လက်နှစ်ဖက်ကို နောက်ပစ်ထားသော ဒေါင်းဝါကို တွေ့လိုက်ရသည်။ သူ့အကြောင်း ပယ်ပယ်နယ်နယ် ပြောနေစဉ်မှာ သူ ရောက်လာခြင်းကြောင့် ပိုးတီက ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူက ထပ်ပြောသည်။

"ကျွန်တော် ဒီအိမ်မှာ ဘာတာဝန်တွေများ လုပ်ကိုင်ရမလဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မနက်ကို ခြောက်နာရီ ထရမယ်။ ကြက်ခြံ ဘဲခြံဘက်ကို တာဝန်ယူရမယ်။ ပြီးရင် ဆိုင်ဖွင့်တဲ့ အချိန်မှာလည်း လိုအပ်သလို စားပွဲထိုးတာတွေ ဘာတွေ အို ... လိုအပ်ရင် လိုအပ်သလို ကူညီပေးရမယ် ...

အဓိကတာဝန်တွေပဲ ငါ့တာဝန်လို့ သဘောမထားဘဲနဲ့ မျက်စိရှေ့မှာ လိုအပ်ရင် လိုအပ်သလို လုပ်ပေးရမယ်"

"ကောင်းပါပြီ၊ အဲ ... တစ်ခုတော့ ပြောချင်တယ်"

"ပြော"

ဟူသော သဘောဖြင့် ပိုးတီက မေးဆတ်ပြလိုက်သည်။

"ကျွန်တော်က ကြက်ခြံ ဘဲခြံတွေ ဘယ်လိုလုပ်ရမယ်ဆိုတာ နားမလည်ဘူး၊ အဲဒီတော့ ကျွန်တော့်ကို ပြဖို့လိုတယ်"

"ပြီးတာပဲ ... နေ့လယ် အစာကျွေးချိန်ကျရင် ရှင့်ကိုပြမယ်"

"ဟုတ်ကဲ့ ... ကြည့်ချင်ပါတယ်"

"ရှင် ဘာစကား ပြောတာလဲ"

ပိုးတီရဲ့ သွားကြားထဲက လေထွက်လာသလို တိုးတိတ်အေးစက်သော အသံကြောင့် ဒေါင်းဝါက ကမန်းကတန်း လက်ကာပြရသည်။





"မဟုတ်ဘူးလေ ... ကျွန်တော် ပြောတာက ခင်ဗျားရဲ့ စကားအလိုက်ကိုပဲ ပြောတာလေ"

"စကားပြောရင် ပြောချင်သလိုလို နောက်ချင်ချင်သလိုလို မပြောနဲ့ ဒေါင်းဝါ၊ ကျွန်မက ရှင်နဲ့ ရွယ်တူမိန်းမသားဆိုပေမယ့် ဒီအိမ်မှာ ကျွန်မက အိမ်ထောင်ဦးစီး။ ကျွန်မက ရှင့်ကို အာကာ့မျက်နှာကြောင့် လက်ခံထားတာ ...

ဒါပေမဲ့ အာကာ ဆိုတာလည်း ကျွန်မကို မှီခိုနေတဲ့ သူပဲ။ အဲဒီတော့ ကျွန်မကို မလေးမစားလုပ်တဲ့ အပြုအမူမျိုး ရှင် ဆင်ခြင်ပါ"

"အိုခေပါ"

ဘာပြောပြော အရေးမကြီးသလို ပုံစံမျိုးနှင့် အိုခေပါချည်း ပြောနေသော ဒေါင်းဝါကို မနှစ်မြို့စွာဖြင့် ပိုးတီက လှည့်ထွက်လာခဲ့သည်။ ပိုးတီရဲ့အရိပ် ပျောက်ကွယ်သွားတော့မှပဲ ဒေါင်းဝါက အာကာ့ဘက်သို့ မျက်စတစ်ချက် ပစ်ပြလိုက်ရင်း ပခုံးတွန့်ရင်း ဆိုမိသည်။

"မင်းအစ်မကလည်းကွာ ဩဇာသီး ရောင်းလိုက်တာ"

"ဟဲ ... သူ့ကိုယ်စား တောင်းပန်ပါတယ်ဗျာ။ သူက ဒီလိုပဲ ဟောက်စားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ။ ငါ နားလည်ပါတယ်။ သူ့လို လူမျိုးကို ဘယ်လိုဆက်ဆံရမလဲဆိုတာ ငါ ကောင်းကောင်းသိတယ်"

"ဟာ ... တယ်ဟုတ်ပါလား။ ကျွန်တော့်လို တစ်သက်လုံး နေလာတဲ့ကောင်တောင် မပိုးကို ဘယ်လိုပေါင်းသင်းရမယ်ဆိုတာ မသိဘူး။ ငါ့အစ်ကိုက တစ်ရက်တည်းနဲ့ ဘယ်လို သိသွားတာလဲဗျ"

"သြော် ... ဒါက နဖူးရေ ဒူးရေ ကြည့်ရင် သိပါတယ်"

"ဗျာ"

"အာ ... ပြောတာ မှားသွားလို့။ လူပုံစံကြည့်ရင် သိပါတယ်လို့ ... ဟဲ ဟဲ၊ ကဲပါကွာ မင်းလည်း ကြားထဲက အနေကျပ်မနေပါနဲ့။ ငါက နေတတ်ပါတယ် ...

မင်းအစ်မက ဘယ်လိုပဲ အပေါက်ဆိုးတယ်၊ ချစ်တီးကျတယ်ပြောပြော၊ လောလောဆယ်တော့ ငါ့ကို နေခွင့်ပေးထားတာပဲ ကျေးဇူးတင်ရမှာ ...

ဒီလိုပဲ အလိုက်အထိုက် ကြည့်နေရမှာပေါ့၊ ဟုတ်ဖူးလား"

"အင်း ... ဒီလို သဘောထားပေးတာ ဝမ်းသာပါတယ်ဗျာ။ ကဲ ... ဒါဆို ဖိုက်တင်း"





အာကာက ကိုရီးယားကားထဲကလို လက်သီးဆုပ်လေး ထောင်ပြသည်။

သူက ပြုံးစစနှင့် ခေါင်းညိတ်ပြလိုက်ရင်း မျက်လုံးထဲတွင် စိန်ပိုးတီတည်းဟူသော မိန်းကလေးမျက်နှာကို မြင်ယောင်လာသည်။ လူတစ်ယောက်ကို ထမင်းအလကားကျွေးမထားချင်သော မိန်းကလေး၊ ထမင်းတစ်လုတ်နှင့်တန်အောင် လုပ်အားခကို တန်ရာတန်ဖိုး ရယူချင်သော မိန်းကလေး။ ဘာပဲဖြစ်ဖြစ် သူကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်က မိန်းကလေးတွေနှင့် ယှဉ်လျှင်တော့ သူမဟာ ဟကယ်ကို လေးစားစရာ ကောင်းပါသည်။

ဒါပေမဲ့လည်း ချစ်တီးဆန်တာလေးကတော့ အပျိုလေးတန်မဲ့ မလိုက်ဖက်လှ။ ဒါဟာလည်း နေတတ်ရင် ကျေနပ်စရာ သူ့အတွက် စိတ်ဝင်စားစရာကောင်းသာ သဘာဝဆန်သည့်နေ့ရက်များ ဖြစ်လာဦးတော့မည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"အင်း ... ကြက်မတွေ ဘဝကလည်း မလွယ်ပါလားနော်"

ကြက်စာကျွေးရင် ပြောလိုက်သော ဒေါင်းဝါရဲ့စကားကြောင့် ဒီဘက်မှာ အလုပ်လုပ်နေသော ပိုးတီက ဆတ်ခနဲလှည့်ကြည့်လိုက်လျှင် ဒေါင်းဝါက သူမကိုမကြည့်ဘဲ သူ့အလုပ် သူလုပ်နေသည်။ ဒါပေမဲ့လည်း လုပ်ပုံ ကိုင်ပုံက လက်ကျောမတင်း သွက်သွက်လက်လက်မရှိဘဲ တို့တိ တို့တိ ဖြစ်နေသည်။ သူ့ကိုပဲ ညစ်ပတ်ပေရေတော့မှာလိုလို၊ ကြက်တွေကြားထဲ ရောက်နေရတာပဲ စွံ့ရှာသလိုလိုနှင့် ပိုးတီက နှုတ်ခမ်းကို မဲ့ရွဲ့မိသည်။

"ခင်ဗျား ဝဋ်လည်မှာ မကြောက်ဘူးလား"

ဟော ... လာပြီ။ ဒါက ကိုယ့်ကို တိုက်ရိုက်မေးသောစကား။ ပိုးတီက ကြက်စာခွက်ထဲကို ကြက်အစာတွေ





လောင်းထည့်ပေးလိုက်ရင်း ပုံးကိုချကာ ခါးထောက်ရင်း သူ့ကို တည့်တည့်ကြည့်ရင်း ခေါ်လိုက်သည်။

"ဒီမှာ"

"ပြောဗျာ"

"ရှင် စကားမများပဲ အလုပ်ကို အေးအေးဆေးဆေး လုပ်လို့မရဘူးလား"

"ခင်ဗျားကလည်း သိပ်ချေတာပဲဗျာ"

"ဘာရယ် ... ဘာချေတာလဲ"

"ဟက် ... ချေတယ်ဆိုတာ သိဘူးလား"

"သိဘူး"

"အေးလေ ... ဖြစ်တတ်ပါတယ်"

"ဘာဖြစ်တတ်တာလဲ။ ဒီမှာ ကျွန်မကို စကားပြောရင် ရှင်းရှင်းလင်းလင်းပြော၊ ကျွန်မ မသိတဲ့စကားတွေ လာမပြောနဲ့"

"အင်း ... ဒီခေလေ။ သြော် ... ကျွန်တော် ဆိုလိုတာက ခင်ဗျားက ကြီးကျယ်တယ်လို့ ပြောချင်တာပါ။ အဟင်း... ခင်ကြီးကျယ်ပေါ့။ အဲဒါတော့ သိတယ်မှလား စိုင်းစိုင်းခမ်းလှိုင်သီချင်း ကြားဖူးတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး"

"ဩော် ... နေပါတယ် ... နေပါတယ်၊ ဘယ်မှ မသွား သေးပါဘူး"

ပိုးတီက စိတ်ပျက်လက်ပျက်နှင့် ကျစ်ခနဲ လုပ်မိသည်။ ကိုယ်က စကားပြောရင် နေစမ်းပါဦး ဟူသော စကားက် အမြဲပါတတ်သူ။

"ဩော် ... နေပါတယ် ... နေပါတယ် ... ဘယ်မှမသွား ပါဘူး"

ပိုးတီက စိတ်ပျက်လက်ပျက်နှင့် ကျစ်ခနဲ လုပ်မိသည်။ ကိုယ့်ကစကားပြောရင် နေစမ်းပါဦး ဟူသော စကားက အမြဲပါတတ်သူ။ လူတစ်ယောက်မှာ စကားပြောလျှင် အကျင့်ပါနေတတ်သော အသုံးအနှုန်းလေးများ ရှိသည်ဆိုလျှင် ကိုယ့်ကို စိတ်တိုင်းမကျစေရာ လာလာပေးတတ်သော သူများနှင့် ဆက်ဆံနေရသည့် ပိုးတီရဲ့လက်သုံးစကားမှာ "နေစမ်းပါဦး"ဟူသော ငေါ်တော့တော့စကားသာ ဖြစ်တော့မည်။

"ရှင် ဘာသဘောနဲ့ ခင်ကြီးကျယ်လို့ သမုတ်ရတာလဲ"

"ဘာလဲ ... သမုတ်တယ် ဆိုတာ ! "





မြန်မာစကားကို နားမလည်သူနှင့် ဗန်းစကားကို မသိသူတို့ တွေ့တော့ တွေ့နေပြီဟု ပိုးတီက တွေးမိကာ နှာခေါင်းထဲက လေထွက်ရုံ ချိခနဲ ရယ်မိသည်။

"စွပ်စွဲတာကို ပြောတာဟေ့ ... သိပလား"

"ဩော် ... စွပ်စွဲတာကို သမုတ်တယ်လို့ ပြောတယ်"

"ကဲပါ ... ရှင့်ရဲ့ ခင်ကြီးကျယ် ဇာတ်လမ်းကို ရှင်းစမ်း ပါဦး"

"ဩော် ... ကျွန်တော်က ဒီအိမ်မှာ အခြေအနေမလှလို့ ခေတ္တခဏ လာရောက်တည်းခိုနေရတဲ့ သူလေဗျာ။ အခိက, က ခင်ဗျားမျက်နှာ ကြည့်နေရတာပါ။ ခင်ဗျားက အရော မဝင်ချင်သလိုလို အဖက်မတန်သလိုလို လုပ်နေတော့ ကျွန်တော်က ဘယ်လိုနေရမလဲ၊ နေစရာနေရာ မရှိဘူးပေါ့"

"ဟက် ဟက် ... နေစရာမရှိမှာတော့ မပူနဲ့၊ ရှင့်အတွက် ကျွန်မ စီစဉ်ပြီးပြီ"

"ဗျာ ... စီစဉ်ပြီးပြီ၊ ဘာကိုစီစဉ်တာလဲ"

"သူစိမ်းယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်ထဲမှာ ကျွန်မ အတူမနေနိုင်ဘူး၊ ကြက်ခြံဘက်မှာ တဲတစ်လုံးထိုးဖို့ ကျွန်မ စီစဉ်ပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ … တဲတစ်လုံး"

"အင်း … ဟုတ်တယ်လေ၊ ရှင်နဲ့ အာကာနဲ့ နေပေါ့"

"တဲနဲ့ … ! "

မယုံသလို နင်နေသလို ဖြစ်နေသော ဒေါင်းဝါကို ကြည့်ကာ ပိုးတီက ကိုယ်လုပ်နေကြ စတိုင်လ်အတိုင်း အောက်နှုတ်ခမ်းလေးကို ရှေ့သို့တွန်းထုတ်ရင်း ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။ ဒေါင်းဝါက ဝမ်းနှုတ်ဆေး ဆယ်လုံးသောက်ထားပြီး ဝမ်းချုပ်ဆဲလူလို ဖြစ်နေသည်။

"အင်းပေါ့လေ … ထားတဲ့နေရာ နေရတော့မှာပေါ့"

"ရှင် စဉ်းစားကြည့်ပါ။ ကျွန်မက ရှင့်ကို လက်ခံထားတာပဲ တော်တော့်ကို လူသားချင်း စာနာရာ ရောက်နေပြီ မဟုတ်လား။ မိန်းမပျိုတစ်ယောက် ရှိတဲ့အိမ်မှာ ယောကျ်ားလေး တစ်ယောက်လာနေထိုင်တာ ပတ်ဝန်းကျင်ကလည်း ကြားလာရင် ဘာပြောမလဲဆိုတာ ရှင် စဉ်းစားကြည့်ဦး …

ရှင်နဲ့ တစ်မိုးအောက်မှာ အတူနေရတယ်ဆိုတဲ့အဖြစ်ကိုလည်း ကျွန်မ စိတ်မသန့်ဘူး။ ဒီတော့ အခုလို စီစဉ်လိုက်ရတာပဲ။ ရှင်လည်း လွတ်လွတ်လပ်လပ် ပိုရှိတာပေါ့လေ"





ဒေါင်းဝါက ဘာမှမပြောနိုင်ဘဲ နှုတ်ခမ်းအတွင်းသားထဲ လျှာကိုထိုးထည့်ကာ မအီမလည်ရယ် လုပ်ပြနေသည်။

"ထားပါလေ … ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားကို ကျွန်တော် အာမခံနိုင်တာကတော့ တစ်ခုရှိပါတယ်။ ကျွန်တော်က လူဆိုးတစ်ယောက်တော့ မဟုတ်ပါဘူး"

"ဟား … ဟား … ဟား"

ပိုးတီက အူလှိုက်သည်းလှိုက် ရယ်မောသဖြင့် ဒေါင်းဝါက ဖြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေသည်။ ပြီးတော့မှ မျက်မှောင်ကြုတ်ဖြင့် ဘောက်ဆတ်ဆတ် ပြန်မေးသည်။

"ခင်ဗျားက ဘာကို ဟား ဟား နေတာလဲ"

"ဩော် … ရှင်က လူဆိုးမဟုတ်ပါဘူး ဆိုလို့လေ။ လူဆိုးလူကောင်းဆိုတာ ချိုပါတာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကို အာမခံတယ်လေ။ ကျွန်တော့်မှာ ကိုယ်ရေးကိုယ်တာ ပြဿနာကြောင့်သာ အားလုံးနဲ့ အဆက်အသွယ်ဖြတ်ချင်လို့ ဒီကို ရောက်နေတာ။ ကျွန်တော် ဟောဟောရမ်းရမ်းထဲကလည်း မဟုတ်ပါဘူး …

ခင်ဗျားတို့ကို ဒုက္ခပေးမယ့်သူမျိုးလည်း မဟုတ်ဘူး။ အဲဒါကို ဆိုလိုချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက မယုံသလို မဲ့ပြုံမိသည်။ သူက ကြက်စာ ခွက်ကိုင်ထားသော လက်ကို တဖျပ်ဖျပ် လက်ဝါးရိုက်ခါရင်း ...

"ခင်ဗျားတို့ ကြက်မွေးတာ နှစ်မျိုးနှစ်စား မွေးတာပဲ၊ ဘာလို့လဲ"

"မတူဘူးလေ။ အဆင့်အတန်းချင်း ကွာတယ်"

"အင်းလေဗျာ ... မွေးမြူရေးကြက်တွေရဲ့ဘဝက သနားဖို့ ကောင်းလိုက်တာ။ ကျွန်တော်ပြောတဲ့ ခင်ဗျား ဝဋ်လည်မှာ မကြောက်ဘူးလား ဆိုတာ အဲဒါကို ပြောတာပေါ့"

"အမယ်လေး ... အဂ္ဂါပါးစပ်က နတ်စကားထွက် ဆိုတာ ရှင်တို့လို လူမျိုးကို ပြောတာနေမှာ။ ရှင်စားနေတဲ့ကြက် တွေက ဘာတွေလဲ။ သတ္တဝါတွေကို သနားရင် အသား စားမနေနဲ့ ... သိလား"

"ဩော် ... အဲလိုတော့လည်း အပြတ်မဖြတ်နိုင်သေးဘူး လေဗျာ။ ဒါပေမဲ့ ခင်ဗျား ခံယူချက်ကို သိချင်လို့ မေးတာ ပါ"

"ဒီမှာ ... ကိုယ့်မှာမရှိရင် ဘယ်သူမှ လာမကျွေးဘူး။ ကိုယ့်ထမင်း ကိုယ်ရှာစားရတာ ရှင်လည်း စကားများများ မပြောဘဲနဲ့ ကိုယ့်အလုပ် ကိုယ်လုပ်"





ခပ်တင်းတင်းပြောပြီး ပိုးတီက လှည့်ထွက်လာခဲ့ သည်။ မသိစိတ်တစ်ခုရဲ့ အာရုံအရ နောက်သို့ ဖျတ်ခနဲလှည့် ကြည့်လိုက်လျှင် နားထင်မှာ လက်မနှစ်ချောင်းကို ဘယ်ညာထောက် လျက် ကျန်လက်ချောင်းများ လှုပ်ခတ်ကာ လျှာထုတ်ပြောင်ပြ နေသော သင်းကို ပက်ပင်းမိလိုက်ရလျှင် အံကြိတ်ပြီး စေ့စေ့ ကြည့်လိုက်တော့မှ သင်းက သွားဖြဲပြကာ တစ်ဖက်လှည့်သွား တော့သည်။

တောက် ... နည်းနည်းမှ အရောဝင်လို့ မရတဲ့သူ။ အရောမဝင်တာတောင် မျက်နှာပြောင်တိုက်လွန်းနေတာ အရော များဝင်လို့ကတော့မလွယ်ဘူး နှိမ်ထားရမယ်ဟု ပိုးတီက ထပ်၍ ဆုံးဖြတ်မိတော့သည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကိုဒေါင်းဝါ ထမင်းစားမယ်လေ ... လာ"

အပြင်က ပြန်လာသော အာကာက လှမ်းခေါ်လိုက်လျှင် ဗိုက်ဆာနေသော သူကလည်း နှစ်ခါတောင် ခေါ်စရာမလိုဘဲ လုပ်လက်စအလုပ်ကို ချထားကာ ထမင်းစားဖို့ ပြေးလာခဲ့သည်။ အရင်ကဆို ဆယ်နှစ်နာရီ တစ်နာရီထိလည်း ဗိုက်က သိပ်အဆာကြီးမဟုတ်။ ဘယ်ဆာပါ့မလဲ။ လူက ပင်ပင်ပန်းပန်း လုပ်ကိုင်နေရတာမျိုးမှ မဟုတ်တာ။

အရိပ်အောက်မှာ စိမ်နဲ့ အလုပ်လုပ် နေရသောသူတွေအတွက် ဆာလောင်လိုက်တာ ဆိုတာမျိုးက ရှိကြမှာမဟုတ်။





အခုတော့ သူ့မှာ တစ်နေ့ တစ်နေ့ လှုပ်လှုပ် လှုပ်လှုပ်နှင့် တကုပ်ကုပ် လုပ်နေရသည်မို့ နေ့ခင်းဆယ့်တစ်နာရီခွဲဆို ဗိုက်ထဲက ငိုနေပြီ။ ဆယ့်နှစ်နာရီဆိုလျှင်တော့ လက်တောင်တုန်ချင်နေပြီ။ ခုလည်း အာကာ အပြင်က ပြန်လာချိန်က ဆယ့်နှစ်နာရီထိုးခါနီးပြီမို့ သူက ထမင်းဝိုင်းသို့ ပြေးလာခဲ့သည်။ အာကာကြည့်ရတာလည်း ဆာနေပုံပေါက်သည်။

"အမေ့ ... ဘာဟင်းချက်လဲဗျ ... ဆာပြီ"

"အေးပါဟယ် ... နင် ပြန်လာရင် ဆာတော့မယ်ဆိုတာသိလို့ အဆင်သင့်ခူးခပ်ပြင်ဆင်ထားပြီးသားပါ။ ဒေါင်းဝါရေ ... တစ်ခါတည်းစား၊ ဟင်းကတော့ ဘဲဥကိုငါးခြောက်ဒန့်သလွန်သီးနဲ့ မန်ကျီးရည်အုပ်၊ ခရမ်းသီးမီးဖုတ်သုပ်နဲ့ ငါးပိရည် တို့စရာဟေ့"

"ဘာဖြစ်ဖြစ် စားပြီဗျာ၊ လာ ... အစ်ကို ထိုင်"

အာကာက ပန်းကန်နဲ့တောင် မဟုတ်ဘဲ ဇလုံတစ်လုံး ကောက်ယူကာ ထမင်းကို ဇလုံနဲ့အပြည့် ထည့်သည်။ သူလည်း ကြွေပန်းကန်ပြားတွေ ဘာတွေ လုပ်မနေတော့ဘဲ စတီးလ်ဇလုံတစ်လုံး ကောက်ယူကာ ထမင်းထည့်လိုက်သည်။ စားပွဲဝိုင်းမှာ ထိုင်ငိုက်လျှင် ဘဲဥ ငါးခြောက် ဒန့်သလွန်သီးဟင်းနှံက



www.burmeseclassic.com

www.burmeseclassic.com



မွှေးပျံ့လှိုက်တက်လာသည်။ အနံ့မွှေးသလောက် အရသာကလည်း ကောင်းလိုက်သည့်ဖြစ်ခြင်း။ ဒန့်သလွန်သီးတစ်ဖတ်ကို စုပ်လိုက်သည့်တစ်ခဏ နတ်သုဒ္ဓါ မျိုလိုက်ရသလို။

ငါးပိရည်ကလည်း ရိုးရိုးငါးပိရည် မဟုတ်ဘဲ ငါးဘတ်မွှေ ပြန်ချက်ထားတာကို ထည့်ထားခြင်းကြောင့် အရသာရှိလှသည်။ မျှစ်နဲ့ သခွားသီးတို့စရာ မြှုပ်လိုက်တော့ ပြောမနေနဲ့တော့။ ထမင်းတစ်ဇလုံမှာ ဘယ်လိုတောင် ကုန်သွားမှန်းမသိလိုက်ချေ။

"ထမင်းစား ကောင်းတယ် ထင်တယ်။ ထည့်ကြဦးလေ"

"အာ ... ထည့်မှာပေါ့ အမေရာ။ ညှော်သည်မှ မဟုတ်တာ။ ကိုဒေါင်းဝါ ထည့်လေ"

"အဟင်း ... ထည့်မှာပေါ့"

"သားတို့နှစ်ယောက် စားနေကြတာ အားပါးတရကြီး။ တော်တော်များ ကောင်းလား။ သားငါးဟင်းလည်း မပါဘဲနဲ့ဟယ်။ သိတဲ့အတိုင်းပဲ အိမ်က သူဌေးမကလည်း ချွေတာရေးပဲ အမြဲဟစ်ကြွေးနေတာဆိုတော့ ကြက်သား ဝက်သား ဝယ်ချင်တဲ့ရက်က ခပ်ရှားရှားရယ် ...





အိမ်က အလကားရတဲ့ ဘဲဥ ကြက်ဥပဲ လှည့်ပတ်ချက်ခိုင်းနေတာ"

"ရပါတယ် ဒေါ်လေးဖြူရာ။ ကျွန်တော် ရန်ကုန်မှာတုန်းက ကြက်သား၊ ဝက်သားတွေ အမြဲစားဖူးပါတယ်။ ဒီလောက်ကြီး စားမကောင်း ထမင်းမမြိန်ဖူးဘူး။ ဒေါ်လေးဖြူက လက်ဆိပ်ကို ရှိတာနဲ့ တူပါတယ်ဗျာ ...

ငါးပိရည် တို့စရာနဲ့တင် စားလို့ရနေပါပြီ"

"ဟင်း ဟင်း ... အေးပေါ့ကွယ်။ ကြက်သား ဝက်သား မချက်ရတော့လည်း ချက်ရတဲ့ဟာလေးကိုပဲ ကောင်းအောင်ချက်ရတော့တာပေါ့"

"ဒေါ်လေးဖြူ လက်ရာ ထမင်းသုပ် ကောင်းလို့လည်း ရှေ့ကဆိုင်လေးက နာမည်ကြီးနေတာနေမှာ"

"အင်းပေါ့လေ ... ပိုးတီမတို့ အကြိုက်ပေါ့"

ဒေါ်လေးဖြူက မဲ့ကာရွဲ့ကာပြောရင်း ဘဲဥဒန့်သလွန်ဟင်းကို ထပ်ထည့်ပေးသည်။ ဘဲဥ၊ ငါးခြောက်ရိုး၊ ဒန့်သလွန်သီးနှင့် အာလူး အချိုးတကျ ပါဝင်ပေါင်းစပ်ထားသော ဟင်းကအရည်သောက် မပျစ်မကျဲလေးမို့ လည်ချောင်းထဲ ရှောရှောရှူရှူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လှသည်။ ထမင်းတစ်ဇလုံကုန်အပြီး နောက်ဇလုံ အကူးမှာ ဝမ်းမီးငြိမ်းပြီး စကားဟဟ ပြောနိုင်တော့သည်။ အခုနကတော့ စားဖို့သောက်ဖို့သာ လုံးပန်းနေရ၍ ဦးနှောက်ထဲ ဘာမှမရောက်နိုင် မစဉ်းစားနိုင်။ ခုမှ သောင်းကျန်းနေသော အစာအိမ်က ငြိမ်သွားပြီး စကားဟဟ ပြောနိုင်လာသည်။

"ဟော့ကောင် ... အာကာ။ မင်းအစ်မက တဲထိုးပြီး ငါ့ကို ထားမလို့တဲ့"

"အေးဗျ ... ကျွန်တော်လည်း ပြောတာပဲဗျာ။ မရဘူး"

"ပိုးတီက အိမ်မှာ သူစိမ်းယောက်ျားလေးရှိတော့ အနေကျပ် လို့ နေမှာပါ။ တမင်နှိမ်ချချင်တဲ့ စိတ်နဲ့တော့ မဟုတ်ပါ ဘူးကွယ် ...

အာကာလည်း လာအိပ်ပေးမှာပဲဟာ။ မောင်ဒေါင်းဝါ လည်း လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့လေ။ သူနဲ့ ခင်တဲ့ လက်သမားကြီးက ဆောက်ပေးမှာဆိုတော့ သပ် သပ်ရပ်ရပ်လေး ဖြစ်မှာပါ"

ဒေါ်လေးဖြူက ပြေရာပြေကြောင်း ဝင်ပြောသည်။ ဒေါင်းဝါက မသက်မသာပြုံးရင်း ထုံးစံအတိုင်း ပခုံးတွန့်ပြကာ





"ရပါတယ်ဗျာ။ ကိုယ့်ဘဝက နေစရာမရှိတဲ့ဘဝ ဆိုတော့ လည်း ထားတဲ့နေရာ နေရမှာပေါ့။ ဘာမှ ပြောပိုင်တာမှ မဟုတ်တာ"

"စကားကိုတော့ ပိုင်ပိုင်နိုင်နိုင် ပြောလို့မရပေမယ့် အစား ကိုတော့ ပိုင်ပိုင်နိုင်နိုင် စားလို့ရတယ် မဟုတ်လား"

အဲဒီစကားက သူတို့ထမင်းဝိုင်းရဲ့ နောက်ကျောဘက် က ထွက်လာတာဖြစ်ပြီး လှည့်ကြည့်လိုက်လျှင် ထမင်းအိုးတင် ထားသော ပန်းကန်စင်နားမှာ ရပ်နေသည့် ပိုးတီကို တွေ့လိုက် ရသည်။ လက်တစ်ဖက်က ခါးထောက်ထားလျက် တစ်ဖက်က ထမင်းအိုးအဖုံးကို ကိုင်ယမ်းပြနေကာ ခနိုးခနဲ့ ကြည့်နေသည်။

ဘယ်ကနေ ဘယ်လို ရောက်နေပါလိမ့်။ ကြည့်ရ သာ အိမ်ရှေ့က ဝင်မလာဘဲ အိမ်ဘေးကနေပတ်ကာ အိမ်နောက် ဖေးကနေ ဝင်လာတာ ဖြစ်နိုင်ပါသည်။

"အရှေ့မှာ လူတစ်ယောက်မှ မရှိဘူး။ အကုန်လုံး ဒီထဲ စုပြုံရောက်နေကြတယ်၊ ဘာတွေများ ဒူးတိုက်ဆွေးနွေးပွဲ လုပ်နေကြသတုံး ...

အိမ်ရှေ့မှာ တစ်ယောက်ယောက် ရောက်လာရင် ဆိုင်ထိုင်မယ့်သူလာရင်တောင် သိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သိပါတယ် ပိုးတီရယ်။ သူတို့ ခေါ်ကြမှာပေါ့။ အခုလည်း အာကာတို့ ထမင်းစားမယ်ဆိုလို့ ရှုးခပ်ကျွေးနေတာ"

"အာကာတို့များ ထမင်းရှုးကျွေးစရာ မလိုပါဘူး ဒေါ်လေးဖြူရယ်။ သူတို့ ကလေးမှ မဟုတ်တာ။ သူတို့ဘာသာ သူတို့လည်း ရှုးခပ်စားတတ်နေတာပဲဟာ။ အင်း... ဒါနဲ့"

သူမက စကားမဆက်သေးဘဲ သူတို့ထမင်းဝိုင်းသို့ တစ်ချက်ဝေ့ဝဲကြည့်လိုက်သေးသည်။

"တစ်ပတ်ပဲ ရှိသေးတယ်။ ဆန်အိတ်ကလည်း ကုန်တော့မယ်။ ဝမ်းမီးတွေ အတော့်ကို ကောင်းကြတယ် ထင်တယ် ဟတ်လား"

သူမ စကားပြောလျှင် ဘာစတိုင်လ်မှန်း မသိ။ ဟတ်လား ဆိုတာက အမြဲပါသည်။ ဟုတ်လားလည်း မဟုတ်ဘဲ ဟတ်လား ဟတ်လားနှင့် တစ်ဖက်လူကို ဆရာကြီးစတိုင်လ်နှင့် မေးသော ဟတ်လား ဖြစ်သည်။ သူမရဲ့ ခနိုးခနဲ့စကားကို အာကာက တုံ့ပြန်သည်။

"မပိုးကလည်းဗျာ။ ကြက်သား ဝက်သားတွေ ချက်နေရတာလဲ မဟုတ်ပါဘူး၊ အလကားရတဲ့ ဘဲဥ ကြက်ဥကို





အမေက စားကောင်းအောင် ချက်ပြုတ်ပေးနေတာလေးနဲ့ ထမင်းမြိန်အောင် စားနေရတာကို ထမင်းလေးတောင် မသဒ္ဓါဘူးလား ...

ကျွန်တော်တို့လည်း အလကား ထိုင်စားနေတာမှ မဟုတ်တာ။ မပိုး စီးပွားရေးဝိုင်းလုပ်ပေးနေတာပဲ မဟုတ်ဘူးလား"

"အမယ်လေး ... ဗွာတတ်လိုက်တာ ကက်ကက်လန်။ အေး ... ငါကလည်း နင်တို့ ဝမ်းမီးတွေအကြောင်းသိလို့ ကြက်သား ဝက်သားတွေတောင် အမြဲမချက်နိုင်းတာဟေ့...

အခု ဘဲဥချဉ်ရည် ငါးပိချက်နဲ့တောင် နင်တို့ တော်တော်အုပ်နိုင်ကြတာလေ။ ခါတိုင်း လကုန်မှ ဘစ် ဝက်ကျိုးတဲ့ ဆန်အိတ်က ခုတော့ လကုန်ဖို့ တစ်ပတ်လို တာတောင် ဆန်အိတ်က ကုန်တော့မယ်လေ ... ဟင်း"

သူမ ပြောနေတဲ့ပုံက စားနေတဲ့သူတောင် မျိုမကျချင်စရာ။ သူက နင်တင်တင် ဖြစ်နေသော်လည်း အာကာကတော့ မမှုပေါင်ဆိုတဲ့ပုံစံနှင့် ပလုတ်ပလောင်းစားပြနေသေးသည်။ ပထမတော့ ဘာမှမပြောတော့ဘူးဟု ဆုံးဖြတ်ထားသော်လည်း မနေနိုင်သော သူ့ပါးစပ်က ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်းကွာ သူများတွေ ခုနစ်ရက် ခုနစ်လီ အလှူကြီးပေးတာတွေတောင် ရှိသေးတာပဲ။ ယုတ်လတ် မြတ်မရွေး အလကားကျွေးနေကြတာ ...

ကျွန်တော်တို့က လုပ်အားတွေ ထမ်းပိုးပေးထားပါ သေးတယ်"

"ဘာရယ် ! လုပ်အားတွေ ဟတ်လား ... ချို"

သူမက ထုံးစံအတိုင်း ဟတ်လား လုပ်ကာ ကိုရီးယားကားထဲက စတိုင်လ်အတိုင်း နှာခေါင်းထဲမှ လေထွက်ရုံ ချိုခနဲ ရယ်သည်။

"အဲဒီလုပ်အားခက ပိုက်ဆံပေးလိုက်ရင်တောင် ရှင်တို့တွေ ဒီလို အေးအေးလူလူ စားသောက်နိုင်မယ် ထင်လား။ အလုပ်လုပ်နေရပေမယ့် အချိန်တန် အိပ်ရတယ်၊ အချိန်တန်စားရတယ်။ ဘာ worry မှ မရှိဘူး ...

ကျွန်မဆီကရတဲ့ အခွင့်အရေးက ရှင်တို့လုပ်အားခထက်တောင် အများကြီး အဆင့်မြင့်နေတယ်ဆိုတာ သတိပြုပါ"

မျက်စပစ်ကာပြောပြီး လှည့်ထွက်သွားသော ပိုးတီကို သူရော အာကာရောပါ ပါးစပ်အဟောင်းသားပွင့်ပြီး ကျန်ရစ်





ခဲ့သည်။ လုပ်အားခထက်တောင် နေစရာ စားစရာ ကျွေးထားရတာက ပိုတန်သတဲ့။ ပိုးတီမဟာ တော်တော့်ကို စကားပြောတတ်တာပါလား၊ ဘဲဥချည်ဟင်းနဲ့ ငါးပိချက် ကျွေးတာတောင် ခြေသလုံးဖက်ပြီး ကျေးဇူးတင်စကား ပြောရမည့် အနေအထားဘက်ကို ဆွဲယူကာ ပြောသွားသည်။

"အာကာရေ ... မင်း အစ်မက မလွယ်ဘူးဟေ့"

"ကျွန်တော် မပြောဘူးလား။ ခေါင်းထဲထည့်မနေနဲ့ အစ်ကို။ သူ့ပါးစပ်က အဲလိုချည်းပဲ။ ကိုယ့်ဘာသာ နေတတ်သလိုသာနေ"

အင်း ... နေတတ်သလိုသာ နေရမတဲ့။ ဟုတ်ပြီလေ။ သူကလည်း မလုပ် မရှုပ် မပြုတ် လူစားမျိုးထဲကဆိုတော့ နေတတ်သလိုသာ နေဖို့ပဲ ရှိတော့သည်။ ကပ်စေးနှဲအတွက်၊ ငါ့ စကားနှားရ ပြောတတ်သည့် အကွက်တွေကတော့ ပြန်တောင် သင်ယူရဦးလေမည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



၁၅

ပြောရလျှင် ဒီအိမ်မှာ တာဝန်ကိုယ်စီ ရှိပါသည်။ အိမ်ထောင်ဦးစီး စိန်ပိုးတီကတော့ နေရာတကာ ဒါရလျံက် ကျန်တဲ့သူတွေကတော့ ကိုယ့်တာဝန်ကိုယ် အသီးသီး ရှိကြသည်။ အာကာဆိုလျှင် ဘဲခြံဘက်၊ ဆိုင်စားပွဲထိုး၊ ဒေါင်းဝါဆိုလျှင် ကြက်ခြံတာဝန်၊ ဒေါ်လေးဖြူက ထမင်းချက်နှင့် ဆိုင်ရဲ့စားဖိုမှူး စသဖြင့် အပြင်အလုပ်သမား ထပ်မခေါ်ရအောင် ပိုးတီက စီမံကွပ်ကဲထားသည်။ ဒါတောင် အပြင်မှာ ငွေတိုးကောက်တာ။ ဈေးဝယ်တာ၊ နွားခြံဘက် စသဖြင့် ပိုးတီ ယူထားသော တာဝန်တွေက များသေးသည်။

ကျန်သူတွေကတော့ ခိုင်းလို့သာ လုပ်နေကြရပြီး အလုပ်ရယ်လို့လည်း အားကြိုးမာန်တက် မရှိလှဟု ပိုးတီ မြင်မိ





လေသည်။ အခုကိုပဲကြည့် ဈေးဘက်မှာ ငွေတိုးကောက်ပြီး ပြန်လာသော ပိုးတီရဲ့ရင်ဘတ်ကို အမောဆို့စရာက ဆီးကြိုသည်။

"ဟဲ့ ... ဟဲ့ ... ဒါ ... ဒါက ... ဘယ်လိုတွေဖြစ်နေတာလဲ"

ကြက်တွေ ... ကြက်တွေ။ ကြက်ခြံထဲက ကြက်တွေက အပြင်မှာ လွှတ်ထွက်နေသည်။ တချို့ဆို အိမ်အပြင်ဘက်တောင် ထွက်တော့မည်။

"ဟဲ့ ... ရှူး ... ရှူး ... သွားစမ်း ... ဝင်စမ်း ..."

ကြက်တွေက အပြင်ကို ပေးမထွက်ရသော ဥစားမွေးမြူရေးကြက်တွေမို့ ဘယ်လိုလွှတ်မှန်းမသိ အပြင်ထွက်သွားရသောအခါ မြူးတူးပျံ့ဝဲနေပြီး ထိန်းမနိုင် သိမ်းမနိုင် ဖြစ်နေသည်။ ဘယ်လိုဖြစ်တယ်ဆိုတာ မသိရဘဲ ပိုးတီ တစ်ယောက် ဒေါင်ချာစိုင်းနေသည်။

"ဟဲ့ ... ဟဲ့ ... ရှူး ... ဝင်ကြစမ်း ... ဟဲ့ ... ကြက်တွေ"

ကြက်တွေကလည်း လူစကား နားမလည်တော့ ခက်လှသည်။ ဟိုဒီပြေးလွှားနေကြသည်မှာ ဘယ်လိုမှ ထိန်းသိမ်း၍မရ။

"ဟာ ... မပိုး၊ ဘာတွေဖြစ်ကုန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရောက်လာမှန်း မသိသော အာကာက ဝင်မေးသည်။

"သိဘူး ... ငါ ပြန်လာတော့ ကြက်တွေ လွတ်နေတာပဲ၊ ကဲ ... သွား သွား ... ခြံတံခါးကို သွားပိတ်စမ်း"

အာကာက ခြံတံခါးကို သွားပိတ်သည်။ ခဏနေတော့ ဒေါ်လေးဖြူကပါ ရောက်လာသည်။ သုံးယောက်သား အုတ်အော်သောင်းနင်းဖြင့် ကြက်တွေကို ကြက်ခြံထဲ မောင်းထည့်ရသည်။ ဒါတောင် နှစ်ကောင် သုံးကောင်က လွတ်နေတုန်း။ မတတ်နိုင်တော့ မောနေပြီမို့ ပိုးတီက ခုံတန်းလျားမှာ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်သည်။ ဒေါသစိတ်က ငယ်ထိပ်တက်နေသဖြင့် အသက်ထွက်မသွားစေရန် အသက်ကို ဖြည်းဖြည်းရှူကာ စိတ်လျှော့နေရသည်။ ပိုးတီ စိတ်လျှော့နေပုံကို ဒေါ်လေးဖြူနှင့် အာကာက အသက်ထွက်သွားမလားဟူသော ပုံစံဖြင့် ပါးစပ်လေးတွေပွင့်ကာ မျက်လုံးအဝိုင်းသားဖြင့် စောင့်ကြည့်နေသည်။

ပိုးတီက နောက်ဆုံးသက်ပြင်းကို ဟူးခနဲ ချရင်း ဒေါ်လေးဖြူကို အရင်မျက်လုံးလှန် ကြည့်လိုက်သည်။ အေးစက်စက် ပိုးတီရဲ့ မျက်လုံးအကြည့်ကို ဒေါ်လေးဖြူက ရင်မဆိုင်ရဲ





သလို မျက်လွှာချသွားသည်။ ဒေါ်လေးဖြူဟာ ဆိုင်မှာတာဝန်ကျသောသူ ဆိုင်ရှေ့မှာပဲ ထိုင်နေရသူလေ။ သူသာရှိနေခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်၊ အာကာကလည်း ဘယ်ရောက်နေလဲ။ ဒါပေမဲ့ သူတို့သည် တရားခံအစစ်များ မဟုတ်ကြသေးပါ။

"ဒေါ်လေးဖြူ ... ဘယ်ရောက်နေလဲ"

"ဟို ... ဒေါ်လေး အိမ်သာ သွားတက်နေတာပါ"

"ဟုတ်လို့လား ... ဒီနား လာပါဦး"

ဒေါ်လေးဖြူက ရှေ့ကို တစ်လှမ်းတိုးလာသည်။ ပိုးတီက ထိုင်နေရာမှ ဆတ်ခနဲထ,ကာ ဒေါ်လေးဖြူခါးကို ရုတ်တရက် လှမ်းတို့ရင်း မေးလိုက်သည်။

"ဒေါ်လေးဖြူ ... ဘာလုပ်နေတာလဲ"

"အိပ်နေတာ တစ်ရေး။ ကောင်းမှကောင်း ... ဟီး ဟီး"

"တောက်"

"အဲ ... မဟုတ် ... မဟုတ်ပါဘူး ပိုးတီရဲ့။ ယောင်သွားလို့ပါ"

"ဘာယောင်တာလဲ။ ဒေါ်လေးဖြူ ယောင်တယ်ဆိုတာ အမှန်တွေပြောတယ်ဆိုတာ သိပြီးသား။ ကျွတ် ... တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒေါ်လေးဖြူတို့ရာ ပိုးတီ ခဏလေး အမြင်သွားတာတောင် စိတ်မချရဘူးလား။ အဲဒီလောက်တောင် နားမလည်ဘူးလား ...

တကယ်ပဲ လူကြီးကို လူငယ်က ပြန်ပြောနေရတာလဲ မကောင်းဘူး။ အာကာ နင်ကရော ဘယ်ရောက်နေတာလဲ"

"ကျွန်တော်က အိမ်ပေါ်ခဏ ရောက်နေတာပါ"

"အေး ... ရောက်နေကြ နင်တို့တွေ ၊ ငါ တကယ်စိတ်ကုန်တယ်။ ငါမရှိတော့ဘူး ဆိုတာနဲ့ လုပ်ချင်တာ လုပ်ကြတော့တာပဲ။ ကဲ ... ထားပါတော့၊ ပြောလည်း ငါ လေကုန်ပြီ၊ မောတာပဲ အဖတ်တင်မယ်။ နင်တို့ကတော့ ဘာမှပြောင်းလဲမှာ မဟုတ်ဘူး။ ဟောရင်းနဲ့သာ ပျံလွန်တော်မူမယ် ...

ကဲ ... အဓိကတရားခံကိုသာ သွားခေါ်တော်မူ"

"ဗျာ ... တရားခံက ဘယ်သူလဲ ... မပိုး"

"အောင်မာ ... ရှူးချင်ယောင် လာဆောင်နေပြန်ပြီ။ ဘယ်သူရှိမလဲ၊ နင့်ယောက်ဖပေါ့ဟဲ့"





"ဟဲ ... ဟဲ ... ကိုဒေါင်းဝါလား"

"နင့် မျက်ခွက်ကို ပြင်စမ်း။ ပရောပရီရုပ်နဲ့ လာမလုပ်နဲ့။ ငါ ကောက်ပေါက်လိုက်လို့ သေဦးမယ်။ (လက်ဖက်ရည်ပန်းကန်လုံးနှင့် ကောက်ရွယ်လျက်)

သွားခေါ်လာခဲ့၊ ကြက်ခြံက သော့ခတ်ထားရမှာဘာလို့ပွင့်ပြီး ကြက်တွေ အပြင်ထွက်ကုန်တာလဲဆိုတာ သူ့ဘာသူပဲ သိလိမ့်မယ်"

အာကာက ခေါင်းကုတ်နေတုန်းမှာပဲ ပိုးတီက လှစ်ခနဲ အကြံတစ်ခုရကာ လက်ဝါးထောင်ပြလိုက်ရင်း ...

"နေတော့ ... သွားမခေါ်နဲ့တော့။ ငါကိုယ်တိုင် သွားကြည့်မယ်။ နင် ... ငါနဲ့ လိုက်ခဲ့"

ပိုးတီက ဒေါင်းဝါကို ဆောက်ပေးထားသော အိမ်သေးလေးဆီသို့ ချီတက်လာသည်။ အိမ်ပေါက်ဝကနေပြီး အထဲကို ငုံ့ကြည့်လိုက်လျှင် ဆင်အော်လို့တောင် နိုးနိုင်မည့်ပုံ မရှိသော အိပ်စက်ခြင်းမျိုးနှင့် အိပ်စက်နေသော ဒေါင်းဝါကို တွေ့လိုက်ရသည်။ တောက် ... သင်းကများ ကုလားသေ ကုလားမော လာအိပ်နေလိုက်တာ။ အိမ်ကဟာတွေ ငါကလွှဲပြီး တော်တော်ခိမ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ကြပါလား။ ဒေါ်လေးဖြူလည်း အိပ်နေသည်။ သင်းကလည်း အိပ်နေသည်။ အိမ်ပေါ်ရောက်နေသည်ဆိုသော အာကာကလည်း အိပ်နေမှာပဲ။ တွေးရင်းနဲ့ ဒေါ်သက အလိပ်လိုက် ထွက်လာသော ပိုးတီက သံပုံးတစ်ပုံးကို ကောက်ယူကာ အိပ်နေသည့် သင်းအနား သို့ ပစ်ပေါက်လိုက်သည်။ ကြမ်းခင်းနှင့် သံပုံး ထိခတ်သံမှာ ဂလုံး ဂလွမ်း လိမ့်ပြီး ထွက်သွားသော သံပုံးသံကြောင့် ဆူညံ သွားသည်။

"ဟမ် ... အန် ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"ရှင့်ညီမ အခန်းထဲကို ဂျပန်တွေ ဝင်နေတာ ... ထ"

အဆုံးသတ် "ထ"ဆိုသော စကားလုံးက ကျယ် လောင်စူးရှစွာ ထွက်ပေါ်သွားသည်။ ငါးပိချက်နှင့် ငါးဘတ်မွှေ ကို မျှစ်ချဉ်ဟင်းနှင့် စားထားသော ဒေါင်းဝါရဲ့ အဆိပ်တက် အိပ်မက်က R စာနည် မဟုတ်ဘဲ စိန်ပိုးတီရဲ့ မီးဝင်းဝင်းတောက် ဒေါသမျက်လုံးများ ဖြစ်သွားသည်။

ဒေါင်းဝါက မျက်လုံးတွေကိုပွတ်ကာ အိပ်မှုန်စုံမွှား ဖြင့် ထလာသည်။ သူ့ကို ပြုံးကြည့်နေကြသော ပိုးတီနှင့်အာကာ့ ကိုမြင်လျှင် လက်ရှိအခြေအနေကို သဘောပေါက်သွားပုံရသည်။





"ဩော် ... ပိုးတီ၊ လာလေ ... အဟင်း"

"ဘာ ... လာရအောင် ကျွန်မက ရှင့်နားလာပြီး ဘာလုပ် ရမှာလဲ"

"ဖဲရိုက်ကြမယ်လေ၊ အဲ ... မဟုတ်ပါဘူး၊ ယောင်သွား ပြန်ပြီ။ သိဘူးလေ ... ကျွန်တော့်ဆီ လာတယ်ဆိုတော့ ဘာဖြစ်လို့များ ... ? ? "

"ဩော် ... ရှင့်ဆီ ကျွန်မက လာလည်တယ်များ ထင်နေ လား ကျေးဇူးရှင်။ ဟမ် ... ဒီမှာ ရှင့်ကြောင့် ကျွန်မတို့ တစ်တွေ ဘယ်လောက် ကမ္ဘာပျက်သွားလဲ သိလား"

"ဗျာ ... ကမ္ဘာပျက်သွားတယ် ဟုတ်လား။ ဘာဖြစ်တာလဲ လျှောင်လှုပ်သွားတာလား၊ ဟာ ... ကျွန်တော် မသိလိုက်ဘူး"

တကယ်ပဲ ရူးနေတာလား၊ ရူးချင်ယောင်ဆောင်နေ တာလား မသိသော ဒီလူကို ပိုးတီက မြင်ပြင်းကတ်စွာ စိုက် ကြည့်နေရင်း တည့်တည့်ပြောမှ ဖြစ်မယ်ဟု သိလိုက်သည်။

"ဒီမှာ ... ရှင့်ကို ကျွန်မ ကြက်ခြံကို တာဝန်ပေးထား တယ်လေ၊ ရှင် ကြက်ခြံတံခါးကို ဘယ်လိုလုပ်ခဲ့လဲ။ ကြက်တွေ အကုန်ထွက်ပြေးပြီး အပြင်မှာ ဝုန်းဒိုင်းတွေ ကြဲနေတာ။ ကျွန်မ ပြန်ရောက်တာနဲ့ ကွက်တိဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မဟုတ်ရင် လမ်းပေါ်မှာ ကြက်တွေဘဝ မတွေးရဲဘူး”

“ကျွန်တော်တို့ ဘဝကတော့ တွေးရဲပါတယ်”

“ဘာပြောတယ်”

“အဟော် … ကျွန်တော်တို့ ဘဝကတော့ ကြက်သားစား ရတာပေါ့လို့ … ဟင်း ဟင်း”

“တောက် … ရှင် … ရှင် … ဘယ်လိုလူလဲ ? ။ ရှင် တမင် လုပ်တာလား … ဟင် ? ။ ရှင်က ဘာလဲ အရိပ်နေနေ အခက်ချိုးချိုး ဆိုတာ ရှင့်လိုလူမျိုးကို ပြောတာနေမှာ”

“မဟုတ်ပါဘူးဗျာ၊ သိပ်လည်း ဒေါသမထွက်ပါနဲ့၊ အဲဒီ ကြက်တွေရဲ့ဘဝက သနားဖို့ ကောင်းပါတယ်”

“တောက် … ရှင် ရူးနေလား။ ရှင် ဘာတွေပြောနေတာလဲ”

“ဟုတ်တယ်လေ … ဒီကြက်တွေက တစ်နေ့ တစ်နေ့ ဘယ်မှမသွားရဘဲ ခြံထဲမှာပဲ မလှုပ်မယှက်နဲ့ အသားတိုး အောင် ဥများများ ဥအောင် ပိတ်လှောင်ထည့်ထားတာ မဟုတ်လား။ ဒါကြောင့် ကြက်မတွေဟာ ဥရလွန်းလို့ ပန်းနေပြီ။ ကယ်ဆီယမ်တွေလည်း ချို့တဲ့၊ အပြင်မထွက် ရ၊ မလှုပ်ရှားရလို့ ခြေလက်တွေ အဲ … ခြေတွေမသန်…





အဲဒီလို မွေးထားတာဟာ တိရစ္ဆာန် အခွင့်အရေးနဲ့ ငြိတယ်ဗျ။ ကျွန်တော် တစ်နေ့ကအင်တာနက်မှာ သတင်း ဖတ်လိုက်ရတာ၊ ဥရောပနိုင်ငံတွေမှာ အဲလိုမွေးတာတွေကို ကန့်ကွက်နေကြပြီ ဆန့်ကျင်နေကြပြီတဲ့။ ဒါကြောင့် …”

“တိတ်စမ်း”

ပိုးတီရဲ့ဖြတ်အော်လိုက်သော အသံကြောင့် ဒေါင်းဝါ က လန့်သွားဟန်ပြသည်။ ဒါပေမဲ့ တကယ်လန့်ခြင်း မဟုတ်ဘဲ လန့်ချင်ယောင်ဆောင်ပြတယ်ဆိုတာ ပိုးတီရော အာကာရောပါ သိသည်။ အာကာက စိတ်ရှုပ်စွာဖြင့် ခေါင်းကုတ်သည်။

“ရှင် အရူးစကားတွေ လာပြောမနေနဲ့။ ရှင် ကြက်ခြံတံခါး ကို သေချာပိတ်မသွားလို့ ကြက်တွေ လွတ်ထွက်ကုန်တာ…

ပြီးတော့ ရှင်က ဒီမှာလာအိပ်နေတယ် … ဟုတ်လား။ ရှင်တို့တွေ တော်တော်ဖိမ်ကျနေကြတယ်ပေါ့လေ။ အံ့သြ ပါရဲ့၊ အိမ်မှာ ကျန်ခဲ့တဲ့သူတွေ အကုန်လုံးများ အိပ်နေရ တယ်လို့။ ဟက် ဟက် … သူဌေးထက် ဖိမ်ကျတယ်ဆို တာ ရှင်တို့လိုလူမျိုးတွေကို ပြောတာနေမှာ”

“ဒါပေါ့ … ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... (မဲ့ပြုံးဖြင့်) သိပ်လည်း ကျေနပ်မနေပါနဲ့လေ၊ မနက်ဖြန်ကစပြီး ရှင် ဒီလို ဆက်ရက်မင်းစည်းစိမ်ခံရဖို့ မမျှော်လင့်နဲ့တော့။ စောင့်ကြည့်လိုက်"

ပိုးတီက သွားစေ့ကြိမ်းဝါးပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ မျက်လုံးထဲတွင် ကြွပ်ကြွပ်ဆူနေသော နေရာကို မြင်ယောင်လာသည်။ အောင်နိုင်သူအပြုံး၊ ညစ်ကျယ်အပြုံးကို ပြုံးမိသည်။ အင်း ... ငါ ဘာလို့ ဒါကို အစုမှ စဉ်းစားမိတာပါလိမ့်။

❤ ○ ❤





## ၁၆

"ကဲ ... သွားမယ်"

ဒေါင်းဝါက ကိုယ့်ရှေ့မှာ ခြေနှစ်ချောင်း ခပ်ကျဲကျဲရပ်ပြီး မေးဆတ်ကာ ပြောလိုက်သော ပိုးတီရဲ့စကားကို သူ့ကိုပြောတယ်မထင်ဘဲ ဘေးဘီကို ဝဲကြည့်လိုက်သေးသည်။

"ဟဲ့ ... ဘယ်ကိုကြည့်နေတာလဲ၊ ရှင့်ကို ပြောနေတာ"

"ကျွန်တော့်ကို ! ၊ ကျွန်တော်နဲ့ ဘယ်သွားမလို့လဲ"

"ရှင့်ကို ... Duty ချိန်းပေးတော့မလို့လေ"

"ဘယ်လို ... Duty ! ဟုတ်လား"

"ဟုတ်တယ် ... နောက်နေ့ကစပြီး ရှင် ကြက်ခြံကို မနက်ဘက်တစ်ချက်ပဲ ကြက်ဥကောက်၊ အစာကျွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်ရတော့မယ်။ နေ့လယ်နေ့ခင်းကစပြီး ရှင် အကြွေလိုက်တောင်းရတော့မှာ”

“ဘယ်လို ... အကြွေး တောင်းရမယ်။ ဘာ ... ကျွန်တော် ဘယ်သူ့ကိုမှ ပိုက်ချေးမထားပါဘူး”

“ဒီမှာ ... ရှင် ... အဲလို အရှုးကွက်တွေ လာလာနင်းမနေနဲ့၊ လေကုန်တာပဲ အဖတ်တင်မယ်။ အခု ရှင့်ကိုခိုင်းထားတာက ရပ်ကွက်ထဲမှာ ဈေးထဲမှာ ကျွန်မ အတိုးပေးထားတဲ့ သူတွေဆီက နေ့ပြန်တိုးတွေ လိုက်ကောက်ခိုင်းနေတာ ... သိလား ...

ရှင့်ကို တစ်ရက် နှစ်ရက်ပဲ ကျွန်မ ပြမှာ”

“တစ်ရက် နှစ်ရက်ပဲ ပြမှာလား ... နည်းတာပေါ့ ... ဟင်း ဟင်း”

“ရှင် ပါးကျိုးချင်ပြီနဲ့ တူတယ်”

“မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကလည်း ကျွန်တော်ပြောရင် အကျအနတွေပဲ ကောက်နေတော့တာပဲ။ ခင်ဗျား ဘီးဖိနှက်လုပ်ကွက်တွေကို တစ်ရက် နှစ်ရက်နဲ့ ကျွန်တော်က ဘယ်လိုလုပ် သိနိုင်မှာလဲ”





“သိနိုင်တယ်၊ ရှစ်တန်းကလေးတောင် နွေရာသီမှာလုပ်နေတဲ့အလုပ်၊ ဘာမှ မခက်ဘူး၊ တောင်းရမယ့်လူရှေ့ ရပ်လိုက်တာနဲ့ ဟိုက ပိုက်ဆံပေးရမယ်ဆိုတာ သိတယ်”

“ခင်ဗျားက ငွေတိုးလည်း ချေးစားတာလား”

ပိုးတီက အပိုတွေ မပြောဟူသော ပုံစံဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ဒေါင်းဝါက လက်လန်စွာ ပခုံးတွန့်လိုက်ရသည်။ မလွယ်ကြောပဲ၊ ဒေါ်လေးဖြူ ပြောသလို ပိုးတီမဟာ ငွေရဖို့ဆိုလျှင် ဘနဖူး သိုက်တူးမည့်ဟာ ဆိုတာဟောင်မှန်နေခဲ့ပြီ ထင်သည်။ အခုလည်း သူ့ကို နေ့လယ်နေ့ခင်း တစ်ရေးတစ်မော အိပ်ချိန်အား မနှစ်မြို့သဖြင့် အကောက်ကြံလေသည်ဟု ပက်ပက်စက်စက် စွပ်စွဲချင်လေသည်။ သို့သော်လည်း သူမအိမ်မှာ ကပ်နေရသည် ဆိုတော့လည်း ဘယ်တတ်နိုင်မလဲပေါ့။ မီးစင်ကြည့်ပြီး အိုးပါးဂမ်နန်းစတိုင်လ် ကတော့မည်ဟု သူက ဆုံးဖြတ်လိုက်သည်။

“အိုခေလေ .... ခဏစောင့်”

“ဘာလုပ်ဦးမလို့လဲ”

“အဝတ်အစား လဲမလို့လေ”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟဲ့ ... ရှင့်ကို ရှုတင်သွားဖို့ခေါ်မှာ မဟုတ်ဘူးနော်"

"သိပါတယ် ... ခင်ဗျားအနေနဲ့လည်း ရှုတင်သွားစရာ ဘာအကြောင်းရှိလို့လဲ"

သူ့ရဲ့ မသိမသာ ပြန်ထည့်လိုက်သော စကားကို ပိုးတီက ဘာပြောရမှန်းမသိဘဲ မျက်လုံးပြူးကြီးနဲ့ ကြည့်နေတုန်းမှာပဲ သူက လှစ်ခနဲပြုံးကာ လှည့်ထွက်လာခဲ့သည်။ အိမ်နေရင်း အလုပ် လုပ်သဖြင့် ဝတ်ထားသော တီရှပ်အဟောင်းကိုချွတ်ကာ အတော်အသင့်လတ်သော နီညိုရောင်ကွက်စိပ် ရှပ်လက်တိုအကျီ အကျပ်လေးကို ဝတ်ဆင်ကာ ကြယ်သီးတပ်နေတုန်းမှာပဲ အာကာ ရောက်လာသည်။

"အစ်ကို ဘယ်သွားမလို့လဲ"

ဒေါင်းဝါက ကြယ်သီးတပ်အပြီး သရီးကွာတား ဘောင်းဘီ နီညိုရောင်ကို ဝတ်ရင်းမှ အကြွေးတောင်းရမယ့်ကိစ္စကို ပြောပြလိုက်သည်။ လက်မှ G-SHOCK နာရီကို ကောက်ပတ်သည်။ အစ်ကိုဖော့်ကို ဖျတ်ခနဲ သတိရသွားသည်။ အစ်ကိုဖော် ဘယ်လိုများ နေမှာပါလိမ့်။

"အစ်ကို ဒါဝတ်သွားမှာလား"





"အေးလေ ... ဘာလို့လဲ"

"သိပ်သားနားမနေဘူးလား အစ်ကိုရာ"

"ဟာ ... ဘာသားနားလို့လဲ။ ငါ ဝတ်တာ Branded လည်းမဟုတ် အလတ်လေးတွေပါကွာ"

"ဒါကို အတော်သားနားနေပြီလေ အစ်ကိုရာ။ ဒီမြို့က တောမြို့လေးပါ၊ ဒီလောက်ဆို အစ်ကို့ကို မျောက်ပွဲကြည့်သလို ဝိုင်းကြည့်ကြမှာ ..."

အင်း ... အစ်ကိုပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်လေ။ အစ်ကို့ပုံစံကိုက ခပ်လတ်လတ်လေး ဝတ်လိုက်တာနဲ့ ထင်းထွက်နေတော့တဲ့ဟာ။ ဘယ်တတ်နိုင်မလဲ နော့"

"အေးပေါ့ကွာ"

သူက ပြုံးစိစိပြောရင်း မှန်ကိုထုတ်ကာ ကြည့်လိုက်သည်။ မျက်နှာကို wet tissue နှင့်သုတ်ပြီး နေရောင်ခံလိမ်းဆေး လိမ်းလိုက်သေးသည်။ မနေ့ကမှ ခေါင်းလျှော်ထားသော ဖွာရာကျဲ ဆံပင်တို့ကတော့ ဂျယ်လ်လိမ်းပုံသွင်း လုပ်မနေတော့ဘဲ ဒီအတိုင်းပဲ ထားလိုက်သည်။ နဖူးပေါ်မှာဝဲအောင် ညှပ်ထားသော သူ့ဆံပင်ပုံစံဟာ မြို့ပြမှဆိုး ကိုရီးယားဇာတ်လမ်းတွဲထဲက လီမင်ဟို



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အရိုင်းဆန်သော ဆံပင်ပုံစံမျိုးဖြစ်ပြီး သူနှင့် အလိုက်ဖက်ဆုံးပဲ ဖြစ်ပါသည်။

"မပိုးက ငွေတိုးတွေ သူ့ဘာသာပဲကောက်တာ များပါတယ်။ အစ်ကို့ကို ဘာလို့ ကောက်နိုင်းလဲဆိုတာ စဉ်းစားမရဘူး"

"ငါကတော့ စဉ်းစားရပါတယ်ကွာ။ ငါ နေ့လယ်နေ့ခင်း အိပ်နေတာကို မင်းအစ်မက ကြည့်မရလို့ လုပ်လိုက်တာပဲ"

"ဟာ ... ဟုတ်ပါ့မလား"

"သိပ်ဟုတ်တာပေါ့၊ ထားလိုက်ပါကွ။ ကဲ ... ကြာလို့ ပြောနေဦးမယ်။ သွားလိုက်ဦးမယ်"

သူက မဆွတ်တာကြာပြီဖြစ်သော CK ရေမွှေးကို လည်ညွှန့်နားဆီသို့ ဖျန်းလိုက်ရင်း ထွက်လာခဲ့သည်။ အိမ်ရှေ့မှာ ပိုးတီက စောင့်နေပါသည်။ မိန်းကလေးဝတ် တီရှပ်အပြာနုနှင့် ချည်သားဘောင်းဘီရှည်ပွပွကို ဝတ်ဆင်ထားသော သူမက သူ ထွက်လာတာ မြင်တာနှင့် ဖျတ်ခနဲ ငေးသွားသော ပိုးတီရဲ့မျက်လုံးတို့က စက္ကန့်ပိုင်းအတွင်း ခဏချင်းပဲ အပြစ်တင်လိုရိပ်သို့ လွှမ်းသွားသည်။

"ရှင် ဒီပုံနဲ့ အကြွေးတောင်းမယ်"

"အင်းလေ ... ဘာဖြစ်လို့လဲ"





ပိုးတီက တစ်ချက်ရှုံ့မဲ့ရင်း သူ့ကို ခြေဆုံးခေါင်းဆုံး ထပ်ကြည့်ကာ ...

"ရေမွှေးကလည်း ဆွတ်လာသေးတယ်။ ငါ့နှယ်နော် ... ခက်လိုက်တာ"

"မခက်ပါဘူးဗျာ။ ကျွန်တော်က ဒီလိုပဲ စမတ်ကျကျနေတတ်လို့ပါ"

"အဟမ်း ... နေဦး။ ရှင့်ကို ကျွန်မ တစ်ခုပြောထားဦးမယ်။ ဈေးထဲကလူတွေက ရှင်နဲ့ ကျွန်မ ဘယ်လိုပတ်သက်လဲဆိုရင် ရှင် ဘယ်လိုဖြေမှာလဲ"

"အဲ ... မသိဘူးလေ၊ ဘယ်လိုဖြေရမှာလဲ"

"ကျွန်မအမေရဲ့အမျိုးတွေ ရန်ကုန်မှာရှိတယ်။ ရှင်က အမေဘက်က အမျိုးလို့ပြောမယ်၊ ကျွန်မအမေနာမည် ဒေါ်အေးမူ၊ လိုလိုမယ်မယ် မှတ်ထား၊ ဖြစ်နိုင်ရင်တော့ လူတွေနဲ့ စကားများများမပြောနဲ့၊ ဟုတ်ပြီနော် ... ကဲ ... သွားမယ်"

ပိုးတီက ကြိုတင်ညှိညွှန်ကာ သင်းကို ဈေးသို့ခေါ်သွားရသည်။ ဈေးကွဲချိန် နေ့လယ်နေ့ခင်းမို့ ဈေးထဲတွင် လူအတန်အသင့် ရှင်းနေလေသည်။ ဈေးထဲဝင်လာသော ပိုးတီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းဝါကို လူတွေက သိသိသာသာ ကြည့်ကြသည်။ အထူးသဖြင့် ကိုယ့်ကို စိတ်ဝင်တစား ပြူးပြဲကြည့်ကြသော မိန်းမတွေကြောင့် ဒေါင်းဝါ ဘယ်လိုနေရမှန်းမသိ ဖြစ်နေသည်။

ပိုးတီကတော့ ခပ်တည်တည်ပင် ဆိုင်တစ်ဆိုင်ရှေ့မှာ ဝင်ရပ်သည်။ ကြက်ဥ ဘဲဥ ရောင်းသောဆိုင်ဖြစ်သည်။ သူ့ဘက်ကိုလည်းလှည့်ကာ ဒါက ကြက်ဥ ဘဲဥ အကြွေးဟုလည်း ပြောသေးသည်။ သူက ငွေတိုး မဟုတ်ဘူးပေါ့ဟု ပြန်မေးလျှင် သူမက ခေါင်းခါသည်။ ဆိုင်ရှင်မိန်းမမှာ ပိုးတီ ရပ်နေတာတောင် မသိချင်ဟန်ဆောင်သဖြင့် ပိုးတီက အဟမ်း လုပ်ကာ ...

"ကဲ ... ဒေါ်စိန်၊ တစ်သောင်းနှစ်ထောင် ထုတ်မယ်လေ"

"ဒီနေ့ အရောင်းပါးလို့အေ။ ငါးထောင်ပဲယူလိုက်"

"ဘာရယ် ... မဖြစ်နိုင်တဲ့ စကားတွေ မပြောနဲ့ ဒေါ်စိန်။ မနေ့ကလည်း အဲလိုချန်လို့ တစ်သောင်းနှစ်ထောင်ဖြစ်တာလေ။ ကဲပါ ... ဒေါ်စိန် ဈေးရောင်းကောင်းတာ ကျွန်မသိပြီးသားပါ။ ပါတိတ်ယူထားတဲ့ မဝင်းမာကိုပဲ နေ့ပြန်တိုးပေးဖို့ ဖယ်ထားမနေနဲ့နော်၊ အဲဒါက နောက်ကိစ္စ"

"အိုအေ ... ငါ ပါတိတ်ဝယ်တယ်လို့ ညည်းကို ဘယ်သူပြောလဲ၊ ပေါက်ပေါက်ရှာရှာ"





"အဟက် ... အရောင်ပါ ပြောမှ ယုံမှာလား။ ခဲကြီးပါတိတ် နီညိုရောင်လေးလေ၊ ကဲ ... ကဲ ... ကြာတယ် ဒေါ်စိန်ရေ။ နောက်လူတွေ အများကြီး ကျန်သေးတယ်ပေး"

ပိုးတီရဲ့ နောက်ဆုံး အဆုံးသတ်"ပေး"တစ်လုံးက စိတ်မရှည်သလို ဆောင့်ထွက်လာလျှင် ဒေါ်စိန်ကလည်း ပိုက်ဆံသေတ္တာကို ဆောင့်ခနဲဖွင့်ကာ ပိုက်ဆံကို ထုတ်ပေးပြီးသားဖြစ်နေသည်။ ပိုးတီက ဆတ်ခနဲ ဆွဲယူကာ လက်မှာချိတ်ထားသော အိတ်ထဲသို့ ပစ်ထည့်ရင်း "သွားမယ်"ဟူသော ပုံစံဖြင့် သူ့ကို မေးဆတ်ပြသည်။

ပိုးတီရဲ့အကွက်တွေကို အံ့သြမှင်သက်စွာ ငေးနေသော သူ့အဖို့ ရပ်နေရာမှ ကပျာကယာ ပြေးလိုက်ရသည်။

"ခင်ဗျား ... ပိုက်ဆံတောင်းရတာ ဒီလိုလား"

"ဟုတ်တယ်လေ၊ ဒီလိုမှမတောင်းရင် ဘယ်ရမလဲ၊ အကြွေးပေးတယ်၊ ငွေတိုးချေးစားတယ် ဆိုတာ ပြောနိုင် ဆိုနိုင်တောင်းနိုင်မှ တော်ကာကျတာ"

"အင်း ... အဲဒါတော့ ကြားဖူးပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာက ပါတိတ်ဝယ်တာကအစ သိနေတာကျတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက သူ့ကို ပညာတွေသင်ချင်နေတာလား ဟူသော မျက်လုံးမျိုးဖြင့် ရယ်ဟဟ လှည့်ကြည့်သည်။ အဲဒီမျက်လုံးအကြည့်၊ အဲဒီမျက်နှာပေးနှင့် ရယ်ဟဟပုံစံဟာ အတော်တော့ ကြည့်ကောင်းသားပဲ။ အနီးကပ်ကြည့်မှ ဝင်းဝါကြည်လင်နေသော ပိုးတီရဲ့ မျက်နှာထားလေးဟာ မဆိုးပါလားဟု သတိပြုမိရသည်။

"မနေ့က ဈေးထဲက စက်ချုပ်ဆိုင်ကို ရောက်တယ်လေ၊ အဲဒီမှာ အပ်ထားတဲ့ ပိတ်စသစ်တွေကို စနည်းနာတော့ ဒေါ်စိန် အပ်ထားတဲ့ ပါတိတ်ကိုတွေ့တာ ...

သူတို့တွေက ပါတိတ်တို့ အင်္ကျီအဝတ်အစားတို့ကို အထည်ဆိုင်မှာ cash down ဝယ်နိုင်တာ မဟုတ်ဘူးလေ။ အဲဒါမျိုးတွေကို နေ့ပြန်တိုးပေးပြီး ရောင်းတာလည်း ဈေးထဲမှာ ဝင်းမာ ဆိုတဲ့ တစ်ယောက်ရှိသေးတယ် ...

ဒီအလုပ်က မျက်စိကိုဖွင့် နားကိုစွင့် လျှပ်နေအောင် ပါးမှ အဆင်ပြေတာလေ၊ ရှင် မှတ်ထား"

"အင်း ... ကျွန်တော်က အဲလောက်တော့ နှံ့နှံ့စပ်စပ်ဘယ် မြင်တတ်မလဲ"





"ကိစ္စမရှိပါဘူး။ ရှင့်ကို နေ့တိုင်းလွှတ်မှာမှ မဟုတ်တာ။ အဟမ်း ... လူပျိုကြီး အခြေအနေ"

ပိုးတီက ဆိုင်တစ်ဆိုင်ရှေ့တွင်ရပ်ရင်း ပြောလိုက်တာဖြစ်သည်။ ဆိုင်က ကုန်ခြောက်ရောင်းသောဆိုင်။ သူက လူပျိုကြီးဆိုသူကို တစ်ချက်ကြည့်လိုက်လျှင် လူပျိုကြီးကလည်း သူ့ကိုသာ အသဲအမဲ စိုက်ကြည့်နေသော မျက်လုံးများဖြင့်ဆုံသည်။ အဲဒီမျက်လုံးတွေရဲ့ အတိမ်အနက်ကို လတ်တလော သင်ခန်းစာ ရထားဘူးသော သူက ဘာဆိုတာ ချက်ချင်းရိပ်မိလိုက်သည်။

သူထင်တာ မမှားကြောင်း ထိုလူပျိုကြီးဆိုသူရဲ့ အသံကို ကြားတာနှင့် ပိုသေချာသွားရသည်။

"ဟယ် ... ပိုးတီမ၊ ဘယ်က အဆင် ... အဲ ... အဲလေ ဘယ်က ကိုရီးယားမင်းသားလေးကို ခေါ်လာတာလဲ၊ လီမင်ဟိုများ လေယာဉ်ကွင်းမှားဆင်းလားဟယ် ... ဟင်း ဟင်း"

သူနဲ့ပိုးတီက မရည်ရွယ်ဘဲ တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူကြည့်မိကာ သူက မျက်ခုံးပင့်မိသွားသည်။ ပိုးတီကတော့ နှုတ်ခမ်းကို အရုပ်ဆိုးအောင် တွန့်မိသလို ခေါင်းဝါကလည်း ရယ်ချင်သောပုံစံဖြင့် မသိမသာ ခေါင်းကုတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးညီ ... သွားလေး ဘာလေး သိမ်းပါဦး ... အဟမ်း။ ကဲ ... ဦးညီက မနေ့က ကနားပေးလို့ ဆိုင်မထွက်ဘူး ဆိုတော့ မနေ့ကနဲ့ ဒီနေ့ နှစ်ရက်ပေါင်းစာနော်"

ဦးညီ ဆိုသော လူပျိုကြီးက အသားညိုညို ပိန်ရှည်ရှည်မှာ သွားကခေါနေတာမို့ ရယ်ဖြီးလိုက်လျှင် ပိုဆိုးသည်။ ဒါကြောင့် ပိုးတီက သွားသိမ်း သွားသိမ်းဟု ပြောနေခြင်းဖြစ်သည်။ ဦးညီ ဆိုသူကိုကြည့်ကာ သူကတော့ အစ်ကိုဇော့်ကို ဖျတ်ခနဲ သတိရသွားခဲ့သည်။

ကြင်နာနူးညံ့သော မျက်လုံးများဖြင့် ကြည့်တတ်သော အစ်ကိုဇော့် အနားမှာနေရတာ နွေးထွေးလုံခြုံခဲ့သော်လည်း သဘာဝလွန် သံယောဇဉ် ချည်နှောင်မှုမျိုးကိုတော့ သူ မမှားချင်ခဲ့ပေ။

"ဟေး ... နာမည်မေးနေတယ်လေ၊ မကြားဘူးလား"

အတွေးထဲ မျောနေရာမှ အသံကျယ်ကျယ်ကြောင့် သူက ဆတ်ခနဲ ဖြစ်သွားရသည်။

"ဗျော် ... ကျွန်တော့်နာမည်လား"

"ဟယ် ... တော့် နာမည်ကို မေးနေတာလေတော်၊ အဒူ့ နာမည်ကို မေးတယ်ထင်လို့တုံး ... ခစ် ခစ်"





"ဒေါင်းဝါ ... ပါ"

"ဒေါင်း ... ဝါ ... နေပါဦး။ ဒီနာမည်ကို ကြားဖူးသလိုပဲ။ ဒီသူငယ်ရဲ့ရုပ်ကိုလည်း မြင်ဖူးသလိုပဲ။ ဩော် ... သိပြီ ဟဲ့၊ ရေသန့် ... ရေသန့် ကြော်ငြာသေးတယ်မှုလား"

"ဟုတ် ... ဟုတ်ကဲ့"

"ဟယ် ... ပိုးတီနဲ့က ... ဘယ်ကနေ ... ဘယ်လို"

စပ်စု၍ မဆုံးနိုင်သော ဦးညီရဲ့စကားကို ပိုးတီက ဖြတ်ချပစ်လိုက်သည်။

"ကဲ ... ဦးညီရေ။ သူက ပိုးတီတို့နဲ့ အမျိုးတော်တယ်။ ရန်ကုန်ကနေ ခဏလာလည်တာ။ လာလည်တုန်း အိမ်က အလုပ်တွေလည်း ကူညီပေးတာ ... နော်၊ နောက်နေ့ ဆက်ဗျူးလို့ ရတယ် ...

အခုလောလောဆယ် ကျွန်မပိုက်ဆံလေး အရင်မ,စပါနော့"

"အိုအေ ... ညည်းကလည်း အရေးဆို နောက်ပြီ၊ ပြီးရော ပြီးရော ... ရော ... ဒီမှာဟဲ့ ... မနက်ဖြန်ရော ဒီသူငယ် လာကောက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက ဒါပေါ့ ဟူသော ပုံစံမျိုးဖြင့် မျက်ခုံးဆတ်ပြသည်။ သူက မသိမသာ နှာခေါင်းရှုံ့ သက်ပြင်းရှိုက်မိလေသည်။ ဈေးထဲမှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် ထင်းဝင်းထွက်နေသောသူ့ကို မျောက်ပွဲကြည့်သလို ကြည့်နေသောသူတွေ ကြားထဲမှာ သူ ခေါင်းကိုက်လာသည်။ ငါးပိတန်းကို ရောက်သွားလျှင်တော့ ပညာပေးတတ်သော ပိုးတီမကိုကြည့်ကာ ကိုယ့်ဘဝကိုယ်လည်း ထမင်းတစ်လုတ်စားရဖို့ မလွယ်ကြောင်း သဘောပေါက်မိလေသည်။





## ၁၇

တချို့ကိစ္စတွေဟာ တမင်တကာ ချိန်းဆိုထားရင်တောင် ဖြစ်ချင်မှ ဖြစ်သည်။ မိနစ်လေး စက္ကန့်လေး လွဲသွားရင်တောင် ဆုံဖို့မဖြစ်နိုင်သည့် အရာတစ်ခုဟာ မိနစ်ချင်း စက္ကန့်ချင်း တိုက်ဆိုင်သွားတော့လည်း တော့တော့ဆိုင်ဆိုင် ဆုံဖို့ဖြစ်လာတတ်သည်။ အခုလည်း ပိုးတီက ရေချိုးခန်းတံခါးကိုဖွင့်ပြီး အထွက်၊ ရေချိုးခန်းရှေ့သို့ ဒေါင်းဝါကအရောက် ဒိန်းခနဲ မျက်နှာချင်းဆိုင် တိုက်မိတော့မလို ဖြစ်တာပါ။ ကိုယ်ကလည်း ရေချိုးခန်းထဲက လောလော လောလော ထွက်လာတာလည်း ပါသည်။ သူကလည်း လောလောနဲ့ အဝင်ဆိုတော့ တိုက်မိမလို ဖြစ်သည်။

တိုက်မိတာက အရေးမကြီး၊ ကိုယ်က ရေချိုးခန်းထဲကအထွက် တဘက်ခြုံထားပေမယ့် သူက ဘာမှခြုံမထားပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဘာမှခြုံမထားတဲ့ အပေါ်ပိုင်းဗလာ ကျောက်သားလို ကျစ်လစ်နေသော ရင်ဘတ်နှင့် ကိုယ့်မျက်နှာနဲ့ဟာ ထိမိတော့ဖို့အပ် တစ်ချောင်းစာလောက်သာ လိုတော့သည် ထင်သည်။ အဲဒီတစ်ခဏအတွင်း တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်သွားသလားတောင် ထင်မိပါသည်။

“ဆော ... ရီး ...”

သူ့ဘက်မှ ဆောရီးကို တစ်လုံးစီခြားပြီး အသံထွက်လာသည်။ ပိုးတီရဲ့နှလုံးခုန်သံဟာ တဒုတ်ဒုတ်နှင့် မြည်နေပြီး သူ ကြားသွားမှာတောင် ကြောက်ရလေသည်။ တဆတ်ဆတ်တုန်ချင်လာသော အောက်နှုတ်ခမ်းဖျားများကို မတုန်မိအောင် ထိန်းချုပ်ထားရတာ ခက်ခဲပင်ပန်းလွန်းလှသည်။ မထိန်းနိုင်တော့ပြီဖြစ်သောအခါ အောက်နှုတ်ခမ်းကို ဖိထားမိလေသည်။

“ဟို ... ရ ... ရဲ့လား”

အမှန်ဆို ချက်ချင်း ထွက်သွားရမှာ ဖြစ်ပေမယ့် ဘယ်လိုသံလိုက်မျိုးက ဆွဲထားသလား မသိရချေ။ သူ့ဆီကနောက်ထပ် ထွက်လာသော “ရရဲ့လား”အသံကြားမှသာ ဒီနေရာကထွက်ခွာဖို့ သတိဝင်တော့သည်။ အခန်းထဲသို့ ဘယ်လိုရောက်လာမှန်းမသိ လူက ကတုန်ကယင်ဖြစ်လျက် ရှိနေသည်။ ယောကျ်ား





တစ်ယောက်ရဲ့ အပေါ်ပိုင်း ဗလာကျင်းခန္ဓာကိုယ်ကို မမြင်ဖူးသူလည်း မဟုတ်ပါ။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားမှန်း မသိပါ။

ရေချိုးခန်းထဲ ရောက်သွားသော ဒေါင်းဝါကလည်း သူ့မျက်နှာကို မျက်နှာချင်းဆိုင်တောင် ကြည့်မသွားဘဲ သူ့ရင်ဘတ်မှာသာ မျက်လုံးစိုက်နေသော ပိုးတီရဲ့ ရှေ့ညသီးနေသော ရေစက် ရေပေါက်များနှင့် မျက်နှာကို ငေးနေမိရင်း TV မှာ Pause လုပ်ခံရသော လူတစ်ယောက်လို ဖြစ်နေတာပါ။ ရေချိုးခန်းထဲက အသုံးအဆောင်လေးများကို ဒီနေ့မှ မှတ်မှတ်ထင်ထင် ဒိုက်ကြည့်မိသည်။

အင်း ... သူသိသော အသုံးအဆောင်များနဲ့ ကွာလိုက်တာ။ သာမန်လူလတ်တန်းစားသုံးသည့်ပစ္စည်း၊ နည်းနည်းဖြန်းသောသူရဲ့ Brand ၊ များများဖြန်းသောသူရဲ့ Brand စသဖြင့် အမျိုးမျိုး ကွဲပြားရတဲ့အထဲမှာ ပိုးတီ သုံးသောပစ္စည်းလေးတွေမှာ နှစ်ထောင်ကျော်တန် မျက်နှာသစ်ဆပ်ပြာ၊ ရိုးရိုးအမွှေးဆပ်ပြာခဲ၊ ရိုးရိုးသွားပွတ်တံ၊ ခေါင်းလျှော်ရည်က ပါမောလစ်အထုပ်၊ အဲဒီအထုပ်ကိုတောင် တစ်ခါလျှော်ရင် နှစ်ခါခွဲလျှော်သတဲ့။ အခု သူကိုယ်တိုင် မြင်နေရပါပြီ။ တစ်ဝက်ကျန်သေးသော ခေါင်းလျှော်ရည်အထုပ်ကို ထိပ်ဘက်မှာ နှစ်ဆစ်ချိုး သုံး



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ချိုး ခေါက်လိပ်ကာ ထောင့်လေးတစ်ထောင့်မှာ ညှပ်ထားသည်။ သူတောင် ယောကျ်ားလေးဖြစ်ပြီး Condinetior သုံးသည့် အခြေအနေမှာ သူမက သိတောင်သိရဲ့လား မသိပါ။

သူမရဲ့အနေအထားဟာ ဒီထက်မကတော့ သုံးနိုင်သည်ဟု အကြမ်းဖျဉ်း တွက်ဆကြည့်လို့ ရပါသည်။ အဲဒါနဲ့များ တောင် ဒီလောက် ခြစ်ကုပ်ချွေတာနေလဲဆိုတာ သူ နားမလည်တော့ပါ။ ပြောဦးမှပါ ဟူသော အတွေးဖြင့် သူက ရေမြန်မြန် ချိုးလိုက်သည်။ ရေချိုးပြီး နံနက်အစောပဲ ရှိသေးသည်မို့ ထမင်းကြော်ဝိုင်းမှာ စားလက်စ ပိုးတီနှင့်ဆုံသည်။ ပိုးတီက ခပ်တည်တည်ပင် ဘာမှမဖြစ်သလိုဖြင့် (အင်းလေ ... ဘာမှလဲ ဖြစ်မှမဖြစ်တာ)။

"မောင်နှင်း ... အဟင်း"

သူက လက်ချောင်းလေးများ လှုပ်ခတ်ကာ နှုတ်ဆက်လိုက်သော်လည်း ပိုးတီက ဘာမှမတုံ့ပြန်ဘဲ ခပ်တည်တည်ပဲ ဆက်စားနေသည်။ သူက စားပွဲမှာ ပိုးတီနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ ဒေါ်လေးဖြူက သူ့အတွက် ထမင်းကြော် လာချပေးသည်။ ကြက်ဥပဟပ်ဖရိုက်တစ်လုံးက လွှမ်းခြုံလျက်။ နောက် ပိုးတီကိုမှီပြီး ကပ်သောက်ရသော ခေါက်ဘူးနဲ့ ထည့်နှပ်ထားသော မြန်မာနှပ်ကော်ဖီလည်း ပါ,သေးလေသည်။ ဒီလိုလေးတွေ ခံစားရတော့လည်း ပိုးတီ နိုင်းစားသမျှ တန်သည်ဟု ပြောရတော့မလိုလို။

"ပိုးတီ ... ခင်ဗျားကို အင်တာဗျူးနည်းနည်းလောက် လုပ်ချင်တယ် ... ရမလား"

ဘာမေးမှာလဲ ဟူသော ပုံစံမျိုးဖြင့် ပိုးတီက သူ့ကို မျက်လုံးလှန်ကြည့်သည်။ သနပ်ခါးရေကျဲ ပွတ်လူးထားသော ပိုးတီ မျက်နှာလေးဟာ ရှင်းလင်းနေသည်။ ထင်ပေါ်တာဆို၍ သူမရဲ့မျက်ခုံးများဖြစ်သည်။ မျက်ခုံးတွေက ထင်းထူလျက် သေချာပုံသွင်းလိုက်လျှင်တော့ တော်တော်ကြည့်ကောင်းသွားမည်။ သူ ကျင်လည်ခဲ့ဖူးသော မော်ဒယ်လောကမှာကို မိတ်ကပ်မလိမ်းဘဲ ထားလိုက်လျှင် ပိုးတီလောက်မလှသည့် မိန်းကလေးတွေ အများကြီးပါပဲ။ ပိုးတီဟာ အလှလည်းမပြင်၊ အဝတ်အစားလည်း ကောင်းကောင်းကန်းကန်း မဝတ်သဖြင့် ဘာအရောင်မှ မထွက်ဘဲ ဖြစ်နေသူ။ အခြားမိန်းကလေးတွေလို နည်းနည်းလောက်လေး ပြင်ဆင်လိုက်ရင်တောင် အတော်ကြည့်ကောင်းလာမှာပဲဟု သူက ခန့်မှန်းမိပါသည်။

"ခင်ဗျား ... ဘာမိတ်ကပ်သုံးလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ရှင်နဲ့ ဘာဆိုင်လဲ"

"သြော် ... ဒီလိုပါပဲဗျာ မေးကြည့်တာပါ၊ အာလာပသလ္လာပ ပေါ့"

"........."

သူမကပဲ ပြည်တွင်းမှာ ထုတ်လုပ်နေသော နိုင်ငံခြား မိတ်ကပ်တစ်မျိုးရဲ့ နာမည်ကို ရွတ်ပြသည်။ အင်း ... သုံးပြန်ပြီ အဲကိုနော်မီတွေ။ သူက ဒီတစ်ခါတော့ ပါးစပ်က ထုတ်ဖော်ပြော လိုက်ပါသည်။

"ခင်ဗျား အလှအပနဲ့ ပတ်သက်လာရင် Cosmetic တွေ နဲ့ နေ့စဉ်တစ်ကိုယ်ရည်သုံး ပစ္စည်းတွေ အရမ်းချေးတာ သလိုပဲနော်။ ဘာလို့ ချေးတာတာလဲ။ ကိုယ့်အတွက်ကိုယ် သုံးတာပဲဗျာ။ ခင်ဗျားအနေနဲ့ အရမ်းအလန်အပျံတွေ မဟုတ်တောင် တော်သင့်ရုံတော့ သုံးနိုင်မှာပါ"

"နေစမ်းပါဦး၊ ကျွန်မက ဘာတွေ ချေးတာနေလို့လဲ။ ခုရော ညစ်ပတ်နေတယ်လို့ ဆိုလိုတာလား။ ကျွန်မတိုက်တဲ့ Lux ဆပ်ပြာက ကြေးမပြောင်ဘူးလို့ ရှင်က ဆိုလိုချင် တာလား"





ဒေါင်းဝါက သူမရဲ့ ရန်တွေ့ပုံစံကို သဘောကျ သလို ဟက်ခနဲ ရယ်စဉ်မှာပဲ သူမဆီက စကားသံထွက်လာ ပြန်သည်။

"အပိုတွေ လုပ်မနေစမ်းပါနဲ့ရှင်။ ရှင်တို့လည်း တစ်ချိန် က ကာဘော်လိပ်ဆပ်ပြာနဲ့ ကြေးတွန်းဖူးမှာပါ။ ကာဘော် လိပ်ဆပ်ပြာတောင် သုံးချင်မှသုံးမှာ။ ဆင်ချေးတုံးဆပ်ပြာ နဲ့ မျက်နှာသစ်ချင် သစ်နေဦးမှာ"

"ဟား ဟား ... ခင်ဗျားက ရှေ့နေလုပ်ရမှာဗျ သိလား။ တစ်ဖက်က ပြောလိုက်တဲ့စကားကို ချက်ချင်းပြန်ထောက် နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါဗျာ၊ လူဆိုတာ ကိုယ့်ခင် ငွေနဲ့ လိုက်လျောညီထွေတဲ့ အသုံးအဆောင်တော့ သုံးရမှာ ပေါ့။ ခင်ဗျားဟာက ကိုယ့်ကိုယ်ကိုယ်တောင် မသဒ္ဓါဘူး ဖြစ်နေတယ်"

"ဒီမှာ ! ရှင် ဘာတွေလာပြောနေတာလဲ ... ဟမ် ? ။ ရှင် စိတ်ရောကောင်းသေးရဲ့လား။ ကျွန်မကို ဘာတွေလာ ပြောနေတာလဲ။ ကျွန်မဟာ ကျွန်မ ဘာပဲသုံးသုံး၊ ဘာမိတ် ကပ်ပဲလိမ်းလိမ်း ရှင်နဲ့ ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူး၊ ဒါပေမဲ့လည်း ခင်ဗျားအတွက် ပြောပြတာပါ။ ခင်ဗျား စဉ်းစားကြည့်လေ။ ကိုယ်က ပင်ပင်ပန်းပန်း ရှာဖွေနေတာ ဘာအဓိပ္ပာယ်လဲ။ ကိုယ် ကောင်းကောင်းနေ ကောင်းကောင်းစားဖို့ပဲ မဟုတ်လား ...

ခင်ဗျားကတော့ နားလည်ရခက်တယ်။ ကောင်းကောင်းလည်း မနေဘူး၊ ကောင်းကောင်းလည်း စားတာ မဟုတ်ဘူး။ ကောင်းကောင်းရော သုံးလား၊ မသုံးဘူး။ ခင်ဗျားဘဝကြီးက အဓိပ္ပာယ်မဲ့လိုက်တာ။ မတန်လိုက်တာဗျာ"

"ဘာပြောတယ်"

"အမှန်ပြောတယ်။ ခင်ဗျားကို မတရားသဖြင့် သုံးဖြုန်းနေရမယ်လို့ မဆိုလိုပါဘူး။ ဒီလောက် ပိုက်ဆံတွေ ရှာနေပြီး ကိုယ့်တစ်ကိုယ်ရေပစ္စည်းလေးတွေတော့ အတော်အသင့် ကောင်းကောင်းလေးတွေ သုံးပေါ့ဗျာ။ ရှမ်ပူပဲ ဘူးလေးနဲ့သုံးတော့ ဘာဖြစ်မှာလဲ။ ဘာလဲ ... အထုပ်လေးတွေဝယ်ပြီး တစ်ဝက်ခွဲတောင် သုံးနေသေးတယ် ... ဟား"

"ဘ ... ဘာရယ် ... တစ်ဝက် ! ရှင် ... ရှင်က ဘာလို့ ဒါတွေလိုက်ကြည့်နေတာလဲ"





"ခင်ဗျားကို တစ်ဘူး ငါးသောင်း ခြောက်သောင်းတန် ရှန်ပူ သုံးရမယ်လို့ မဆိုလိုပါဘူး။ တစ်သောင်း ... တစ်သောင်းခွဲတန် မသုံးရင်လည်း ရသေးတယ်။ လေးငါးထောင်တန် ဝယ်ထားရင်တောင် ခင်ဗျားတစ်ယောက်တည်း သုံးပါလေ့ တစ်လ နှစ်လလောက်တောင် သုံးလို့ရသေးတယ်"

"ဘာရယ် ... ရှမ်ပူက ငါးသောင်း ခြောက်သောင်းတန် ဟုတ်လား။ အဲဒီလောက်တန် ... အဲဒီလောက်တန်က ဘာလုပ်တဲ့ဟာမို့ အဲလောက် ဈေးကြီးရတာလဲ"

"ဘာမှလုပ်တဲ့ဟာ မဟုတ်ဘူးလေ။ ခေါင်းလျှော်ရည်ပဲဟာ၊ ခေါင်းလျှော်ရည်က ငါးသောင်း၊ ပျော့ဆေးက ငါးသောင်း ဆိုတော့ နှစ်ခုပေါင်း တစ်သိန်းလောက်ပေါ့"

"ဘုရား ... ဘုရား"

ပိုးတီက ရင်ဘတ်ဖိနေတာကို သူက သဘောတကျ ကြည့်ရယ်မိသည်။ ဘယ်စကားမဆို နှုတ်လှန်ထိုးသော ပိုးတီ တစ်ယောက် သူမ မကြားဘူးသော ပစ္စည်းတွေရဲ့ ဈေးနှုန်းကို ကြားမှ ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားပွင့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံမရှိနဲ့ ပိုးတီ။ အဲဒီလောက်တန်တွေ သုံးနေတဲ့သူတွေ ရှိတယ်။ မိန်းမတွေကိုင်တဲ့ လက်ကိုင်အိတ် သိန်းနှစ်ဆယ် သုံးဆယ်တန်တွေ ထသွား လာသွား ကိုင်နေတဲ့သူတွေ ရှိတယ် ...

ဒါတွေက ခင်ဗျား ကြားဖူးနားဝရှိအောင် ပြောပြတာပါ။ အဲဒီလောက်တွေက အလှမ်းဝေးပါတယ်။ ခင်ဗျားလည်း တစ်နေ့ တစ်နေ့ နားရတယ် မရှိအောင် စီးပွားရေးတွေ မျိုးစုံလုပ်ပြီး ရှာနေတာပဲဗျာ ...

ကိုယ့်အတွက် ကိုယ်တော့ ထိုက်သင့်သလောက် သုံးပါဗျာ။ မဟုတ်ရင် လူဖြစ်ရတာ ဘာအတွက်လဲ ဟုတ်ဘူးလား"

စားရင်း သောက်ရင်းနဲ့ ပြောနေသော ဒေါင်းဝါက စားလည်းအပြီး စကားစလည်းအဖြတ် ထိုင်ရာမှ ထသွားသော်လည်း ပိုးတီကတော့ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည်။ ဒေါင်းဝါ ပြောသွားသော စကားတွေက ပိုးတီ အတွက် တကယ်တွေးစရာ ဖြစ်ခဲ့သည်။ တစ်နေ့ တစ်နေ့ ကိုယ်လုပ်ရသော ပုံစံကို ပြန်မြင်ရင်း ကိုယ့်လက်ထဲစုမိနေသောငွေ၊ ကိုယ်မသုံးမစွဲ မခံစားထိုက်တာလား။ ဘာလုပ်ဖို့ ပိုက်ဆံတွေ ရှာနေတာလဲ။





ပိုးတီ အဖြစ်ဟာ ပိုက်ဆံလိုချင်လို့ပဲ ပိုက်ဆံရှာနေတာဖြစ်ပြီး ဘာအတွက်မှလဲ မဟုတ်ပါလားဟု ကိုယ့်ကိုယ်ကိုယ် ခပ်ရေးရေး တွေ့မြင်လေသည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"အင်း ... ငါ့ဝမ်းပူဆာ မနေသာ၊ သွားရဦးမယ်ဟ၊ အင်း
အင်း ... ဝဋ်ကြွေးရှိသမျှပေါ့"

နေ့လယ်နေ့ခင်း ထမင်းစားပြီး တစ်ရေးတစ်မော မနပ်နိုင်ရှာသူမှာ ဒေါင်းဝါပါ။ ဒေါင်းဝါ ခမျာ ထမင်းစားပြီး လုပ်စရာရှိတာ နည်းနည်းပါးပါးလုပ်၊ ဆိုင်ဘက်မှာ လူကျလျှင် ဝင်ကူ လူမကျလျှင် ကိုယ့်တန်းလျားလေးမှာ ခဏတဖြုတ် အညောင်းဆန့်၊ အညောင်းဆန့်ပြီး အိပ်ငိုက်လာရင်လည်း ငိုက် မျဉ်းရုံသာ၊ နေ့လယ် တစ်နာရီခွဲလျှင် ငွေတိုး၊ နေ့ပြန်တိုးကောက် ဖို့ ဈေးသွားရတော့မည်။ ဈေးနဲ့ အိမ်နဲ့က နာရီဝက်လောက် သွားရသဖြင့် ဈေးကို နှစ်နာရီရောက်ဖို့ အိမ်က တစ်နာရီခွဲမှာ





ထွက်ရသည်။ ဥပုသ်နေ့ ရောက်ပါစေဟုသာ ဆုတောင်းရလေသည်။ နယ်ဘက်တွေမှာက ဥပုသ်နေ့သာ ဈေးပိတ်သည် မဟုတ်ပါလား။

"ငါ့အစ်ကို ကြွေးတောင်းသွားမယ့် ဒီဗိုင်းကလည်း လန် ထွက်နေတာပဲ။ ဟာ ... ဟ"

ဒေါ်လေးဖြူ ဈေးခုံပေါ်က ပဲကြီးလှော်တစ်ဆုပ် နှိုက်လာသော အာကာက လှေကားထစ်မှာ တင်ပလ္လင်ခွေထိုင်ရင်း ပြောသည်။ သူ ဝတ်ထားတာ ဘာမှအထူးတဆန်းကြီးတော့မဟုတ် ပါ။ တီရှပ်အဖြူလေးကို ဘောင်းဘီတိုအဖြူအနက်အကွက် ကွာ တားလေးနှင့် တွဲဖက်ဝတ်ဆင်ရုံပါပဲ။ ဒါပေမဲ့လည်း နယ်ဘက်မှာ တော့ ဒီပုံစံဟာ သားသားနားနားလို ဖြစ်နေသည်။ ရန်ကုန်မှာ တော့ လက်ဖက်ရည်ဆိုင်သွားသည့် ပုံစံလောက်သာ ရှိပါသည်။

"ရှပ်ခံက သန့်လွန်းနေတော့လည်း ငါ့အားနည်းချက်ပေါ့ ကွာ"

"ဟား ဟား ... ထားပါတော့၊ အစ်ကို ကြွေးတောင်းရတာ တော်တော်စိတ်ညစ်မှာပဲနော်"

သူက လှို့ဝှက်စွာပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ် လိုက်သည်။ အစပိုင်းတုန်းကတော့ သူလည်း စိတ်ညစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ တစ်ပတ်လောက် ကြာလာသည့်အခါ သူ့အတွက် မိုးနတ်မင်း၏ ကူညီမှုကို ရခဲ့သည် ဆိုပါတော့။ ပထမကတော့ ပိုးတီမကို နှိပ်စက်လုချည်ရဲ့ဟု စိတ်တိုချင်ခဲ့သည်။ သို့သော်လည်း လောကကြီး၏လျှို့ဝှက်တတ်သော သဘောအရ အဆိုးဟု ထင်ထားတာရဲ့နောက်ကွယ်မှာ အကောင်းတွေ အများကြီးရှိနေပါလားဟု သိခဲ့ရပြီး ဖြစ်လေသည်။

"အင်း ... ဒီလိုပါပဲကွာ။ သူ့ဆန္ဒစားတော့လည်း ရဲရပြီပေါ့"

"တကယ်တော့ မပိုးတီကြီးက တော်တော်တန်တာဗျ"

"ဟမ် ... ဘာတန်တာလဲ"

"ကျွန်တော်တို့ကို နိုင်းတတ်တာလေ။ ဒါနဲ့ အစ်ကိုကရော ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲ၊ ဟို ... ကျွန်တော် ဒီလိုမေးတာ တစ်မျိုးမထင်နဲ့နော်။ ကျွန်တော်က အစ်ကို့ကို မထားချင်လို့မှ မဟုတ်တာ ...

ဒီမှာ အစ်ကို စိတ်ချမ်းသာလို့လား၊ အင်းလေ ... စိတ်ချမ်းသာတယ်၊ စိတ်ဆင်းရဲတယ် ဆိုတာထက် နေရတာ မပျင်းဘူးလား အစ်ကိုရာ"





ကြည့်ရတာ အာကာက ပျင်းနေပြီထင့်။ အင်းလေ သူလည်း ပျင်းတော့ပျင်းတာပေါ့။ ဒါပေမဲ့လည်း သူက အေးရာအေးကြောင်း နေချင်သော လူစားမျိုးဖြစ်သလို မျက်စိရှုပ် ကားကျပ်၊ မွန်းကျပ်သော ရန်ကုန်ထက် ဒီသာယာသော ခြံဝင်းလေးထဲမှာ စိတ်အေးချမ်းနေသည်ဟု ပြော၍ရသည်။

"ခုထိတော့ မပျင်းသေးဘူးကွ"

"ဟင် ... ကျွန်တော်က အစ်ကို တစ်ပတ်တောင် မနေနိုင်ဘူး ထင်ထားတာ။ ခုတော့ လွဲပြန်ပပေါ့"

"ကဲပါကွာ ... တို့တွေ ဒီမှာနေရတာ သိပ်အဆင်ပြေပါတယ်၊ နောက်မှ ကြည့်ကျက် လှုပ်ရှားတာပေါ့၊ ကဲ ... နောက်ကျနေဦးမယ်၊ သွားလိုက်ဦးမယ်"

အာကာက သူ့ကို နားမလည်နိုင်စွာ ငေးရင်းကျန်ခဲ့မှာ သေချာသည်။ ဈေးထဲသို့ရောက်သွားလျှင် သူက ဘယ်ဆိုင်မှ အရင်မဝင်တော့ဘဲ အပျိုကြီးမစောရွှေဆိုင်သို့သာ လျှောက်လာခဲ့သည်။ အပျိုကြီး မစောရွှေသည် မိုးနတ်မင်းက လွှတ်လိုက်သော တမန်တော်ပဲ ဖြစ်ပါလိမ့်မည်။ ဆိုင်တစ်ဆိုင်မှာ ပိုက်ဆံကောက်နေတုန်း စကားပြော အဆင်မပြေချိန်မှာ မစောရွှေက သူ့ဘက်က ဝင်ရောက်ပြောပေးရင်းနဲ့ ခင်သွားတာဖြစ်ပြီး သူမ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ အလည်အပတ်ဖိတ်ရင်း သူ့အကြောင်းကို စပ်စုသည်။ အနည်းငယ်မေးရုံဖြင့် အပျိုကြီးက ပိုးတီအကြောင်း ဖမ်းမိသိရှိသွားပြီဖြစ်သည်။

"ဟင် ... ထင်သားပဲ၊ ပိုးတီမတို့ကတော့ သူများသားသမီးကို မတန်မရာ နိုင်းစားတော့မယ်ဆိုတာ။ ဘာမှပူမနေနဲ့ မောင်လေး။ မမစော ကူညီမယ်။ မမစောက ဒီလိုမတရားတာမျိုးကို ငုံ့မခံဘူး၊ လက်ပိုက်မကြည့်ဘူး ဟွင်း ဟွင်း"

အဲဒီလို တဟွင်းဟွင်း ရယ်သံဖြင့် သူ့ကို ကိုကြီးကျော် မ,သလို မ,တော့တာဖြစ်သည်။ မမစောရွှေကလည်း ရွှေဆိုင်ဖွင့်ထားကာ ရွှေရောင်းရတဲ့အမြတ်ကနည်းနည်း၊ ရွှေပေါင်ခံပြီး ငွေတိုးချေးလို့ရတဲ့ အမြတ်ကမှ များများဖြစ်နေသည်။ သူက ချေးရောက်လျှင် ဘာမှလုပ်စရာမလို၊ မမစောဆိုင်သို့သွားကာ စာရင်းစာအုပ် အပ်လိုက်ရုံ၊ မမစောက သူမရဲ့ တပည့်မလေးနှင့် တစ်ခါတည်း ထည့်ပေးလိုက်လျှင် ဟိုက မမစောအတွက်ပါ ကောက်ရင်းနှင့် သူ့အတွက်ပါ ကောက်လာလိမ့်မည်။ သူကတော့ အငြိမ်။ မမစောဆိုင်မှာထိုင်ပြီး တစ်နေ့တစ်မျိုး မရိုးရအောင် ထိုင်စားရုံပဲဖြစ်သည်။ အပျိုကြီးသဘောကျ တွေရာလေးပါး ဟိုပြော ဒီပြောလေး ပြောပေး၊ ဟာသလေးတွေ ပြောပေး၊ အချိန်





တန်လို့ ကောင်မလေး ကောက်လာသောငွေ ကိုက်မကိုက်စစ်ကာ သူက ပြန်ရုံပါပဲ။

"မောင်လေးရေ ... ဒီနေ့ မမစော ကိုယ်တိုင်လုပ်လာတဲ့ ကျောက်ကျောလေး စားကြည့်ပါဦး။ စတော်ဘယ်ရီသီးတွေနဲ့ ထိုးထားတာ။ ကောင်းရဲ့လား"

အပျိုကြီးက ပလတ်စတစ်ဘူးထဲမှ လှပစွာစီရီထားသော ကျောက်ကျောများကိုပြသည်။ အင်း ... ဘယ်လောက်များ ကြီးစားပမ်းစား ထိုးလာပါလိမ့်။ စတော်ဘယ်ရီသီးများနှင့် ကျောက်ကျောက စားချင်စဖွယ်အတိ ဖြစ်နေသည်။ သူက သွားကြားထိုးတံဖြင့် ထိုးစိုက်ထားသော ကျောက်ကျောတစ်တုံးကို ပါးစပ်ထဲ ပစ်သွင်းလိုက်သည်။ အိစက်ညက်ညောနေသော ကျောက်ကျောတုံးလေးမှာ လျှာဖျားမှတစ်ဆင့် အစာအိမ်ထဲသို့ ချောချောမောမော ရောက်သွားပါသည်။

"ကောင်းလိုက်တာ မမစောရာ။ ရန်ကုန်က ကျောက်ကျောတွေထက်တောင် ကောင်းသေးတယ်"

"ဟယ် ... ဟုတ်လား။ ကောင်းရင်စား ... စား။ မမစော အများကြီး ထိုးလာတာ၊ နောက်တစ်ဘူး ကျန်သေးတယ်။ အေးလေ ... ရန်ကုန်ကဟာတွေနဲ့တော့ မယှဉ်နဲ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးရယ်။ ရန်ကုန်ကဟာတွေက အမြင်သာလှတာ ဟင်း ဟင်း ... ဆေးသကြားတွေနဲ့ ကျန်းမာရေးနဲ့ကလည်း ညီညွတ်တာ မဟုတ်ဘူး"

သူက မသိမသာ ပခုံးတွန့်မိသည်။ အဲဒီ မမစောရဲ့ ဆိုက်ကိုမှာလည်း ရန်ကုန်ကဟာမုန့်သမျှဟာ အပေါ်ယံရွှေမှုန့်ကြဲတွေဖြစ်ပြီး သူတို့နယ်ကဟာ မုန့်သမျှမှ အမှန်အကန်တွေဟု သတ်မှတ်ချင်တာဖြစ်သည်။

"ဟုတ်တာပေါ့ ... မမစောကလည်း စေတနာကကောင်းတော့ ဘာအစားအစာပဲလုပ်လုပ် ကောင်းနေတော့တာ ဟင်း ဟင်း"

ပြောလည်းပြော စားလည်းစားဖြင့် ကျောက်ကျောတစ်ဘူးမှာ တစ်ခဏအတွင်း ပဒူတွင်းထဲကျသော သားကောင်လို ပြိုက်ခနဲ ကုန်သွားသည်။

"ဒါနဲ့ မောင်လေး ပိုးတီမတို့အိမ်မှာ နေရတာ အဆင်ပြေရဲ့လား"

"ဟုတ် ... ပြေပါတယ်"

"အေး ... မပြေလည်း မမစောတို့အိမ် လာနေလို့ရတယ်နော်။ မမစောတို့အိမ်မှာက ဘယ်သူမှရှိတာ မဟုတ်ဘူး"





"ဗျာ ... ဘယ်သူမှ မရှိဘူး"

"အင်းလေ ... ဘယ်သူမှမရှိလို့ မောင်လေးကို ခေါ်တာပေါ့ မောင်လေးရယ်"

"ခင်ဗျာ ... အဟဲ ... မနောက်ပါနဲ့ မမစောရယ်"

"ငွင် ... နောက်နေတာ မဟုတ်ဘူး။ တကယ်ပြောနေတာ မောင်လေးရဲ့။ ပိုးတီမအကြောင်းကို မမစော ကောင်းကောင်းသိတယ်။ အဲဒီမိန်းမက ကပ်စေးသိပ်နည်းတာ။ ကပ်စေးဘယ်လောက်နည်းလဲဆိုရင် ငါးပိတောင် ဝယ်မစားချင်လို့ သူ့နှပ်ချေးတောင် ငါးပိလုပ်စားမယ့်သူမျိုး၊ ပြီးရင် စကားပြောလိုက်ရင်လည်း အကျောကြီးနဲ့၊ ခြံထဲမှာ နွားနို့ဆိုင်လေး လက်ဖက်သုပ်ဆိုင်လေး ဖွင့်ထားတာကို ရွှေဘဲလောက်နီးနီး ဖွင့်ထားတယ် ထင်နေတာ"

"ဟား ဟား ... မမစောက ရွှေဘဲကို သိတယ်ပေါ့"

"သိပါ့တော် ... ရန်ကုန်ရောက်တုန်းက စားဖူးပါ့"

"ဟင်း ဟင်း ... ပိုးတီကတော့ ရောက်လေရာ သတင်းကမွှေးနေတော့တာကိုး၊ သူ့မှာ ရည်းစားတွေ ဘာတွေ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးဟယ် ... သူ့လို ပေါက်ကျော်မ ကပ်စေးနဲမကို ဘယ်သူက ရင်ခုန်မှာလဲ"

ပေါက်ကျော်မ ကပ်စေးနဲမလေး ခေတ်သစ်ချစ်တီးမလေး စသဖြင့် ဂုဏ်ပုဒ်များစွာ ရရှိထားသော ပိုးတီမတစ်ယောက် သူ့ရဲ့ဘုန်းကံတွေ မြင့်မားစွာ ခုလို အဆင်ပြေနေတာ သိရင် ဘယ်လိုများ နေမှာပါလိမ့်ဟု သူက တွေးမိကာ သဘောတကျ ပြုံးမိတော့သည်။

❤ ○ ❤





## ၁၃

ဒေါင်းဝါရဲ့တန်းလျားဘက်သို့ တရွေ့ရွေ့ချဉ်းကပ်လာသော ပိုးတီမှာ တဲထဲသို့ ခေါင်းပြူပြီး ကြည့်လိုက်တော့ ဒေါင်းဝါမရှိဘူး ဆိုတာကို သိလိုက်ရလျှင် ပို၍အားတက်သွားပြီး တဲပေါ်တက်၍ စပ်စုဖို့ သတိရကော့သည်။ အဲဒီ ဒေါင်းဝါဆိုတဲ့ တစ်ယောက်ပုံစံကို တယ်၍ မသင်္ကာချင်ပါ။ သူ့ကို နေ့လယ်နေ့ခင်း အိမ်မှာအိပ်နေ၍ ဈေးလွှတ်တော့လည်း ဖြုံပုံမပေါ်။ ငွေတိုးလိုက်ကောက်ရသည့် ကိစ္စမှာ တော်တန်ရုံလူအဖို့ အတော်စိတ်ပျက်ဖွယ်ကောင်းသော ကိစ္စဖြစ်သည်။

သူလို ရွှရွှလေး နေတတ်သောသူ၊ ကြော့ကြော့လေး နေတတ်ပြီး လက်ကြောမတင်းသောသူကို ငွေတိုးကောက်နိုင်းတာနဲ့တင် လန့်ပြီးပြေးလောက်သည်ဟု တွက်ထားသော်လည်း တော်



www.burmeseclassic.com

www.burmeseclassic.com



လသာပြည့်တော့မည်။ သင်းက ပြုံးပြုံး၊ ပြုံးပြုံးနှင့် ကောက်ရမည့်ငွေကို အချိန်တန် အပြည့်အစုံ အပ်နိုင်သည်။ တစ်ပြားမှလျော့နေတာလည်းမရှိ၊ အေးဆေးပုံစံမျိုးဖြစ်ကာ ပင်ပန်းတာ ညည်းညူတာမျိုး မတွေ့ရ၍ ထူးတော့ထူးဆန်းကာ နားမလည်ဖြစ်နေသည်။ ပိုးတီကလည်း ဈေးသွားစရာမလိုဘဲ အိမ်မှာတင် နိုင်နိုင်နင်းနင်း အုပ်ချုပ်နေနိုင်သဖြင့် ဒေါ်လေးဖြူနှင့် အာကာတို့သားအမိမှာ မချောင်ဘဲ နေ့လယ်နေ့ခင်း နှပ်မရ၊ တစ်ရေးမှေးမရ ဖြစ်နေသည်။

လက်ရှိအခြေအနေမှာ ပိုးတီအတွက် ဒေါင်းဝါဟာ ထမင်းကျွေးထားရတာထက်တန်ဖွာ တည်ရှိနေသဖြင့် ကျေနပ်ရသော်လည်း တစ်ခုခုတော့ ထူးတော့ထူးနေသည်ဟူသော အတွေးဖြင့် ဒေါင်းဝါရဲ့တန်လျားအနားသို့ ကပ်လာခြင်းဖြစ်သည်။ တဲထဲမှာ ဒေါင်းဝါ ရှိမနေပါ။ သို့သော်လည်း ပိုးတီက ခြေကိုဖော့လို့ တဲထဲသို့ တက်လိုက်သည်။

သူ့အတွက်ပေးထားသော ခုံတစ်ခုံပေါ်တွင် အစီအရီချထားသော ပစ္စည်းများကို ပိုးတီက တစ်ခုချင်း စိတ်ဝင်တစားကြည့်မိသည်။ အမယ်လေး ... ဘာတွေပါလိမ့်။ ဘာတွေမှန်းတောင် မသိတော့တဲ့အထိ ဘူးကြီးဘူးငယ် ပလုံစီလျက် ရှိနေသည်။





ယောကျ်ားလေးတစ်ယောက်အတွက် အလှအပပစ္စည်း ဤမျှလိုအပ်ပါသလား။ ဆယ်ဘူးထက်မနည်းရှိမည့် ပစ္စည်းများကို ခါးကိုင်းကာ ကြည့်နေသော ပိုးတီတစ်ယောက် နောက်မှ“ဟိတ်”ခနဲ အသံကြောင့် လန့်ဖျပ်ကာ လူက ပက်လက်လန် လဲကျတော့မလို ယိုင်သွားသည်။

လဲကျတော့မလို ပိုးတီကို ဒေါင်းဝါက ကမန်းကတန်း ဆွဲဖမ်းပေးလိုက်ရသည်။ ပက်လက်လန်တာကို ဆွဲဖမ်းပေးရတာမို့ ခါးကိုတစ်ချက် ကျောကိုတစ်ချက် ပွေ့ပြီးသားဖြစ်နေသည်။

ပိုဆိုးတာက ဒီတစ်ခါလည်း ဒေါင်းဝါဟာ အပေါ်ပိုင်းအကျႌမပါ၊ အောက်ပိုင်း ဘောင်းဘီအတိုအကျပ်နှင့်သာ။ ဘာလုပ်လာမှန်းမသိဘဲ ရင်ဘတ်မှာက ချွေးတွေစို့နေသေးသည်။ နီးကပ်လွန်းသဖြင့် သူ့ထံက ချွေးနံ့နှင့် ရောနှောသော အော်ဒီကလုံးနံ့ကိုပါ ရနေသည်မှာ ရှုးချင်စရာ။

“ရှင် ... ဒါ ... ဒါ ... ဘာလုပ်နေတာလဲ”

ရင်ထဲမှာ တဒိန်းဒိန်းဖြင့် ခုန်ပေါက်ထွက်မတတ်ဖြစ်နေသော နှလုံးသားကြောင့် ပိုးတီရဲ့မျက်နှာက ရဲတွတ်လာကာ ပါးစပ်က မေးမိမေးရာ ထွက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကျွန်တော်က ဘာလုပ်နေလို့လဲ။ ခင်ဗျားကိုသာ အဲဒီမေးခွန်းကို မေးရမှာ မဟုတ်ဘူးလား။ ခင်ဗျား ကျွန်တော့်အခန်းထဲ ဘာဝင်လုပ်နေတာလဲ"

"အောင်မာ ... ရှင့်အခန်းလို့ ပြောရအောင် ဒါက ရှင်ပိုင်တဲ့ အိမ်မို့လို့လား"

"ဟုတ်ပါတယ်ဗျာ၊ ဒါ ခင်ဗျားပိုင်တဲ့အိမ်၊ မြေ၊ နေရာဆိုတာ လူတိုင်းသိပါတယ်၊ အဲဒါကို ထပ်ခါတလဲလဲ ပြောမနေစမ်းပါနဲ့။ လောလောဆယ် ကျွန်တော်က ဒီနေရာလေးမှာ နေ့နေတာလေဗျာ။ လူပျိုတစ်ယောက်ရဲ့ ဧရိယာဝန်းကျင်ကို ခင်ဗျား ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ မရဘူးဆိုတာ ခင်ဗျား သိပါတယ်"

"ဘာ ... ဘာ လူပျိုတစ်ယောက်ရဲ့ဧရိယာဝန်းကျင်လဲ။ ကျွန်မဘာသာ ကြိုက်သလို ဝင်ထွက်ခွင့်ရှိတယ်"

"အင်းပေါ့လေ၊ မမြင်သင့်တာတွေ မြင်သွားရင်တော့လည်း မတတ်နိုင်ဘူးပေါ့"

"ဘာပြောတယ်"

"ဩော် ... ခုလိုလေ အင်္ကျီချွတ်တွေ ဘာတွေနဲ့ မြင်သွားရင် မကောင်းဘူး ပြောတာပါ"





ပိုးတီက သူ့ကို မျက်စောင်းထိုးမိသည်။ မျက်စောင်းထိုးရင်းမှလည်း သင်းရဲ့ကျစ်လစ်သန်မာလှပနေသော ကြွက်သားအလှများကို အမှတ်တမဲ့ ငေးမိသွားသည်။ ပိုးတီဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ကြံ့ခိုင်သော ကိုယ်ကာယအလှကို တစ်ခါမှ မမြင်ဘူးပါ။ ရုပ်ရှင်တွေ ဘာတွေထဲမှာတောင် သေချာမြင်ဖူးတာမဟုတ်။ ဒီလူဟာ မိန်းကလေးဖြစ်တဲ့ ပိုးတီထက်တောင် အလှအပကို လိုက်စားထားပါလားဟု သိမြင်ရသည်။ ထာဝစဉ် ဆတ်ဆတ်ကြဲ ဇွာလန် ပိုးတီတစ်ယောက် ယောကျ်ားတစ်ယောက်ရဲ့ Body. Beauty ကို မြင်ပြီး ကတုန်ကယင် ဘာပြောရမှန်းမသိဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အဲလိုဖြစ်နေမှန်း ပြန်သတိထားမိပြီး ထိန်းသိမ်းနေရတာလည်း အလုပ်တစ်လုပ်။

"ဒေါ်ပိုးတီ ... ကျွန်တော့်နေရာလေးကို ဘာများ အလိုရှိပါသလဲ ခင်ဗျာ"

သူက လက်ပိုက်ရင်း ရိုရိုသေသေပုံစံဖြင့် ရွဲ့မေးတယ်ဆိုတာကိုလည်း သဘောပေါက်သည်။ ပိုးတီက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ရင်း ...

"ရှင်ကရော ချွေးသံတရွှဲရွှဲနဲ့ ဘာလုပ်နေတာလဲ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံဟာ ပြုံးစိစိ ဖြစ်သွားသဖြင့် ပိုးတီက မျက်စောင်းထိုးလိုက်သည်။ မျက်စောင်းထိုးတော့ မျက်လုံးက သူ့ရင်အုပ်နားဆီသို့ပဲ ထပ်ရောက်သွားပြန်သည်။ ကျွတ် ... သေတော့မှာပဲ။

"ကျွန်တော် ချွေးတွေ ဘာလို့ထွက်လဲ သိချင်တာလား။ အဟင်း ... ကျွန်တော် ကစားနေလို့ပါ"

"ဘာရယ် ... ကစားနေတယ်၊ ဘယ်သူနဲ့ ကစားနေတာလဲ။ အာကာနဲ့လား"

ပိုးတီရဲ့ အထူးတဆန်း အမေးကို သူက သဘောတကျ ရယ်မောကာ ရွှန်းရွှန်းလဲ့လဲ့ စိုက်ကြည့်နေသည်။ အို ... အဲဒီလို ကြည်တောက်လက်ဖြာနေတဲ့ အကြည့်မျိုးကို ဘယ်တုန်းကမှ အကြည့်မခံရဘူးသဖြင့် ပိုးတီမှာ စပါးကြီးမြွေ ညို့ခံထားရသူလို သူ့မျက်လုံးများနှင့် စိုက်ငြိတွယ်ပါ ချိတ်နေသည်။ အကြည့်ချင်းတွေမှာ လွှဲဖယ်၍ ရမတော့လောက်အောင် ချိတ်ဆက်တွယ်မိနေလေသည်။

"ဟင်း ... ဟင်း ... ခင်ဗျားက တကယ် ချစ်စရာကောင်းတယ်"

"ဘာပြောတယ်"





အဲဒီစကားကို ကြားတော့မှ ရေတောက်ပြီး သတိပြန်ကပ်လာသလို၊ ဝိညာဉ်ပြန်ပူးလာသလို ပိုးတီက ဆတ်ခနဲ ဖြစ်သွားသည်။ တဟင်းဟင်း ရယ်နေသော သူ့ပုံစံ၊ အင်္ကျီဗလာခန္ဓာကိုယ်နှင့် နားထဲက မထွက်သော "ခင်ဗျားက တကယ်ချစ်စရာကောင်းတယ်"ဟူသော စကား၊ အဲဒါတွေအားလုံးဟာ ကိုယ့်ကိုမခန့်တာ၊ မလေးစားတာ ရိသဲ့သဲ့လုပ်တာ၊ သူ့ကိုငေးနေမှန်းသိလို့ အသားယူပြောတာ စသဖြင့် ရှက်ရမ်းရမ်းကာ ဒေါသထွက်သောစိတ်နှင့် ဆောင့်တွန်းပစ်လိုက်လေသည်။

အဲဒီနောက် ဘာမှမမြင်တော့သလို ဝုန်းခနဲ ပြေးဆင်းလာခဲ့တော့သည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၃၂ ။

"ကိုဒေါင်းဝါ ဘာလုပ်နေလဲ မသိဘူး၊ နောက်ကျလိုက်တာ"

မနက်ခင်းစောစော ဒေါ်လေးဖြူရဲ့ ထမင်းကြော် Breakfast ဝိုင်းတွင် ဒေါင်းဝါတစ်ယောက် ရောက်မလာသေးသဖြင့် ထမင်းတစ်လုတ် စ,စားလိုက်ရင်း အာကာက ပြောလိုက်ခြင်းဖြစ်သည်။ အရင်ရောက်နေသော ပိုးတီက ဘာစကားမှမဆိုဘဲ နှုတ်ဆိတ်ငြိမ်သက်ရင်း ထမင်းကြော် ဆက်စားနေမိသည်။ အနားရောက်လာသော ဒေါ်လေးဖြူကို အာကာက လှမ်းမေးသည်။

"အမေ့ ကိုဒေါင်းဝါ တွေ့မိလား"

"ဟေ့ဧအး ... မိုးလင်းထဲက မတွေ့ရသေးဘူး၊ ဘာဖြစ်နေလဲ မသိဘူး။ မလာသေးဘူးနော်။ သွားလည်းကြည့်ကြဦး"





"အင်း ... ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

အာကာက ပါးစပ်ထဲသို့ ထမင်းကြော်တစ်လုတ် ပလုတ်ပလောင်းထည့်ကာ ထထွက်သွားသည်။ ထမင်းကို တိတ်ဆိတ်စွာဝါးနေသော ပိုးတီမှာ မနေ့ကပုံရိပ်ကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာရင်း ခေါင်းကို ချက်ချင်းခါထုတ်ပစ်လိုက်သည်။ စိတ်ထဲမှာလည်း တနုံ့နုံ့နှင့် ဘာကိုအလိုမကျဖြစ်လို့ ဖြစ်နေမှန်း မသိချေ။

ယောက်ျားတစ်ယောက်ရဲ့ အလှအပကို မျှော်ပါနေသလိုဖြစ်ပြီး သူ ရှိသည့်သဲ့ပြောလိုက်တာကို ဆတ်ဆတ်ခါနာနေသလိုမျိုး ဖြစ်နေတာပါ။ ကိုယ်ဟာ သင်းကို အရောမဝင်ခဲ့သမျှ နည်းနည်းလေး အလိုက်အထိုက် ဆက်ဆံတာနှင့် အသားယူချင်သလားဟု ရှုက်ဒေါသလည်း ထွက်ရသည်။

"ကိုဒေါင်းဝါက မနေ့က ချော်လဲလို့ ခါးနာနေတာနဲ့ အိပ်ရာထဲကတောင် မထနိုင်ဘူး။ သူ့ခါးကြီး ယောင်ကိုင်းနေတာပဲ။ ကျွန်တော် ထမင်းကြော်သွားပို့ပေးလိုက်ဦးမယ်"

အာကာက စားပွဲပေါ် တင်ထားသော ထမင်းကြော်ပန်းကန်နှင့် ကော်ဖီခွက်ကို ကောက်ကိုင်ကာ ပြောပြောဆိုဆို ထွက်သွားသည်။ ပိုးတီက မျက်မှောင်ကြုတ်ကာ ဆက်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မနေ့က ချော်လဲတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သိပ်မဖြစ်နိုင်ဘူးဆိုတာ ကိုယ့်ဘာသာကိုယ် သိနေသည်။ မနေ့က ပိုးတီ ဆောင့်တွန်းလိုက်သော အရှိန်ဖြင့် သူ နောက်ပြန်လန်ကျ လဲသွားသည်။ ခါးနဲ့ကျပြီး ခါးမျက် ခါးနာသွားတာ ဖြစ်နိုင်ပါသည်။

ခါတိုင်းဆိုလျှင် ဂူးဂူးဝါးဝါး မေးမြန်းစူးစမ်းတတ်သော ပိုးတီတစ်ယောက် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်တိတ်ဆိတ်နေမိသည်။ အရင်ကဆို တစ်မနက်လုံး ဘာလုပ်မှမလုပ်ဘဲ ဒီလို ထမင်းကြော်တစ်ပွဲနှင့် ကော်ဖီတစ်ခွက်ကို အခန့်သားစားဖို့ ခွင့်ပြုမလား။ ဗြူးဗြူးဗြဲဗြဲ သွားကြမ်းမှာ အသေအချာ။ ဘာဖြစ်တာလဲ၊ တကယ်ဖြစ်တာလား လုပ်ကြံတာလား၊ အပျင်းထူတာလား စစ်မည်။ ခုလို ငြိမ်သက်နေတာ ပိုးတီ ပုံစံအမှန်မဟုတ်တာကို ဒေါ်လေးဖြူကလည်း ရိပ်မိသည်ထင်။ မေးမြန်းသည်။

“ဒေါ်ဝါးဝါက ရုတ်တရက်ကြီး ခါးထနာတာ ဟုတ်ရော ဟုတ်ရဲ့လားမသိ”

သူ့ဟာသူ ရေရွတ်ပြောနေသလိုမို့ ပိုးတီက ဘာမှ ပြန်မပြောဘဲ ကော်ဖီကို ငုံမိသည်။

“မယ်ပိုးတီ ... ဒီနေ့ ထူးခြားနေပါလား။ ခါတိုင်း အလုပ်မလုပ်ဘဲ ရေသာခိုတယ်လို့ထင်ရင် သွားမေးဦးမှာ။ ခုတော့





အိမ်မှာ ပိုးတီ မဟုတ်တဲ့ တခြားတစ်ယောက် ရောက်နေသလိုပဲ”

“ဘာတွေ ပြောနေတာလဲ။ သူ့ဟာသူ တကယ်ဖြစ်လို့နေမှာပေါ့”

“အင်း ... ဟုတ်မှာပါလေ။ အသုံ့တွေ ရနေတာ နေမှာ၊ ဒါဆိုလည်း ဒီအတိုင်းထားလို့ ရပါ့မလား မသိဘူး။ တော်ကြာ ခါးရိုးတွေ ဘာတွေ ကျိုးသွားတာဆိုရင် ဘယ်လိုလုပ်မလဲ”

“ဪ ... အရေးထဲ သူက စိုးရိမ်နေသေးတယ်။ သွားကြည့်ပြီး လိုအပ်တာ လုပ်ပေးလိုက်ကြပေါ့ဗျာ။ ကဲ ... ကဲ ... လုပ်စရာရှိတာလုပ်၊ ဒီလောက် ဆွေးနွေးနေရမယ့်ကိစ္စ မဟုတ်ဘူး”

ပိုးတီ ထထွက်သွားတာကို ဒေါ်လေးဖြူက နောက်ကနေ မဲ့ရွဲ့ပြရင်း ကျန်ခဲ့သည်။ အပြင်ကိုထွက်လာသော ပိုးတီရဲ့ခြေလှမ်းများမှာ ဘယ်ကိုသွားရမှန်း မသိသူလို ယောင်ချာချာဖြစ်နေသည်။ ဟိုတစ်ယောက်ကိုပဲ သတင်းမေးသွားရင် ကောင်းမလား၊ ဘာမှမဖြစ်သလို ခပ်တည်တည် နေရမလား စသဖြင့် Lဆိုင်းဒီ ဖြစ်လို့နေသည်။ (ဝေခွဲမရပါလား)



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒေါင်းဝါက တော်တော်နာနေတာပဲ မပိုး၊ ဆေးခန်း သွားပြမှ ဖြစ်မယ်နဲ့တူတယ်"

အနားရောက်လာပြီး ပြောလိုက်သော စကားကြောင့် ဆတ်ခနဲ ဖြစ်သွားရသည်။ တစ်ခုခု ပြန်ပြောဖို့ ပြင်နေသော ပိုးတီရဲ့နှုတ်ခမ်းများ လှုပ်လှုပ်ရွရွ ဖြစ်နေချိန်မှာ အာကာက မေး ဆက်ပြီး ထပ်မေးသည်။

"မပိုး ... သွားမကြည့်တော့ဘူးလား"

"ငါက ဘာကို သွားကြည့်ရမှာလဲ"

"ဩော် ... တကယ် ခါးနာတာ ဟုတ်,မဟုတ် မစစ်တော့ ဘူးလားလို့ပါ"

"ဘာလဲ ... နင်က ငါ့ကို ရွဲ့နေတာလား"

"မဟုတ်ပါဘူး၊ ခါတိုင်းဆို မပိုးက နည်းနည်းနားတာ တောင် အပျင်းထူနေတယ်၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ပြောတာလေ။ ဟုတ်လို့လား ဆင်ခြေမပေးနဲ့ ဆိုတာမျိုး တွေနဲ့ စစ်ဆေးမေးမြန်းတာ မဟုတ်လား။ အခု ဘာမှ တောင် မမေး၊ ကြုံသိနေတဲ့ပုံစံမျိုးမို့"

"ဘာပြောတယ်"





လှည့်အော်လိုက်သော ပိုးတီ လေသံကြောင့် အာကာ တောင် ဆတ်ခနဲ တုန်သွားရသည်။ ဒေါသတကြီး ပြူးစိုက်ကြည့် နေသော မျက်ဝန်းများကို အာကာက အံ့ဩတကြီးပြန်ကြည့်နေမိ လေသည်။

"ထပ်ပြောရင် နင့်ကို ငါ နားရင်းအုပ်တော့မယ်"

"ဟို ... ဟို"

"တော်ပြီ။ သွားတော့ နားငြီးတယ်"

သွားတော့ဟု မောင်းထုတ်ပြီး တကယ်တမ်း ထွက် လာသူက ပိုးတီပါ။ စိတ်ထဲမှာ ဘာဖြစ်နေမှန်း မသိဘဲ အလိုမကျ ခြင်းများစွာ ဖွဲ့တည်နေသည်။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာ လား၊ ဒေါင်းဝါကို မကျေနပ်တာလား၊ အဖြစ်အပျက်ကို မကျေ နပ်တာလား။ အဖြေမထုတ်နိုင်ဘဲ စိတ်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေသော ခံစားမှုက အတော်ဆိုးသည်။

ပြောရလျှင် တစ်သက်လုံးက ဘဝမှာ စိတ်ရှင်းရှင်း နေခဲ့ဖူးသောကြောင့် ဒီလိုအဖြစ်မျိုး ကြုံရတဲ့အခါမှာ ပို၍မနေ တတ် မထိုင်တတ် ဖြစ်နေရခြင်းဖြစ်သည်။ ယခင်က ပိုးတီဆို တာ လုပ်ချင်ရင် လုပ်မည်၊ မလုပ်ချင်ရင် မလုပ်ဘူး ပြတ်ပြတ် သားသားရှိကာ တစ်ခုခုကို တွေဝေနေခြင်း အလျဉ်းမရှိခဲ့။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းဝါ တစ်ယောက် ကိုယ့်ကြောင့် ခါးနာသွားတာ သွားမေးရ ကောင်းနိုး၊ မကောင်းနိုး ဒွိဟဖြစ်နေသည်။

“ကျွတ် ... သိတော့ဘူးကွာ၊ ရှုပ်လိုက်တာ၊ သူ့ဟာသူ ဘာဖြစ်ဖြစ်”

သူ့ဟာသူ ဖြစ်ချင်ရာဖြစ်ဟူသော အတွေးကို ပြတ်ပြတ်သားသား ချလိုက်ကာ ပိုးတီက ကြက်ခြံဘက် ထွက်လာခဲ့သည်။ သင်းတာဝန်ကို ပိုးတီ ဝင်ရမှာလေ။ ကြက်ခြံထဲ ရောက်တဲ့အထိ အတွေးစိတ်က အမျှဉ်တန်းနေတုန်း။ ကိုယ့်ကြောင့် လူတစ်ဖက်သား ဒုက္ခိတများ ဖြစ်သွားလေမလားဟူသော အတွေးက ဖိစီးဝင်ရောက်လာပြန်သည်။ ဘုရားရေ ... သူ့ကို စိတ်ထဲက ဖျောက်ဖျက်မရနိုင်တာ ဘာကြောင့်ပါလိမ့်နော်။

❤ ○ ❤





## ၂၁

“အား ... ကျွတ် ... ကျွတ် ... အမယ်လေး ... ငါ့မလဲ တစ်ဒုက္ခပါလား။ ဒုက္ခက မသေးပါလားနော်”

ဟိုနားနှင့် ဒီနား ရွှေ့တာတောင် ခါးက တော်တော်နာနေ၍ ဒေါင်းဝါခမျာ တစ်သက်လုံးက မ,တခဲ့ဘူးသော အမယ်လေး၊ အဘလေးတွေတ,ကာ ညည်းနေရသည်။ သူ့ခါးက ခါးရိုးထိသွားကာ အဆစ်ယောင်သွားတာဖြစ်သည်။ တစ်ပတ် နှစ်ပတ်နေမှ အရှင်းပျောက်မည်။ ကြားထဲမှာ ပင်ပင်ပန်းပန်း ဘာမှလုပ်၍မရ။ ဒီနေ့မှ သုံးရက်မြောက်နေ့ပဲ ရှိသေးသည်။ ခါတိုင်းဆိုလျှင် နေ့တိုင်း အခန့်သားထိုင်စား၊ ဇိမ်နဲ့နေရတာကို ကျေနပ်သဘောကျနေမည် ဖြစ်သော်လည်း ခုတော့ ပိုးတီရဲ့ပါးစပ်ကို ကြောက်ရွံ့နေရတာ ကျော့မလုံ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးတီမကလည်း တကယ်ပဲ နေနိုင်အားသည်။ သူမ တွန်းလိုက်လို့လည်း ဖြစ်သွားသော သူ့ဆီ ဖြစ်တည်းက တစ်ချက်တောင် လာမေးဖော်မရတော့ပါ။ အဲဒါကိုလည်း ဘယ်လို နားလည်ရမယ် သူ မသိ။ အရင်က အလုပ်နဲ့လက် မပြတ်ခဲ့ရသော အခါ ပျင်းချိန်တောင်မရ။ ခုလို အားနေချိန်မှာတော့ ပျင်းတောင် လာသည်။ သူ မသုံးဘဲ ပိတ်ထားခဲ့တာ ကြာပြီဖြစ်သော Note 2 ဖုန်းလေးကို ပွတ်သပ်ကြည့်ရင်း တစ်စုံတစ်ယောက်ကို သတိရလာခဲ့သည်။

အစ်ကိုဇော် ! ။ ခုချိန်ဆို အစ်ကိုဇော် ဘယ်လိုများ ရှိနေမှာပါလိမ့်။ ဖုန်းဖွင့်ထားလျှင် ဆက်သွယ်ရေးရဲ့ ဂျီပီအက်စ် ကနေ သူရှိတဲ့နေရာကို ခြေရာခံပြီး လိုက်လို့ရတာမို့ သူက ရန်ကုန်က ထွက်လာကတည်းက ဖုန်းပိတ်ထားခဲ့ပြီး လုံးဝမဖွင့်ခဲ့ချေ။ ဒီမှာ ဖုန်းသုံးစရာလည်း မလိုခဲ့။ အားလုံးနဲ့ အဆက်အသွယ် ဖြတ်ထားချင်တာလည်းပါသည်။ ခုဆိုလျှင် သူ ဒီကိုရောက်ခဲ့တာ ဘာလိုလိုနှင့် နှစ်လကျော်ခဲ့ပြီ။ နှစ်လကျော် သုံးလအတွင်းမှာ သူ့အမေဆီတောင် အဆက်အသွယ် မလုပ်ခဲ့ပါ။ မလုပ်ဆို အမေနဲ့ သူနဲ့ကလည်း သိပ်အဆင်မပြေ။ အမေ့ကို နောက်ယောကျ်ား ငယ်ငယ်လေး ယူထားမှုနှင့် သူက မကြည်သလို အမေကလည်း





ပထွေးကို ကြည့်မရသော သူ့ကို ပြန်မကြည့်ချင်။ ဒါနဲ့ပဲ သူဟာ အဆောင်မှာ လွတ်လွတ်လပ်လပ် လာနေခဲ့တာဖြစ်သည်။

ခပ်ပျင်းပျင်းရှိသဖြင့် ဖုန်းထဲကကတ်ကို ထုတ်ထား ကာ ဖုန်းတော့ဖွင့်ပြီး ဂိမ်းကစားမယ် အလုပ်မှာပဲ သူ့နားထဲသို့ အာကာ့အသံ တိုးဝင်လာသည်။

"ကိုဒေါင်းဝါ"

"ဟေ"

"လှဲနေတာလား။ ခဏ ထ,ပါဦး။ ထနိုင်လား။ မထနိုင်ရင်လည်း ကျွန်တော်လာမှ ထူပေးမယ်"

အာကာ့အသံနှင့်လူက တစ်ဆက်တည်း ရောက်လာသည်။ အာကာ့အသံနှင့်အတူ နောက်ပါးက ဝင်လာတာက အပျိုကြီး မမစော။

"မောင်လေး"

မမစောရဲ့ ကရုဏာအသံ မောင်လေးက ကရုဏာ လွှမ်းရပ်သို့ ရောက်သွားပြီး မောင်လေးတောင် ဖြစ်သွားရတာမို့ သူရော အာကာရောပါ ပြုံးစိစိ ဖြစ်သွားရသည်။

"မမစော"

"မောင်လေးရယ်။ ဘယ်လိုများ ဖြစ်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အလေးမ,လိုက်တာကနေ အခန့်မသင့်လို့ ဖြစ်သွားတာပါ"

"အေးကွယ် ... မမစောမှာ မျှော်နေလိုက်ရတာ။ နေ့တိုင်း ပေါ်မလာ ပေါ်မလာနဲ့ ဘာများဖြစ်သလဲဆိုပြီး စိတ်တွေလေးနေတာ။ နေများကောင်းရဲ့လားဆိုပြီးတော့လေ။ ဒီနေ့မှ အာကာ့ကိုတွေ့လို့ မေးကြည့်တော့မှ ထင်တဲ့အတိုင်းဖြစ်ပါရော့လား ...

မောင်လေးရယ်။ အလုပ်ကြမ်းတွေ သိပ်လုပ်ရလားဟင်"

"အလုပ်ကြမ်းနဲ့ ယောင်ဒဏ်ဆယ်နှစ် ... အဲ ... ယောင်ကုန်ပြီ။ ဒီ ... ဒီလိုပါပဲ ... လုပ်ရတယ်တော့လည်းမဟုတ်ပါဘူး"

"အို ... ပြောမထားလည်းပဲ သိနေ ... သိနေတယ် မောင်လေး။ ပိုးတီမက မသေရုံကျွေးပြီး မတန်,တန်အောင်ခိုင်းစားနေမှာ၊ မမ သိတာပေါ့ မောင်လေးရယ်၊ ထမင်းတစ်လုတ် တုတ်တစ်ချက်တော့ အဖြစ်မခံပါနဲ့။ မောင်လေးတစ်ယောက်တော့ဖြင့် မမ ကောင်းကောင်းကြီး ကျွေးထား





နိုင်ပါတယ်။ အနေဆင်းရဲ အစားဆင်းရဲရင် မမနဲ့သာလိုက်ခဲ့ပါ။ ကြည့်ဦး ... ဒီတဲကုပ်လေးနဲ့နေရရှာတာကိုး ...

ရက်စက်လိုက်တဲ့ ပိုးတီမရယ်။ လုပ်ရက်လိုက်တာ မောင်လေး ဘာစားပြီးပြီလဲဟင်။ ဒီမှာ မမ မုန့်တွေဝယ်လာတယ်။ ဟော ... ဒါက မောင်လေး အရမ်းကြိုက်တဲ့ ငှက်ပျောပေါင်း၊ ဒါလေးက အခုစားလိုက်နော် ...

ဒီမှာ မောင်လေးစားဖို့ ဟင်းတွေလည်း လုပ်လာတယ်။ ဒါက ဝက်ကြော်၊ ဒါက ကြက်သားမွှကြော်၊ ဒါက ငါးရံ့ခြောက်စစ်စစ်ကို ဖုတ်ပြီး ပဲဆီလေးစိမ်ပေးထားတာ၊ ဒါက မောင်လေး သိပ်ကြိုက်ပါတယ်ဆိုတဲ့ မမလက်ရာ လက်ဖက်ညှန့်ချဉ်စပ်လေး ... ဒါက ..."

"ဟိုး ... ဟိုး ... တော်ပါပြီ မမရယ်။ ရပါပြီ ကျွန်တော့်အတွက် အဲလောက် အများကြီး ယူမလာပါနဲ့နော်။ ကျွန်တော် အထူးအထွေ ဖျားတာနာတာ မဟုတ်ပါဘူး၊ ခါးနာရုံလောက်ပါ"

"အင်းလေ ... ခါးနာတာလည်း ပေါ့လို့ ဖြစ်မလား။ ခုရော ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာမျက်ဝန်းကြီးများဖြင့် ငေးစိုက်မေးနေသော မမစောကိုကြည့်ကာ သူ မွန်းကျပ်ချင်သလိုလို ဖြစ်လာသည်။ ဟင် ... အလိုမရှိဘဲ မဟားဒရားပေးသော အကြင်နာတွေကြား မှာ မခံချင်ယူသူအဖို့ ဘယ်လောက်မွန်းကျပ်ရတယ်ဆိုတာ ကိုယ်တိုင်ကြုံဖူးမှ သိကြတာ မဟုတ်လား။ အစ်ကိုဇော်တုန်းကလည်း အစ်ကိုဇော်မို့ ခုလည်း မမစောကလည်း ဖွတ်ဆိုမှဖွတ် ဖြစ်နေပြန်ပြီ။ ခါးက နာနေရတဲ့အထဲ သူ ခေတ်ပျက်ချင်လာသည်။

"သက်သာပါတယ်၊ ကျောဆန့်ပြီး လှဲနေရင် ပိုသက်သာတယ်"

"အို ... လှဲပါ ... လှဲပါ။ ဒါဆိုလည်း လှဲနေပေါ့ မောင်လေးရယ်၊ ထ,နေစရာ မလိုပါဘူး။ မမက သူစိမ်းမှမဟုတ်တာ ...

မမ မနက်ဖြန်ကျရင် ကချင်တောင်ဆိတ်ဆီ မရ,ရအောင်ရှာပြီး လာပို့မယ်နော်။ တောင်ဝိုင်းက မမ အသိတစ်ယောက်ဆီမှာ ရှိတယ်လို့ ပြောတယ်။ တောင်ဆိတ်ဆီက အရမ်းစွမ်းတာ မောင်လေးရဲ့။ ခါးနာတာ ချက်ချင်းသက်သာသွားမှာ။ အင်္ဂလိပ်ဆေးတွေက ကြာတယ်"

"ဟုတ် ... ဟုတ်ကဲ့"





"အေးပါ ... မောင်လေးရယ်၊ ကဲ ... ရော့ ... ငှက်ပျောပေါင်းလေး နွေးတုန်း စားလိုက်ပါဦး"

"မစောကလည်း ကျွန်တော်ကျတော့ အားနာပါးနာနဲ့တောင် မကျွေးဘူး"

အာကာက ဘေးကနေ ပွစိ ပွစိ ပြောလျှင် မမစောက နှုတ်ခမ်းကို အရုပ်ဆိုးအောင် မဲ့ရွဲ့သည်။

"ဟယ် ... နင်က တစ်မျိုး။ အဲဒီမှာ အာလူးကြော်တစ်ထုပ် ယူစား"

"ကျွတ် ... အာလူးကြော် ဖောက်စားရအောင် ကလေးမှ မဟုတ်တာ။ အာလူးကြော်နဲ့ တွဲရတဲ့ ဘီယာဗူးလေး မဲ့,စပေါ့ဗျ ... ဟီး ဟီး"

"ဟော့ကောင် ... မင်း ဘာတွေ ပြောနေတာလဲ"

"မျောက်ပြပြီး ဆန်တောင်း၊ အဲလေ ... သူ့ကို ကျွန်တော်က ဆိုင်ကယ်နဲ့ ခေါ်လာရတာလေ၊ ပြီးရင် ပြန်ပို့ပေးရဦးမယ်"

"အေးပါဟယ် ... နင်ကလည်း တကတဲမှပဲ။ ပြီးမှ နင်နဲ့ ငါနဲ့ စာရင်းရှင်းမယ် မောင်လေး၊ မမ ဖုန်းနံပါတ်သိတယ်မှလား။ တစ်ခုခုဆို အရေးနဲ့ အကြောင်းနဲ့ဆို မမဆီ ဖုန်းဆက် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"နေကောင်းအောင်နေနော်။ မမကို စိတ်ပူအောင်မလုပ်နဲ့"

"ဟုတ်ကဲ့"

"ဒါဆို နောက်နေ့မှ မမ တောင်ဆိတ်ဆီ လာပို့မယ်နော်။ အဲဒါဆို မောင်လေး နားတော့။ မမ ပြန်လိုက်ဦးမယ် ... သိလား"

"ဟုတ်"

မမစောက သူ့ကို ပြန်ဖို့လက်ပြနေတုန်းမှာပဲ အိမ်ပေါ်သို့ တက်လာသော ပိုးတီကို တွေ့လိုက်ရသည်။ ပိုးတီ ဒီအချိန်ကြီး ရောက်လာလိမ့်မယ် မထင်ထား၍ သူရော၊ မမစောရော၊ အာကာရောပါ ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ငေးနေမိသည်။ ဒီအချိန်ဟာ ပိုးတီ ဈေးသွား၊ ပိုက်ဆံကောက်ရတဲ့အချိန် မဟုတ်လား။

ပိုးတီရဲ့မျက်လုံးတွေက မမစောကို မြင်သောအခါ ကျဉ်းမြောင်းမှေးစင်းသွားပြီး နှုတ်ခမ်းထောင့်စွန်းလေးတွေ မြင့်တက်သွားသည်ကို သေချာလိုက်ကြည့်နေသောသူက တွေ့မြင်နေရသည်။ မမစော နှုတ်ခမ်းကြီးကတော့ ပိုးတီကို မြင်သောအခါ မဲ့သွားသည်။





"ရှင်က ဒီမှာ ဘာလာလုပ်နေတာလဲ"

ရှင်က ! ဆိုတော့ သူ့ကိုများ ပြောသလားဟု ခေါင်းမတ်သွားသော သူမှာ မမစောက လှုပ်လှုပ်ရှားရှားဖြစ်သွား၍ သူ့ကိုပြောတာ မဟုတ်မှန်း သိလိုက်ရသည်။ သူ့နေရာမှာ သူ ရှိနေတာမို့ ဒီမှာ ဘာလုပ်နေတာလဲဟူသော စကားက သူ့ကို ရည်ညွှန်းသည်ဟု မထင်ပါ။

"လူနာလာမေးတာလေ"

ပိုးတီရဲ့စကားကို မမစောကလည်း ခပ်ချေချေလေးပဲ တုံ့ပြန်သည်။ သူနှင့် အာကာက ပါးစပ်အဟောင်းသားလေးတွေ ပွင့်ကာ မိန်းမနှစ်ယောက်ကို တစ်လှည့်စီ မော့်ငေးနေမိသည်။

"ဟက် ... လူနာ ! ဘယ်မှာလဲ လူနာက"

"ပိုးတီ ... နင် တော်တော် အကြင်နာတရား ကင်းမဲ့တာပဲ နော်။ အဲလောက်လည်း ချစ်တီးမကျပါနဲ့ဟယ်။ မောင်လေးကို မသေရုံတမယ် နိုင်းစားပြီး ခုလို တဲကုပ်နဲ့ထား၊ ပြောချင်သလိုပြောတွေ မလုပ်ပါနဲ့လား"

"ဘာရယ် ... တဲကုပ် ! ဟုတ်လား။ ဟက် ... ဒီမှာ ... အဒေါ်ကြီး၊ ရှင် ရောက်နေတာ ဘယ်နေရာလဲ ဆိုတာ တစ်ချက်လောက် ပြန်ငုံ့ကြည့်လိုက်ဦးနော်။ သူများပိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရောက်လာပြီး ဆရာကြီးလိုလို သမားကြီးလိုလို လာ မလုပ်နဲ့"

"ဟယ် ... ကြည့်ဦး ... ကြည့်ဦး။ စကားပြောတာက တော်တော်ယဉ်ကျေးချိုသာတာပါလား။ မှန်တာပြောတော့ နာတတ်လိုက်တာ။ အင်း ... ဒီလို မိန်းမမျိုးရဲ့အိမ်မှာလာ နေရတဲ့ မောင်လေး ဘဝကတော့ တကယ်ကို ဝဋ်ဆင်းရဲ ပါပဲ ..

ကျေအောင်ဆပ်ရင် ခုကျေတယ်။ ဒီမှာ နေမနေ ပါနဲ့တော့ မောင်လေးရေ။ မမဆီ လာနေဖို့သာ စဉ်းစား သိလား။ သွားဦးမယ် ဒီမှာနေရတာ ပူလိုက်တာ။ အမယ် လေး ... အပူတွေက လာဟပ်နေတယ် ... ဟောဟဲ ... ဟောဟဲ ... ဟူး ... မောလိုက်တာ"

အပျိုကြီး မမစောက မိမိရရ ရိသဲ့သဲ့တွယ်ကာ ပြောရင်းဆိုရင်း အိမ်ပေါ်က ဆင်းသွားသည်ကို ပိုးတီက ခါး ထောက်ရင်း မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် ကြည့်ကာ ကျန်ခဲ့သည်။ အာကာကလည်း မသိမသာ လစ်ထွက်သွားသည်။ ခဏနေတော့ အဲဒီ မီးဝင်းဝင်းတောက် မျက်လုံးများက သူ့ဘက် သို့ လှည့်လာလေသည်။





"နေစမ်းပါဦး"

"နေပါတယ်ဗျာ၊ ကျွန်တော်က ဘယ်မှလဲ သွားလို့ရတဲ့လူ မှ မဟုတ်တာ"

"ရှင် အရေးမပါတဲ့စကားတွေ ပြောမနေနဲ့။ ရှင့်ကိုအကြွေး တောင်းခိုင်းတာ ရှင့်ဘာသာ မတောင်းဘဲနဲ့ ဘာလို့ အဲဒီ မိန်းမကြီးဆီ နှိုသက်ခံနေရတာလဲ"

"ဗျာ... ဘာ ... ဘာ ...။ ဘာနှိုသက်ခံတာလဲ။ ကျွန်တော် သူ့ကို အဲ ... သူ့နို့ကို မခံသောက်ဖူးပါဘူး"

"ရှင် ဘာတွေပြောနေတာလဲ"

ပိုးတီရဲ့ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် သူပင် လန့်ဖျပ်သွားရသည်။ သူ ဘာမှနားမလည်တာပါ။ ဘာပြောတာ လဲ နှိုသက်ခံတယ်ဆိုတာ ဘာလဲ။ တစ်ခါတစ်ရံမှာ ပိုးတီပြော သော စကားပုံလိုလို၊ စကားထာလိုလို စကားတွေရဲ့အဓိပ္ပာယ်ကို သူ တကယ်ပင် မသိချေ။

"ရှင် ... ကျွန်မ ဒေါသထွက်ချိန်မှာ လာဒူပြမနေနဲ့။ ရှင့် ကို ကျွန်မ တာဝန်ပေးထားတဲ့ အလုပ်ကို ရှင့်ဘာသာ မလုပ်ဘဲ တခြားသူဆီက အကူအညီယူနေတာ ဘာသဘော လဲ။ ဟင် ... ပတ်သက်မှ ပတ်သက်တော့လည်း တကယ့် ဟာမကြီးနဲ့မှ သွားပတ်သက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ … ဈေးထဲမှာ ရှင်က သူ့ဆိုင်မှာ စားတော်ပွဲတည်နေပြီး သူ့ဆိုင်က ကောင်မလေးက ကျွန်မတို့ပိုက်ဆံတွေ ကောက်တယ် … ဟုတ်လား။ ရှင်က တစ်နေ့ တစ်နေ့ အဲဒီ မိန်းမကြီးနား ကပ်စားပြီး နပ်နေတာပေါ့လေ”

“ကပ်ပဲစားစား နပ်ပဲနပ်နပ်၊ အဲဒါကတော့ ကျွန်တော်နဲ့ပဲ ပိုသက်ဆိုင်သွားပြီ မဟုတ်လား။ ခင်ဗျား ပိုက်ဆံတွေကို တိတိကျကျနဲ့ မှန်မှန်ကန်ကန် ကောက်ပေးနိုင်ရင် ပြီးပြီလေ။ ဘယ်လိုပဲရရပေါ့ … မဟုတ်ဘူးလား”

ပိုးတီက သူ့ကို အကြိတ်ပြီး မေးစင်းထားသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

“ခင်ဗျား ဒီထက် အသက်ရှည်ချင်ရင် တော့်တန်ရုံကိစ္စတွေကို မသိချင်ယောင် ဆောင်ထားရင် ကောင်းလိမ့်မယ်”

“ဘာလို့ ဆောင်ရမှာလဲ။ ရှင်က ကျွန်မနဲ့ ဘာမှမပတ်သက်တဲ့သူဆိုရင်တော့ ရှင် ဒီလိုပြောလို့ရတယ်။ အခု ရှင်က ကျွန်မအိမ်မှာ နေ,နေတာ။ ကျွန်မအိမ်မှာနေပြီး ကျွန်မနဲ့ မျက်နှာကြောမတည့်တဲ့သူကို ရှင် သွားပတ်သက်တာ ရှင်လွန်တာပဲ …





ဟင်း … ဒါကြောင့် ဈေးထဲမှာ ခြေတိုအောင် ပိုက်ဆံလိုက်ကောက်ရတဲ့ အလုပ်ကို အပြုံးမပျက် လုပ်နိုင်ပါလားလို့ သံသယတော့ ရှိနေတာ။ ရှင်က ရုပ်ကလေးဖန်းပြပြီး လုပ်စားတတ်တာကိုး”

“ခင်ဗျား အဲလို မပြောနဲ့”

ခပ်ဆတ်ဆတ် ထွက်သွားသော သူ့အသံကြောင့် ပိုးတီက မျက်မှောင်ကြုတ်ကြည့်သည်။ သူ့ဘဝမှာ ရုပ်လေးနဲ့ လုပ်စားသည်ဟု ပြောခံရတာလောက် နာတာမရှိပါ။ ဘယ်နေရာသွားသွား သူ့အတွက် ဒီစကားက လွတ်တဲ့နေရာ မရှိတော့ပြီလား။ ရင်ထဲမှာ နာကျင်လာပါသည်။

“ခင်ဗျားအိမ်မှာ လာကပ်နေရတယ်ဆိုပြီး အရာရာကို ခင်ဗျားစိတ်တိုင်းကျ ဖြစ်စေချင်တာလား ပိုးတီ။ ပြောလိုက်ရင် အမြဲ တစ်ဖက်စောင်းနင်း ငါ့အိမ်မှာ လာကပ်နေတာ။ ငါ့ထမင်းကို ကပ်စားနေတာ။ ငါခိုင်းတာလုပ် ငါနဲ့မတည့်တဲ့လူကို ပတ်သက်စရာ မလိုဘူး …

အရာရာဟာ ငါ … ငါ … ငါနဲ့ ခင်ဗျားမျက်လုံးထဲမှာ တောက်လောင်နေတယ်၊ ခင်ဗျား ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရှိဘူးလား။ ရှိပါတယ် … ခင်ဗျား လူတွေဆို လူ



www.burmeseclassic.com

www.burmeseclassic.com



လိုဆက်ဆံရင်တောင် ခင်ဗျားဖြစ်ချင်တာ ဖြစ်ခွင့်ရှိသေးတယ်။ လူကို လူလို မဆက်ဆံသရွေ့ ဘယ်တော့မှ ခင်ဗျား ဖြစ်ချင်တာတွေ ဖြစ်လာမှာ မဟုတ်ဘူး"

သူ့စကားကို ပိုးတီက စူးစူးစိုက်စိုက် ကြည့်နေသည်။ သူကလည်း ခပ်စိုက်စိုက်ပဲ ပြန်ကြည့်နေလိုက်သည်။ ကြာတော့ ပိုးတီက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဆတ်ခနဲ လှည့်ထွက်သွားတော့သည်။ သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးနောက် မျက်လုံးကို စုံမှိတ်ချလိုက်သည်။ အပြောခံ အဆိုခံဘဝက လွတ်မြောက်ချင်လှပါပြီ။

❤○❤





## ၁၂

အငွေ့တထောင်းထောင်းနဲ့ ကောက်ညှင်းပေါင်းပန်းကန်ကို ပိုးတီက စိုက်ကြည့်နေမိသည်။ ခုချိန်ဆို ပိုးတီရဲ့ခေါင်းထဲမှာလည်း ဒီလိုပဲ အငွေ့တထောင်းထောင်း ထနေမလား။ သေချာတာကတော့ ထနေလောက်သည်။ ခါတိုင်းဆို မိုးလင်းလာလျှင် ပိုက်ဆံရှာဖို့ တက်ကြွနေတတ်သော ပိုးတီဟာ ခုတော့ အမိပ္ပာယ်မဲ့စွာ ငေးငေါင်နေမိသည်။ ကောက်ညှင်းပေါင်းကိုလည်း သွက်သွက်လက်လက် မစားမိ၊ ကော်ဖီကိုလည်း သွက်သွက်လက်လက် မသောက်မိချေ။

"ပိုးတီ"

ဒေါ်လေးဖြူရဲ့ ခပ်လေးလေး ခေါ်သံကြောင့် ပိုးတီက ခပ်လေးလေး ပြန်မော့ကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းဝါ ... မရှိတော့ဘူး"

ရင်ဘတ်ထဲမှာ ဒိန်းခနဲ မြည်သွားသော်လည်း အပြင်ပန်းကတော့ လုပ်နေကျပုံစံအတိုင်း မျက်မှောင်ကြုတ် ကြည့်မိသည်။ ပါးစပ်ကလည်း အလိုအလျောက် ထွက်သွားမိသည်။ တကယ်ဆို သူ ထွက်သွားလိမ့်မည်ဟု ရင်ထဲက မယုံသေးဘူး မဟုတ်လား။

"ဘာမရှိတော့တာလဲ"

"အိမ်မှာမရှိတော့တာကို ပြောတာလေ"

"ဒေါ်လေးဖြူက ဘာကိုကြည့်ပြီး ပြောတာလဲ"

"သူ့အိတ်မှ မရှိတော့တာ၊ သူလည်း မရှိတော့ဘူးလေ"

အေးစက်နေသော ဖန်ခွက်ထဲသို့ ရေနွေးပူပူ လောင်းထည့်လိုက်သလိုမျိုး အက်ခနဲ ဖြစ်သွားသည်ဟု ထင်မိသည်။ ဘာပြောရမှန်း မသိလျှင် ပိုးတီရဲ့နှုတ်ခမ်းတို့က တင်းတင်းစေ့သွားတတ်ကြသည်။

"ဘယ်လိုလုပ်မလဲ ပိုးတီ။ လိုက်ရှာကြမလား"

"ဘာလို့ လိုက်ရှာရမှာလဲ"

"ဩော် ... ပိုးတီနဲ့ စကားများပြီး ဖြစ်သွားတာ မဟုတ်လား။ ဘာမှ မဟုတ်တာလေးနဲ့၊ ပြီးတော့ သူ့ခမျာ ခါးလည်းနာနေတာဆိုတော့ ဒုက္ခရောက်မှာ စိုးလို့ပါ"





"သူ့ဘာသာ ထွက်သွားတာပဲလေ။ ပိုးတီက ထွက်သွားလို့ ပြောခဲ့တာမှ မဟုတ်ဘဲ"

"မပြောခဲ့လည်း ထွက်သွားစေနိုင်လောက်တဲ့ စကားတွေ ပြောခဲ့လို့ နေမှာပေါ့၊ ကောင်လေးက သူ့ဟာသူ အေးအေးဆေးဆေး နေတတ်ပါတယ် ပိုးတီရယ်။ ဆိုင်ကို လာလာနေတဲ့ ကျောင်းသူအုပ်စုက ရောလွန်းတာတောင် သူ့ဘာသာ နေရှာတာပါ။ အခုဟာလည်း ဈေးထဲမှာ သူ မကျွမ်းကျင်တဲ့အလုပ်ကို ညည်းက သွားခိုင်းတော့ အဆင်မပြေအောင် သူ့ဟာသူ ကြည့်ကျက်လုပ်တာပါ ပိုးတီရယ် ...

ဒါကို မကြိုက်ရင်တောင်မှ အေးအေးဆေးဆေး ပြောပေါ့။ ခုတော့ ကိုယ့်ဆီကို အဆင်မပြေလို့ လာနေတဲ့ သူကို မျက်နှာထိ မျက်နှာထားနဲ့ ပြောတော့ တစ်ဖက်သားလည်း ဘယ်ခံနိုင်မလဲအေ"

ဒေါ်လေးဖြူ ပြောတာတွေက ဟုတ်နေသော်လည်း ပိုးတီ စိတ်တွေ ပိုညစ်ညူးလာသည်။ အမှန်တရားတွေက ခါးသီးတည်သည် မဟုတ်ပါလား။

"အမေ့ ... ကိုဒေါင်းဝါ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အာကာကလည်း ခုမှ ဘယ်ကသိလာတယ် မသိဘဲ ပြူးပြူးပျာပျာဖြင့် ရောက်လာသည်။ ပိုးတီကို မဝံ့မရဲဖြင့် တစ်ချက်ကြည့်ကာ ...

"အိမ်က ထွက်သွားတာလား မသိဘူး"

"ဟုတ်တယ်ဟော့ ... ထွက်သွားတာ နေမှာပေါ့။ သူ့အဝတ်အစားအိတ်ရော လူရော မရှိတော့တာ"

"ဒါဆို လိုက်ခေါ်ရမှာပေါ့၊ ဒုက္ခပါပဲ။ ကိုဒေါင်းဝါက နေလည်းကောင်းတာ မဟုတ်ဘဲနဲ့၊ ကျွန်တော် ကားဂိတ်ကို လိုက်ကြည့်လိုက်ဦးမယ်"

အာကာက ပြောပြောဆိုဆိုနှင့် ပြေးထွက်ကာ ဆိုင်ကယ်ကို စက်နှိုးပြီး အမြန်မောင်းထွက်သွားသည်။ မခေါ်နဲ့ဟု ပိုးတီ မတားမိချေ။ လူက သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်လိုသာ ကြက်ခြံဘက် ထွက်လာခဲ့သည်။ ခါတိုင်း ဆူညံနေတတ်သော ကြက်တွေတောင် ဒီနေ့တော့ နည်းနည်းတိတ်ဆိတ်နေသလားလို့ရယ်ပါ။ ကြက်တွေကို စိတ်မပါ လက်မပါ အစာကျွေးနေရင်းမှ နာကျင်နေသော သူ့မျက်ဝန်းများကို ပြန်မြင်ယောင်လာသည်။





ပိုးတီ တကယ်ကို မှားသွားခဲ့ပြီလား။ တကယ်တော့ သူ့ကို ပြောခဲ့ ဆိုခဲ့သမျှတွေဟာ စိတ်ရင်းကြောင့် မဟုတ်ဘဲ ရင်ထဲက အခြေအနေမှန်ကို သူ သိသွားမှာစိုးလို့ ဖုံးကွယ်ခဲ့တာတွေဆိုတာ ပိုးတီ ကိုယ်တိုင်တောင် မနေ့ညကမှ တစ်ညလုံး မအိပ်ဘဲ ထုတ်ထားရတဲ့ အဖြေလေ။ ခုတော့ အရာအားလုံးဟာ ဆိုးရွားစွာ နှောက်ကျသွားခဲ့ပြီလား။

"မပိုးရေ ... မပိုး"

ဆိုင်ကယ်နှင့် သွားကြည့်သော အာကာက အပြေးတစ်ပိုင်း ပြန်ရောက်လာသည်။ အာကာ့အသံကြောင့် ပိုးတီ ရင်ထဲ ဘိတ်ခနဲ ခုန်သွားရသည်။ သူများ ပြန်ရောက်လာသလားလို့လေ။ လက်ထဲမှာကိုင်ထားသော ရေပုံးတောင် ဝှပ်ခနဲ လွှတ်ကျသွားသည်။ အာကာ့ကို ကြည့်နေသော ပိုးတီရဲ့မျက်ဝန်းများ တောက်ပနေမလား မပြောတတ်ပါ။ ဘယ်လိုလဲ တွေ့ခဲ့လား၊ ဘယ်မှာလဲ ဟူသော အသံတိတ်စကားလုံးတွေ ပိုးတီ နှုတ်ဖျားက မမေးဘဲ မျက်ဝန်းတွေက မေးနေမည် ထင်ပါသည်။

"ကိုဒေါင်းဝါကို မတွေ့ခဲ့ဘူး မပိုးရာ။ အဲဒီနားက ကျွန်တော့်အသိ ကွမ်းယာရောင်းတဲ့ ကောင်မလေးကို မေးကြည့်လိုက်တော့ မနက်ငါးနာရီထွက်တဲ့ကားပေါ် တက်သွားတာ တွေ့လိုက်တယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားတဲ့ကားလဲ"

ပိုးတီရဲ့ ပြန်မေးသံက အလောတကြီး ဆန်နေတာကိုတောင် ကိုယ့်ကိုယ်ကိုယ် သတိမပြုမိအားချေ။

"ရန်ကုန်ကိုပေါ့။ သူ့မှာ ရန်ကုန်ကလွဲပြီး ဘယ်ပြန်စရာ ရှိလို့လဲ"

ပိုးတီက ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်သက်တိတ်ဆိတ်နေမိသည်။ အာကာက စိတ်ရှုပ်စွာနှင့် ခေါင်းခါရင်း ဆက်ပြောသည်။

"အစ်ကို သနားပါတယ်ဗျာ၊ မပိုးကလည်း"

"ငါက ဘာလုပ်နေလို့လဲ။ နှင်ချနေလို့လား၊ သူ့ဘာသာ ဆင်းသွားတာပဲ"

ခပ်ဆောင့်ဆောင့် ပြန်အော်သော ပိုးတီ အသံက အဖျားခတ် တုန်ယင်မှုသည် ဒေါသကြောင့် မဟုတ်ဘဲ ကြေကွဲဝမ်းနည်းမှုကြောင့်ဆိုတာ ပိုးတီ ကိုယ်တိုင်ပဲ သိနိုင်ပါမည်။

"နှင်မချလဲ မပိုး ပုံစံက နှင်မချရုံတမယ် ပြောနေတာပဲလေ၊ နှင်ချမှလား၊ နှင်မချဘဲနဲ့ စကားလုံးတွေနဲ့လည်း အဓိပ္ပာယ်ပါအောင် ပြောလို့ရတာပဲ ...





ပေးတာယူ ကျွေးတာစား၊ ခိုင်းတာလုပ် ဆိုတဲ့ပုံစံမျိုးနဲ့ မပိုး ဆက်ဆံနေတာပဲလေ။ အစ်ကိုက ဒုက္ခရောက်လို့ လာနေရပေမယ့် သူ့ခြေအနေ အဆင့်အတန်းနဲ့ အထိုက်အလျောက်တော့ ရှိသူတစ်ဦးပါ ...

သူ့အခြေအနေနဲ့လည်း လိုက်ပြီး ဆက်ဆံသင့်တာပေါ့။ ဘာပဲဖြစ်ဖြစ် မပိုး ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ အစ်ကိုက အတတ်နိုင်ဆုံးတော့ သည်းခံခဲ့တာပဲ မဟုတ်လား။ ခုလည်း သည်းမခံနိုင်လို့ ထွက်သွားတာမှ မဟုတ်တာ။ သူ့ကို ဆက်မထားချင်တော့တဲ့အိမ်မှာ မနေပေးတော့ဘဲ အလိုက်တသိ ထွက်ခွာသွားပေးတဲ့ သဘောပါပဲ တဲ့"

"တဲ့ ... ဆိုတဲ့စကားက ဘာကို ဆိုလိုတာလဲ။ နင့်ကို သူက ပြောလိုက်တာမို့လို့လား"

အာကာက ပိုးတီကို စေ့စေ့ကြည့်ရင်း ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းပြသည်။ ပြီးတော့ အိတ်ကပ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးပါသည်။ ပိုးတီက မသိမသာတုန်နေသော လက်များဖြင့် စာကို ဖွင့်လိုက်သည်။ သူ့လက်ရေး ခပ်သော့သော့များက ပိုးတီကို နှုတ်ဆက်နေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတီ ...

ကျွန်တော် ခင်ဗျားတို့အိမ်က ထွက်သွားပါပြီ။ လိုတုန်းကတော့ လာခိုလှုံပြီး ထွက်သွားတော့ မပြောမဆိုနဲ့ လို့ ထင်မှာမို့ ဒီစာနဲ့ ကျေးဇူးတင်ကြောင်း ပြောခဲ့ပါရစေ။ ဒီအတောအတွင်းမှာ ခင်ဗျား ပြောခဲ့တာတွေကို မေ့မယူ စိတ်မဆိုးခဲ့ပါဘူး ပိုးတီ။ ကျွန်တော်ဟာ ခွင့်မတောင်းဘဲ ရောက်လာခဲ့ရတဲ့ ဧည့်သည်မဟုတ်လား။ ဘာပဲဖြစ်ဖြစ် လက်ခံထားခဲ့တဲ့ ကျေးဇူးရှိပါတယ်။

ခုလည်း စိတ်ဆိုးလို့ ထွက်သွားရတာ မဟုတ်ပါဘူး။ ကျွန်တော့်ကို မလိုလားတဲ့ နေရာမှာ ပေကပ်နေရင် ခင်ဗျားစိတ်ဆင်းရဲမှာစိုးလို့ပါ။ ဒီအတောအတွင်း စိတ်ပျက်ခဲ့ရတာများရှိရင် တောင်းပန်လိုက်ပါတယ်။

ကျေးဇူးတင်လျက်

ဒေါင်းဝါ"

စာကိုကိုင်ထားသော ပိုးတီရဲ့လက်များမှာ တဆတ်ဆတ် တုန်လာသည်ဟု ထင်မိသည်။ အာကာက အနားမှအလိုက်တသိ ထွက်ခွာသွားသည့်တိုင်အောင် ပိုးတီက ကျောက်ရုပ်လို ကျန်ရစ်ခဲ့သည်။ အရှေ့မှ ဖြတ်သွားသော ထီကားထံမှ သီချင်းသံက ပျံ့လွင့်လာသည်။





"ကိုယ်မြတ်နိုးဖူးသူရဲ့လက်နဲ့ xxx ကိုယ်တိုင်ရေးလို့ထားရှာတယ် xxx ဟိုတုန်းက ရင်ခုန်ဖူးတဲ့ လက်ရေးဝိုင်းလေးတွေကို xxx

မြင်လိုက်ရရင် xxx ကိုယ် သိလိုက်ရပြီ xxx ဒီစာကို ဖွင့်လို့မဖတ်တော့ဘူး xxx ဒီစာကို ဖွင့်လို့ မဖတ်တော့ဘူး"

ပိုးတီကတော့ ဒီစာကို ဖွင့်လို့ဖတ်ခဲ့ပြီ။ ဒီစာနဲ့ အတူ ကိုယ့်နှလုံးသားတစ်စုံကိုလည်း မြင်ယောင်လို့ လာခဲ့သည်။

ပိုးတီ ဘာလုပ်သင့်ပါသနည်း။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟင် … နှင် … နှင် …။ အမယ်လေး … နှင်က ဘယ်ကိုရောက်နေလို့ အဆက်အသွယ် အဲလောက် ပြတ်တောက်နေရတာလဲ …

အမယ်လေး … နှင် အသက်ရှိသေးတယ်ပေါ့နော်။ ငါ နှင့်ကို အသက်မှ ရှိသေးရဲ့လားလို့၊ အမယ်လေး … ဒေါင်းဝါ … ကောင်စုတ်။ အမေကို စိတ်ပူအောင် သိပ်လုပ်တယ်"

သူ့အမေက သူ့ကို မြင်မြင်ချင်း ဆီးကြိုပွေ့ဖက်ကာ ထိုစကားတွေကို တတွတ်တွတ် ဆိုလေတော့သည်။ တကယ်ဆို သူ့မှာ ရန်ကုန်ပြန်ရောက်သောအခါ ဘယ်သွားလို့ဘယ်လာရမှန်းမသိ။ အဆောင်ကလည်း ရုတ်တရက် လာတာမို့ နေစရာ





နေရာမရ။ အစ်ကိုဖော့် တိုက်ခန်းဆိုတာလည်း တိုက်ခန်းသော့ရော ကားသော့ရော ကိုဦးနှင့်တစ်ဆင့် ပြန်အပ်ခဲ့ပြီမို့ ဘယ်မှသွားစရာမရှိတဲ့အဆုံး သူ့အမေအိမ်ပဲ ရောက်လာခဲ့ခြင်းဖြစ်သည်။

ကံကောင်းစွာပင် သူ ရောက်သွားသည့် အချိန်၌ သူ့အမေအိမ်မှာ ပထွေး ရှိမနေခဲ့။ ခရီးတိုတစ်ခု ခဏထွက်သွားသည်ဟု ဆိုသည်။

"ကြားထဲမှာ အမေက ကျွန်တော့်ကို ဆက်သွယ်ခဲ့သေးတယ်ပေါ့"

"ဟဲ့ … သိပ်ဆက်သွယ်တာပေါ့။ နှင့်ကို သုံးလလောက် ဆက်သွယ်နေခဲ့တာ၊ နှင့်ဖုန်းကလည်း တစ်ချိန်လုံး ပိတ်ထား၊ နှင့်အဆောင်သွားတော့လည်း ပြောင်းသွားတာကြာပြီပြော။ ဘယ်ကိုပြောင်းလို့ ပြောင်းသွားမှန်းလဲ မသိရ။ နှင် သေများသွားပြီလားလို့ဟယ်"

"မသေလို့ တွေ့ရတယ် မှတ်ပေါ့ဗျာ"

"အေး … နှင်မသေပေမယ့် ဟိုက သေပြီလားမသိဘူး"

"ဗျာ … ဘယ်သူလဲ"

"နှင့်အဘွား"

"ကျွန်တော့်အဘွား ! ဟုတ်လား။ ဘယ်သူလဲ အမေရာ"

www.burmeseclassic.com



သူ လူမှန်းသိတတ်စတည်းက သူသိသော အဘိုးအဘွားဟူ၍ အမေ့ရဲ့အဖေ၊ အဘိုးတစ်ယောက်သာ ရှိခဲ့ပြီး အဘွားဆိုတာ မရှိခဲ့ပါ။ အဖေဆိုတာတော့ သေသွားပြီ၊ အဖေ့ဘက်က ဆွေမျိုးအဘိုးအဘွား ဆိုတာလည်း အမေက အပတ်သက်အဆက်ဆံ မလုပ်ခဲ့။ ဒါကြောင့် သူဟာ ဆွေမျိုးဆိုတာတွေနှင့် မနီးစပ် ကင်းဝေးလှပါသည်။

"နှင် ကောင်းစားတော့မယ် ငဒေါင်းဝါ"

အမေက သူ့ကို ချစ်စနိုးနှင့် ညစ်ကျယ်ကျယ် ခေါ်ချင်လျှင် နာမည်ရှေ့က 'င'တပ်ခေါ်ကာ ငဒေါင်းဝါဟု ခေါ်လေ့ရှိသည်။ ပထမတော့ အမေ နောက်နေတာလားဟု ထင်မိသော်လည်း အမေ့မျက်နှာက အတည်အတန့်မို့ နောက်နေတာနဲ့လည်း မတူပါ။

"ကျွန်တော့်ကို အစအဆုံး ရှင်းရှင်းလင်းလင်း ပြောပါလား အမေရာ"

"နှင့်အဘွားက သိပ်ချမ်းသာတဲ့ စိန်ကုန်သည် ဒေါ်မိမိနိုင်ဆိုတဲ့ အဘွားကြီးပဲ ဒေါင်းဝါ။ အရင်တုန်းကလူတွေဆိုသိတဲ့သူ မရှိဘူး။ နှင့်အဖေက သူ့သားပဲ။ အခု အဘွားကြီးက သူ့ရဲ့တစ်ဦးတည်းသောမျိုးဆက် နှင့်ကို ရှာနေတယ် ...





သူလည်း အသက်ကြီးပြီ၊ နေလည်း သိပ်မကောင်းဘူးလေ"

"ဗျာ ... စိန်သူဌေးမကြီးက ကျွန်တော့်အဘွား၊ ဟုတ်လားအမေ"

"အေး ... ဟုတ်တယ်"

"ဟင် ... ဒါဆို ကျွန်တော့်ကို ဘာလို့ ခုမှရှာတာလဲ။ ဘာလဲ ... အဖေနဲ့အမေက အဘွားသဘောမတူဘဲ ယူခဲ့ကြလို့လား။ အဖေကရော ... အဖေက သေပြီဆို"

"မသေဘူး ရှိတယ်။ နှင့်အဖေနဲ့ ငါနဲ့ကိုလည်း ဒေါ်မိမိနိုင်နှင့်အဘွားပဲ ပေးစားခဲ့တာ။ အေး ... နှင့်အဖေတို့ဆီကနေ ငါက ဆက်မပေါင်းနိုင်လို့ ပြေးလာတာ။ ငါ့ကို လိုက်ရှာမှာစိုးလို့တောင် နယ်အထိသွားပြီး ဖာတ်မြှုပ်နေခဲ့တာပေါ့"

"ဟင် ... ဘာလို့ အမေက အဲလိုလုပ်ရတာလဲ"

အမေက သူ့ကို သနားကရုဏာသက်သလို ငေးစိုက်ကြည့်နေသည်။ အမေ့အကြည့်တွေထဲမှာ နောင်တ,တရားတွေ၊ အပြစ်မကင်းမှုတွေ မပါဝင်ပါ။ အဖေနဲ့ ကွဲခဲ့ရခြင်းသည် အမေ့အပြစ် မဟုတ်ခဲ့သလို အမေ့ပုံစံက တည်ငြိမ်အေးဆေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အမေ ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်။ မင်းအဖေက ယောကျ်ားမပီသလို့ အမေ ထွက်ပြေးခဲ့တာသား"

"ဗျာ"

အမေ့စကားက ပွင့်ပွင့်လင်းလင်းပြောမှပဲ သူ့နားကို ရှုပ်ထွေးသွားစေသည်။ နားမလည်သလို စိုက်ကြည့်နေသော သူ့ပုံစံကို အမေက နားလည်သလိုဖြင့် ခေါင်းတစ်ချက်ဆတ်ပြသည်။

"ဒေါ်မိမိနိုင်နဲ့ယှဉ်ရင် အမေ့ကို အနေအထားက သူတို့ခြေဖျားနားလောက်ပါ။ သူ့သား ဆိုတာလည်း ချောလိုက်တာမှန်လို့၊ ဒီလိုချမ်းသာတဲ့ အသိုင်းအဝန်းက အမေ့ကို ချွေးမအဖြစ် လိုလိုလားလား ကမ်းလှမ်းလာတာ၊ ဒါသွေးရိုးသားရိုး ဟုတ်ရဲ့လားလို့ တစ်ခါလေးတောင် ယောင်လို့ မတွေးမိတဲ့အထိ အမေ ဉာဏ်နည်းခဲ့တယ် ...

အင်းလေ ... အမေ့အသက်ကလည်း ဆယ့်ခြောက်နှစ်ကျော်ကျော်ပဲ ရှိသေးတာကိုး"

အမေဟာ သူ့ကို အသက်(၁၈)နှစ်ပြည့်ဖို့ လပိုင်းအလိုလောက်မှာ မွေးခဲ့သည်ဟု သူ သိထားခဲ့ဖူးသည်။ ဒါကြောင့်





လည်း ခုချိန်မှာ အမေနဲ့သူဟာ သားအမိဆိုရင်တောင် သိပ်ယုံချင်စရာ မရှိပါ။ ကုပ်ပေါ်ဝဲနေသော သရီးစတပ်ဆံပင်အကောက်နှင့် ဂါဝန်ဝတ်နေတုန်း အမေသည် အများကြီးလည်း အရွယ်တင်နပျိုပါသည်။

"အမေ မင်းအဖေနဲ့ လက်ထပ်ခဲ့တယ်။ အဲဒီခေတ်က အကြီးကျယ်ဆုံးဆိုတဲ့ မင်္ဂလာပွဲတွေ ဆင်နွှဲခဲ့တာပေါ့ ...

ဒါပေမဲ့လည်း မင်္ဂလာဆောင်ပြီးတဲ့အထိ အမေဟာ အပျိုစစ်နေတုန်းပဲ"

"ဘယ်လို အမေ"

"မင်းအဖေက ယောကျ်ားစိတ်မှ မရှိတာ"

"ဗျာ"

သူက ပါးစပ်အဟောင်းသားပွင့်ကာ အမေ့ကိုကြည့်နေမိသည်။ အမေကလည်း သူ့ကို ပြန်စိုက်ကြည့်နေသည်။ အဖေဟာ ယောကျ်ားစိတ်မရှိခဲ့ဘူးဆိုလျှင် သူက ဘယ်လိုထွက်လာလဲ။ ခေါင်းတွေ ပူထူရှုပ်ပွလာသည်။

"ဟဲ့ ... နင့်ကို ဘယ်အကောင်နဲ့ မွေးလာလဲလို့ နင်တွေးနေတယ်မှုလား။ သေဦးမယ် ခွေးကောင်လေး"

"အာ ... အဲလို မတွေးပါဘူး အမေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမတွေးဘူးလဲ၊ နှင့်မျက်လုံးထဲမှာ ငါ တွေ့နေရတယ်။ နှင့်အဖေက အဲဒီအချိန်တုန်းက သူ့ကိုယ်သူ ဘာဖြစ်ချင်မှန်းတောင် မသိဘူးလေ။ ငါကလည်း ဘာမှသိတာ မဟုတ်ဘူး။ ကိုယ်လည်း ဆယ့်ရှစ်နှစ်အရွယ် ဆိုတော့ ယောကျ်ားကမှ မစရင် ဘာမှနားလည်တာ မဟုတ်ဘူး...

နောက်တော့ နှင့်အဘွား သိသွားပြီး တစ်မျိုးတစ်ဖုံ စီမံတော့မှ နှင့်အဖေနဲ့ငါ တကယ့်လင်မယားအရာ မြောက်ခဲ့တယ်"

"ဘယ်လို တစ်မျိုးတစ်ဖုံ စီမံတာလဲဟင် အမေ"

"တိတ်စမ်း ... နင် ဒါ သိစရာလား။ အတိုချုပ်ပြောရရင် ဇ,မရှိတဲ့သူဟာ ဘယ်လောက်ပဲ တွန်းအားပေးပေး ဖြစ်မလာဘူးပေါ့ဟယ်။ ဒါပေမဲ့ နှင့်ကိုတော့ သူနဲ့ရခဲ့တယ်။ နောက်ပိုင်း အဲဒီအိမ်မှာ ဘယ်လိုမှ ဆက်မနေနိုင်လို့ ကိုယ်ဝန်လေးလလောက်မှာပဲ ငါ ထွက်ပြေးလာခဲ့တာ ...

ငါ့ကို သားဖောက်စက်တစ်လုံးလို ဆက်အသုံးချနေမှာကို မလိုလားဘူးလေ။ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ မိန်းမတစ်ယောက်ဟာ စိတ်ချမ်းသာ ပျော်ရွှင်မှုမရတဲ့နေရာမှာ မနေနိုင်ဘူး ဒေါင်းဝါ"





"ဒါ ... ဒါဆို အခုက ဘယ်လိုလုပ်ပြီး အဘွားနဲ့အဆက်အသွယ် ပြန်ရတာလဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ကနေပြီး ဒေါ်မိမိနိုင် ငါ ဘယ်မှာရှိတယ်ဆိုတာ သတင်းပြန်ရသွားတာ။ ငါ့ကိုခေါ်တွေ့တယ်။ အဓိက,ကတော့ သူ့မြေးကို သူမသေခင် တွေ့ချင်တာ။ သားကလည်း သူ ရည်ရွယ်မျှော်မှန်း ထားသလို ဖြစ်မလာဘူး မဟုတ်လား ...

နင့်ကို သူ ပိုင်ဆိုင်တာတွေ ပေးချင်တယ်။ တွေ့ချင်တယ်။ တကယ်တော့ ငါ့ကြောင့် နင် သူဌေးသား၊ သူဌေးမြေးဘဝကို စွန့်လွှတ်ခဲ့ရတာပဲ ဒေါင်းဝါ။ မဟုတ်ရင် နင့်ဘဝတစ်ခုလုံး ရွှေပေါ်မြတင် နေခဲ့ရမပေါ့။ ဒါပေမဲ့ ခုလည်း နောက်မကျသေးပါဘူးလေ။ အခြေခံဘဝထဲမှာ လူတွေအကြောင်း ပိုသိသွားတာက စည်းစိမ်ဥစ္စာခံစားမယ့် နင့်ဘဝတစ်လျှောက်လုံးအတွက် ပိုအကျိုးရှိပါတယ်"

"ဒါ ... ဒါဆို ... ကျွန်တော့်အဖေ ဆိုတာကရော ? ?။ အခု ... အခု ... ဘာဖြစ်နေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်ထိတ်စွာ မေးမြန်းမိသည်။ သူ့မျက်လုံးထဲတွင် အထင်ကရ မိတ်ကပ်အကျော်အမော် မာမီများကို မြင်ယောင်လာသည်။ ဘုရား ... ဘုရား ... သူ့အဖေဟာ အဲဒီလို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီလား။ ဘယ်မင်းသမီးရဲ့ မိတ်ကပ်ဆရာများလဲ။

"အဲလောက်လည်း စိုးရိမ်မနေပါနဲ့လေ။ နင့်အဖေက မပွင့်ပါဘူး"

"ဗျာ ... မပွင့်ဘူး"

"ဟုတ်တယ်။ သူက မိန်းမလိုဝတ်ပြီး မိတ်ကပ်တွေ ပြင်ချင်တာမှ မဟုတ်တာ။ ဒါပေမဲ့ မိန်းမတွေကိုလည်း စိတ်မဝင်စားဘူး။ သူ့သိက္ခာကိုလည်း အရှက်တမြန်းမြန်းကွဲကျစေချင်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူးဆိုတော့ သူတို့အသိုင်းအဝန်းမှာ ဣန္ဒြေရရလေး ပုန်းနေချင်တဲ့ ယောကျ်ားမျိုးပေါ့"

"ဟင်း"

သူ သက်ပြင်းမောကြီး တစ်ချက်ကို ချမိသည်။ အမေက သူ့မျက်နှာကို တစ်ချက်စိုက်ကြည့်ရင်း ...





"ဒီအဖြစ်အပျက်တွေကို လက်ခံနိုင်တယ်ဆိုရင် နင့်အဘွားနဲ့ အဖေဆီကို ပြန်သွားပါ။ နင်လည်း အရွယ်ရောက်နေပြီပဲ၊ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့။ ငါကတော့ အသိပေးစရာရှိတာ အကုန်အသိပေးပြီးပြီ"

"ကျွန်တော် အဘွားကိုတော့ တွေ့ချင်ပါတယ်"

"အဖေကိုရော ? "

"အဖေ့ကိုတော့ အင်း ... အင်း ..."

ဘာပြောရမှန်း မသိဘဲ ခေါင်းကုတ်နေသော သူ့ကို သူ့အမေက နားလည်သလို ကရုဏာသက်စွာ စိုက်ကြည့်နေသည်။

"ငါ နင့်ကို ကိုယ်ချင်းစာ နားလည်ပါတယ်လေ။ ငါတောင် စသိခဲ့ရစဉ်က အီလည်လည်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်ဖူးတာပဲ ...

မိန်းမတိုင်းဟာ ကိုယ့်ယောကျ်ား ဖောက်ပြန်နေရင်သာ ဘာလုပ်မယ် ညာလုပ်မယ်နဲ့ သွေးတဆူဆူ ဖြစ်တတ်ကြသေးတာ။ ကိုယ့်ယောကျ်ား ခြောက်နေမှန်းသိရင်တော့ ဘာလုပ်ရမယ်ဆိုတာ ရုတ်တရက် မစဉ်းစားတတ်ကြတော့ဘူးလေ။ စိတ်ဆိုးရမှာလား ဝမ်းနည်းရမှာလား၊ ဘာမှန်းကို မသိတော့ဘဲ အူကြောင်ကြောင် ဖြစ်ရတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ပါ ဘာမှ မသိသလိုပုံနဲ့သာ တွေ့လိုက်ပါ”

“အဖေ ... အဖေက ဘယ်လိုပုံစံမျိုးလဲ”

သူ့အမေက ရှေ့မှာချထားသော စာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ သူ့ကို ကမ်းပေးသည်။

“ရော့ ... အဲဒါ နင့်အဘွားနဲ့ အဖေပဲ”

သူက ဓာတ်ပုံကို ကြည့်လိုက်သည်။ ဓာတ်ပုံဆရာတစ်ယောက်နှင့် အကျအနရိုက်ထားသော ခမ်းနားထည်ဝါသည့် တော်ဝင်စတိုင်လ် ဓာတ်ပုံမျိုးထဲတွင် သူ့အဘွားက ခန့်ထည်စွာ ပြုံးနေသည်။ အင်း ... မြင်တာနဲ့ သူဌေးမကြီးမှန်း သိသာပါသည်။ သူ့အဖေကရော ? ? ။ သူ့အဖေကို မြင်ရသည့်အခိုက်မှာတော့ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားသလားတောင် ထင်ရသည်။

သေချာပါသည်။ ဘယ်လိုမှ မလွဲပါ။ လွန်ခဲ့သော နှစ်,နှစ်ဆယ်နီးပါးကပုံ ဆိုပေမယ့် အရွယ်တင်လှသော အဖေရောအမေရောဟာ အဲဒီလောက် ပြောင်းလဲသွားတာမှ မဟုတ်တာ။ သေချာအောင် သူက အဖေ့နာမည် မေးလိုက်သည်။





“မြတ်နှင်းဇော် ... တဲ့။ ဟာ ... ဟ နာမည်ကိုက မသိရင် မိန်းမနာမည်ကျနေတာပဲ၊ ဟဲ့ ... ဘ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ... ခေါင်းဝါ”

ခေါက်ခနဲ ပစ်လဲသွားသော သူ့ကို အမေက အလန့်တကြား လာထူတာလောက်ပဲ နောက်ပိုင်း ဘာမှမသိချင်လောက်အောင် ရှော့နှင့် သတိလစ်သွားခဲ့သည်။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

တစ်ယောက်နဲ့တစ်ယောက်ကြည့်ကာ တွေဝေစွာ မှင်သက်နေကြသော သားအဖသည် ဦးနှောက်ထဲမှာ အရင်ဆုံး စဉ်းစားနေမှာက ဘယ်လိုခေါ်ရမလဲဆိုတာပဲဖြစ်သည်။ သို့သော် သူတို့ တွေဝေနေမှုကို ဒေါ်မိမိနိုင်ရဲ့အသံက ဖြိုခွင်းပစ်လိုက်သည်။

"မြေး လာပါဦး။ အမယ်လေး ... ငါ့မြေးလေးကို မသေခင် တွေ့ရပါ့မလားလို့ ရင်မောနေရတာ။ ငါ့မြေးက တကယ်လူချောပဲကိုး။ မော်ဒယ်လည်း လုပ်သေးတယ်ဆို"

"ဟုတ်ကဲ့ အဘွား"

"အေး ... မင်းသားလုပ်ချင်တာလား မြေးက။ ရတယ်ဟော့ ငါ့မြေးအတွက် ထုတ်လုပ်ရေးတိုက်ကို ထောင်ပေးဦးမှာ သိလား။ အဲဒါတွေ မင်းအဖေ ကျွမ်းပါတယ်၊ ဟုတ်တယ်





မှလား။ ဟဲ့ ... ဇော်၊ ကိုယ့်သားလေးကိုယ် နှုတ်ဆက်လိုက်ဦးလေ"

အစ်ကိုဇော် သို့မဟုတ် သူ့အဖေက သူ့ကို မဝံ့မရဲ ကြည့်နေသည်။ မလုံခြုံမှုတွေ၊ စိုးထိတ်မှုတွေနှင့် အစ်ကိုဇော့် မျက်လုံးတွေက အပြစ်ရှိနေသလို မဝံ့မရဲ ဖြစ်နေသည်။ သူ့ကို ဝမ်းသာအားရ နှုတ်မဆက်နိုင်ရှာ။ အစ်ကိုဇော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ အံ့ဩမှင်သက်နေမှာပါပဲ။ ဒါပေမဲ့လည်း မျက်ဝန်းထဲမှာ တွယ်တာရိပ်တွေ၊ ချစ်ခင်မှုတွေ အထင်းသားမြင် တွေ့နေရသဖြင့် သူ အားတက်သွားရသည်။ မဝံ့မရဲမှုများဖြင့် စိုးထိတ်နေသော အစ်ကိုဇော့် ခေါ် ဖေဖေဇော်ကို ကြည့်ကာ သူ့ ရင်ထဲတွင် သနားခြင်းများ ပြည့်တက်လာသည်။

နောက်ဆုံးတော့ သူက ဆုံးဖြတ်ချက် တစ်ခုကို ရဲရဲချကာ အစ်ကိုဇော့်ကို အားပါးတရပြုံးကာ လက်နှစ်ဖက်ကို ဖွင့်တန်းဆန့်ပေးလိုက်သည်။

အဲဒီအခါကျမှ အစ်ကိုဇော်ရဲ့မျက်လုံးတွေက ပို၍ တောက်ပသွားပြီး နှုတ်ဖျားမှ စကားတစ်ခွန်းက ပီပီသသ ထွက်ကျလာသည်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



သားတဲ့။ ဘဝတစ်သက်တာမှာ ဒီလောက် သာယာနာပျော်ဖွယ်ကောင်းသော အသံမျိုး၊ ကြည်နူးစရာကောင်းသော အဖြစ်အပျက်မျိုး မကြုံဖူးဘူး ထင်သည်။ သူနဲ့ အစ်ကိုဇော်တို့ တစ်ယောက်နဲ့တစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်မိကြသည်။

"ဖေဇော်"

"သား ... သားရယ်"

"ကျွန်တော် ... ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"အို ... သားမှာ ဘာအပြစ်မှ မရှိပါဘူး၊ တော်သေးတာပေါ့၊ ဖေ ... ဖေဇော် မှားတော့မလို့။ သားကို နတ်နိုးဆော်တာ နေမှာပါကွာ"

"တော်ပါပြီ ဖေဖေဇော်ရယ်။ မပြောပါနဲ့တော့ ကျွန်တော် အားလုံးကို နားလည်ပါတယ်။ ကျွန်တော့်ဘဝမှာ ဗလာသုညလို့ ထင်ထားသမျှ ခုလို အဘွားတို့ ဖေဇော်တို့နဲ့ တွေ့ရတာနဲ့တင် လုံလောက်နေပါပြီ"

"ဟဲ့ ... မြေး။ နင့် ဖေဇော်ပဲ တ,မနေနဲ့။ ဒီအဘွားက မင့်ကို ပူပူပင်ပင် ရှာဖွေနေရတာ။ အဘွားဆီကိုလည်း လာဦး"

"ဟုတ် အဘွား"





သူက အဘွားနားသို့ လျှောက်သွားကာ အဘွားနှင့် ယှဉ်လျက် ခုံမှာဝင်မထိုင်ဘဲ ကြမ်းမှာ ဒူးထောက်ပြီး အဘွားရဲ့ ဒူးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း မော့ကြည့်လိုက်သည်။ အဘွားက သူ့မေးဖျားလေးကို ပင့်တင်ကာ ...

"အင်း ... ဒီကြားထဲ အတော်ဝင်ပန်းခဲ့ရှာပဲ၊ စိတ်မကောင်းလိုက်တာ မြေးလေးရယ်။ ဘယ်လိုများ နေထိုင်ခဲ့လဲဟင်။ ကောင်းကောင်းမွန်မွန် ကြီးပြင်းခဲ့တယ်မှုလား"

"ဟုတ် ... အမေက ဂရုစိုက်ခဲ့ပါတယ်"

"အေး ... ဘာပဲဖြစ်ဖြစ် ခုချိန်ကစပြီး မြေးလေးဘဝ ပြည့်စုံပါပြီကွယ်။ မြေးလေး ဖြစ်ချင်တာတွေပြော၊ အကုန်ဖြစ်စေရမယ်။ အဲ ... တစ်ခုပဲ"

အဘွားက စကားကို လေးနက်စေချင်သော သဘောဖြင့် ခေတ္တရပ်လိုက်သည်။ သူက ဘာများဆက်ပြောမလဲဟူသော သဘောဖြင့် မော့ကြည့်စောင့်စားနေမိသည်။

"မြေး ဒီအိမ်မှာ လာနေပါ။ အဘွားနဲ့ လာနေပေးနော် မြေးလေး"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … နောက်တစ်ခုကတော့ မြေးကို Request လုပ်တာပါလေ။ မြေးမှာ ချစ်သူရှိရင်လည်း မြန်မြန်လက်ထပ်ပါလားကွယ်၊ အဘွား ကံကောင်းသေးတယ် နောက်လေးငါးနှစ် အသက်ရှည်ဦးမယ် ဆိုရင်လည်း မြစ်လေးတွေ ချီသွားချင်တယ် …

မြေးကြိုက်တဲ့ မိန်းကလေးရှိရင်လည်းပြော။ အဘွား လိုက်တောင်းပေးမယ်နော်။ ချမ်းသာတာ ဆင်းရဲတာထက် မြေးကို တကယ်ချစ်ဖို့ပဲ လိုတယ်။ မြေးဟာ အဘွားမြေးဆိုတာ ပွဲတစ်ခုလုပ်ပြီး လူပုံပရိသတ်ကို အသိအမှတ်မပြုနိုင်းခင် မြေး ဖူးစာရှင်ကိုရှာရင် အစစ်အမှန်ကို ဗိုသိရတာပေါ့ကွယ် … ဟုတ်ဖူးလား"

အဘွားရဲ့စကားက သူ့နှလုံးသားကို လှင်းခနဲဖြစ်သွားစေသည်။ မျက်လုံးထဲတွင်လည်း တစ်စုံတစ်ယောက်ကို ပြေးမြင်လာသည်။ သူမ ဒီအချိန်ဆို ဘာလုပ်နေမှာလိမ့်။ သတိရပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခိုနားခွင့်ပေးထားခဲ့သော ကျေးဇူးရှိသည်။ ပြီးတော့လည်း ရိုးသားဖြူစင်သော နှလုံးသားလည်းရှိသည်။ ချစ်တီးကျတာလေးနဲ့ သူများဆီက အတိုးယူချင်တာလေးကလွဲလို့ပေါ့။





ပိုးတီကို သတိရသွားသော သူ့စိတ်က လွမ်းမောသွားပါသည်။ တစ်လက်စတည်းမှာပဲ စစ်မှန်ခြင်းရဲ့အနှစ်သာရအစစ် ဆိုတာကို သူ ခံစားကြည့်ဖူးချင်လာခဲ့သည်။

"ကျေးဇူးပဲ ဘွား။ အဲဒီအိုက်ဒီယာကို သားကို ပေးတဲ့အတွက်"

"ဘာလဲ … ငါ့မြေး သဘောကျတဲ့သူ ရှိနေပြီလား"

"ဟုတ် … ဒါပေမဲ့ အချိန်တစ်ခုတော့ ယူရလိမ့်ဦးမယ်၊ သိပ်မကြာပါဘူး ဘွား၊ သားကို အချိန်နည်းနည်းပဲ ပေးပါ"

ဘွားက ကျေနပ်စွာ ခေါင်းညိတ်ပြရင်း သူ့ဆံပင်လေးတွေ သပ်ဖွပေးနေသည်။ ဖေဖော်တစ်ဖြစ်လဲ အစ်ကိုဖော်ကတော့ သူ့ကို ခပ်ငေးငေးနှင့် ပြုံးကြည့်နေသည်။ ကံဇာတာအလှည့်အပြောင်းတစ်ခုမှာ ချစ်တီးမလေးကို ကံစမ်းခွင့် မပေးသင့်ဘူးလား။ ပိုးတီရေ … ကျေးဇူးပြုပြီး နှလုံးသားနဲ့ ရင်ခုန်ပါ။

❤ ○ ❤



www.burmeseclassic.com

www.burmeseclassic.com



# "နှစ်လခန့် ကြာပြီးနောက်"

www.burmeseclassic.com

www.burmeseclassic.com



ပိုးတီက သူ ရုပ်ကြည့်နေတာကို မသိပါ။ နွားမတစ်ကောင်၏နို့ကိုညှစ်ဖို့ ကြိုးစားပမ်းစား အားထုတ်နေသည်။ အဲဒီမြင်ကွင်းကိုကြည့်ကာ သူက သဘောတကျ ပြုံးမိသည်။ အလုပ်ကတော့ အင်မတန် ကြိုးစားတဲ့ ကလေးမ။ အရွယ်နှင့်မလိုက်အောင် စိစစ်ချေတာကာ အလုပ်ကြိုးစားသော ဒီကောင်မလေးဟာ တစ်နေ့ မီလျှံနာမဖြစ်ဘူးဟု ဘယ်သူပြောနိုင်မလဲ။ ပံ့ပိုးပေးနိုင်သူရှိလျှင် ရှေ့ကိုပိုရောက်မည်။ ပံ့ပိုးမယ့်သူ မရှိရင်တော့ နောက်မှရောက်မည်။ စောတာနဲ့ နောက်ကျတာပဲ ကွာမည် မဟုတ်ပါလား။

ဒီလို နှစ်ဆယ့်တစ်ရာစု ခေတ်လူငယ်တစ်ယောက်အနေဖြင့် ရင်ဘတ်နှင့်သာမက ဦးနှောက်နှင့်ပါ ခံစားတတ်ဖို့ လိုပါမည်။

"ပိုးတီ"

စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါ်သံကြောင့် ပိုးတီရဲ့ လုပ်လက်စအလုပ်တို့ ရပ်တန့်သွားရသည်။ ချက်ချင်းလှည့်မကြည့်သေး။ တစ်နေရာသို့ စူးစိုက်ပြီး ကြည့်နေသောပုံစံက သူ့အသံဟုတ်,မဟုတ် ဆန်းစစ်နေသလိုမျိုး ဖြစ်သည်။ ပြီးတော့မှ သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။

သူ့ကိုကြည့်နေသော မျက်ဝန်းများထဲတွင် သူပင်လျှင် အဓိပ္ပာယ်မဖော်တတ်သော အရိပ်အယောင်များ ပြည့်နှက်နေသည်။ သေချာတာကတော့ သမုဒ္ဒယဆန်သော မျက်ဝန်းများပဲ ဖြစ်ပါလိမ့်မည်။

"ရှင်"

"ရှင်"ဆိုသော စကားလုံးက အပီအပြင် အသံထွက်ကျလာတာ မဟုတ်။ သူမနှုတ်ဖျား လှုပ်ခတ်သွားတာကိုကြည့်ပြီး သိနိုင်တာဖြစ်သည်။

"ပိုးတီ နေကောင်းတယ်နော်"

"ရှင် ဘယ်လိုရောက်လာတာလဲ"

သူက လက်ထဲမှာကိုင်ထားသော နှင်းညစ်ကိရိယာကို မြှောက်ပြလိုက်သည်။

"ခင်ဗျားကို ဒါလေး လာပေးတာပါ"





"အဲဒါ ဘာလဲ"

"နှင်းညစ်တဲ့ကိရိယာလေ၊ ခင်ဗျား ခုလိုခက်ခက်ခဲခဲ ညှစ်နေစရာ မလိုတော့ဘူးပေါ့"

သူ့စကားကို သူမက လှစ်ခနဲပြုံးသည်။ ပြုံးချိန်မှာ တစ်စက္ကန့်လောက်ပဲ ကြာပေမယ့် မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ သူမပြုံးပုံက တစ်သက်မှာတစ်ခါ မြင်ဖူးသူလို ရှားရှားပါးပါး လှပနေပါသည်။ ရင်ခုန်သံတွေသည် နှိုးလိုက်သောစက်ကိရိယာတစ်ခုလို ဖြည်းဖြည်းချင်း မောင်းခုတ်လာသည်။

"ပိုးတီ"

သူမက သူ့ကို မျက်လုံးရွဲကြီးများနှင့် မော့်ကြည့်သည်။ ခါတိုင်းလို တင်းမာခက်ထန်မှုတွေ ပျောက်ဆုံးနေလျက် နူးညံ့မှုတွေသာ ပြည့်သိပ်နေသည်မို့ သူ့ရင်ထဲ ကြည်နူးချမ်းမြေ့ရပါသည်။ နှစ်လဆိုသော အချိန်ကာလသည် ပိုးတီအတွက် သူမကိုယ်သူမ အကောင်းဆုံး ပြန်လည်ရှာဖွေနိုင်ပါလိမ့်မည်။

"တကယ်တော့ ကျွန်တော် ခင်ဗျားကို မေးခွန်းတစ်ခု သိပ်မေးချင်လို့ ပြန်လာခဲ့တာပါ။ ကျေးဇူးပြုပြီး ကျွန်တော့် မေးခွန်းတွေကို ဘယ်လိုမှ သဘောမထားဘဲ ဖြေပေးပါလား ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက ဘာစ်နဲ့မှ မချိန်ထိုးပါနဲ့။ ဖြေချင်မှ လည်း ဖြေခွင့်ရှိပါတယ်။ မဖြေချင်ရင်လည်း ရတယ်။ ဒါပေမဲ့ ဒီမေးခွန်းဟာ ပိုးတီရဲ့သိက္ခာကို ထိခိုက်တယ်လို့ လည်း မယူဆပါနဲ့"

"ရှင် ဘာတွေ ဒီလောက်စိုးရိမ်နေတာလဲ"

"ကျွန်တော့်အတွက်နဲ့ ပိုးတီ ဒေါသမထွက်စေချင်လို့ပါ"

"ကဲ ... ပြောမှာသာ ပြောပါ"

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော် ခင်ဗျားကို လက် ထပ်ယူချင်တယ်၊ ကျွန်တော်ဟာ မချမ်းသာပါဘူး။ ဒါပေမဲ့ ခင်ဗျားကိုတော့ မြတ်မြတ်နိုးနိုးနဲ့ချစ်ပြီး အကျင့်စာရိတ္တ ကောင်းကောင်းနဲ့ ကျွန်တော် တတ်စွမ်းသလောက် ခင်ဗျား နဲ့ ဒိုးတူပေါင်ဖက် ရှာဖွေစားသောက် အလုပ်လုပ်ကြမယ် ဆိုရင် ဒီလိုလူမျိုးကို ခင်ဗျား လက်ခံနိုင်လောက်လား"

ပိုးတီရဲ့နှုတ်ခမ်းများက ပိုင်းစက်ကာ အံ့သြသွား ဟန်ပြသည်။ ပြီးတော့ ရှက်သွားသလို ပါးပြင်နှစ်ဖက်က ရဲတက် လာသည်။ ဒါပေမဲ့ ခေါင်းငုံ့ပစ်တာမျိုး မရှိဘဲ မျက်နှာကိုမော့ ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ သူ့ရင်ခုန်သံတွေက ပိုကျယ်လောင်လာသည်။ ပိုးတီကို စာမေးပွဲစစ်နေသောသူသည် ကိုယ်တိုင်စာမေးပွဲပြန်ဖြေနေသောသူလို ဖြစ်သွားသည်။





"ပိုးတီ"

"........"

"ခင်ဗျား စိတ်ဆိုးသွားပြန်ပြီလား။ ကျွန်တော့်ကို ပါးရိုက် ချင်သေးလား"

"ရှင် ဘာသဘောနဲ့ ဒါတွေလာမေးနေတာလဲ"

"ကျွန်တော် မညာချင်ဘူး ပိုးတီ။ နှစ်ဆယ့်တစ်ရာစု ယောကျ်ားတွေဟာ သေချာရေရာတဲ့ အရာတွေကိုပဲ ပိုရွေး ချယ်ကြတယ်။ ခင်ဗျားအတွက် ကျွန်တော့်နှလုံးသားတစ်ခု လုံးကို ဖွင့်ပြထားပြီးသားပါ ...

ကျွန်တော့်ရဲ့ အရှိဘဝကို ခင်ဗျား လက်ခံနိုင်မလား ဆိုတာပဲ သိချင်တာပါ"

တဆတ်ဆတ် တုန်လာသော ပိုးတီ နှုတ်ခမ်းများ က သူ့ကို တစ်ခုခုပြောဖို့ အားယူနေသည်။ မျက်ဝန်းတွေ ပုတ် ခတ် ပုတ်ခတ် လုပ်နေသောကြောင့် သူမမျက်ဝန်းတွေမှာ စိုလက် တောက်ပနေဟန်ရှိသည်။

"အသုံးမကျတဲ့လူ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တကယ် အသုံးမကျတဲ့ ယောကျ်ားပဲ"

"ဘာ ... ဘာလို့လဲ ပိုးတီရယ်"

"မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားကို ကိုင်လှုပ်တဲ့ စကားဆိုတာ အဲဒါမျိုးလား။ အဲလောက်လေးတောင် ရှင် မပြောတတ်ဘူးလား"

"ဘ ... ဘယ်လို"

"ရှင် ကျွန်မကို ချစ်တယ်လို့ တစ်ခွန်းတည်းပြောတော့ ဘာဖြစ်မှာမို့လဲ၊ ဟင် ... ပြောစမ်းပါဦး။ ဘာဖြစ်မှာမို့လို့ လဲ"

ပိုးတီက ချစ်ဒေါသထွက်နေသော ပုံစံမျိုးဖြင့် ရှေ့သို့ ရှေ့သို့ တိုးလာပြီးပြောလျှင် သူက နောက်သို့ နောက်သို့ ဆုတ်ရသည်။

"မ ... မဟုတ်ဘူးလေ။ ခင်ဗျားက အရာရာမှာ လက်တွေ့ကျကျ စဉ်းစားတတ်တဲ့သူဆိုတော့ ကျွန် ... ကျွန်တော်က..."

"တော်စမ်းပါ။ ဘယ်လောက် လက်တွေ့ကျတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ကိုယ့်ကို ကဗျာဆန်ဆန် ဖွင့်ပြောတာပဲ လိုချင်တယ် ဆိုတာ မသိဘူးလား"





"ဒါ ... ဒါဆို ... ပိုးတီက ကျွန်တော့်ကို ဒီအခြေအနေတိုင်းလည်း လက်ခံနိုင်တယ်ပေါ့ ... နော် ... ဟုတ်လား၊ ဟား ... ဝမ်းသာလိုက်တာ ပိုးတီရယ်"

"သွားစမ်းပါ အသုံးမကျတဲ့လူ"

အဲဒီလို ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သော်လည်း ပိုးတီ ရင်ထဲမှာ အချစ်တို့ ပြည့်နှက်နေလိမ့်မည်ဆိုတာ သူ ယုံကြည်နေပါသည်။ ရင်ထဲတွင် အပျော်တွေ ပြည့်လျှံတက်နေသည်။ ဒီလို ချစ်တီးမလေးဟာ သူ့လို ယောင်တောင်ပေါင်တောင် ယောကျ်ားတစ်ယောက်ကို တကယ်ပဲ ဘာကိုမှ မတွက်ဘဲ ချစ်သူအဖြစ် ရွေးချယ်ခဲ့တယ်တဲ့လား။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာရဲ့ ရောင်ပြန်ဆိုတာကို တစ်နေ့နေ့ တစ်ချိန်ချိန်တော့ သူမ ခံစားခဲ့ရတော့မည်။

လောကမှာ လူတော်တော်များများဟာ ကိုယ့်ချစ်သူကို စာမေးပွဲ စစ်ဖူးကြမှာပါပဲ။ လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားတဲ့သူတွေလည်း ရှိမှာပဲ။ အောင်မှတ်တောင်မရဘဲ ကျနိုင်တဲ့ အနေအထားရှိသူတွေလည်း ကြုံဖူးမှာပဲ။ ဒါပေမဲ့လည်း အအောင်ပေးမလား၊ စာမေးပွဲချမလား ဆိုတာတော့ စာစစ်သူအပေါ်မှာပဲ မူတည်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့ အဖြေပေးမလဲ။ ကျောင်းခေါ် ချိန်နဲ့ ကြည့်မလား၊ လပတ်စာမေးပွဲ ရလဒ်တွေနဲ့ ကြည့်မလား။ ဒီလိုပါပဲ အချစ်တစ်ခုရဲ့ စာမေးပွဲဆိုတာလည်း၊ သံယောဇဉ်ကျောင်း ခေါ်ချိန်နဲ့ ကြည့်မလား၊ ထားရှိခဲ့ဖူးတဲ့ အကြင်နာတွေနဲ့ ဆုံးဖြတ် မလား။ ထောက်ရမည့် နှလုံးသားတစ်စုံတော့ ရှိဖို့လိုအပ်လာလိမ့် မည်။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်

BURMESE CLASSIC



# ဆုမြတ်မွန်မွန်

## ချစ်သူ့ စစ်တဲ့စာမေးပွဲ

www.burmeseclassic.com